Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော်
ကိုယ်စားပြုကော်မတီကို
ထောက်ခံကြ

The Lightning Newsletter

အမှတ် (၉၄) ခရစ်နှစ်၊ ၂၀၀၈ ခုနှစ်၊ မေလ မြန်မာသက္ကရာဇ် (၁၃၇၀) (၁၅-၁-၉၉) ရက်နေ့တွင်စတင်တည်ထောင်သည်။

## နေအိမ်အကျယ်ချုပ်ဖြင့်အကျဉ်းချခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်လည်း ပြည်သူလူထုနှင့်အတူ ပိုစတာတိုက်ပွဲထဲပါဝင်လာ



ဒေါ်အောင်ဆန်းစုကြည်

နေအိမ်တွင် အကျဉ်းကျခံနေရပြီး ပြည်သူနှင့် (၄) နှစ်နီးပါး ဆက်သွယ်ခွင့်မရခဲ့သော လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်ဝန်းအတွင်းမှနေ၍ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူ ပန်းချီကားနှင့် "တိုင်းပြည်အပေါ် ဘယ်အချိန်အခါမှ တပတ်မရိုက်ခဲ့ပါ"ဟု စာတန်းပါ ပိုစတာတခုချိတ်ဆွဲလိုက်ခြင်းဖြင့် လူထု၏ ပိုစတာတိုက်ပွဲများအတွင်း ပါဝင်ဆင်နွှဲလိုက်ပြီဖြစ်သည်။

မတ်လ (၂၇) ရက်၊ တော်လှန်ရေးနေ့တွင် ရန်ကုန်မြို့၊ ဗဟိုဌာနချုပ်ရုံးဖြစ်သော ဗဟန်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့၌လည်း ရှေ့ရောနောက်ပါ 'နိုး'ဟူသော စာလုံးပါသည့် အနီရောင်အင်္ကျီများ ဆင်တူဝတ်ဆင်ထားကြသော လူ (၃၀) ခန့်က ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများသည် ကမ္ဘာ့ကုလသမဂ္ဂအလံနှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးအလံများကို လွှင့်ထူကိုင်ဆောင်ထားခဲ့ကြပြီးနောက် စစ်အုပ်စု၏အခြေခံဥပဒေကို လက်မခံရန်နှင့် စစ်ကျွန်ဘဝသို့မရောက်စေရေး ကန့်ကွက်မဲပေးကြပါရန် ကြွေးကြော်ဆန္ဒပြခဲ့ကြောင်း မျက်မြင်သက်သေများကပြောသည်။

ရောဝတီအင်တာနက်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် အမည်မဖော်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တဦးက "အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေလည်း ပါသလို အဖွဲ့ဝင်မဟုတ်တဲ့သူတွေလည်းပါတယ်။ အကျဉ်းသားဝတ်စုံဝတ်ထားတဲ့သူတွေက လက်တွေမှာသံကြိုးတွေပတ်ထားတယ်။ ဆန္ဒပြချိန်နာရီဝက်လောက်တော့ရှိတယ်"ဟုပြောသည်။

ဆန္ဒပြသူများသည် "မဲရုံကိုသွားကြ၊ ကန့်ကွက်မဲထည့်ကြ"ဟု ရေးသားထားသော လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြပြီး ရုံးရှေ့တွင်လည်း စစ်အုပ်စု၏ လုံခြုံရေးတပ်ဖွဲ့များ ထူထပ်စွာနေရာယူစောင့်ကြည့်နေခြင်း၊ ဆန္ဒပြသူများအား ဓာတ်ပုံရိုက်ယူနေခြင်းများကို ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ယခုလဆန်းပိုင်းမှစ၍ ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများတွင် ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုများစတင်နေခဲ့ရာ တဖြည်းဖြည်းနှင့် အခြားမြို့များသို့ပါ ကူးစက်၍ လှုပ်ရှားမှုများကျယ်ပြန့်လာနေပြီဖြစ်ကြောင်းလည်း သတင်းရရှိသည်။ လှုပ်ရှားမှုများမှာ ပိုစတာကပ်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ဖြစ်သည်။ မှုတ်ဆေးများသုံး၍ လမ်းမများ၊ တံတားများ၊ နံရံများတွင် စစ်အုပ်စုဆန့်ကျင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်သူ့ဆန္ဒခံယူပွဲကျင်းပမည့်စစ်အုပ်စု၏အစီအစဉ်တို့ကို ဆန့်ကျင်ကြောင်းကို ပြသလျှက်ရှိသည်။ ❖

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ ခ ၊အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့
၂၀၀၈ ခုနှစ်၊ ဧပြီလ (၂) ရက် ၁၃၆၉ ခုနှစ်တပေါင်းလပြည့်ကျော် (၁၂) ရက်

### ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ပြည်သူသို့ပန်ကြားချက်

၁။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကရေးဆွဲခဲ့ရခြင်း လုံးဝမဟုတ်ပါ။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၎င်းတို့ဘာသာ ၎င်းတို့စိတ်ကြိုက်ရွေးချယ်ထားသည့်ပုဂ္ဂိုလ်များဖြင့်သာ တဖက်သတ်ရေးဆွဲထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ဖြစ်ပါသည်။

စာမျက်နှာ (၁၁) ကော်လံ (၄) သို့ ...

## တော်လှန်ရေးလုပ်ခြင်းသည်တိုင်းပြည်နှင့်ပြည်သူတရပ်လုံးအား အာဏာရှင်လက်အောက်မှလွတ်မြောက်ရန်အတွက်ဖြစ်ကြောင်း

### ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီဥက္ကဋ္ဌကြီးမှ စုံညီအစည်းအဝေးတွင်ပြောကြား



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘော

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးကို ဌာနချုပ် ဖဒိုမန်းရှာအစည်းအဝေးခန်းမ၌ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘောခေါင်းဆောင်သော သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအစည်းအဝေးကို ဧပြီ (၉) ရက်နေ့ကကျင်းပခဲ့ရာ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင် (၂၈) ဦးတက်ရောက်ခဲ့ကြကြောင်းသိရသည်။

အစည်းအဝေးတွင် သဘာပတိ ဗိုလ်ချုပ်ကြီးတာမလာဘောက အဖွင့်မိန့်ခွန်းကို ပြောကြားခဲ့ရာတွင် မိမိတို့သည် တော်လှန်ရေးလုပ်စားနေခြင်းမဟုတ်သည့်အတွက် အာဏာရှင်လက်အောက်မှ အမှန်တကယ်လွတ်မြောက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် စစ်အုပ်စု၏လမ်းပြမြေပုံအား အဆင့်တိုင်းမှာတိုက်ဖျက်ရေးတွင် နောက်ဆုံးအဆင့်အထိ ရောက်လာနေပြီဖြစ်ကြောင်းတို့ကို အသိပေးပြောကြားခဲ့သည်။

ဗိုလ်ချုပ်တာမလာဘောက "ရန်သူဘက်မှာ ပြင်ဆင်မှုတွေရှိတယ်ဆိုတာ နားလည်ကြရမှာဖြစ်တယ်။ ကျနော်တို့ စိတ်ကူးယဉ်နေလို့မရဘူး။ သန်းရွှေသေရင် သန်းရွှေလေးတွေတက်လာမှာဖြစ်တယ်။ ကျနော်တို့အားလုံး ညီညီညာညာလုပ်ကြရမှာဖြစ်တယ်။ တပ်ပေါင်းစုဖွဲ့တယ်ဆိုတာ အချောင်နေချင်လို့မဟုတ်ဘူး။ အားစုစည်းတာဖြစ်တယ်"ဟုလည်း ပြောကြားသွားခဲ့သည်။

အစည်းအဝေးမှ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို တင်ပြခြင်းနှင့်သုံးသပ်ခြင်းတို့ကိုချမှတ်ခဲ့ရာတွင် ဧပြီ (၂) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်ထုတ်ပြန်ပြီးသည့်နောက်ပိုင်းတွင် မြန်မာပြည်အတွင်း၌ ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုများ ပိုမိုအားကောင်းလာခဲ့ကြောင်း၊ တပ်ပေါင်းစုနှင့် အဖွဲ့အစည်းများအနေနှင့်လည်း ကန့်ကွက်မဲပေးရေးဘုံလုပ်ငန်းစဉ်တရပ်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်၍ လက်ရှိပူးတွဲလှုပ်ရှားမှုများမှတဆင့် နိုင်ငံရေးအရစုစည်းမှုအထိ တက်လှမ်းနိုင်စေရန် အဲန်စီယူဘီမှဦးဆောင်သွားရေးတို့ကို ချမှတ်ခဲ့ကြကြောင်းသိရသည်။

ယင်းအစည်းအဝေး၌ လက်ရှိနိုင်ငံရေးအခြေအနေများကို သုံးသပ်ဆွေးနွေးခြင်း၊ အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကိုတင်ပြခြင်းနှင့် အတည်ပြုခြင်းတို့အပြင် လတ်တလောနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်း အကြေအလည် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်သိန်းမှ မိုးကြိုးသို့ ထုတ်ဖော်ပြောကြားသည်။

၎င်းက "နအဖကလမ်းပြမြေပုံ (၇) ချက်အတိုင်း တဖက်သက်ဆောက်ရွက်နေတာဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပစ်ပယ်ပြီး တိုင်းပြည်ကို နက်ရှိုင်းတဲ့ချောက်ကမ်းပါးထဲဆွဲချနေတာဖြစ်တယ်။ ဒါကို အစွမ်းကုန်တိုက်ဖျက်ကာကွယ်သွားမယ်။ အထူးသဖြင့် လမ်းပြမြေပုံအဆင့် (၄) ဖြစ်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ တပြည်လုံးအတိုင်းအတာနဲ့ကန့်ကွက်မဲပေးဖို့ အဲန်စီယူဘီက လက်တလောလုပ်ငန်းစဉ်အဖြစ် ချမှတ်လုပ်ဆောင်နေတယ်"ဟုပြောကြားခဲ့သည်။

အဲန်စီယူဘီသည် ထိုင်းမြန်မာနယ်စပ်တွင်အခြေစိုက်သော ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ ပူးပေါင်းဖွဲ့စည်းထားသော တပ်ပေါင်းစုကြီးဖြစ်ပြီး ၁၉၉၃ ခုနှစ်ကတည်းက ယနေ့အထိတပ်ပေါင်းစုအဖြစ်ရပ်တည် တိုက်ပွဲဝင်နေသည်။

အစည်းအဝေးတွင် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လူထုဆန္ဒခံယူပွဲအားတိုက်ဖျက်ဖို့လိုအပ်ခြင်းကို အဓိကအလေးထားရမည်ဖြစ်ပြီး မိမိတို့အား ထောက်ခံနေသည့်နိုင်ငံများ၏ အလေးထားမှုကိုလည်း အထူးဂရုစိုက်ရန်လိုကြောင်းနှင့် ဆုံးဖြတ်ချက်အားလုံးအောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်းတို့ကို ထည့်သွင်းပြောကြားသွားခဲ့သည်။ ❖

**အာဏာကိုအလိုအလျောက်စွန့်လွှတ်သွားတဲ့အာဏာရှင် ...**
**ကမ္ဘာ့သမိုင်းမှာ ဘယ်ခေတ်၊ဘယ်အခါကမှ မရှိခဲ့ပါဘူး ....**

စာမျက်နှာ (၂) အယ်ဒီတာ့အာဘော်သို့

မင်းဆိုးကို ⚡မိုးကြိုး⚡ ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## လူထုတိုက်ပွဲအတွက်ပြင်ဆင်ကြ

လာမည့်မေလ (၁၀) ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပလျက် စစ်အုပ်စုအာဏာတည်မြဲရေးအတွက် အခြေပြုရေးဆွဲထားသော အခြေခံဥပဒေကို အတည်ပြုမည်ဖြစ်ကြောင်း နအဖကပြောထားသည်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲဖြင့် ဖော်ထုတ်ခဲ့ကြသော ပြည်သူလူထု၏နိုင်ငံရေးလိုအပ်ချက်များကို လုံးဝမျက်ကွယ်ပြု၍ ယုတ်မာရိုင်းစိုင်းစွာလုပ်ဆောင်နေသော အဓမ္မဝါဒီတို့၏လုပ်ရပ်အား ပြည်သူလူထုက လုံးဝလက်ခံမည်မဟုတ်။

၁၉၆၀ နှင့် ၁၉၉၀ တွင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနည်းတူ ပြည်သူလူထုကြီး၏ မကုန်မခမ်းနိုင်သောစွမ်းပကားဖြင့် စစ်အာဏာရှင်စနစ်ကိုပယ်ဖျက်၍ ကန့်ကွက်မဲပေးကြမည်မှာ သံသယဖြစ်စရာမလို။ အမျိုးသားလက္ခဏာဆောင်သော နိုင်ငံရေးလှုပ်ရှားမှုဖြစ်သည့် ကန့်ကွက်မဲပေးရေးကို အနိမ့်ဆုံး လက်တလောဘုံလုပ်ငန်းစဉ် (Immediate Minimum Common Program) အဖြစ်သတ်မှတ်လျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (NLD၊ CRPP) တို့ကဦးဆောင်၍ ပြည်သူလူထုကြီးက တပြည်လုံးအတိုင်းအတာဖြင့် ကန့်ကွက်မဲပေးကြမည်ဖြစ်သည်။

သို့သော် ...

ဤသို့သော်ကား ကြီးမားသောသို့သော်ဖြစ်သည်။

နအဖ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအခင်းအကျင်းကိုလေ့လာပါက ဦးအောင်တိုးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောကော်မရှင်က နအဖအခြေခံဥပဒေကို ထောက်ခံမဲမည်မျှဖြင့် အတည်ပြုကြောင်းကြေညာချက်ပင် ကြိုတင်ရေးထားပြီးဖြစ်နိုင်သည်ကို သုံးသပ်တွေ့ရှိရသည်။ ဗိုလ်နေဝင်း၏အိမ်စောင့်အစိုးရက ကျောထောက်နောက်ခံပေးထားသော တည်မြဲဖဆပလ၏ 'နိုင်လျှင်လည်း နိုင်ရမည်၊ ရှုံးလျှင်လည်း နိုင်ရမည်' ဟူသော ကြွေးကြော်သံအား နအဖက ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေအား တဖက်သတ်အတည်ပြုနိုင်ရေးအတွက် ပြန်လည်ကျင့်သုံးလာသည်ကို တွေ့မြင်နေရပေသည်။

အာဏာတည်မြဲရေးအတွက် ပြည်သူအားလိမ်ညာ၍ ယုတ်မာကောက်ကျစ်သောနည်းများနှင့်ကြိုးပမ်းမှုသည် စစ်အာဏာရှင်တိုင်း၏ ရိုးအီနေသောလုပ်ရပ်ဖြစ်သည်။ ဆရာလူထုစိန်ဝင်း၏ *''အာဏာကို အလိုအလျောက်စွန့်လွှတ်သွားတဲ့ အာဏာရှင် ကမ္ဘာ့သမိုင်းမှာ ဘယ်ခေတ်ဘယ်အခါကမှ မရှိခဲ့ပါဘူး '*ဟူသောစကားကို သတိချပ်သင့်လှသည်။

စစ်အာဏာရှင်စနစ်ကိုဖျက်သိမ်း၍ ဒီမိုကရေစီစနစ်ကိုစိုက်ထူရန်မှာလည်း ပြည်သူလူထု၏ ယနေ့လတ်တလော သမိုင်းပေးတာဝန်မျှသာဖြစ်သည်။ ဆိုလိုသည်မှာ ပြည်သူလူထုက ဆန္ဒခံယူပွဲအတွက်ကန့်ကွက်မဲထည့်ခြင်းသည် ပန်းတိုင်မဟုတ်။ ဆန္ဒခံယူပွဲသည် ဒီမိုကရေစီပန်းတိုင်သို့အရောက်ချီတက်ရာ၌ မဖြစ်မနေဖြတ်သန်းရမည့် လုပ်ငန်းမှတ်တိုင်တရပ်သာဖြစ်သည်။ အတိအကျဆိုရလျှင် ဆန္ဒခံယူပွဲ၌ ကန့်ကွက်မဲထည့်ရေးသည် နည်းလမ်း (Means) သာဖြစ်သည်။ ပန်းတိုင် (Aims) မဟုတ်။ စစ်အုပ်စု၏ အခြေခံဥပဒေကို ကန့်ကွက်မဲဖြင့်ပယ်ချခြင်းသည် စစ်အာဏာရှင်စနစ်နှင့် ပြည်သူလူထုတို့ တဖက်စီဆင်နွှဲနေသောအဆုံးအဖြတ်၏ နိဒါန်းသာဖြစ်မည်။ နိဂုံးမဟုတ်။

ဆန္ဒခံယူပွဲပြီးသည်နှင့်တပြိုင်နက် နအဖက အနိုင်ကြေညာသည်ဖြစ်စေ၊ အရှုံးကြေညာသည်ဖြစ်စေ မြန်မာပြည်၏အနာဂတ်ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် လူထုလှုပ်ရှားမှုကြီး (Mass Movement) ကို ပြည်သူလူထုတရပ်လုံး၏ စွမ်းပကားဖြင့် တပြည်လုံးအတိုင်းအတာနှင့်ဆင်နွှဲရန် လိုအပ်နေပေသေးသည်။ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပယ်ချလျက် အဆုံးစွန်ဆုံးသော ကြေမွပျက်သုဉ်းရေးလမ်းကြောင်းကိုရွေးချယ်ထားသော နအဖသည်သာ ပေါ်ထွန်းလာမည့်အကျိုးဆက်အတွက် အတိအကျနှင့်အပြည့်အဝတာဝန်ရှိပေသည်။

ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလိုလားသော ပြည်သူလူထုကြီးကမူ မလွဲသာမရှောင်သာနှင့်ပင် နအဖ၏စိန်ခေါ်မှုကို အံတုရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်ပေသည်။ ဤအဆုံးအဖြတ်တိုက်ပွဲ (Decisive Battle) ၌ စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးအခြေအနေကောင်းများ ပေါ်ထွန်းနေမှုကိုလည်း မြင်တွေ့နေရပြီဖြစ်သည်။ တော်၊ တည့်၊ မှန်ကန်သော၊ ကိုယ်ကျိုးမဖက်အနစ်နာခံသော၊ ပြည်သူလူထုနှင့်အတူ ရင်ဘောင်တန်းလျက်တိုက်ပွဲဝင်သော၊ စွမ်းရည်ပြည့်ဝသည့် ခေါင်းဆောင်မှု (Leadership) ကိုဖော်ထုတ်ရန်မှာ ပြည်သူတရပ်လုံးအတွက် ယနေ့ကာလက ပြဋ္ဌာန်းနေသော ပဓာနတာဝန်တရပ်ဖြစ်ကြောင်း ဖော်ပြအပ်ပေသည်။

❖

# စစ်အုပ်စု၏မမျှတသောလုပ်ရပ်များကြားက ဆန္ဒခံယူပွဲအား

## နိုင်ငံတကာက လာရောက်ကြီးကြပ်ပေးရန် အင်အားအကြီးဆုံး မြန်မာ့အတိုက်အခံပါတီကတောင်းဆို



စာမျက်နှာ (၁၉၄) မျက်နှာပါ ဥပဒေမူကြမ်းစာအုပ်အား ဝယ်ယူနေသည့်ပြည်သူတချို့

မေလတွင်ကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူများအနေနှင့် စိုးရိမ်စိတ်ကင်းစင်၍ လွတ်လပ်ပြီးတရားမျှတမှုရရေး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ စောင့်ကြည့်လေ့လာရေးအဖွဲ့များက လာရောက်စောင့်ကြည့်အကဲဖြတ်ရေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) က အထူးကြေညာချက်တရပ်ထုတ်ပြန်တောင်းဆိုလိုက်သည်။

ရွေးကောက်ပွဲအကြိုကာလ၌ပင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား ကန့်ကွက်မဲပေးရန် လှုံ့ဆော်သူများအား ကိုယ်ထိလက်ရောက်ကျူးလွန်မှုများ တဖြည်းဖြည်းပြင်းထန်လာခြင်းနှင့် စာရွက်စာတန်းများအား သိမ်းဆည်းခံနေရခြင်းတို့မှာ ကျူးလွန်ခံနေရခြင်းကြောင့် ဤဆန္ဒခံယူပွဲအား လွတ်လပ်၍ တရားမျှတသည့်ပွဲအဖြစ်မှတ်ယူရန် ခက်ခဲသည့်အတွက် ဤသို့တောင်းဆိုရခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်အရသိရသည်။

''ဒေသဆိုင်ရာအာဏာပိုင်တွေက အဖွဲ့ချုပ်ကဖြန့်ဝေတဲ့ စာရွက်စာတန်းတွေသိမ်းဖို့နဲ့ မြို့နယ်စည်းရုံးရေးမှူးတွေကို ဖမ်းဆီးတာတွေ စစ်ဆေးတာတွေကို ကျူးလွန်နေကြတယ်'' ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြောသည်။ အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက အဖွဲ့ချုပ်အဖွဲ့ဝင် (၃) ဦးထက်မနည်းမှာ ပြည်သူအား အသိပေးရှင်းလင်းပွဲများလုပ်နေစဉ်အတွင်း အမည်မသိသူများ၏တိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန်ခံခဲ့ကြရကြောင်းပြောသည်။

''အဲဒီတော့ ကျနော်တို့အနေနဲ့ လာမယ့်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဟာ လွတ်လပ်ပြီးတရားမျှတမှုရှိနိုင်မယ်မဟုတ်ဘူးဆိုတာ သိပ်ကိုထင်ရှားနေပါတယ်'' ဟု ကြေညာချက်တွင် ရေးသားထားသည်။ ပြီးခဲ့သည့်လက စစ်အုပ်စု၏ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးဗိုလ်ချုပ်ကျော်ဆန်းက လွတ်လပ်၍တရားမျှတမှုရှိစေရမည်ဖြစ်ကြောင်းပြောကာ ကုလသမဂ္ဂမှကမ်းလှမ်းသည့် အကူအညီမှန်သမျှကို ငြင်းပယ်ခဲ့သည်။

စက်တင်ဘာအရေးအခင်းတွင် စစ်အစိုးရကို ဆန့်ကျင်သူများအား စစ်တပ်က အကြမ်းဖက်နှိမ်နင်းခဲ့သောကြောင့် နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်ခြင်းကိုခံခဲ့ရသော စစ်အုပ်စုသည် အစိုးရဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများအား လာမည့်မေလရွေးကောက်ပွဲတွင် ထောက်ခံမဲပေးရန် ဖိအားပေးတိုက်တွန်းကြောင်းလည်းသိရသည်။ ''အရာရှိတွေက ကျနော်တို့ကို ထောက်ခံမဲပေးရမယ်လို့ ပြောနေတယ်''ဟု အမည်မဖော်လိုသော အစိုးရဝန်ထမ်းတဦးကပြောသည်။

ဧပြီလ (၁၀) ရက်နေ့စွဲဖြင့်ရေးသားထုတ်ပြန်လိုက်သည့် ထိုကြေညာချက်တွင် အာဏာပိုင်များကရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်များသည်လည်းကောင်း၊ အာဏာပိုင်များက ကျောထောက်နောက်ခံပြုပေးထားသည့်အဖွဲ့အစည်းများသည်လည်းကောင်း လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်များရရှိနေသော်လည်း အဲန်အယ်လ်ဒီအဖွဲ့ဝင်များ၊ စာနယ်ဇင်းများမှာမူ ဝေဖန်ထောက်ပြခွင့်၊ ဆွေးနွေးပြောဆိုခွင့်မရသည့်အပြင် ခြိမ်းခြောက်နှောင့်ယှက်ခံရခြင်းများလည်း ရှိနေသောကြောင့် ထိုဆန္ဒခံယူပွဲသည် တရားမျှတမှုနှင့် ယုံကြည်အားထားနိုင်သည့်အခြေအနေတွင်မရှိကြောင်း ဖော်ပြထားသည်။

လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကြေညာချက်ထုတ်ခြင်းတို့သည်လည်းကောင်း၊ ရေဒီယိုနှင့် မြန်မာ့ရုပ်မြင်သံကြားအားလည်းကောင်း၊ အစိုးရပိုင်သတင်းစာအားလည်းကောင်း အသုံးပြု၍ နေ့စဉ်ဝါဒဖြန့်လှုံ့ဆော်နေခြင်းများသည်လည်း စစ်အုပ်စုအတွက်သာ အသုံးပြုခွင့်ရှိနေကြောင်းကိုလည်း ရေးသားထားသည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူလူထုက စိုးရိမ်ကြောက်လန့်မှုကင်းစွာဖြင့်ဆန္ဒမဲပေးနိုင်ရေးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ယုံကြည်လေးစားမှုရရှိရေးတို့အတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ခွင့်ပြုရန်လိုအပ်သည်ဟု ကြေညာချက်တွင်ပါရှိသည်။

စာမျက်နှာ (၁၉၄) မျက်နှာပါသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်သည် လမ်းဘေးအရောင်းဆိုင်တွင် တဒေါ်လာတန်ဖိုးနှင့်ညီမျှသော မြန်မာငွေနှင့်ဝယ်ယူနိုင်ကြောင်းလည်းသိရသည်။ ''တနာရီအတွင်းမှာ အနည်းဆုံး အုပ်ငါးဆယ်နှုန်းလောက်ကိုရောင်းနေရတယ်ဗျာ။ ကျနော်ဖြင့် အခြေခံဥပဒေစာအုပ်ကို ဒီလိုမျိုး လူတွေစိတ်ဝင်စားကြလိမ့်မယ်လို့ တွေးတောင်မတွေးမိဘူး'' ဟု လမ်းဘေးစာအုပ်အရောင်းဆိုင်ပိုင်ရှင်တဦးက ရိုက်တာသတင်းဌာနသို့ပြောသည်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းစာအုပ်ကို ဆန္ဒခံယူပွဲမတိုင်မီ တလခန့်တွင် လမ်းဘေးဆိုင်များ၌ မိမိတို့ငွေဖြင့် ဝယ်ယူဖတ်ရှုလေ့လာနေရခြင်းဖြစ်သော်လည်း အိမ်နီးချင်းထိုင်းနိုင်ငံတွင်မူ မကြာသေးခင်က စစ်တပ်ကကြီးကြပ်မှုဖြင့်ကျင်းပခဲ့သော ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံမူကြမ်းစာအုပ်များကို စစ်ခေါင်းဆောင်များက ပြည်သူများလေ့လာနိုင်ရန် (၃) လကြိုတင်၍ အိမ်တိုင်းစေ့ အခမဲ့ထုတ်ဝေပေးခဲ့သည်။ ❖



# မင်းဆိုးကို မိုးကြိုးပစ်မည်

# အဲန်အယ်လ်ဒီမှ ကန့်ကွက်မဲပေးကြရန် ပြည်သူလူထုအားတိုက်တွန်း



(၆၂)မြောက်ဖက်ဆစ်တော်လှန်ရေး အခမ်းအနားသို့ တက်ရောက်လာသည့်အဖွဲ့ဝင်များ

ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဧပြီလ (၄) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မဲဆန္ဒရှင်ပြည်သူများက နောက်တလအကြာတွင်ကျင်းပတော့မည့် မြန်မာစစ်အုပ်စု၏ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအား ကန့်ကွက်မဲပေးကြပါရန် စတင်တိုက်တွန်းလိုက်သည်။

အဖွဲ့ချုပ်မှထုတ်ပြန်လိုက်သော ကြေညာချက်တွင် ပြည်သူများအနေနှင့် ရဲရဲဝံ့ဝံ့ ကန့်ကွက်မဲပေးရန် တိုက်တွန်းထားသည်။ ဤတိုက်တွန်းကြေညာချက်နှင့်ပတ်သက်၍ အဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရ ဦးသိန်းညွန့်က "သူတို့မှာ ထောက်ခံမဲပေးဖို့ပြောခွင့်ရှိသလို ကျနော်တို့ အဖွဲ့ချုပ်ကလည်း ပြည်သူလူထုကို ကန့်ကွက်မဲပေးဖို့ပြောခွင့်ရှိပါတယ်။ ဒီအခွင့်အရေးကို တန်းတူညီမျှစွာ ကျနော်တို့ ရယူလိုက်တာပါ"ဟု ပြောဆိုခဲ့သည်။

"ဖွဲ့စည်းပုံမူကြမ်းကတော့ တဖက်သတ်ရေးဆွဲပြီးသွားပြီ။ တဖက်က ပြည်သူလူထု၊ တဖက်က နအဖစစ်အုပ်စု ယှဉ်ပြိုင်ရမယ့်ပွဲဖြစ်ပါတယ်"ဟု နအဖကို ရည်ညွှန်းပြောကြားခဲ့သည်။

"အဲဒီအခြေခံဥပဒေမူကြမ်းမှာ ပြည်သူလူထုအတွက် အရေးတကြီးနဲ့မရှိမဖြစ် လိုအပ်နေတဲ့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် ဘာကတိကဝတ်မှပါမလာဘူး" ဟု ကြေညာချက်တွင်ဖော်ပြထားသည်။ ဆက်လက်၍လည်း "အဲဒီထဲမှာ ဒီမိုကရေစီအခြေခံသဘောထားတွေကိုလည်း ဖော်ပြထားတာ မတွေ့ရသလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုတွေကိုလည်း ပြည်သူတွေဆီက ဖယ်ရှားထားတယ်"ဟု ထပ်လောင်းဖွင့်ဆိုထားသည်။

ထို့နောက် အဆိုပါကြေညာချက်တွင် ပြည်သူလူထုအနေနှင့် မည်သို့မည်ပုံမဲပေးရမည်ဆိုသည့် မဲပေးပုံနည်းစနစ်အား တမျက်နှာအပြည့် ရှင်းလင်းပြထားသည်။ ဤရွေးကောက်ပွဲသည် ၁၉၉၀ တွင် အဖွဲ့ချုပ်မှ မဲအပြတ်အသတ်နှင့် အနိုင်ရပြီးချိန်မှစ၍ နှစ်ပေါင်းနှစ်ဆယ်နီးပါးအတွင်း နောက်တကြိမ်ကျင်းပမည့်ရွေးကောက်ပွဲဖြစ်သည်။ "ကျနော်တို့အဖွဲ့ချုပ်အနေနဲ့ ပြည်သူများကို မဲရုံကိုသွားဖြစ်အောင် သွားကြဖို့နဲ့၊ ကန့်ကွက်မဲကို ထည့်ဖြစ်အောင်ထည့်ကြဖို့ မေတ္တာရပ်ခံပါတယ်"အဖွဲ့ချုပ်၏ပြောခွင့်ရ ဦးဉာဏ်ဝင်းမှပြောဆိုခဲ့သည်။ ဤသည်မှာ အဖွဲ့ချုပ်က ပြည်သူအား ကန့်ကွက်မဲပေးရန် ပထမဆုံး တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အဖမ်းခံရသူများနှင့် စစ်အုပ်စုရန်မှ ပုန်းအောင်းတိမ်းရှောင်နေရသူများဖြစ်ကြသော (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့ကဲ့သို့သော လျှို့ဝှက်လှုပ်ရှားနေသည့် ကျောင်းသားနှင့်လူငယ်အဖွဲ့များကမူ ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုများကို ပြောက်ကျားစနစ်ဖြင့် ဆင်နွှဲနေခဲ့ကြပြီးဖြစ်သည်။

(၈၈) ကျောင်းသားတဦးဖြစ်သူ ကိုအောင်နိုင်ဦးက "အဖွဲ့ချုပ်နဲ့ဒေါ်စုဆိုတာက တသားတည်း တသွေးတည်းပဲ။ သည်တော့ ဒီ "နိုး"လှုပ်ရှားမှုမှာ အဖွဲ့ချုပ်ပါပါလာပြီဆိုတာနဲ့ကို လူတွေကလက်ခံလာကြမှာပါ" ဟုပြောသည်။ သူသည် ၁၉၈၈ ခုနှစ် ကျောင်းသားအရေးအခင်းကို စစ်အုပ်စုမှ အကြမ်းဖက်နှိမ်နင်းခံရစဉ် နယ်စပ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သော ကျောင်းသားဟောင်းတယောက်ဖြစ်သည်။ "ခင်ဗျားရဲ့ဆန္ဒက ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လိုပဲ "နိုး" လို့ထည့်ခဲ့လည်း စစ်အုပ်စုကတော့ "ရက်စ်" ဆိုတဲ့အဖြေကနေ တပြားမှလျှော့လိမ့်မယ်လို့တော့ မထင်ပါနဲ့"ဟု ဆက်လက်ပြောသွားခဲ့သည်။

ဆယ်နှစ်ကျော်ကြာသည့်တိုင်အောင် ခရီးဆက်နေခဲ့သော စစ်အုပ်စုသည် လမ်းပြမြေပုံ (၇) ချက်မှ အဓိကခြေလှမ်းဖြစ်သော လူထုဆန္ဒခံယူပွဲအား ယခုမှ အချိန်အတိအကျသတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။

အမည်မဖော်လိုသော အငြိမ်းစားဝန်ထမ်းတဦးက "ကျနော်တို့မှာ အခုမှကို တကယ့်ကျဉ်းထဲကျပ်ထဲရောက်ရတော့တာပဲ။ ကျနော်တို့က ထောက်ခံမဲထည့်လိုက်မယ်ဆိုရင် စစ်အုပ်စုရဲ့အခြေခံဥပဒေဟာ အတည်ဖြစ်သွားပြီး ကျွန်သက်ရှည်တော့မယ်။ ကျနော်တို့က ကန့်ကွက်လိုက်ပြန်တော့လည်း ကျနော်တို့ရင်ဆိုင်ခံစားနေရတဲ့ ရှေ့မတိုးသာ၊ နောက်မဆုတ်သာအခြေအနေက ပိုပိုဆိုးလာဖို့ပဲရှိတော့တယ်"ဟု ပြောသည်။

သတင်းနှင့်ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လွန်ခဲ့သည့်သီတင်းပတ်က ပြည်သူ့ဆန္ဒခံယူပွဲသည် လွတ်လပ်၍ တရားမျှတစေရပါမည်ဟု ကတိပေးခဲ့သော်လည်း ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ် အကြံပေးလိုသည့် မဲပေးခြင်းဆိုင်ရာ လိုအပ်သည့်ပစ္စည်းများနှင့် ဦးစီးဦးရွက်ပြုကာ ဆန္ဒမဲပေးပွဲကို ကျင်းပပေးမည့်အကူအညီတို့အား ယတိပြတ်ပယ်ချခဲ့ပြီးဖြစ်သည်။

အဖွဲ့ချုပ်ခေါင်းဆောင်များက တရားဝင် ကန့်ကွက်မဲပေးရန်ကြေညာချက်ထုတ်ပြန်ချိန်တွင် အဖွဲ့ချုပ်၏ မြို့နယ်အလိုက်ပါတီရုံးများဖြစ်ကြသော မိတ္ထီလာ၏အဖွဲ့ချုပ်ခရိုင် အစည်းအဝေးတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်တွင်လည်းကောင်း တရားမျှတစွာ ကန့်ကွက်မဲပေးနိုင်ရေး၊ မဲအလိမ်မခံရရေးတို့အတွက် စီစဉ်ဆောင်ရွက်ဖွယ်ရာများကို စတင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်းလည်း သိရသည်။ ❖

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇ /ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ် ၊ရန်ကုန်မြို့

၂၀၀၈ ခုနှစ် ဧပြီလ (၂) ရက် — ၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ သိရှိထားရမည့်အချက်များနှင့် လုပ်ဆောင်ရမည့်အချက်များ

၁။ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်းကို (၇) ရက် ကြိုတင်ကြေညာရမည်ဖြစ်ပါသည်။

၂။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းတွင် မိမိတို့၏အမည် ပါ/မပါ ကြိုတင်လေ့လာရပါမည်။

(က) မပါလျှင် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကော်မရှင်သို့တင်ပြနိုင်သည်။

(ခ) ဖြစ်နိုင်လျှင် သေဆုံး/ပြောင်းရွှေ့သွားသော ဆန္ဒမဲပေးသူများစာရင်းကို ကြိုတင်ပြုစုထားပါ။

၃။ မဲရုံများနှင့် မဲရုံပတ်ဝန်းကျင်သည် လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို ထိခိုက်ခြင်း ရှိ/မရှိ ဂရုစိုက်ပါ။

၄။ မဲရုံစတင်ဖွင့်လှစ်သည့်အချိန်၌ မဲပုံးများတွင် ဆန္ဒမဲလက်မှတ်နှင့် အခြားပစ္စည်း တစုံတရာမရှိကြောင်း (၅) ဦးထက်မနည်း မဲပေးခွင့်ရှိသူများအားပြသရမည်။ မဲပုံးကို လုံခြုံစွာပိတ်ခြင်း ရှိ/မရှိ စစ်ဆေးကြည့်ရှုပါ။

၅။ ဆန္ဒမဲလက်မှတ်တိုင်းတွင် ကော်မရှင်အမှတ်အသားနှင့် မဲရုံမှူးလက်မှတ် ပါ/မပါ စစ်ဆေးပါ။ ယင်းအမှတ်အသားနှင့်လက်မှတ်မပါလျှင် ပယ်မဲဖြစ်လိမ့်မည်။

၆။ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို ထိခိုက်စေသည့် အမှတ်အသားပါသည်ဟု ယူဆလျှင် ဆန္ဒမဲလက်မှတ်ကို ပြန်လည်လဲလှယ်ပေးရန် တောင်းဆိုပါ။

၇။ ဆန္ဒမဲပေးရာတွင် ထောက်ခံလျှင် အမှန် ( ✔ ) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (✕) အမှတ်အသားကိုလည်းကောင်း ရေးသားဖော်ပြရမည်ဖြစ်သည်။ (မိမိ၏ လွတ်လပ်သောဆန္ဒအရ ကန့်ကွက်ကြောင်း ကြက်ခြေခတ် (✕) ခြင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှင့်လုံးဝငြိစွန်းခြင်းမရှိပါ)။

၈။ ပယ်မဲမဖြစ်စေရန် သတိပြုပါ။ သတ်မှတ်ထားသည့် အမှတ်အသားမပါသော ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲလက်မှတ်အတုဖြစ်ကြောင်း၊ မဲရုံအဖွဲ့က စီစစ်ဆုံးဖြတ်ထားသည့်လက်မှတ်နှင့် တနည်းနည်းဖြင့်ဖျက်ဆီး၍ မဲပုံးထဲထည့်ထားသည် ဆန္ဒမဲလက်မှတ်တို့သည် ပယ်မဲဖြစ်သည်။

၉ ။ လျှို့ဝှက်ဆန္ဒပြုပြီးနောက် အများမြင်သာသည့်နေရာတွင်ထားလိုသည့် မဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်ကို ထည့်ပါ။

၁၀ ။ ကိုယ်စားလှယ်အဖြစ် မဲပေးခွင့်မရှိပါ။ မျက်မမြင်များနှင့်ကိုယ်လက်အင်္ဂါ မသန်မစွမ်းသူများမဲပေးရာတွင် လျှို့ဝှက်မဲပေးစနစ်ကိုမထိခိုက်စေဘဲ မဲရုံအဖွဲ့က ကူညီခြင်းဟုတ်/မဟုတ် စောင့်ကြည့်ပါ။

၁၁ ။ ဆန္ဒမဲပေးချိန်မှာ နံနက် (၆) နာရီမှ ညနေ (၄) နာရီအထိဖြစ်သည်။

၁၂။ မဲရုံမပိတ်မီ မဲရုံပရဝုဏ် အတွင်းရောက်ရှိနေသူများအနက် ဆန္ဒမဲမပေးသေးသူများရှိပါက ထိုသူများအား ဆန္ဒမဲပေးချိန် (၄) နာရီကျော်လွန်ပြီးဖြစ်စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်ဖြစ်သည်။

၁၃။ မဲရုံပိတ်ချိန်၌ (၁၀) ဦးထက်မနည်းသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း၌ ပါဝင်နိုင်ရန်ကြိုးပမ်းပါ။

၁၄။ (က) မဲပုံးကို စစ်ဆေးခြင်း၊ မဲပုံးကိုဖွင့်ပြီး ဆန္ဒမဲများရေတွက်ခြင်းတို့ကို ကြည့်ရှုပါ။

(ခ) ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့်ပယ်မဲများကိုခွဲခြား၍ မဲရေတွက်ခြင်းနှင့် စာရင်းပြုစုခြင်းတို့ကို ကြည့်ရှုမှတ်သားပါ။

(ဂ) ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲနှင့် လက်ကျန်ဆန္ဒမဲများကို တကွက်စီ လုံခြုံစွာထုတ်ပိုးခြင်းတို့ကို လေ့လာမှတ်သားပါ။

၁၅။ ကြိုတင်ဆန္ဒမဲပေးသူသည်လည်း အလားတူပင်ဖြစ်သည်။ ကြိုတင်၍ဆန္ဒပြုပြီး နောက်တအိတ်ကို အလုံပိတ်၍ ချက်ခြင်းပြန်အပ်ပါ။

၁၆။ အထက်ပါအချက်များကို တဦးဦးကဖြစ်စေ၊ အသင်းအဖွဲ့တခုခုကဖြစ်စေ၊ ချိုးဖောက်ပါက မဲရုံမှူးထံ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တရားဝင် ချက်ခြင်းကန့်ကွက်ပါ ။ (စာဖြင့်ကန့်ကွက်နိုင်လျှင် ပိုကောင်းပါသည်။)

၁၇။ ဤအချက်များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နားလည်သဘောပေါက်အောင် အဆင့်ဆင့်ရှင်းလင်းဆွေးနွေးပါ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်)
ရန်ကုန်မြို့



**စစ်အာဏာရှင်စနစ် ပျက်သုဉ်းရေး.... ပြည်သူအားလုံးပါဝင်ပေး**



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# လုပ်ကြံသတ်ဖြတ်မှု၏ ခန္ဓာဗေဒ



ဂါမဏီ

"ရွှေဝါရောင်တော်လှန်ရေးရဲ့ အရှိန်အဟုန်ကြောင့် ဂယောင်ခြောက်ခြားဖြစ်နေတဲ့နအဖဟာ ပြည်တွင်းမှာ သံဃာတွေ၊ ကျောင်းသားတွေ၊ အိမ်ရှင်မတွေ စတဲ့ အလွှာပေါင်းစုံကပြည်သူတွေက အကြောက်တရားတွေ သိသိသာသာကြီးလျော့ကျ ရဲတင်းလာပြီး အချိန်မရွေးပေါက်ကွဲ စိန်ခေါ်ဖို့ အသင့် ဖြစ်နေတာကိုတွေ့ရ၊ နိုင်ငံရေးကိုနားမလည် စိတ်မဝင်စားခဲ့တဲ့ ကျောင်းသားလူငယ်မျိုးဆက်သစ်တွေ သိန်းနဲ့သန်းနဲ့ချီပြီး တော်လှန်ရေးရေစီးကြောင်းထဲ တားမနိုင်ဆီးမရ အပြိုင်လိုက်ကြီးစီးဝင်လာတာကိုမြင်ရ၊ တဆင့်ထက်တဆင့် မြင့်တက်လာနေတဲ့ နိုင်ငံတကာဖိအားတွေကိုရင်ဆိုင်ရ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကြိုဆွေးနွေးပွဲကို ရွေ့လည်းမတိုးရဲ၊ နောက်လည်းပြန်ဆုတ်လို့မဖြစ်ဆိုတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင်နဲ့ ထိပ်တိုက်တွေ့လာရတဲ့အခါမှာ"

စစ်တိုက်ရာမှာ တဖက်ရန်သူရဲ့ခေါင်းကို ဖောက်စားရေးဟာ ထုံးတမ်းစဉ်လာ ရည်မှန်းချက်ဖြစ်ပါတယ်။ ဘယ်တပ်မဆို အခြေအနေအချိန်အခါပေးရင် လုပ်နိုင်ဖို့အားထုတ်ကြတာပါဘဲ။ ဒါပေမယ့် မြန်မာပြည်မှာတော့ တော်လှန်ရေးတပ်တွေက ဖဆပလ၊ မဆလ၊ နဝတ–နအဖခေါင်းကို ဖောက်စားလုပ်ကြံနိုင်တာမရှိပါဘူး။

ဗမာစစ်တပ်ဟာ ၁၉၅၀ ခုနှစ်၊ ဩဂုတ်လမှာ ကရင်ခေါင်းဆောင်ကြီး စောဘဦးကြီးကို တိုက်ပွဲအတွင်း အသေပစ်သတ်ခဲ့သလို ၁၉၇၅ မတ်လမှာလည်း ဗကပခေါင်းဆောင်တွေဖြစ်တဲ့ သခင်ဇင်နဲ့သခင်ချစ်တို့ကို တိုက်ပွဲအတွင်းသုတ်သင်ပစ်ခဲ့ပါတယ်။

၁၉၄၉ ခုနှစ်တုံးက ဗိုလ်မှူးချုပ်တဖြစ်လဲ အိုင်စီအက်စ်အရာရှိဟောင်း ဦးတင်ထွဋ်ရန်ကုန်မြို့တွင်း ကားဗုံးခွဲလုပ်ကြံခံရတာ၊ ၁၉၇၅ ခုက မြောက်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်အယ်လ်ကွန်ဖန် မြစ်ကြီးနားဂေါက်ကွင်းနားမှာ ချောင်းမြောင်းပစ်ခတ်လုပ်ကြံခံရတာနဲ့ ၂၀၀၁ ခု၊ ဖေဖော်ဝါရီလက နအဖအတွင်းရေးမှူး (၂) ဗိုလ်ချုပ်ကြီးတင်ဦးရဲ့ ရဟတ်ယာဉ် ဖောက်ခွဲလုပ်ကြံခံရတာတွေကလည်း စစ်တပ်ကပဲစီစဉ်တဲ့ လုပ်ကြံမှုတွေဖြစ်ပါတယ်။

၂၀၀၃ ခု၊ မေလမှာလည်း အဲန်အယ်လ်ဒီဒုဥက္ကဋ္ဌ ဦးတင်ဦးနဲ့ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို နအဖက ဒီပဲယင်းမှာ ပြောင်အတိအလင်း အကြမ်းဖက်လုပ်ကြံဖို့ကြိုးစားခဲ့တာ အောင်မြင်လုနီးဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၀၇ စက်တင်ဘာမှာတော့ နိုင်ငံရဲ့အမြင့်ဆုံး နာမ်ပိုင်းဆိုင်ရာခေါင်းဆောင်တွေဖြစ်တဲ့ သံဃာတော်တွေကို ပြောင် လူသိရှင်ကြား သတ်ပစ်ရုံမက၊ မသေမရှင်ဖြစ်နေတဲ့ သံဃာတွေနဲ့လူတွေကို အရှင်လတ်လတ် မီးရှို့သတ်ပစ်ခဲ့ပါသေးတယ်။

မဆလခေတ် ၁၉၆၈ ခုမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်သန်းထွန်းကို မဆလသူလျှို ကြိုတိတ် (ခေါ်) လုံတိတ် (ခေါ်) မြကြီးဆိုသူက လျှို့ဝှက်လုပ်ကြံနိုင်ခဲ့တယ်။ ဒီကြိုတိတ် (ခေါ်) လုံတိတ်ကပဲ ကရင်ခေါင်းဆောင်တွေကို လုပ်ကြံဖို့လာတာကို ကေအဲန်ယူက ၁၉၇၂ ခုမှာ ဖမ်းမိပြီး ရှင်းပစ်ခဲ့ရပါတယ်။ ဒီတော့ ဗမာပြည်သမိုင်းမှာ ခေါင်းဖောက်စားမှုတွေ၊ လုပ်ကြံမှုတွေကို စစ်တပ်ကပဲ တလျှောက်လုံး ထိရောက်အောင်မြင်စွာလုပ်ခဲ့တာ ထင်ရှားနေပါတယ်။ ဒီလိုပဲ အခု ဖေဖော်ဝါရီ (၁၄) ရက်လုပ်ကြံမှုကလည်း ဗမာစစ်တပ်ရဲ့ တော်လှန်ရေးအင်အားစုတွေအပေါ် အောင်မြင်တဲ့ ဒုတိယမြောက်လျှို့ဝှက်လုပ်ကြံမှု ဖြစ်သွားပါတယ်။

နအဖစစ်တပ်တွင်းမှာ တဖက်ရန်သူ့ခေါင်းဖောက်စားရေး (ဝါ) လျှို့ဝှက်လုပ်ကြံသတ်ဖြတ်ရေးကို စစ်သင်တန်းကျောင်းတွေ စစ်တက္ကသိုလ်တွေမှာကတည်းက သင်တန်းသား စစ်အရာရှိလောင်းတွေကို ရိုက်သွင်းထားတာဖြစ်ပါတယ်။ ဒါဖြစ်မြောက်ဖို့ နအဖဗိုလ်ချုပ်တွေဟာ တပတ်မှာ (၇) ရက် တရက်မှာ (၂၄) နာရီ စဉ်းစားကြံစည် ပြင်ဆင်လုံးပမ်းနေရတာဖြစ်ပါတယ်။ အခွင့်သာတာနဲ့ အကောင်အထည်ဖော်တာဖြစ်တယ်။

ပဒိုမန်းရှာဟာ ကရင်အမျိုးသားအစည်းအရုံးရဲ့ အထွေထွေအတွင်းရေးမှူးပဲဖြစ်ပါတယ်။ စစ်ဦးစီးချုပ် မဟုတ်ပါဘူး။ တနည်းအားဖြင့်ပြောရရင် ကရင့်တော်လှန်ရေးရဲ့ နိုင်ငံရေးခေါင်းဆောင်သာဖြစ်ပါတယ်။ စစ်ဆင်ရေးကို ကွပ်ကဲစီမံနေတဲ့ စစ်ရေးခေါင်းဆောင် မဟုတ်ပါဘူး။ ဒါကြောင့် စစ်ရေးခေါင်းဆောင်မဟုတ်သူတဦးကို လုပ်ကြံသတ်ဖြတ်ပစ်တာဟာ စစ်ရေးအဓိပ္ပာယ်မဟုတ်တော့ဘဲ တခါက နအဖဗိုလ်ချုပ် ခင်ညွန့်၊ ဗိုလ်ချုပ်မောင်လှတို့ ကြုံးဝါးခဲ့သလို "နောင်မှာ ကရင်လူမျိုးကိုတွေ့ချင်ရင် ပြတိုက်မှာသွားကြည့်ရမယ်" ဆိုတဲ့အတိုင်း ကရင်အမျိုးသားထုတရပ်လုံးအပေါ် လူမျိုးပြုန်းစစ်ဆင်ရေး Genocide ရည်ရွယ်ချက်ကို တစိတ်တပိုင်းအားဖြင့် ပြဆိုနေတာဖြစ်ပါတယ်။ တဖက်ကကြည့်ရင်လည်း စစ်ဖက်ပစ်မှတ်မဟုတ်တာကို ပြောင်အတိအလင်းတိုက်ခိုက်ခြင်းဟာ နအဖစစ်အစိုးရရဲ့ အရူးမီးဝိုင်း၊ ဆပ်ပြာသည်လင်ပျောက်အခြေအနေကို ထင်ဟပ်နေပါတယ်။

ဒီကေဘီအေတပ်မှူးတွေ၊ တပ်သားတွေဟာ မဲဆောက်ကို နေ့စဉ်နဲ့အမျှ ဝင်ထွက်သွားလာနေတာဖြစ်ပါတယ်။ အဲဒါတွေကို ကေအဲန်ယူတာဝန်ရှိသူတွေ မသိ,မဟုတ်ပါဘူး။ စစ်မြေပြင်မဟုတ်တဲ့ တဖက်နိုင်ငံနယ်မြေထဲမှာ ထောက်ထားရမှာတွေရှိလို့တကြောင်း၊ ကရင့်ညီညွတ်ရေးစိတ်ဓာတ်အရ တကြောင်း လွှတ်ထားပေးတာဖြစ်ပါတယ်။ ဒီကေဘီအေရဲဘော်တွေဟာ သဘောထားကြီးလှတဲ့ ကေအဲန်ယူခေါင်းဆောင်တွေကို လုပ်ကြံချင်ရင် စောစောကတည်းက လုပ်ကြံလို့ရပါတယ်။ ဒါပေမယ့် သူတို့မှာလည်း တဖက်နိုင်ငံအပေါ် မှီခိုရပ်တည်စီးပွားရှာနေရတာတွေရှိလို့ တဖက်နိုင်ငံကို စစ်မြေပြင်အဖြစ် သဘောမထားနိုင်ခဲ့ပါဘူး။ ဖေဖော်ဝါရီ (၁၂) ရက်နေ့ကဘဲ ဒီကေဘီအေနာယက မှိုင်းကြီးငူဆရာတော်ဟာ ချင်းမိုင်မှာ ဆေးရုံတက်ရာကအပြန် မဲဆောက်ကိုဝင်ပြီး ကေအဲန်ယူအမာခံလို့ နာမည်ကျော်တဲ့ ငယ်သူငယ်ချင်း ရမ်ဘိုဘုန်းကြီးကို တခုတ်တရ လိုက်လံရှာဖွေပြီး တရင်းတနှီးနှုတ်ဆက်သွားခဲ့ပါသေးတယ်။

အခုတော့ နအဖရဲ့သွေးရူးသွေးတန်း အရူးမီးဝိုင်းအခြေအနေက ဒီကေဘီအေရဲ့ ရပ်တည်ချက်ဟောင်းကို ဖျက်ဆီးပစ်လိုက်ပါပြီ။ ရွှေဝါရောင်တော်လှန်ရေးရဲ့ အရှိန်အဟုန်ကြောင့် ဂယောင်ခြောက်ခြားဖြစ်နေတဲ့နအဖဟာ ပြည်တွင်းမှာ သံဃာတွေ၊ ကျောင်းသားတွေ၊ အိမ်ရှင်မတွေစတဲ့ အလွှာပေါင်းစုံကပြည်သူတွေက အကြောက်တရားတွေ သိသိသာသာကြီးလျော့ကျ ရဲတင်းလာပြီး အချိန်မရွေးပေါက်ကွဲ စိန်ခေါ်ဖို့ အသင့်ဖြစ်နေတာကိုတွေ့ရ၊ နိုင်ငံရေးကိုနားမလည် စိတ်မဝင်စားခဲ့တဲ့ ကျောင်းသားလူငယ်မျိုးဆက်သစ်တွေ သိန်းနဲ့သန်းနဲ့ချီပြီး တော်လှန်ရေးရေစီးကြောင်းထဲ တားမနိုင်ဆီးမရ အပြိုင်လိုက်ကြီးစီးဝင်လာတာကိုမြင်ရ၊ တဆင့်ထက်တဆင့် မြင့်တက်လာနေတဲ့ နိုင်ငံတကာဖိအားတွေကိုရင်ဆိုင်ရ၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကြိုဆွေးနွေးပွဲကို ရွေ့လည်းမတိုးရဲ၊ နောက်လည်းပြန်ဆုတ်လို့မဖြစ်ဆိုတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင်နဲ့ ထိပ်တိုက်တွေ့လာရတဲ့အခါမှာ အခုလို ပရမ်းပတာအခြေအနေကို မဆင်မခြင် မိုက်မိုက်မဲမဲ ဖန်တီးလာပါတော့တယ်။ တပ်တွင်းအခြေအနေ ဘယ်လောက်လှုပ်နေသလဲဆိုတာတော့ နအဖဗိုလ်ချုပ်တွေ အသိဆုံးပါဘဲ။

ဒါကြောင့် ပထမဆုံး ဖေဖော်ဝါရီ (၁၀) ရက်နေ့မှာ ၁/၂၀၀၈ နဲ့ ၂/၂၀၀၈ ဆိုတဲ့ ကြေညာချက်နှစ်ခုကို ကမူးရှူးထိုးထုတ်ပြီး ၂၀၀၈ မေလမှာ ဆန္ဒခံယူပွဲလုပ်မယ်။ ၂၀၁၀ ခုမှာ ရွေးကောက်ပွဲလုပ်မယ်လို့ (အခြေခံဥပဒေတောင် မမြင်ရသေး၊ လိုအပ်တဲ့ကော်မရှင်တွေဥပဒေတွေ မရှိသေးဘဲ) ကြေညာပစ်လိုက်ပါတယ်။ အဲဒီနောက် ဖေဖော်ဝါရီ (၁၄) ရက်မှာတော့ ပက်စက်လှတဲ့လုပ်ကြံသတ်ဖြတ်မှုကို အခုလိုရမ်းကားစွာ ကျူးလွန်ပစ်လိုက်တာဖြစ်ပါတယ်။

ဒီကေဘီအေရဲ့ ပုံမှန်ရပ်တည်လှုပ်ရှားမှုကို နားလည်မပေးတော့ဘဲ အုပ်ချုပ်မှုကိစ္စတွေအတွက် တဖက်နိုင်ငံအပေါ် ထောက်ထားရမှာတွေကို မသိသားဆိုးဝါးမိုက်မဲလှစွာနဲ့ လုံးလုံးလျားလျားဖောက်ဖျက်ပစ်ခိုင်းလိုက်တာဟာ နအဖရဲ့အခြေအနေ ဘယ်လောက်ကြပ်တည်းနေတယ်ဆိုတာကို သက်သေပြနေပါတယ်။

အသက်မပြည့်သေးတဲ့ကလေးတွေနဲ့ ကြပ်မပြည့်တဲ့ဂျလေဘီတွေကို စစ်သားလုပ်ခိုင်းရတာ ဘာမှ မောက်မာဝင့်ကြွား အထင်ကြီးစရာမရှိပါဘူး။ ဒီတော့ ကိုယ့်တပ်တွေက ကိုယ့်ကိုပြန်အထင်ကြီးအောင်၊ အထူးသဖြင့် ငြိမ်းချမ်းရေးအဖွဲ့တွေရဲ့တပ်တွေ အထင်ကြီးအောင်၊ ကြောက်အောင်လို့ နအဖဟာ အခုလို လုပ်ကြံသတ်ဖြတ်တာတွေလုပ်ပြ၊ တဖက်ကလဲ ရွေးကောက်ပွဲနဲ့ စည်းရုံးဆွဲဆောင်ရတာဖြစ်ပါတယ်။

အခုလို ဆန္ဒခံယူပွဲကြေညာတာ၊ ပဒိုမန်းရှာကိုလုပ်ကြံတာတွေဟာ ငါတို့အတွက် အသက်ရှူပေါက်ရမယ်။ သက်ဆိုးရှည်ဖို့ အခွင့်အလမ်းရမယ်လို့ နအဖကထင်နေရင်တော့ လုံးဝလဒ္ဒူကျတဲ့ စဉ်းစားချက်ဖြစ်သွားပါလိမ့်မယ်။ မြန်မာပြည်သူတွေဟာ သူငယ်နှပ်စားတွေ မဟုတ်ပါဘူး။ သူတို့လို ပုဇွန်ဦးနှောက်တွေမဟုတ်ပါဘူး။ စစ်တပ်ထဲက အောက်ခြေတပ်မှူး၊ တပ်သားတွေကိုလည်း အရင်ကလို မှိုင်းတိုက်လှည့်ဖျားဖို့ ခက်နေပါပြီ။

တကယ်တော့ နအဖဗိုလ်ချုပ်တွေလဲ ဒါကိုသိပါတယ်။ ဒါပေမယ့် ရမလားလို့ စမ်းကြည့်တာပဲ ဖြစ်ပါတယ်။

အားလုံးဟာ အချိန်ကိုစောင့်နေတာ ဖြစ်တယ်။ အဲဒီအချိန်ဟာ မေလဆန္ဒခံယူပွဲနေ့ဖြစ်ရင်လဲ ဖြစ်သွားနိုင်တယ်။

ထပ်ပြောမယ်၊ အားလုံးဟာ အချိန်ကို စောင့်နေတာဖြစ်တယ်။

ဂါမဏီ

❖

# မြို့တော်ရန်ကုန်နှင့်မြန်မာပြည်နေရာတချို့တွင် နိုင်ငံရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများ ချောင်းမြောင်းအရိုက်နှက်ခံနေရ



အထိုးအနက်ခံခဲ့ရသည့်ဦးသန်းလွင်

မြန်မာနိုင်ငံအတွင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် မြန်မာ့အရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားနေသူများမှာ အမည်မသိလူတစု ချောင်းမြောင်းရိုက်နှက်မှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး တရားခံလည်းဖော်ထုတ်ဖမ်းဆီးပေးရန် အာဏာပိုင်များက လျစ်လျူရှုထားခြင်းကို ခံနေကြရသည်။

မတ်လ (၃၁) ရက်နေ့က ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်တွင်နေထိုင်သူ ဦးမြင့်လှိုင် (ဒီချုပ်–ဥက္ကဋ္ဌ) သည် နေအိမ်ရှေ့ရပ်နေစဉ် နောက်မှဝင်ရိုက်သွားခံရပြီး (၂) ချက်ချုပ်ခဲ့ရသည်။ ဦးမြင့်လှိုင်အိမ်အနီးတွင် စောင့်နေသော ရဲတပ်ဖွဲ့ဝင်တဦးအား သွားရောက် အကူအညီတောင်းသော်လည်း အရေးယူဆောင်ရွက်ပေးခြင်းမရှိကြောင်း သိရသည်။

မတ်လ (၂၇) ရက်နေ့ကလည်း လူ့အခွင့်အရေးမြှင့်တင်သူများကွန်ယက် (အိပ်ချ်အာရ်ဒီပီ) ခေါင်းဆောင် ဦးမြင့်အေးသည် စမ်းချောင်း၊ ရှင်စောပုရပ်ကွက်၊ ပဒုမ္မာလမ်းနှင့် ဗားကရာလမ်းထိပ်မှ နေအိမ်သို့အပြန်လမ်းတွင် အမည်မသိသူများက နောက်မှနေ၍ ခေါင်းကိုတုတ်ဖြင့်ရိုက်ကာ ထွက်ပြေးသွားခဲ့သည်။ (၅) ချက်ချုပ်ရပြီး သွေးထွက်လွန်နေ၍ ရန်ကုန် ဦးနှောက်နှင့်အာရုံကြောအထူးကုဆောင်၌ ဆေးကုသခံနေရသည်။ ရိုက်သူကို စုံစမ်း၍မရသေးပေ။

နအဖစစ်အုပ်စု တပ်မတော်၏ အုပ်ချုပ်မှု၊ စီမံကွပ်ကဲမှုများအောက်တွင် တိုင်းပြည်အေးချမ်းသာယာနေကြောင်း ပြောဆိုနေခဲ့သော်လည်း မြို့လည်ခေါင်မှ ရုတ်တရက်ရှောင်တခင်အကြမ်းဖက်မှုများကိုမူ မည်သို့မှ အရေးယူဆောင်ရွက်ပေးနိုင်ခြင်းမရှိပေ။ အကြမ်းဖက်မှုကျူးလွန်ပုံများသည် စနစ်တကျလေ့ကျင့်ထားသူများ၏ တမင်ချောင်းမြောင်းကြံစည်မှုများဖြစ်ကြောင်း ခံရသူများ၏ အသိုင်းအဝိုင်းမှပြောသည်။

အလားတူ တရားခံကိုဖမ်းဆီးရမိခြင်းမရှိသော နောက်ထပ်ရိုက်နှက်ခံမှုနှစ်မှုမှာ မတ်လ (၆) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်စည်း ဒုဥက္ကဋ္ဌ ဦးသန်းဖေအား ဓားဖြင့်ထိုးရန်ကြိုးစားခံရခြင်းနှင့် ဖေဖော်ဝါရီလ (၂၈) ရက်နေ့ကဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့မှာပင် ဆိုင်ကယ်လ်နှင့်လူသုံးယောက်တို့မှ စနစ်တကျပြင်ဆင်ထားသည့် တုတ်များကိုင်ဆောင်၍ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ၏ စာရွက်စာတန်းများဖြန့်ဝေသော ကိုမိုးနိုင်စိုးအား ဒဏ်ရာအပြင်းအထန်ရအောင် ရိုက်နှက်ခဲ့ခြင်းများဖြစ်ခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဧပြီလအတွင်းကလည်း လူ့အခွင့်အရေးလှုပ်ရှားသူ ကိုမောင်မောင်လေးနှင့် ကိုမြင့်နိုင်တို့နှစ်ဦးအား ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်၊ အုတ်ပုံကျေးရွာအနီးတွင် ကြံ့ဖွံ့အဖွဲ့ဝင်များက ဝိုင်းဝန်းရိုက်နှက်ခဲ့မှုလည်းဖြစ်ခဲ့သည်။

ထိုသို့ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားနေသူများ၊ လူ့အခွင့်အရေးကြိုးပမ်းဆောင်ရွက်နေသူများအား ဤသို့ ချောင်းမြောင်းလုပ်ကြံရိုက်နှက်မှုများမှာ တရားခံလည်းမပေါ်သည့်အပြင် ဆက်လက်၍လည်း ထိုသို့ရိုက်နှက်မှုများမှာ ထပ်မံတိုးပွားလာနေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်ဦးဥာဏ်ဝင်းက ထိုသို့ အသက်အန္တရာယ်ကို လုပ်ကြံလာသည်အထိ ဖြစ်လာနေသောအမှုများကို ရဲစခန်းမှာတိုင်ကြားခဲ့သော်လည်း တရားခံများအား ယခုထိဖမ်းမိခြင်းမရှိကြောင်းနှင့် ထိုအဖြစ်များသည် အဲန်အယ်လ်ဒီအတွက် စိုးရိမ်ဖွယ်ရာအနေအထားဖြစ်နေကြောင်း ပြောသည်။

၂၀၀၇ ခုနှစ်၊ ဇွန်လ (၁၅) ရက်တွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်တွင်လည်း အသက် (၇၀) အရွယ် မတ္တရာလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်အား သံလက်သီးနှင့်ထိုးသူသည် မြို့နယ်ကြံ့ဖွံ့ရုံးထဲသို့ ပြေးဝင်ခိုလှုံခဲ့ကြောင်း သိရသည်။

ဦးသန်းလွင်နှင့်အဖွဲ့ဝင် (၃၀) ခန့်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် မတ္တရာမြို့၊ မြို့ဟောင်းရွှေကူဘုရား၊ ဆုတောင်းပြည့်ဘုရား၊ နှစ်ဆယ့်လေးဆူဘုရားနှင့် ရွှေသိမ်တော်ဘုန်းတော်ကြီးကျောင်းတို့၌ ဆုတောင်းပွဲပြုလုပ်ခဲ့ကြပြီးအပြန်တွင် ကြံ့ဖွံ့နှင့် ရပ်ကွက်အာဏာပိုင် စုစုပေါင်း (၄၀) ခန့်က နောက်မှလိုက်လံနှောင့်ယှက်စဉ် ဤသို့ လူတယောက်က သံလက်သီးနှင့်ထိုးခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဒဏ်ရာအနာတရဖြစ်ခဲ့ရသည့်အပြင် စစ်အာဏာပိုင်များသည် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်၌ ဖမ်းဆီးထားခဲ့သဖြင့် အကျဉ်းကျနေစဉ် ဆေးကုသခွင့်လည်းမပေးခဲ့သည့်အတွက် အထိုးခံခဲ့ရသော ဘယ်ဘက်မျက်လုံးနိမ့်ကျကာ မျက်လုံးပျက်စီးခဲ့ရသည်။

၂၀၀၆ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် စည်ပင်ရဲများနှင့် စစ်အုပ်စု၏ လက်ကိုင်တုတ်များ၏ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် ကိုသက်နိုင်ဦး ကွယ်လွန်ခဲ့ရသည်။

၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့ကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအားလည်း စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ကျည်ရွာအနီးတွင် လူစုလူဝေးနှင့်ဝိုင်းဝန်းရိုက်နှက်ခဲ့သည့်အပြင် တစုံတရာ စစ်ဆေးအရေးယူခြင်းလည်း မရှိခဲ့ပေ။ ❖

# လမ်းမများပေါ် အဓိကရုဏ်းနှိမ်နင်းရေးလေ့ကျင့်ခြင်းဖြင့် ပြည်သူအားအကြမ်းဖက်မည့်ဟန်ဖြင့်ခြိမ်းခြောက်ရန် နအဖကြံစည်

နအဖစစ်အာဏာပိုင်များသည် ညစဉ်ညတိုင်း လူစည်ကားသည့်လမ်းမများပေါ်တွင် အကြမ်းဖက်နှိမ်နင်းရေး လေ့ကျင့်ခန်းများကိုပြုလုပ်လျှက်ရှိရာ ယာဉ်ကြောများပိတ်ဆို့မှုကြောင့် ပြည်သူများ သွားရေးလာရေးခက်ခဲနေရသည့်အပြင် စိုးရိမ်ထိတ်လန့်မှုများလည်းဖြစ်နေကြရသည်။



နအဖစစ်အစိုးရ၏အကြမ်းဖက်လုံထိန်းတပ်ဖွဲ့ဝင်များ

လေ့ကျင့်ပုံမှာ ဒိုင်းများ၊ သေနတ်များစသည့် ပစ္စည်းစစ်များသုံး၍ ရှေ့တန်းအနီးကပ်တိုက်ပွဲများတွင် ကျားတက်ထိုးသည့်ပမာ အော်ဟစ်သံများနှင့် ဆူညံနေကြောင်း၊ စွမ်းအားရှင်နှင့် ကြံ့ဖွံ့အဖွဲ့ဝင်များက ဆန္ဒပြသူများအနေနှင့်သရုပ်ဆောင်ကာ ရှေ့မှပြေးလွှားပေးနေရပြီး ရဲနှင့်စစ်တပ်က နောက်မှပစ်ခတ်သည့်ပုံများဖြင့်လည်းကောင်း၊ ဆန္ဒပြသူများက ခဲလုံးများနှင့် ပြန်လည်ပစ်ခတ်နေခြင်းမျိုးများကို စစ်သားနှင့်ရဲက မည်သို့နှိမ်နင်းမလဲဆိုသည့်ပုံမျိုးကို လေ့ကျင့်နေခြင်းဖြစ်ကြောင်း သိရသည်။

တညလျှင် အနည်းဆုံး နှစ်နေရာ၌ ဤသို့လေ့ကျင့်လျှက်ရှိရာ အရှေ့ရွှေဂုံတိုင်လမ်းနှင့် လှည်းတန်းလမ်းမှာလည်း ပြုလုပ်ခဲ့ကြောင်း၊ စစ်တီအီးကား ဆယ်စီးကျော်က မီးဆလိုက်များထိုးပေးထားပြီး လက်နက်အပြည့်တပ်ဆင်လေ့ကျင့်နေခြင်းကို ပြည်သူအများက အိမ်တွေထဲမှ ပွဲကြည့်သလို ကြည့်နေခဲ့ကြကြောင်း ဗွီအိုအေသတင်းတွင် ဖော်ပြထားသည်။ ❖

# ရန်ကုန်တိုင်းလှိုင်သာယာမြို့နယ်တွင် သီတင်းတပတ်အတွင်း ဒုတိယအကြိမ်မြောက် ချောင်းမြောင်းရိုက်နက်မှုဖြစ်ပွား

လှိုင်သာယာမြို့နယ်၊ အမှတ်(၈) ရပ်ကွက်တွင်နေထိုင်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ဦးတင်ယုအား အမှတ် (၇) ရပ်ကွက် တတားဖြူမှတ်တိုင်၌ နံနက် (၂) နာရီခန့်၌ စံပြဈေးသို့သွားရန် ကားစောင့်နေစဉ် အမည်မသိသူနှစ်ဦးကရိုက်နှက်ကာ ဆိုင်ကယ်နှင့်ထွက်ပြေးသွားခဲ့သည်။

ဦးတင်ယုက "ဆိုင်ကယ်မောင်းတဲ့သူက ဆက်သွယ်ရေးစက်ပါတယ်။ အသားဖြူဖြူနဲ့ (၂၈) နှစ်ဝန်းကျင်လောက်ကောင်လေးတယောက် ဆင်းလာပြီးတော့ ပထမ ကျနော့်ကို ကျော်သွားပြီးမှ ကွမ်းယာဆိုင်ဘက်က ပြန်လှည့်လာပြီးရိုက်တာ။ မျက်နှာညာဘက်ခြမ်းပေါ့။ မျက်စိလုံးဝမမြင်ရတော့ဘူး"ဟုပြောသည်။ ဆက်လက်၍ "ဆန္ဒခံယူပွဲကလည်းနီးလာပြီ။ လှိုင်သာယာမှာ ကျနော်တို့တွေက လူထုအတွက် အခြေခံဥပဒေကို လက်မခံဖို့စည်းရုံးရေးတွေလုပ်နေတော့ လူထုကြောက်လန့်အောင် ကျနော်တို့အဖွဲ့အစည်းတွေ မလုပ်ရဲအောင်ဆိုပြီးတော့ တမင်တကာကို ရည်ရွယ်ချက်ရှိရှိနဲ့လိုက်ရိုက်နေတာ"ဟု ပြောသည်။

နဖူးနှင့်မျက်လုံးအောက်နားတွင် ကွဲသွားပြီး ရန်ကုန်ဆေးရုံကြီးတွင်သွားရောက်ကာ အချက် (၂၀) ချုပ်လိုက်ရကြောင်း သမီးဖြစ်သူ မသင်းသင်းယုကပြောသည်။ ရိုက်သူမှာ အရပ်သိပ်မပုဘဲ အသားညိုကြောင်း၊ မြင်ရုံနှင့်မှတ်မိကြောင်း မသင်းသင်းယုက ဆက်ပြောသည်။

"ရိုက်တာကတော့ ခေါင်းကိုရိုက်တာ။ ရိုပ်ကနဲမြင်လို့ လှည့်ကြည့်လိုက်တော့ မျက်လုံးအောက်ကိုထိသွားတာ။ ကျမက သူခိုး၊ သူခိုးဆိုပြီးအော်တော့ ဆိုင်ကယ်နဲ့ရဲကမောင်းလာပြီးတော့ သူခိုးမဟုတ်ဘူးလို့ပြောပြီး မောင်းသွားတယ်"ဟု ဆက်လက်ရှင်းပြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူမှုအထောက်အကူပြုအဖွဲ့ဝင် ဦးတင်ယုသည် အသက် (၅၀) ခန့်ရှိနေပြီး နိုင်ငံရေးအကျဉ်းသားများအား ထောင်ဝင်စာတွေ့ရန် အခက်အခဲရှိသူများအား အကူအညီပေးခြင်း၊ ရပ်ကွက်တွင်းတွင် အာဏာပိုင်များ၏ မတရားမှုများကို အထက်အာဏာပိုင်များထံ တိုင်ကြားခြင်း များဆောင်ရွက်လေ့ရှိခြင်းကြောင့် ယခုကဲ့သို့ အရိုက်ခံရခြင်းဖြစ်ကြောင်း သမီးဖြစ်သူ မသင်းသင်းယုက ပြောသည်၊

အဖွဲ့ချုပ်အဖွဲ့ဝင်တဦးက "သူတို့က စီမံချက်သဘောမျိုးနဲ့ပေါ့နော်။ တက်တက်ကြွကြွ လုပ်နေတဲ့ပါတီဝင်တွေကို နောက်ထပ်လူထပ်မတိုးနိုင်အောင် ခြောက်လှန့်တဲ့သဘောနဲ့ လုပ်နေတယ်လို့ ကျနော်ယူဆတယ်။ သူတို့ကိုနှိပ်ကွပ်လိုက်ရင် ကျန်တဲ့သူတွေ မထွက်နိုင်ဘူးဆိုတဲ့ အနေအထားမျိုးမြင်ပြီး လုပ်တာလို့ပဲ ယူဆတယ်"

ဦးတင်ယုအရိုက်မခံရမီ နှစ်ရက်အလိုတွင် နယ်ထိန်းမင်းအောင်သည် အိမ်ပတ်ဝန်းကျင်သို့ လာရောက်စောင့်ကြည့်ခဲ့ခြင်းမျိုးရှိခဲ့ကြောင်းလည်းသိရသည်။ စက်တင်ဘာလှုပ်ရှားမှုမဖြစ်မီ ရက်ပိုင်းကလည်း လှိုင်သာယာရဲစခန်းမှဆင့်ခေါ်၍ လူမှုရေးကူညီမှုလုပ်ငန်းများအားရပ်တန့်ရန် သတိပေးခံခဲ့ရပြီး တလကျော်ကြာအောင် ဖမ်းဆီးထိန်းသိမ်းထားခြင်းကိုလည်း ခံခဲ့ရဖူးကြောင်း သိရသည်။

တနင်္လာနေ့ကလှိုင်သာယာမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်လှိုင်အရိုက်ခံခဲ့ရသည့်အမှုမှာလည်း တရားခံကိုမဖော်နိုင်သေးချိန်တွင် နောက်တဦး ထပ်မံအရိုက်ခံရခြင်းဖြစ်ရာ စစ်အုပ်စုက သက်ဆိုင်ရာမြို့နယ်နှင့် ကျေးရွာများတွင် ရပ်ကွက်အလိုက် ကြံ့ဖွံ့၊ မီးသတ်၊ စွမ်းအားရှင်များကို အကြမ်းဖက်ရိုက်နှက်နည်းသင်တန်းများပေးနေခြင်းနှင့် ဤသို့ ဒီမိုကရေစီရေးလှုပ်ရှားနေသူများ အရိုက်ခံနေရမှုများသည် ဆက်စပ်မှုရှိနေနိုင်ကြောင်း ဒေသခံပြည်သူများကြားတွင် သုံးသပ်ပြောဆိုမှုများရှိနေသည်။ ❖



# ကုလသမဂ္ဂအထူးစုံစမ်းရေးသမားပင်နဲရိုး၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအစီရင်ခံစာ

၂၀၀၈ မတ်၊ (၅) ရက်

ထောက်ခံအကြံပြုချက်များ

မြန်မာအစိုးရအနေဖြင့် ...

(၁) နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၏ ပထမခြေလှမ်းအဖြစ် အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများနှင့် အသက်အရွယ်ကြီးရင့်သူ၊ ဖျားနာနေသူ အစိုးရိမ်ရဆုံးနိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းအရေးတကြီးထား လွှတ်ပေးရန်။

(၂) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အချောမသတ်မီ သဘောထားအမြင်များ ရယူထည့်သွင်းနိုင်ရန်အတွက် အဲန်အယ်လ်ဒီနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးဇာတ်ကောင်အားလုံးနှင့် တွေ့ဆုံဆွေးနွေးမှုကို နောက်ထပ်အချိန်မဆိုင်းတော့ဘဲ ပြန်လည်စတင်ရန်။

(၃) သဘောထားအမြင် လွတ်လပ်စွာတင်ပြထုတ်ဖော်ခွင့်နှင့်တကွ လူအားလုံးအတွက်ငြိမ်းချမ်းစွာ သင်းပင်းဖွဲ့စည်းခွင့် အာမခံနိုင်ဖို့ လိုအပ်သည့်ခြေလှမ်းအားလုံးကို ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲအတွက် လမ်းပြမြေပုံ၏အစိတ်အပိုင်းအဖြစ် အရင်းခံလွတ်လပ်ခွင့်များကို ချုပ်ချယ်ကန့်သတ်သည့်ဥပဒေများဖျက်သိမ်းရန်နှင့် ပြင်ဆင်ရန်။

(၄) နိုင်ငံရေးလှုပ်ရှားတက်ကြွသူများနှင့် လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူများကို လောလောဆယ်၌ တရားစွဲရုံးတင်နေခြင်းများအားရပ်စဲကာ နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့်စံနှုန်းများနှင့်အညီလည်းကောင်း၊ ထိုက်သင့်သည့် တရားဥပဒေလမ်းကြောင်းလိုအပ်ချက်များနှင့်အညီလည်းကောင်း လွတ်လပ်၍မျှတသည့် တရားစီရင်စစ်ဆေးမှုကို အာမခံရန်။

(၅) တိုင်းရင်းသားလူမျိုးများအပေါ် ခွဲခြားဆက်ဆံကျင့်သုံးမှုများကို ဖျက်သိမ်းရေးနှင့် နောက်နောင် ယင်းသို့ခွဲခြားဆက်ဆံမှုများမဖြစ်အောင် အာမခံရေးတို့အတွက် ချက်ချင်းအရေးတကြီး စီမံဆောင်ရွက်ရန်။

(၆) လူ့အခွင့်အရေးကာကွယ်သူများ၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရသူများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များမှ အရင်းခံလွတ်လပ်ခွင့်များ ငြိမ်းချမ်းစွာကျင့်သုံးမှုအပေါ် ကန့်သတ်ချုပ်ချယ်ခြင်းများ ရပ်စဲရန်။

(၇) နယ်စပ်ဖြတ်ကျော် ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဒေသန္တရအဆင့်၌ ဆက်စပ်ညှိနှိုင်းမှု အာမခံနိုင်ရေးနှင့် နှစ်ဖက်သဘောတူလုပ်ဆောင်ချက်များကို ဒေသန္တရအဆင့်၌ ကိုက်ညီစွာအကောင်အထည်ဖော်နိုင်ရေးအတွက် နည်းစနစ်များ ထူထောင်ရန်။

(၈) နိုင်ငံတကာစံနှုန်းများ အခြေခံမှုများနှင့်ကိုက်ညီသည့် လွတ်လပ်ပြီး ဘက်မလိုက်သည့် တရားရေးစနစ် တည်ထောင်နိုင်ရန်အတွက် နိုင်ငံတကာမှ နည်းပညာအကူအညီ ရှာဖွေရယူရန်။

(၉) အကျဉ်းသားများကို ထိန်းသိမ်းထားရှိသည့်အခြေအနေများ တိုးတက်ရေး၊ ၎င်းတို့အတွက် အရေးတကြီးဆေးကုသမှု အာမခံနိုင်ရေးနှင့် နိုင်ငံတကာကြက်ခြေနီ (အိုင်စီအာရ်စီ) နှင့် ပြန်လည်ထိတွေ့ဆက်ဆံပြီး အကျဉ်းစခန်းများသို့ လွတ်လပ်စွာဝင်ထွက်ခွင့်ပေးရေးတို့အတွက် ခြေလှမ်းများချမှတ်ဆောင်ရွက်ရန်။

(၁၀) ကုလသမဂ္ဂ၊ ဆက်နွှယ်ရာအရာရှိများနှင့်တကွ လူသားချင်းစာနာရေးအဖွဲ့အစည်းများမှ ပဋိပက္ခဖြစ်ပွားရာဒေသများသို့ သွားလာခွင့်ပြုရန်နှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် လွတ်လပ်စွာလှုပ်ရှားသွားလာရေး အာမခံရန်။

(၁၁) လက်နက်ကိုင်ပဋိပက္ခ ကျရောက်ရာနယ်မြေများ၌ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာရေးဥပဒေအရ ကတိကဝတ်များကိုလေးစားရန်နှင့် အထူးသဖြင့် ကလေးစစ်သားစုဆောင်းမှုကို အဆုံးသတ်ရန်၊ ကျန်းမာရေးဝန်ထမ်းများကို နှောင့်ယှက်ခြင်း၊ မတရားလုပ်ခြင်းအမှုကိစ္စများကို အလေးအနက် စုံစမ်းစစ်ဆေးခြင်းများအပါအဝင် ပဋိပက္ခဒေသများမှ ကျန်းမာရေးလုပ်သားများ၏လုပ်ငန်း ထိရောက်စေရေးကိုအာမခံရန်။

(၁၂) အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကော်မတီနှင့် ကလေးအခွင့်အရေးကော်မတီတို့မှချမှတ်ထားသော ထောက်ခံအကြံပြုချက်များနှင့် နိဂုံးချုပ်ကောက်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရန်။

(၁၃) နိုင်ငံတဝန်း အသားကျနေသည့် အပြစ်မခံရသောဓလေ့ထုံးစံ အဆုံးသတ်စေရေးအတွက် အဓိကခြေလှမ်းအဖြစ် လူ့အခွင့်အရေး အလွဲသုံးမှုများကျူးလွန်သည့် အရာရှိအားလုံးကို တင်းကြပ်သည့်စည်းကမ်းထိန်းသိမ်းချုပ်ကိုင်မှုနှင့် အပြစ်ပေးအရေးယူမှုအောက်၌ထားရှိရေး အာမခံနိုင်မည့် ထိရောက်သောစည်းစနစ်ထူထောင်ရန်။

(၁၄) မြန်မာနိုင်ငံတွင် မြေယာကိုဥပဒေမဲ့သိမ်းယူမှု အဆုံးသတ်ရန်နှင့် မြေယာအသုံးချရေးနှင့် ပိုင်ဆိုင်ရေးကိစ္စရပ်များ အခြေခံဥပဒေတွင် ထည့်သွင်းကိုင်တွယ်မှု အာမခံစေရန်။

(၁၅) အတွင်းရေးမှူးချုပ်၏ "ကြားဝင်အကျိုးဆောင်" လုပ်ငန်းတာဝန် ကျင့်သုံးခြင်းအား အထောက်အကူဖြစ်စေနိုင်ဖို့ ဆက်လက်၍ ပူးပေါင်းလုပ်ဆောင်ရန်။

❖ ❖ ❖

# စစ်တပ်တမတ်သားဖြင့်ဖွဲ့စည်းမည့်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အတည်ပြုရန်ကြိုးစားနေသော ဗိုလ်ချုပ်မှူးကြီးက

## အာဏာမမက်ကြောင်းတော်လှန်ရေးနေ့အခမ်းအနားတွင် မိန့်ခွန်းချွေ



နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အသက် (၇၀) ကျော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စစ်တပ်သည် အာဏာမမက်ကြောင်း (၆၃) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားတွင် တပ်မတော်သားများအား ပြောကြားသည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

နေပြည်တော်စစ်ရေးပြကွင်း၌ တပ်မတော်သားပေါင်း တသောင်းသုံးထောင် (၁၃,၀၀၀) နှင့်ကျင်းပခဲ့သော ထိုတော်လှန်ရေးနေ့အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မာစီဒီးအမိုးဖွင့်ကားဖြင့် ဗိုလ်ရှုခံကာ ဇနီးဒေါ်ကြိုင်ကြိုင်က တပ်မတော်သားများအား ပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြောင်း သိရသည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်အရပ်ရပ်အား မလွှဲသာမရှောင်သာ တာဝန်ယူခဲ့ရပြီးနောက် အာဏာအရပ်ရပ်ကို ပြည်သူ့ထံလွှဲပြောင်းနိုင်ရေးအတွက် တရံမလပ် ကြိုးပမ်းခဲ့ကြကြောင်း၊ တပ်မတော်သည် အာဏာကိုမက်မောခြင်းမရှိဘဲ တာဝန်ယူထားခိုက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမနားမနေအပင်ပန်းခံကာ ကြိုးပမ်းထမ်းရွက်ခဲ့ခြင်းသာဖြစ်ကြောင်းတို့ကို ဗိုလ်ချုပ်မှူးကြီးမိန့်ခွန်းအား သတင်းကြေညာသူက ဖတ်ပြသွားခဲ့သည်။

အဆိုပါ သတင်းကြေညာသူ၏ ဖတ်ပြချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြီးစီးခဲ့ပြီဖြစ်သောကြောင့် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပလျှက် ဖြစ်ပေါ်လာမည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးပြီး နိုင်ငံတော်အာဏာကို အရပ်သားအစိုးရထံ လွှဲပြောင်းပေးတော့မည်ဖြစ်ကြောင်း ပါရှိသည်။

တပ်မတော်က အာဏာမမက်မောကြောင်း ပြောဆိုချက်သည် မြန်မာ့သမိုင်း၏ တပ်မတော်အစဉ်အလာတွင် အစဉ်တစိုက်ပြောလာခဲ့သော စကားဟောင်းသာဖြစ်၍ ယုံရန်ခက်လှကြောင်း ဝါရင့်နိုင်ငံရေးသမားကြီး ဦးထွန်းမြင့်က ထောက်ပြလိုက်သည်။

သူက "၂၀၁၀ မှာဘာ ဖြစ်မယ်ဆိုတာ ကြိုမပြောနိုင်ပေမယ့် ၁၉၄၇ မှာ ဘယ်လိုအပြောင်းအလဲဖြစ်ခဲ့တယ်ဆိုတာကိုတော့ ကျနော်တို့ တွေ့ပြီးသား၊ ကြုံပြီးသားဖြစ်တယ်။ ၁၉၉၀ ပြည့်နှစ်မှာလည်း ဗိုလ်ချုပ်မှူးကြီးစောမောင်က အာဏာလွှဲပေးမယ်။ ရွေးကောက်ခံကိုယ်စားလှယ်တွေကပဲ အခြေခံဥပဒေဆွဲပါ။ ကျနော်တို့ မပါပါရစေနဲ့ ဆိုပြီး လက်တွေ့မှာ ဘာမှဖြစ်မလာခဲ့ပါဘူး။ တပ်မတော်က စစ်တန်းလျားပြန်မယ်ပြောထားတဲ့ပုဂ္ဂိုလ်မရှိတော့ သူပြောတဲ့ကတိကို နောက်လူတွေက လိုက်စရာမလိုဘူးလို့ သဘောထားသလားတော့ မသိဘူး" ဟုပြောသည်။



(၆၃) နှစ်မြောက်တပ်မတော်နေ့အခမ်းအားတွင်စစ်ရေးပြချီတက်စဉ်

ထိုနေ့တွင် သခင်သိန်းဖေ၏အိမ်၌ ဝါရင့်နိုင်ငံရေးသမားကြီးများက ဖက်ဆစ်တော်လှန်ရေးနေ့အထိမ်းအမှတ် မိတ်ဆုံစားပွဲ ကျင်းပခဲ့ကြောင်းလည်းသိရသည်။ ထိုအခမ်းအနားတွင် သခင်သိန်းဖေက နိုင်ငံတနိုင်ငံ၏ အခြေခံအုတ်မြစ်သည် သွေးစည်းညီညွတ်ရေးဖြစ်ပြီး တိုင်းရင်းသားများအပါအဝင် တာဝန်ရှိသူ ခေါင်းဆောင်များအကြားတွင် တွေ့ဆုံဆွေးနွေး၍ အမျိုးသားညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးတည်ဆောက်ကြပါရန် တိုက်တွန်းခဲ့သည်။

မတ်လ (၂၇) ရက်နေ့သည် ဖက်ဆစ်ဂျပန်များအား မြန်မာ့မျိုးချစ်တပ်မတော်သားများနှင့် ပြည်သူတရပ်လုံးပူပေါင်းတော်လှန်သည့်နေ့ဖြစ်သည့်အတွက် တော်လှန်ရေးနေ့ဟုသတ်မှတ်ထားခဲ့သော်လည်း ဗိုလ်ချုပ်နေဝင်းအစိုးရက နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည့် ၁၉၆၂ ခုနှစ်မှစ၍ တပ်မတော်နေ့ဟု ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။

# ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် အာဏာသိမ်းစစ်အစိုးရအား

## တရားဝင်အုပ်ချုပ်ခွင့်အာဏာပိုင်ဆိုင်တည်မြဲရေးအတွက်ပံ့ပိုးအားဖြည့်ထားခြင်းသာဖြစ်

မတ်လ (၃၁) အေအက်ဖ်ပီ

မြန်မာပြည်တွင်ရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် လူထုခေါင်းဆောင်အား နိုင်ငံရေးပြန်လည်မလုပ်နိုင်ရန် သတ်မှတ်ထားပြီး စစ်အုပ်စုကိုမူ ပြည်သူ့လွှတ်တော်အတွင်း အားအင်အပြည့်နှင့် စိတ်ကြိုက်ချယ်လှယ်ခွင့်များကို ဖန်တီးတည်ဆောက်ပေးထားကြောင်း စစ်အုပ်စု၏မူကြမ်းစာအုပ်တွင်တွေ့ရသည်။

ထိုဖွဲ့စည်းပုံမူကြမ်းသည် ၂၀၀၈ ခု၊ ဖေဖော်ဝါရီလကအဆုံးသတ်ခဲ့ပြီး ယခုထိ ပြည်သူလူထုအား ဖြန့်ချိပေးထားခြင်းမရှိသေးသော်လည်း အေပီသတင်းဌာနက မိတ္တူတစောင်ရရှိထားခဲ့သည်။ ထိုမူကြမ်းတွင် အထက်လွှတ်တော်၊ အောက်လွှတ်တော်နှစ်ရပ်လုံး၌ စစ်တပ်က (၂၅) ရာခိုင်နှုန်းနေရာယူထားကြောင်းတွေ့ရပြီး ဒေါ်အောင်ဆန်းစုကြည်ကိုမူ နိုင်ငံခြားသားနှင့်လက်ထပ်ခဲ့သည့်အတွက်ဟူသောအကြောင်းပြချက်ဖြင့် သမတဖြစ်စေ၊ ပါလီမန်အမတ်ပင်ဖြစ်စေ ဖြစ်ခွင့်မရှိအောင် ဥပဒေရေးဆွဲ၍ ပိတ်ပင်တားဆီးထားသည်။

စစ်တပ်က အချိန်အခါမရွေး အာဏာသိမ်းပိုင်ခွင့်ကို တရားဝင်ဖြစ်အောင်ပြဋ္ဌာန်းထားသော၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင်လည်း စစ်တပ်မှသာ ဆုံးဖြတ်ဆောင်ရွက်ခွင့်ပေးထားသော၊ စစ်တပ် (၂၅) ရာနှုန်းကသဘောမတူလျှင် ဘာတခုမှ ဥပဒေပညာရှင်များက ဆောင်ရွက်ပိုင်ခွင့်လည်း ရမည်မဟုတ်သော ထိုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် အကယ်၍ တိုင်းပြည်အခြေအနေငြိမ်သက်မှုမရှိပါက တနှစ်အာဏာသိမ်းထားခွင့်ကိုလည်း စစ်တပ်ကရရှိဦးမည်ဖြစ်ကြောင်း အဆိုပါ အခြေခံဥပဒေမူကြမ်းတွင် ထည့်သွင်းရေးသားထားသည်။

မြန်မာစစ်အုပ်စုသည် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား (၁၈) နှစ်တာကာလများအတွင်း (၁၂) နှစ်ထက်မနည်း ဖမ်းဆီးချုပ်နှောင်ထားမှုကြောင့်ပင်လျှင် ပြင်းထန်သောကမ္ဘာလုံးဆိုင်ရာ စောင့်ကြည့်ဝေဖန်မှုများအောက်သို့ ရောက်ရှိနေရသည်။

မြန်မာ့အရေးလေ့လာစောင့်ကြည့်သူများက ဒေါ်အောင်ဆန်းစုကြည်သည်လည်းကောင်း၊ သူမ၏ပါတီသည်လည်းကောင်း၊ ထိုအခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် ပါဝင်ခဲ့ရခြင်းမရှိသည့်အတွက် စစ်အုပ်စု၏ အခြေခံဥပဒေမူကြမ်းဆိုသည်မှာ ၎င်းတို့၏ စစ်အာဏာတည်မြဲရေးကိုသာ ရှေ့ရှုစေသော အယောင်ဆောင်ခြင်းတရပ်မျှသာဖြစ်ကြောင်း ဝေဖန်ပြောကြားကြသည်။ မြန်မာပြည်၏ နောက်ဆုံးရွေးကောက်ပွဲသည် ၁၉၉၀ တွင် ကျင်းပခဲ့သော်လည်း စစ်အုပ်စုက ဒေါ်စု၏ အနိုင်ရပါတီ အဖွဲ့ချုပ်အား အာဏာလွှဲအပ်ရန် နှစ်ပေါင်းနှစ်ဆယ်နီးပါး ငြင်းဆန်နေခဲ့ခြင်းဖြစ်သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ၁၉၈၈ ခုနှစ်ကတည်းက အာဏာသိမ်းထားခဲ့သော စစ်တပ်အား တရားဝင်အုပ်ချုပ် ခွင့်အာဏာပိုင်ဆိုင်တည်မြဲရေးအတွက် ပံ့ပိုးအားဖြည့်ထားခြင်း သက်သက်သာဖြစ်ကြောင်းသိရသည်။ ❖




တပ်ထဲမှာက တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူးတပ်သားတွေရှိနေတယ်ဆိုတာ သူရိပ်မိပါတယ်၊

ဒါဟာ (၉၀) ရွေးကောက်ပွဲရလဒ်ကို အကဲခတ်ကြည့်ရုံနှင့်တင် မြင်သာတဲ့ကိစ္စလည်း ဖြစ်ပါတယ်၊

ဂုဏ်သိက္ခာရှိတဲ့၊ လူထုရဲ့ချစ်ခင်ယုံကြည်မှုကိုပိုင်ဆိုင်တဲ့ တပ်မတော်မျိုးအဖြစ် သိက္ခာရှိရှိ ရပ်တည်သွားချင်တဲ့ တပ်မှူးတပ်သားတွေရှိနေတယ်ဆိုတာ သူရိပ်မိတန်သရွေ့ ရိပ်မိပါတယ်၊

(၁)

နေ့စွဲအတိအကျထွက်လာပြီ။

မေ (၁၀) ရက်နေ့မှာ ဆန္ဒခံယူပွဲ ကျင်းပပေးတော့မယ်ဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးဆိုင်ရာလုပ်ငန်းများကို ပြည်နယ်၊ တိုင်းအသီးသီးမှာ ဆောင်ရွက်နေကြတာ လုပ်ငန်းများအားလုံးနီးပါး ပြီးစီးနေပြီဖြစ်ကြောင်း၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန် အဆင်သင့်ဖြစ်သည့်အနေအထားကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်က ဧပြီ (၉) ရက်နေ့မှာ ထုတ်ပြန်ကြေညာလိုက်ပါပြီ။

နအဖစစ်အုပ်စုက တကယ်ပဲ အဆင်သင့်ဖြစ်နေပြီလား။

ထောက်ပြဝေဖန်ကြမှာစိုးလို့၊ လေ့လာဆန်းစစ်ကြမှာကြောက်လို့ တဖွက်တည်းဖွက်ထားခဲ့တဲ့ သူ့ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းဆိုတာကြီးကိုလည်း မြန်မာငွေကျပ်တထောင်နှင့် အဲဒီနေ့မှာပဲ စတင်ရောင်းချဖြန့်ချိနေပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ပါတယ်။

နအဖစစ်အုပ်စုမှာ စိုးထိတ်ကြောက်လန့်နေမှုတွေ တကယ်ပဲကုန်စင်သွားပြီလား။

မြန်မာ့ရုပ်မြင်သံကြားမှာ၊ မြဝတီရုပ်သံမှာ''မဲရုံကိုသွားကြ၊ ထောက်ခံမဲပေးကြ'' ဆိုတဲ့ ဝါဒဖြန့်သီချင်းတွေ စတင်ထုတ်လွှင့်နေပြီ။

အုပ်စုလိုက်သီဆိုထားတဲ့သီချင်း (Group Songs) တွေ၊ တဦးချင်းသီဆိုထားတဲ့သီချင်းတွေ ထုတ်လွှင့်နေကြပြီ။

နအဖစစ်အုပ်စုဟာ သူ့ကိုယ်သူ တကယ်ပဲ စိတ်ချယုံကြည်သွားပြီလား။

ကျနော့်မိတ်ဆွေ စီးပွားရေးလုပ်ငန်းရှင်တယောက် ပြောဖူးတဲ့စကားကို အမှတ်ရမိတယ်။

''အဲဒီလူက ရှိုးပိုထုတ်လာပြီဆိုရင်၊
ဟိတ်ဟန်တွေ ပိုလုပ်လာပြီဆိုရင်
ကားအသစ်တွေပြောင်းစီးလာပြီဆိုရင်
သေချာပေါက်သာတွက်လိုက်တော့၊ အဲဒီလူ စီးပွားရေးကျနေပြီ''တဲ့။

အခု နအဖလုပ်နေတဲ့ လုပ်ပေါက်တွေကို ကျနော်အဲဒီအတိုင်းပဲ အကဲဖြတ်မိတယ်။

(၂)

''မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ချယ်လှယ်ကြိုးကိုင်နိုင်ရန်အတွက် ပြည်ပနိုင်ငံကြီးတချို့သည် ပြည်တွင်းရှိ နိုင်ငံရေးပါတီအချို့အား နောက်ကွယ်မှ အားပေးအားမြှောက်ပြုကာ ပြည်တွင်းတည်ငြိမ်မှုပျက်ပြားစေရေးအတွက် နည်းမျိုးစုံဖြင့် ကြံစည်လုပ်ဆောင်လျက်ရှိသည်'' တဲ့။

အဲဒီနေ့သတင်းစာမှာပဲ ဒီသတင်းကို စာလုံးမဲကြီးတွေနှင့် ထည့်သွင်းဖော်ပြခဲ့တယ်။

ဒီရက်မှာမှ ဒီလိုဘာကြောင့် ဖော်ပြလာရတာလဲ။ ဒီအကြောင်းကို ဒီလောက်ထိ ဘာကြောင့် ယိုးမယ်ဖွဲ့လာရတာလဲ။

''ရန်ကုန်မြို့ရှိ ပြည်ပသံရုံးအချို့မှ သံတမန်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့ အမြဲမပြတ် ဝင်ထွက်ဆက်သွယ်၍ နိုင်ငံနှင့် ပြည်သူ့အကျိုးကိုဆန့်ကျင်သော ဆွေးနွေးညွှန်ကြားချက်များပေးလျက်ရှိရာ ၂၀၀၈ ခုနှစ် မတ်လအတွင်း ပြည်ပသံရုံးအချို့မှ စုစုပေါင်း (၁၉) ကြိမ် ဝင်ထွက်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် မတ်လမှ ၂၀၀၈ ခုနှစ်၊ မတ်လကုန်အထိ စုစုပေါင်း (၂၇၇) ကြိမ် ဝင်ထွက်ခဲ့ကြောင်း''

အခုလို အရေအတွက်တွေနှင့် ကိန်းဂဏန်းတွေနှင့် အတိအကျဖော်ပြနေတာရဲ့ အဓိပ္ပါယ်ကဘာလဲ။

သူချိန်ပစ်တဲ့ပရိသတ်၊ သူ့ (Target Audience) က ဘယ်သူဖြစ်မလဲ။ ဒီဖော်ပြချက်ရဲ့အဓိပ္ပါယ်က ရှင်းပါတယ်။

ဒါဟာ စစ်အုပ်စုလုပ်နေကျ တချက်ခုတ် ၃/၄ ချက်ပြတ်တိုက်ကွက်တခု ဖြစ်ပါတယ်။

ပထမအချက်က ....

အဲန်အယ်လ်ဒီကို အပုပ်ချတာဖြစ်တယ်။

အဲန်အယ်လ်ဒီမှာ ကိုယ်ပိုင်မူမရှိဘူး၊ တိုင်းပြည်အပေါ်၊ လူထုအပေါ် မှန်ကန်တဲ့ စိတ်စေတနာမရှိဘူး။

ပြည်ပနိုင်ငံကြီးတချို့က နောက်ကွယ်က အားပေးအားမြှောက်လုပ်တာကို ခံနေတယ်။ ကြိုးကိုင်ညွှန်ကြားခိုင်းစေနေတာတွေကို လိုက်လုပ်နေတယ်လို့ စော်ကားစွပ်စွဲလိုက်တာဖြစ်တယ်။

နိုင်ငံရေးပါတီတခုရဲ့ နိုင်ငံရေးနှင့် ကိုယ်ကျင့်သီလကို စော်ကားချင်တိုင်းစော်ကားလိုက်တာဖြစ်တယ်။

ဒုတိယအချက်က ....

ပြည်ပနိုင်ငံကြီးတချို့ (ပြောင်မပြောရဲဘူး၊ နာမည်ထုတ်ပြီး မပြောရဲဘူး။ အမေရိကန်သံရုံး၊ အင်္ဂလန်သံရုံး စသည်ဖြင့် နာမည်တပ်ပြီး မပြောရဲဘူး) ဆိုတာတွေက ''တို့နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်စွက်နေပြီ။ ကျွန်ဇာတ်သွင်းနေပြီ၊ ကိုလိုနီလက်သစ်ဝါဒနှင့် အဲန်အယ်လ်ဒီဂယ်ပေါက်ကနေ တိုးဝင်နေပြီ။ ဂယ်ပေါက်ဖွင့်ပေးတဲ့ အဲန်အယ်လ်ဒီကိုရော၊ ဂယ်ပေါက်ကနေ အတင်းတိုးဝင်နေတဲ့ နယ်ချဲ့လက်သစ်ကိုရော မဆန့်ကျင်နိုင်ရင် တို့နိုင်ငံတော့ ငါးပါးမှောက်တော့မယ်။ ကျွန်ပြန်ဖြစ်တော့မယ်။ အစိပ်စိပ်အမွှာမွှာပြိုကွဲတော့မယ်။ ဒီအတွက် တို့တပ်မတော်က အမြော်အမြင်ကြီးကြီးနှင့် ဒီ (၂၅) ရာခိုင်နှုန်းဆိုတဲ့နေရာကိုတော့ အမိအရယူကို ယူထားရမယ်။ လက်မလွှတ်စေနဲ့၊ လက်တွေခိုင်ခိုင်တွဲထားကြ၊ တိုင်းပြည်ကို နယ်ချဲ့အန္တရာယ်က ကာကွယ်ကြ''လို့ သူ့တပ်ကို သူပြန်ပြီးစည်းရုံးလိုက်တာဖြစ်တယ်။

အဲန်အယ်လ်ဒီကို အပုပ်ချရေးနှင့် တပ်စည်းရုံးရေးအတွက် တချက်ခုတ် ၃/၄ ချက်ပြတ် ဇာတ်လမ်းထွင်လိုက်တာဖြစ်တယ်။

အဲန်အယ်လ်ဒီရဲ့ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း ဒီကိစ္စကိုပြောဆိုသွားတာ သိပ်ကို ရှင်းလင်းပါတယ်။

သံရုံးတွေနှင့်တွေ့တာ၊ နိုင်ငံတကာဆက်ဆံရေးကိစ္စတွေဆောင်ရွက်တာ နိုင်ငံရေးပါတီတခုရဲ့အလုပ်ဖြစ်တယ်။ လုပ်ပိုင်ခွင့်လည်း ဖြစ်တယ်လို့ ရှင်းရှင်းလင်းလင်းထောက်ပြလိုက်တယ်။

ဒါသိပ်ကိုသေချာပါတယ်။ ဒါ နိုင်ငံရေးပါတီတခုရဲ့ လုပ်ပိုင်ခွင့်ပဲ။

ဒီလို ရဲရဲတင်းတင်း ရှင်းရှင်းလင်းလင်း ထောက်ပြဖြေဆိုလိုက်တာအတွက် ကျနော် ကျေးဇူးတင်တယ်။

အဲန်အယ်လ်ဒီလို လူထုရဲ့တခဲနက် Mandate ရထားတဲ့ ပါတီကြီးတခုအနေနှင့်၊ ဒီနေ့လို အရေးကြီးတဲ့ အလှည့်အပြောင်းကာလမျိုးမှာ ရှေ့ဆုံးတန်းက၊ တပ်ဦးကနေ ကြံ့ကြံ့ခံပြီး နိုင်ငံရေးအရ လူထုကို ဦးဆောင်ချီတက်နေရတဲ့ အင်မတန်တာဝန်ကြီးတဲ့ ပါတီကြီးတခုအနေနှင့် နိုင်ငံတကာနှင့်ဆက်ဆံတာ၊ အမြင်သဘောထားတွေ အပြန်အလှန်ဖလှယ်ကြတာ၊ မြန်မာနိုင်ငံကိစ္စ၊ နိုင်ငံတကာကိစ္စတွေကို ဆွေးနွေးပြောဆိုကြတာ ဘာဆန်းလို့လဲ။

ဒါတွေဟာ လွတ်လပ်တဲ့နိုင်ငံရေးပါတီတိုင်းရဲ့ လုပ်ရိုးလုပ်စဉ်ကိစ္စတွေပဲ မဟုတ်လား။

အဲန်အယ်လ်ဒီဟာ သူများမြှောက်ပေးတိုင်း ထလုပ်မယ့်၊ နောက်ကွယ်ကပဲ ဖြစ်ဖြစ်၊ ရှေ့ကပဲဖြစ်ဖြစ် သူများလာပြီး ကြိုးဆွဲတိုင်းလိုက်ကမယ့် ရုပ်သေးပါတီမဟုတ်ဘူး။ မူမဲ့နေတဲ့ ပေါ်လစီမဲ့နေတဲ့ လုပ်ငန်းစဉ်မဲ့နေတဲ့ ပါတီမဟုတ်ဘူး။

အဲန်အယ်လ်ဒီမှာ တိကျတဲ့မူတွေ၊ အချိန်အခါနှင့် ကွက်တိဖြစ်တဲ့ပေါ်လစီတွေ၊ လူထုနှင့်အတူ ချီတက်လုပ်ကိုင်သွားမယ့် လုပ်ငန်းစဉ်တွေ အပြည့်ရှိပါတယ်။

ဘယ်သူမြှောက်ပေးပေး၊ မပေးပေး လူထုအတွက် အကျိုးရှိစေမယ့်၊ နိုင်ငံအတွက် အကျိုးရှိစေမယ့်ကိစ္စမျိုးတွေကို ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ဆုံးဖြတ်လုပ်ကိုင်ရဲတဲ့၊ လူထုအတွက် အကျိုးမဲ့စေမယ့်၊ နိုင်ငံအတွက် အကျိုးမဲ့စေမယ့်ကိစ္စမျိုးတွေကို ကိုယ့်ဆုံးဖြတ်ချက်နှင့်ကိုယ် ပယ်ချစွန့်ပစ်ရဲတဲ့ သာဓကတွေ အဲန်အယ်လ်ဒီရဲ့ဖြတ်သန်းမှုသမိုင်းမှာ ကျနော်တို့ပြည်သူတွေ အများကြီးကြုံဆုံခဲ့ကြဖူးပါပြီ။

ဒါကြောင့် ဒီလိုအပုပ်ချ စော်ကားစွပ်စွဲပြောဆိုမှုတွေကို ပြည်သူတွေကတော့ လုံးလုံး မယုံပါဘူး။

ဒါဖြင့် ဘယ်သူယုံအောင် သူပြောဆိုနေတာလဲ။

ယုံလို့ယုံညား သူချိန်ရွယ်ပြောဆိုလိုက်တာက သူ့စစ်တပ်ဖြစ်ပါတယ်။

တပ်ထဲမှာက တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူးတပ်သားတွေ ရှိနေတယ်ဆိုတာ သူရိပ်မိပါတယ်။

ဒါဟာ (၉၀) ရွေးကောက်ပွဲရလဒ်ကို အကဲခတ်ကြည့်ရုံနှင့်တင် မြင်သာတဲ့ကိစ္စလည်း ဖြစ်ပါတယ်။

ဂုဏ်သိက္ခာရှိတဲ့၊ လူထုရဲ့ချစ်ခင်ယုံကြည်မှုကိုပိုင်ဆိုင်တဲ့ တပ်မတော်မျိုးအဖြစ် သိက္ခာရှိရှိရပ်တည်သွားချင်တဲ့ တပ်မှူးတပ်သားတွေရှိနေတယ်ဆိုတာ သူရိပ်မိတန်သရွေ့ ရိပ်မိပါတယ်။

ဒါကြောင့် နယ်ချဲ့လက်သစ်တို့၊ ပြည်ပသံရုံးကြီးတချို့တို့ဆိုတာတွေနှင့် တောခြောက်တောင်ခြောက် ခြောက်လှန့်ပြောဆိုပြီး သူ့ဘက်ပါအောင် ဇွတ်ရော အတင်းရော စည်းရုံးနေတာဖြစ်ပါတယ်။

တပ်မတော်ဟာ သူထင်သလောက် ညံ့လိမ့်မယ်မဟုတ်ဘူးလို့ ကျနော်တွက်ဆမိတယ်။

(၃)

အဲဒီတော့ ဒီကနေ့အခြေအနေအရပ်ရပ်ကပြည်သူတွေအတွက် ''အခွင့်အလမ်းလား''၊ ဒါမှမဟုတ်''အကြပ်အတည်း''လား။ ဘာဖြစ်နိုင်မယ်လို့ ယူဆချင်ပါသလဲ။

ဒါဟာ ကျနော်တို့ပြည်သူတွေအတွက် အခွင့်အလမ်းဖြစ်သလို တပြိုင်နက်တည်းမှာ အကြပ်အတည်းလည်းဖြစ်တယ်လို့ ကျနော်ဆိုချင်တယ်။

အခွင့်အလမ်းဆိုတာကတော့ ....

ကျနော်တို့ပြည်သူတွေအနေနှင့် အမျိုးသားညီလာခံဟာ အတုအယောင်ဖြစ်ကြောင်း၊ အဲဒီက ချမှတ်ပေးလိုက်တဲ့ အခြေခံမူတွေဟာ အတုအယောင်ဖြစ်ကြောင်း၊အဲဒီအခြေခံမူတွေက ထွက်ပေါ်လာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကလည်း အတုအယောင်ပဲဖြစ်ကြောင်း၊ ဒါတွေကို ကျနော်တို့

စာမျက်နှာ (၂၃) ကော်လံ (၁) သို့ ...

# မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအသစ်သည် စစ်အာဏာတည်မြဲရေးအတွက်သက်သက်သာဖြစ်



(၆၃)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားတွင်တွေ့မြင်ရသည့်နအဖစစ်ဗိုလ်ချုပ်များ

စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် အရေးပေါ်အခြေအနေအဖြစ် ကြေညာခြင်းခံရချိန်တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပါရှိစေကာမူ" နိုင်ငံတော်သမတနှင့် ဒုတိယသမတများမှအပ လွှတ်တော်ကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏နေရာနှင့် လုပ်ပိုင်ခွင့်အားလုံးကိုလည်းကောင်း စစ်တပ်က ဖျက်သိမ်းခွင့်အာဏာကို ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။

စစ်အုပ်စုက တရားဝင်ဖြန့်ဝေခြင်းမရှိသေးသည့် မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်သည် ရန်ကုန်မြို့တွင်းတွင် လျှို့ဝှက်စွာပျံ့နှံ့နေပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြီးစီးသွားပါက စစ်တပ်ကသာလျှင် နိုင်ငံတော်အာဏာကို သိမ်းယူထားတော့မည်မှာသေချာနေကြောင်း ယင်းစာအုပ်အရသိရသည်။

ပြည်သူလူထုမှာ နောက်ဆုံးပိတ်ရေးဆွဲထားသည့် ဖွဲ့စည်းပုံမူကြမ်းအား မြင်တွေ့လေ့လာခွင့်ရရန် အခွင့်အရေးမရှိသကဲ့သို့ (၁၉၄) မျက်နှာပါသော ထိုပေါက်ကြားနေသည့် မူကြမ်းမှာလည်းပြည်သူများနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။

မေလတွင် လူထုဆန္ဒခံယူပွဲဖြင့် အခြေခံဥပဒေမူကြမ်းကိုအတည်ပြုပြီးပါက အရပ်သားအစိုးရဖွဲ့နိုင်လိမ့်မည်ဖြစ်ပြီး ပြည်သူလူထုအားလည်း လူ့အခွင့်အရေးများကို အပြည့်အဝပေးမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာအကြီးအကဲများကပြောနေသော်လည်း ၎င်းဖွဲ့စည်းပုံမူကြမ်းကို လေ့လာထားသော ဥပဒေပညာရှင်များကမူ နိုင်ငံတော်၏လုံခြုံရေးနှင့် အကျိုးစီးပွားမှန်သမျှကို စစ်တပ်ကသာလျှင် တိုက်ရိုက်ချုပ်ကိုင်ခွင့်ကို တရားဝင်နှင့်အလွယ်တကူရသွားစေမည်ဖြစ်ကြောင်း သုံးသပ်ချက်များရှိနေသည်။

စစ်အုပ်စုက တိုက်ရိုက်အုပ်ချုပ်ခွင့်ရထားသည့်အပြင် အရေးပေါ်ပြဋ္ဌာန်းချက်များအခန်း၊ ပုဒ်မ (၄၁၈) (က) တွင်– ပုဒ်မ (၄၁၇) အရ အရေးပေါ်အခြေအနေကြေညာရပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ရမည်ဖြစ်ပြီး လွှတ်တော်အားလုံးနှင့်တကွ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ရပ်ဆိုင်းထားမည်ဖြစ်သည့်အပြင် ထိုလွှတ်တော်သက်တမ်းကာလ ကုန်ဆုံးသွားချိန်တွင် သက်ဆိုင်ရာလွှတ်တော်အမတ်များလည်း အလိုအလျောက်ဖျက်သိမ်းသွားပြီးဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

အရေးပေါ်အခြေအနေဆိုသည်မှာလည်း စစ်ပွဲများဖြစ်ပေါ်နေသည့်အချိန်အခါမျိုး၌သာမက နိုင်ငံတော်အေးချမ်းသာယာရေးကိုခြိမ်းခြောက်နေသည်ဟု ယူဆပါကလည်း အရေးပေါ်အခြေအနေအဖြစ် ကြေညာနိုင်သည်ဟုဆိုသည်။ ထို့ပြင်မကထိုသို့သော အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်အရ ဆောင်ရွက်သောစစ်တပ်၏ ပြုမူဆောင်ရွက်မှုမှန်သမျှကိုလည်း တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ကို ပြဋ္ဌာန်းသတ်မှတ်ပေးထားသည်။

တည်ဆဲလုံခြုံရေးဥပဒေအရ နိုင်ငံရေးအတိုက်အခံများအား ထောင်သွင်းအကျဉ်းချခြင်းနှင့် သဘောထားချင်းမတိုက်ဆိုင်သူများအား ဖိနှိပ်ခြင်းများမှာမူ ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည့်အပြင် နိုင်ငံရေးပါတီများသည်လည်း စည်းကမ်းသေဝပ်ကျနသော ပါတီစုံဒီမိုကရေစီနှင့် ထိုက်တန်သည့်ပါတီများဖြစ်လာစေရေးအစီအစဉ်များ၊ ဥပဒေများ ချမှတ်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

"အဲဒီလို စစ်တပ်အာဏာဆက်တည်မြဲရေးတွေကိုပဲ ရေးထားတဲ့မူကြမ်းဟာ အတော့်ကို ဖြောင်ကျကျ အရှက်မရှိလုပ်ထားတာပဲ"ဟု လူ့အခွင့်အရေးလေ့လာစောင့်ကြည့်သူ သုတေသီတဦးဖြစ်သော ဒေ့ဗ်မက်သီဆဲန်ကပြောသည်။ ဆက်လက်၍ "တချို့အရေးမပါတဲ့ အသေးအဖွဲ့အချက်ကလေးတွေကိုတော့ ချပြထားပါတယ်။ ပြီးတော့မှသာ မြန်မာစစ်တပ်ဟာ တိုင်းပြည်ကိုနောက်ကွယ်ကနေဖြစ်ဖြစ် ဒါမှမဟုတ်လည်း မြင်ကွင်းထဲကထွက်ပြီးတော့ပဲဖြစ်ဖြစ် ဆက်အုပ်ချုပ်သွားမှာပဲလို့ အားလုံးကပြောနေကြတယ်"ဟု ပြောသည်။ အချို့သတ်မှတ်ပြဋ္ဌာန်းခြင်းများမှာ ဖုံးဖိမရနိုင်အောင် ပြောင်ကျနေမှုများကိုလည်းလေ့လာတွေ့ရှိရသည်။ လွှတ်တော်နေရာများတွင် စစ်တပ်က လေးပုံတပုံနေရာဝင်ယူခြင်းနှင့် အခန်း (၃) နိုင်ငံတော်သမတနှင့် ဒုတိယသမတများရွေးကောက်ခြင်းနှင့်စပ်လျဉ်း၍ သမတသည် စစ်ရေးအမြင်ရှိသူဖြစ်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။

လွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း၊ နိုင်ငံရေးပါတီများသည်လည်းကောင်း ပုဒ်မ (၄၀၇) အရ နိုင်ငံခြားတိုင်းပြည်များမှ အစိုးရများကဖြစ်စေ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများမှဖြစ်စေ၊ တဦးချင်းအလိုက်ဖြစ်စေ ငွေကြေးကူညီထောက်ပံ့မှုများကိုရယူခဲ့ပါက မတရားအသင်းကြေညာမည်ဖြစ်ကြောင်းလည်း ထည့်သွင်းရေးဆွဲထားသည်။

လုံခြုံရေးတပ်၏ အကြမ်းဖက်ဖြိုခွဲခံခဲ့ရသော စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးအတွင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံခြားတိုင်းပြည်များမှ ရန်ပုံငွေထောက်ပံ့ခြင်းများကို ရယူသုံးစွဲခဲ့ကြောင်းဖြင့် စစ်အုပ်စုကစွပ်စွဲခဲ့ခြင်းများလည်း ရှိခဲ့သည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေက အစိုးရအတိုက်အခံနိုင်ငံရေးပါတီတွေရဲ့ အရပ်သားနိုင်ငံရေးလှုပ်ရှားဆောင်ရွက်နေသူတွေအတွက် ပိုပိုပြီးလှုပ်ရှားရခက်လာတယ်" ဟု ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့အရေးလေ့လာသုံးသပ်သူ ကိုအောင်နိုင်ဦးက အေအက်ဖ်ပီသို့ပြောသည်။ "ဒီပုံအတိုင်းသာဆိုရင် ဘယ်ပါတီမဆို လွှတ်တော်ထဲမှာ (၂၅) ရာနှုန်းနေရာရဖို့တောင် ခပ်ခက်ခက်ပဲ" ဟု ဆက်လက်ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်ကတည်းက စစ်အာဏာသိမ်းခဲ့ပြီး ဥပဒေမဲ့စွာ စစ်အုပ်ချုပ်မှုအောက်တွင် နှစ်နှစ်ဆယ်နီးပါးနေခဲ့ရသည်။ သတင်းနှင့်ပြန်ကြားရေးဝန်ကြီးကျော်ဆန်းက လွန်ခဲ့သောသီတင်းပတ်က ဘာမှမရှိတာထက် တခုခုရှိတာကပိုကောင်းတယ်ဆိုသောစကားဖြင့် ၎င်းတို့ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်ပါကပြင်ဆင်ကောင်းပြင်ဆင်မည်ဟု ကာကွယ်ပြောဆိုသွားခဲ့သည်။ သို့သော် နောက်ဆုံးထွက်ပေါ်လာခဲ့သော ဖွဲ့စည်းပုံမူကြမ်းဥပဒေများအရဆိုလျှင် ပြင်ဆင်ရန်မဖြစ်နိုင်တော့ကြောင်း လေ့လာတွေ့ရှိရသည်။

အကယ်၍ ဖွဲ့စည်းပုံကို ပြင်ဆင်လိုပါကပါလီမန်ကိုယ်စားလှယ် (၇၅) ရာခိုင်နှုန်းက လက်မှတ်ထိုးတင်ပြရမည်ဖြစ်သောကြောင့် အရပ်သားနိုင်ငံရေးသမားများအနေနှင့် စစ်အုပ်စုမှ ကိုယ်စားလှယ်များ၏ပါဝင်မှုကို မရှိမဖြစ်လိုအပ်နေသည်။

ကိုအောင်နိုင်ဦးက မြန်မာ့နိုင်ငံရေးမှာဖြစ်နေတဲ့ ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေတွေကို အဆုံးသတ်ပစ်လိုက်ခါနီးနေပြီဖြစ်ကြောင်းနှင့် "လူ့အခွင့်အရေးချိုးဖောက်မှုတွေလည်း မြန်မာပြည်အချက်အချာနေရာတွေမှာတောင်ရှိနေတယ်။ ဒီတော့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အုတ်မြစ်ချခြေကုပ်ယူလိုက်တဲ့ စစ်တပ်ရဲ့လုပ်ရပ်ဟာ မြန်မာပြည်တွင်းမှာ လူ့အခွင့်အရေးတွေကို ဆက်ပြီးချိုးဖောက်ကျူးလွန်နေဦးမယ်။ ပဋိပက္ခတွေလည်းပဲ ရှိမြဲရှိနေဦးမယ်ဆိုတဲ့ အဓိပ္ပာယ်ကိုဆောင်နေတယ်"ဟု ပြောခဲ့သည်။ ❖

# မြန်မာပြည်တွင်ကျင်းပမည့်ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့်ပတ်သက်၍မြန်မာ့အရေး လှုပ်ရှားသူများ၏သဘောထားမှတ်ချက်များ



"မြန်မာ့အရေး မြန်မာနိုင်ငံသားတွေကိုယ်တိုင် ဆောင်ရွက်ရမှာဖြစ်ပေမယ့် ကုလသမဂ္ဂလို နိုင်ငံတကာအသိုင်းအဝိုင်းက တွန်းအားပေးဆောင်ရွက်ဖို့တွေလည်း လိုအပ်ပါတယ်။ နိုင်ငံတကာရဲ့ သဘောထားတွေက တချိန်မှာ နိုင်ငံတကာဆက်ဆံရေးမှာ ဒါဟာ ထိရောက်မယ့် ထုတ်ပြန်ချက်၊ ကြေညာချက်ဖြစ်လိမ့်မယ်လို့ ကျနော့်အနေနဲ့ မျှော်လင့်တယ်။ အဓိကကတော့ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးပါတီတွေနဲ့ ပြည်သူတွေရဲ့ လာမယ့်ပြည်သူ့ဆန္ဒခံယူပွဲမှာ သဘောထားကို တညီတညွတ်တည်းပေးထားတာဟာ ပိုပြီးတော့အဓိကကျလိမ့်မယ်လို့ မြင်ပါတယ်။ ပြည်တွင်းအနေနဲ့ လက်ရှိ နအဖသွားနေတဲ့လမ်းကြောင်းပြောင်းလဲအောင် နိုင်ငံရေးအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေနဲ့ ဆွေးနွေးလာအောင် နည်းအမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်ဖို့က အဓိကဖြစ်ပါတယ်။ အဲဒီဆောင်ရွက်တဲ့ကိစ္စတွေမှာ နိုင်ငံတကာအဖွဲ့အစည်း၊ ကုလသမဂ္ဂအပါအဝင် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြဖို့လိုမယ်လို့ အဲန်ကယ်လ့်အနေနဲ့ တိုက်တွန်းလိုပါတယ်"

(ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်)



"ကျနော်တို့က ဝင်မယ်၊ ကန့်ကွက်မယ်။ ဒါက ကျနော်တို့အနေနဲ့ လက်တွေ့လုပ်နိုင်တဲ့ဟာကိုလုပ်တာ။ Referendum ကိုပဲဖြစ်ဖြစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပဲဖြစ်ဖြစ်၊ ကြိုက်လို့မဟုတ်ဘူး။ မကြိုက်လို့ ကျနော်တို့လုပ်တာ။ ဒါကို ကျနော်တို့လည်း လက်မခံချင်ဘူး။ တခုမှကို လက်မခံချင်ဘူး။ အများပြည်သူကလုံးဝမကြိုက်ဘူး။ Referendum လည်း မကြိုက်ဘူး။ Constitution လည်းမကြိုက်ဘူး။ မကြိုက်ပေမယ့် constitution အတည်မဖြစ်ရေးလုပ်နည်းကတော့ ကန့်ကွက်ဖို့ပဲဆိုတာ ဒီလိုပဲနားလည်ပါတယ်။ ကျနော်တို့ကန့်ကွက်ရတာဟာ ကျနော်တို့လက်မခံနိုင်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်မှာစိုးလို့။ ကုလသမဂ္ဂကလက်မခံဖို့ အဆိုတင်သွင်းဆွေးနွေးတာကို ကုလသမဂ္ဂရဲ့လုပ်ရပ်တွေကို ကျနော်တို့တန်ဖိုးထားပါတယ်"

(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရ ဦးဉာဏ်ဝင်း)



"လုံခြုံရေးကောင်စီက မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေတွေနဲ့ ပတ်သက်လို့ လုပ်သင့်လုပ်ထိုက်တဲ့ အကြံပြုချက်တွေကို အကြံပြုမှာပါ။ အလှည့်ကျဥက္ကဋ္ဌရဲ့ထုတ်ပြန်ကြေညာချက်ဆိုတဲ့ သဘောထားဟာ လုံခြုံရေးကောင်စီ အဖွဲ့ဝင် (၁၅) နိုင်ငံစလုံး အကြေအလည် ညှိနှိုင်းပြီးမှ ထုတ်တဲ့သဘောထားဖြစ်ပါတယ်။ ဒီလိုသဘောထားမျိုးတွေကို ထုတ်ပြန်တဲ့အကြောင်းရင်းက နိုင်ငံတနိုင်ငံအနေနဲ့ ဒီလိုသဘောထားတွေကိုလိုက်နာဖို့ တိုက်တွန်းတဲ့အနေအထားမှာ မှတ်တမ်းတင်ထားတာပေါ့။ ဒီလိုလိုက်နာဖို့ ပျက်ကွက်မှုတွေများလာရင် လုံခြုံရေးကောင်စီအနေနဲ့ နောက်တဆင့်ဖြစ်တဲ့စည်းနှောင်မှုရှိတဲ့ ဆုံးဖြတ်ချက်တွေချမှတ်ဖို့ အကြောင်းတရားဖြစ်လာပါလိမ့်မယ်။ ဆိုလိုတာက လုံခြုံရေးကောင်စီမှာ အဖွဲ့ဝင်အားလုံး သဘောတူညီချက်တွေထုတ်ပြန်ကြေညာခြင်းဟာ နိုင်ငံရေးအရ အင်မတန်အဓိပ္ပာယ်ရှိပါတယ်"

(အဝေးရောက်ညွန့်ပေါင်းအစိုးရ၏ ကုလသမဂ္ဂဆိုင်ရာကိုယ်စားလှယ် ဒေါက်တာသောင်းထွန်း)

# နအဖစစ်အုပ်စုရေးဆွဲသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးများအား မျိုးဆက်ပျောက်ကွယ်စေလိမ့်မည်ဟု ထိုင်းနိုင်ငံအခြေစိုက်တိုင်းရင်းသားလူမျိုးများကောင်စီ(အီးအဲန်စီ) ကပြော



ဒေါက်တာဆလိုင်လျန်မုန်း

ထိုင်းနိုင်ငံအခြေစိုက် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) (အီးအဲန်စီ) က တိုင်းရင်းသားလူမျိုးစုအသီးသီးအား မေလတွင်ကျင်းပမည့် ပြည်လုံးကျွတ်ပြည်သူ့ဆန္ဒခံယူပွဲအား ကန့်ကွက်မဲပေးကြရန် ဧပြီလ (၃) ရက်နေ့က ကြေညာချက်ထုတ်ပြန်၍ တိုက်တွန်းလိုက်သည်။

အီးအဲန်စီ၏ထုတ်ပြန်သောကြေညာချက်တွင် ပြည်သူလူထုနှင့် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမပါဝင်ဘဲ စစ်အုပ်စုက တဖက်သတ်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် စစ်အာဏာရှင်စနစ်ကိုသာ အမွန့်ရှည် တည်တံ့စေမှာဖြစ်ပြီး တိုင်းပြည်၏နိုင်ငံရေးပြဿနာများကို ပိုမိုရှုပ်ထွေးစေနိုင်ကြောင်း၊ အနှစ် (၆၀) ပြည်တွင်းစစ်ကို ပိုမိုရှည်ကြာစေနိုင်ကြောင်း၊ စီးပွားရေး၊ လူမှုရေးဒုက္ခမျိုးစုံနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုပြီးကြီးထွားလာစေမှာဖြစ်ကြောင်း ဖော်ပြထားသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ၏ အတွင်းရေးမှူး ဒေါက်တာလျှံမုန်းက "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတော်အချုပ်အခြာအာဏာကိုပိုင်ဆိုင်ထားတဲ့ ပြည်သူလူထုနဲ့ အဲဒီအချုပ်အခြာအာဏာကို ပြည်သူလူထုကိုယ်စားအသုံးပြုမယ့် အစိုးရကြားမှာ ချုပ်ဆိုထားတဲ့ပဋိညာဉ်စာတမ်း ဖြစ်နေပါတယ်။ ဒါပေမယ့် ဒီဖြစ်စဉ်တခုလုံးကို ကျနော်တို့ကြည့်လိုက်လို့ရှိရင် တကယ်တမ်း နိုင်ငံတော်အချုပ်အခြာအာဏာကို ပိုင်ဆိုင်တဲ့ ပြည်သူလူထုအခန်းကဏ္ဍက လုံးဝမပါဘူး။ အဲဒီအတွက်ကြောင့် ဒါဟာ ပြည်သူလူထုကို စော်ကားတာဖြစ်တယ်။ အဲဒါကိုသာ ထောက်ခံမိလိုက်လို့ရှိရင် နအဖစစ်အစိုးရကို သူတို့ထင်တိုင်းကျဲပြီးတော့ စစ်အာဏာရှင်စနစ်အောက်မှာ ကျနော်တို့တိုင်းပြည်ကို အုပ်ချုပ်သွားဖို့အခွင့်အရေးပေးသလိုဖြစ်မယ်။ အဲဒီအတွက်ကြောင့် မထောက်ခံသင့်ဘူးလို့ ကျနော်တို့ပြောတာဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

စစ်အုပ်စု၏ အခြေခံဥပဒေမူကြမ်းတွင် တိုင်းရင်းသားအခွင့်အရေးများ ပါဝင်ရေးဆွဲထားသော်လည်း စစ်တပ်ကိုသာ အာဏာကုန်ပေးအပ်ထားသောကြောင့် ဖွဲ့စည်းပုံတွင် ပါဝင်သော တိုင်းရင်းသားလူမျိုးများအတွက် ရေးသားချက်များ၏အနှစ်သာရသည် အလကားဖြစ်သွားနိုင်သည်ဟု ၎င်း၏အမြင်ကို ဆက်လက်ပြောကြားခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိုင်းအတာတခုမျှ အခြေခံလူ့အခွင့်အရေးများ၊ တိုင်းရင်းသားအခွင့်အရေးများ ရေးသားထားသော်လည်း ပေးထားသောအခွင့်အရေးအတိုင်း တိုင်းရင်းသားတွေ၏အခွင့်အရေးကို ဖော်ဆောင်သောအခါတွင် စစ်အစိုးရက သဘောမကျပါက အရာရာကို ပြန်လည်ဟန့်တားပိတ်ပင်နိုင်ခြင်းနှင့် စစ်သေနာပတိချုပ်မှ အချိန်မရွေး အာဏာသိမ်းနိုင်ခြင်းအခွင့်အာဏာတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးဆွဲထားသမျှပုဒ်မအားလုံးသည် မည်သည့်အဓိပ္ပါယ်မရှိတော့ကြောင်း ဒေါက်တာလျှံမုန်းက ရှင်းလင်းတင်ပြခဲ့သည်။

"အဲဒီအတွက်ကြောင့် ကျနော်တို့အနေနဲ့ပြည်တွင်းမှာ တိုင်းရင်းသားတွေ အခွင့်အရေး ဘယ်လောက်ပဲပေးပေး၊ ကျနော်တို့ လက်တွေ့ကျင့်သုံးနိုင်မှာ မဟုတ်ဘူး" ဟု ပြောသည်။

"အခု နအဖစစ်အစိုးရကရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကြည့်လိုက်မယ်ဆိုရင် ကျနော်တို့ချင်းလူမျိုးများရဲ့ လူမျိုးအခန်းကဏ္ဍကို အသိအမှတ်ပြုတာ မရှိတော့ဘူး။ ရှမ်းမရှိတော့ဘူး။ ပြည်နယ်တွေရဲ့နာမည်တောင်မှ ကျနော်တို့လူမျိုးတွေရဲ့ နာမည်နဲ့ မပေးထားချင်တော့ဘူး။ အဲဒီကတည်းကိုက ကျနော်တို့ရဲ့အမျိုးသားလက္ခဏာကို ရိုက်ချိုးပြီးသားဖြစ်နေတယ်။ အမျိုးသားလက္ခဏာကို ရိုက်ချိုးတယ်ဆိုလို့ရှိရင် အဲဒီအောက်မှာရှိနေတဲ့ အခွင့်အရေးဟာလည်းပဲ ဘယ်လိုမှ အကောင်အထည်ဖော်လို့ရမှာ မဟုတ်ဘူး။ နောင်နှစ်ပေါင်း (၅၀)၊ နှစ်ပေါင်း (၁၀၀) အတွင်းမှာ တိုင်းရင်းသားလူမျိုးအားလုံး အမျိုးပြုတ်အောင်ဦးတည်ပြီးတော့ လုပ်နေတဲ့ စီမံချက်ကြီးပါနေတယ်။ ဒါဟာ အင်မတန်မှအန္တရာယ်ကြီးပါတယ်" ဟုလည်း ပြောသည်။

စစ်အုပ်စုရေးစွဲထားသော အခြေခံဥပဒေမူကြမ်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ဖော်ဆောင်ပေးခဲ့သော ပင်လုံစာချုပ်နှင့် ကိုက်ညီမှုမရှိသည့်အပြင် ပင်လုံစိတ်ဓာတ်ကိုလည်း စော်ကားသောကြောင့် ပြည်သူတရပ်လုံးအနေနှင့်ဆန့်ကျင်ကန့်ကွက်ကြရန် တိုက်တွန်းရခြင်းဖြစ်ကြောင်း ဒေါက်တာဆလိုင်းလျှံမုန်းက ပြောကြားခဲ့သည်။

❖

# တရားမဝင်စစ်အာဏာရှင်အားတရားဝင်ဖြစ်မသွားစေရေး ကန့်ကွက်မဲပေးကြပါရန် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့်

## မဟာမိတ်အဖွဲ့များက အပစ်ရပ်အင်အားစုများသို့ပန်ကြား

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် မဟာမိတ်အဖွဲ့များစုပေါင်း၍ ၂၀၀၈ ခုနှစ်၊ ဧပြီလ (၁၂) ရက်နေ့စွဲဖြင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များသို့ ပန်ကြားလွှာတစောင်ထုတ်ဝေလိုက်သည်။

အဆိုပါပန်ကြားလွှာတွင် အပစ်ရပ်အင် အားစုများအနေနှင့်ညောင်နှစ်ပင်ညီလာခံတွင် နိုင်ငံရေးအရသော်လည်းကောင်း၊ သက်ဆိုင်ရာ၊ မိမိကိုယ်စားပြုရာလူမျိုးအလိုက်သော်လည်းကောင်း ကိုယ်စားပြု၍ မိမိတို့လိုလားသည့် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်အတွက် လိုအပ်သောအခြေခံမူများကို မချမှတ်နိုင်ခဲ့ကြဘဲ စစ်အုပ်စုစိတ်ကြိုက်အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကိုသာချမှတ်လိုက်ခြင်းကို လိုက်လျောခဲ့ရခြင်းအား မိမိတို့ကလည်း ထပ်တူထပ်မျှနားလည်သိမြင်ခဲ့ပါကြောင်းရေးသားထားသည်။

ထိုသို့ နအဖစိတ်ကြိုက်တဖက်သတ်ချမှတ်ခဲ့သောအခြေခံမူများ၊ အသေးစိတ်အခြေခံမူများဖြင့် တည်ဆောက်ထားသော "ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)"ကို (၅၄) ဦးကော်မရှင်က အတည်ပြုခဲ့ပြီး လာမည့်မေလ (၁၀) ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့်အတည်ပြုနိုင်ရန် ဘက်ပေါင်းစုံကပြင်ဆင်နေသည်ကိုလည်း အပစ်ရပ်အဖွဲ့များအနေနှင့် သိမြင်ပြီးဖြစ်ကြောင်းကိုလည်း မိမိတို့ယုံကြည်ပါကြောင်းဖော်ပြပါရှိသည်။

စစ်အုပ်စု၏အာဏာတည်မြဲသွားပါလျှင် အပစ်ရပ်အဖွဲ့များရင်ဆိုင်ရမည့် ပထမဆုံးသောအခက်အခဲနှင့်ပြဿနာတို့မှာ အပစ်ရပ်အင်အားစုများ အနှစ်နှစ်အလလ ဖွဲ့စည်းတည်ဆောက်ထားခဲ့ရသော တပ်မတော်များနှင့် လက်နက်များကိုဖျက်သိမ်း၍ နအဖမှအကြွင်းမဲ့လက်နက်ချရေး တောင်းဆိုမည့်အရေးပင်ဖြစ်ကြောင်း၊ ဤသည်မှာ မိမိကိုယ်စားပြုရာလူမျိုး၏သစ္စာကို ဖောက်ဖျက်ရာကျလျှက် သမိုင်းမှတ်တမ်းအတင်ခံရမည့်အဖြစ်လည်းဖြစ်နေကြောင်း ဖော်ပြထားသည်။

ယခုအခါတွင် အပစ်ရပ်အဖွဲ့များအား နအဖစစ်အုပ်စုက လက်သိပ်ထိုးစည်းရုံးနေခြင်းများကို ကြားသိနေရပြီး အပစ်ရပ်တိုင်းရင်းသားအဖွဲ့ကြီးတခုက 'ကြားနေရန် တပ်တွင်းအမိန့်'ထုတ်ပြန်လိုက်သည်ကိုသိရကြောင်း၊ ယင်းသို့ 'ကြားနေ'မည်ဆိုပါက နအဖစိတ်ကြိုက်ဖြစ်သွားတော့မည်ဖြစ်ကြောင်းတို့ကိုလည်း ဖော်ပြထားသည်။

ထို့ကြောင့် အပစ်ရပ်အဖွဲ့များအနေနှင့် မိမိတို့ကိုယ်စားပြု၍ မိမိတို့ထိန်းချုပ်စိုးမိုးထားရာ လူမျိုး၊ နယ်ပယ်ဒေသများတွင် သက်ဆိုင်ရာလူမျိုးစုံပြည်သူများအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် 'မဲရုံသွား၍ ကန့်ကွက်မဲပေးကြရန်' နိုင်ငံ၏အနာဂတ်အရေးကိုမျှော်တွေး၍ ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းအကြံပြုထားသည်။

အကယ်၍ ထိုအခြေခံဥပဒေမူကြမ်းအား အတည်ပြုပေးလိုက်မိပါက တရားမဝင်အုပ်စိုးနေသော စစ်အာဏာရှင်များနှင့် ၎င်းတို့၏စနစ်ဆိုးတို့ကို တရားဝင်ဖြစ်သွားစေမည်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံပြည်သူလူထုအပေါ်တွင် ဆက်လက်လိမ်လည်လှည့်စားရန်အတွက် ပံ့ပိုးကူညီလိုက်သကဲ့သို့ဖြစ်သွားမည်ဖြစ်ကြောင်းလည်းထောက်ပြပြီးနောက် စစ်အုပ်စု၏ဖွဲ့စည်း ပုံမူကြမ်းအား ကန့်ကွက်မဲပေးခြင်းဖြင့် ဆန့်ကျင်ပယ်ချပေးကြပါရန် လိုအပ်နေကြောင်းကိုလည်း တင်ပြထားသည်။

အဆိုပါတိုက်တွန်းပန်ကြားလွှာအား ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ)၊ တိုင်းရင်းသားလူမျိုးများကောင်စီ (မြန်မာနိုင်ငံ) (အီးအဲန်စီ)၊ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) (ဒဗလျူအယ်လ်ဘီ)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (အက်ဖ်ဒီဘီ) နှင့် မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် (အက်စ်ဝိုင်စီဘီ) တို့က ပူးတွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့်မဟာမိတ်အဖွဲ့များ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ စွဲကိုင်ကျင့်သုံးနေသော မူဝါဒသဘောထားနှင့်ဆောင်ပုဒ်မှာ "စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်"ရန်နှင့် "မဲရုံသွား၍ ကန့်ကွက်မဲပေးကြ"ရန်တို့ဖြစ်သည်။ ❖

## နအဖစစ်အုပ်စု၏ တဖက်သတ်ရေးဆွဲဖွဲ့စည်းပုံအခြေခံဥပဒေအား ကြက်ခြေခတ်ခြင်းဖြင့် မြန်မာ့ခေတ်ပြောင်းတော်လှန်ရေးတရပ်ဆင်နွှဲကြပါစို့

၁။ နအဖရဲ့သီချင်းနဲ့ ကြွေးကြော်သံတွေကို ထိထိမိမိ COUNTER လုပ်ရမယ်။ သီးချင်းမလုပ်နဲ့တော့။ သံချပ်ပဲလုပ်ပါ။ ဥပမာ ...

"ဘယ်သွားမလို့လဲ ... မဲရုံသွားမလို့"

"ဘာသွားလုပ်မလဲ ... ကြက်ခြေခတ်မလို့"

၂။ Yes /No ဟာ ကျေးလက်ဒေသမှာ လူသိနည်းတယ်။ ကြယ်ခြေခတ် (×) ခတ်ပါ။ ထုံးနဲ့ မီးသွေးရှိရင် လုပ်လို့ရတယ်။ တရွာလုံးမြင်ကွင်းမှာ (×) ခတ်ပါ။ ထုံးနဲ့ မီးသွေးရှိရင် လုပ်လို့ရတယ် ။ တရွာလုံးမြင်ကွင်းမှာ (×) တွေလွှမ်းသွားပါ။ ဘာတွေလဲမေးရင် ဖြေလိုက်ရုံပဲ။

၃။ "အခြောက်ဟာ ... ခလေးမမွေး

ဂန်းဒူးဟာ ... ခလေးမမွေး

ဒေဝဒတ်ကို ... ကြတ်ခြေခတ်"

၄။ မြို့ပေါ်မှာလည်း အုတ်နံရံ၊ ဓာတ်တိုင်၊ လမ်းမပေါ်တွေမှာ ကြတ်ခြေခတ်လို့ကောင်းတယ်။

၅။ မေ (၁၀) မတိုင်ခင် အဖမ်းအဆီးမခံရအောင်လှုပ်ရှားတက်ဖို့လိုတယ် ။ Semi–UG ပုံစံနဲ့ သွားရမယ်။ ကချင်ကျောင်းသားတွေရဲ့ Poster Campaign ပုံစံမျိုးပြောင်းပြောင်းတင်းတင်းလုပ်ရင် အကုန်ပါသွားလိမ့်မယ်။

၆။ မေ (၁၀) နေ့ကျရင် Going All Out လုပ်ကြရမယ်။ နအဖရဲ့အခြေခံဥပဒေ အတည်ဖြစ်သွားရင် အဲန်အယ်လ်ဒီ ဖျက်သိမ်းနိုင်တယ်။

၇။ "နအဖ၊ မဲလိမ်၊ မဲခိုးမယ်"လို့ အော်နေကြရမယ်။ "မဲလိမ်၊ မဲသူခိုးကို သတိထား၊ လူထုအားနဲ့ကာကွယ်ကြ" လို့လုံ့ဆော်နေရမယ်။

၈။ "သေနတ်ပြောင်းဝက ဒီမိုကရေစီမထွက်"

၉။ မဲရုံတရုံမှာ မဲပေးပိုင်ခွင့်ရှိသူ (၁၀၀) ဆိုကြပါစို့။ မရုံပိတ်လို့ မဲရေတွက်လိုက်တဲ့အခါ ကန့်ကွက်မဲ (၅၂) မဲ၊ ထောက်ခံမဲ (၅၁) မဲ၊ စုစုပေါင်း (၁၀၃) မဲဖြစ်နေရင် အထမမြောက်ဘူး။ Invaild ဖြစ်သွားပြီ။ ပျက်ပြယ်သွားပြီ။ မဲရုံပိတ်ခါနီးမှာ သူတို့လက်ထဲရှိတဲ့ထောက်ခံမဲတွေကို စုပြုံပြီးထည့်လိုက်လို့ ၁၉၆၀ ပြည့်နှစ်က ဒိုက်ဦးမဲဆန္ဒနယ်မှာ ဖြစ်ခဲ့ဖူးတာ။ ဒါကို သေသေချာချာစောင့်ကြည့်ဖို့လိုတယ် ။

၁၀။ ဆန္ဒခံယူပွဲကော်မရှင်က သူတို့လူတွေ၊ မဲပြားအလွတ်တွေကလဲ သူတို့လက်ထဲမှာရှိတာ။ သူတို့လူတယောက်က (၁) မဲမထည့်ပဲ (၂) မဲ (၃) မဲထည့်ခဲ့တော့လည်း ဘာတက်နိုင်မှာလဲ ။

၁၁။ အခွင့်အရေးနဲ့ဗန်းပြပေမယ့် အငမ်းမရမဖြစ်ကြနဲ့။ ခေါ်ရင်သွား ၊ ပေးရင်ယူ၊ ကျွေးရင်စား၊ မထောက်ခံနဲ့။ ကြက်ခြေခတ် (×) သာ ခတ်ပါ။ ခြောက်လို့လည်း မကြောက်နဲ့။ တခါကြောက်ရင် တသက်လုံးဒုက္ခရောက်ပြီသာမှတ်ပေတော့ ...။

❖

# အဲန်အယ်လ်ဒီက ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်တယ်ဆိုတာ ကုလသမဂ္ဂရဲ့အထွေထွေညီလာခံကချတဲ့ ဆုံးဖြတ်ချက်မှာပါဝင်ပြီးဖြစ် မကြာမီရင်ဆိုင်ရတော့မည့် တိုင်းပြည်၏အနာဂတ်ကံကြမ္မာနှင့်ပတ်သက်သော ဖြစ်နိုင်ချေများအား

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်နှင့် မိုးကြိုးသတင်းစဉ် တွေ့ဆုံမေးမြန်းခြင်း



**မဲရုံမဲထည့်တဲ့စနစ်ကို ဝိုင်းပြီးတော့ အများကကြည့်ဖို့၊ ဒါကိုလေ့လာဖို့၊ လေ့လာပြီးလို့ရှိရင် ကျနော်တို့ အပြည်ပြည်ဆိုင်ရာကိုသတင်းပို့ဖို့၊ အဓိကကတော့ ပြည်သူကို ဒါဟာမဟုတ်မှန်တဲ့နည်းနဲ့သွားတယ်ဆိုတာကို ပြည်သူကိုအသိပေးနိုင်လို့ရှိရင် ကျနော်ထင်တယ်၏။ ညစ်ဖို့လမ်းကတော့ တော်တော့်ကိုခဲယဉ်းသွားမှာပေါ့။ ညစ်မယ်ဆိုတာသိရဲ့သားနဲ့ ကျနော်တို့က ဘာလို့အညစ်ခံမှာလည်း ။**

*မေး ။ ။ အခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက်မဲပေးတဲ့လမ်းစဉ်ထဲကိုဝင်လာပြီဆိုတော့ ပြည်သူတွေမဲရုံကို ပိုပြီးတော့ရောက်လာနိုင်မယ်လို့ ယူဆရပါသလား။ နောက်လမ်းကြောင်းတခုတည်းမှာ ပြည်သူတွေနဲ့ နိုင်ငံရေးလုပ်တဲ့သူတွေနဲ့ တပေါင်းတစည်းတည်း တခဲနက်ပါဝင်လာနိုင်တယ်လို့ ဦးမောင်မောင်အနေနဲ့ ယူဆပါသလား။*

ဖြေ ။ ။ ကျနော်တို့ကတော့ အခုအားလုံး နိုင်ငံရေးအသိုင်းအဝိုင်းအားလုံးက ပေါ့နော်။ သွားပြီးတော့ကန့်ကွက်မဲပေးကြဖို့ပြောတယ်ဆိုတာက ပြည်သူအနေနဲ့ပေါ့။ သူတို့ ဘာလုပ်ရမလဲဆိုတာကို လမ်းကြောင်းပေးလိုက်တဲ့အတွက် သူတို့အားလုံးတပြိုင်တည်း သွားပြီးတော့ ကန့်ကွက်မဲပေးကြလိမ့်မယ်လို့ ယုံကြည်တယ်။ တပြိုင်တည်းမှာလည်း ယုံကြည်ရုံနဲ့မပြီးဘူးပေါ့နော်။ အလုပ်ကို အားလုံးဝိုင်းပြီးလုပ်ကြရလိမ့်မယ်လို့ ကျနော်ဆက်ပြီးတော့တင်ပြချင်တယ်။

*မေး ။ ။ အဖွဲ့ချုပ်က ကန့်ကွက်မဲထည့်ဖို့ တရားဝင် မကြေညာသေးတဲ့အချိန်မှာတောင်မှပဲ အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေကို ချောင်းမြောင်းရိုက်နှက်တာမျိုး၊ အမှုဆင်ဖမ်းတာမျိုးတွေ တိုးလာနေတယ်။ အခု သူတို့က တရားဝင်လည်းကြေညာလိုက်ပြီ။ ရှင်းလင်းပွဲတွေအတွက်လည်း ဆင်းနေပြီဆိုတော့ ဒီအဲန်အယ်လ်ဒီအပေါ်မှာ ဖြစ်လာနိုင်တဲ့အခြေအနေက မတရားအသင်းကြေညာ ခံရတဲ့အထိဖြစ်လာနိုင်သလား။ ရွေးကောက်ပွဲမတိုင်ခင်မှာ။ ဘာလို့လည်းဆိုတော့ သူတို့က ၅/၉၆ အရ သူတို့ကိုကန့်ကွက်ရင် ဖမ်းဖို့ပြင်ထားတဲ့ဥပဒေက အဆင်သင့်ထုတ်ပြီးသား ဖြစ်နေတယ်လေ။*

ဖြေ။ ။ ရှိပါတယ်၊ နဝတကတော့ အဲန်အယ်လ်ဒီကို မတရားအသင်းကြေညာဖို့ကြိုးစားနေတာပဲ။ သူတို့ တကယ်မကြေညာရဲတာတခုပဲရှိပါတယ်။ ဘာလို့လည်းဆိုတော့ ဒီအဲန်အယ်လ်ဒီက ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်တယ်ဆိုတာ ကုလသမဂ္ဂရဲ့ အထွေထွေညီလာခံကချတဲ့ဆုံးဖြတ်ချက်မှာပါတယ်။ နောက် အပြည်ပြည်ဆိုင်ရာက ဆုံးဖြတ်ချက်တွေ။ အနောက်နိုင်ငံတိုင်းမှာလည်း အဲန်အယ်လ်ဒီ (၁၉၉၀) ရွေးကောက်ပွဲရလဒ်ကို အနိုင်ရတဲ့ပါတီဆိုတာပါနေတယ်။ နောက်တခုက နဝတက ဒီလိုဖျက်လို့ရမယ်ဆိုရင် သူတို့ဖျက်လိုက်တာကြာပါပြီ။ ဒီကိစ္စလည်း Referendum လုပ်ရခြင်းဆိုတဲ့ကိစ္စကလည်း အဲန်အယ်လ်ဒီကိုဖျက်ချင်လို့ လုပ်ရခြင်းဖြစ်တယ်။ Referendum အထမမြောက်ဘဲနဲ့ သူတို့အဲန်အယ်လ်ဒီကို ဖျက်လို့မရပါဘူး။ ကျနော့်အမြင် အထူးသဖြင့် တဦးတည်းအမြင်ကတော့ အဲန်အယ်လ်ဒီကို သူတို့ဖျက်ချင်တယ်။ ဖျက်လို့မရဘူး။ ဖျက်လို့ရအောင်လည်း ဒီ Referendumကို ကြိုးစားလုပ်ချင်တယ်။ ဒါပေမယ့် Referendum မှာလဲ သူတို့ထင်သလောက် လုပ်ချင်သလိုတော့ လုပ်လို့ရလိမ့်မယ်လို့မထင်ဘူး။

*မေး။ ။ နအဖက သူရှုံးမှာသေချာတယ်ဆိုရင် သူတို့ဆက်ပြီးတော့ အာဏာတည်မြဲဖို့အတွက် ဘယ်လိုနည်းနဲ့ ညစ်နိုင်မလဲပေါ့နော်။*

ဖြေ။ ။ သူတို့ကိုကန့်ကွက်မဲများမယ်ဆိုလို့ရှိရင်တော့ပေါ့နော်၊ ဘယ်လိုညစ်နိုင်မယ်ဆိုတာကို ကျနော်တို့ဘက်က တွက်နေကြပါတယ်။ ဖြစ်နိုင်တဲ့နည်းတွေ၊ Possible means တွေ။ နဝတလုပ်နိုင်တဲ့ကိစ္စ၊ နောက်တစ်ခါ ကျနော်တို့အနေနဲ့ ဒီလိုညစ်မယ်ဆိုတာကို သိရဲ့သားနဲ့ ဘာဖြစ်လို့ ဒါကိုပေးလုပ်မလဲဆိုတာ။ ကျနော်တို့အခု ဆွေးနွေးတဲ့အထဲမှာ Election Watch, Fore Watch ဆိုတာ ကျနော်တို့ မဲရုံမဲထည့်တဲ့စနစ်ကို ဝိုင်းပြီးတော့ အများကကြည့်ဖို့။ ဒါကိုလေ့လာဖို့။ လေ့လာပြီးလို့ရှိရင် ကျနော်တို့ အပြည်ပြည်ဆိုင်ရာကို သတင်းပို့ဖို့.... အဓိကကတော့ ပြည်သူကို ဒါဟာ မဟုတ်မှန်တဲ့နည်းနဲ့သွားတယ်ဆိုတာကို ပြည်သူကို အသိပေးနိုင်လို့ရှိရင် ကျနော်ထင်တယ်၊ ညစ်ဖို့လမ်းကတော့ တော်တော့်ကို ခဲယဉ်းသွားမှာပေါ့။ ညစ်မယ်ဆိုတာသိရဲ့သားနဲ့ ကျနော်တို့က ဘာလို့အညစ်ခံမှာလည်း။ အစောကြီးထဲက ဒီလိုဝိုင်းပြီးတော့ ကြည့်ထားလို့ရှိရင် ဝိုင်းပြီးသတင်းပေးမယ်၊ သတင်းဖြန့်မယ်ဆိုရင် ညစ်ဖို့ခဲယဉ်းတဲ့အနေအထားဆိုတာ ကျနော်က preventive ပေါ့။ ကြိုတင်ကာကွယ်တဲ့စနစ်ကို ကျနော်တို့ပညာပေးဖို့ကို အများကြီးလိုမယ်လို့မြင်တယ်။ အဲဒီတော့ ခုနကကျနော်ပြောတဲ့ အလုပ်တွေ အများကြီးလုပ်ဖို့လိုမယ်ဆိုတာက ဒါကိုပြောတာ။

*မေး ။ ။ အဲဒီတော့ တလလောက်ပဲကျန်တဲ့အချိန်အတွင်းမှာ အဲဒီလုပ်ငန်းစဉ်ကိုလုပ်ဖို့အတွက် အချိန်လုံလောက်ပါ့မလား။*

ဖြေ ။ ။ ကျနော်တို့ အချိန်နည်းတယ်ဆိုတာကိုသိတယ်။ သို့သော် တခုရှိတာကတော့ ဒီနဝတရဲ့ အဆင့် (၄) ကိုရောက်လာမယ်ဆိုတာကတော့ အစောကြီးထဲက လူတိုင်းကသိထားတာပဲ။ သိတဲ့အတွက်ကြောင့် ဥပမာ ကျနော်ပြောချင်တာက ဒီသက္ကရာဇ် ၂၀၀၆၊ ဒီဇင်ဘာလ (၁၃) ရက်နေ့ကဆိုလို့ရှိရင် European ပါလီမန်မှာ နဝတရဲ့အမျိုးသားညီလာခံ ဘာပဲထွက်လာလာ၊ ဒီအဲန်အယ်လ်ဒီနဲ့ အခြားရွေးကောက်ပွဲအနိုင်ရတဲ့ပါတီတွေမပါလို့ရှိရင် လက်မခံဘူးဆိုတာ ကျနော်တို့ တောင်းဆိုထားတဲ့ကိစ္စတွေရှိတယ်။

ဆိုတော့ ဒါက ခုကြေညာမှ သိတဲ့ကိစ္စမဟုတ်ပါဘူး။ မကြေညာခင်ကတည်းက ဒီအဆင့်ကိုရောက်မယ်ဆိုတာသိတဲ့အတွက် ကျနော်တို့ အပြည်ပြည်ဆိုင်ရာမှာ ပြင်ဆင်ထားတယ်။ ဥပမာ– အမေရိကန်နိုင်ငံမှာဆိုရင် ဒါကိုလက်မခံဘူးဆိုတာ ပြောထားတဲ့ကိစ္စ။ ဒါတွေက အပြည်ပြည်ဆိုင်ရာမှာ ကျနော်တို့ပြင်ဆင်ထားတဲ့ကိစ္စတွေပဲ။

ထို့အတူ ပြည်တွင်းမှာလည်း ဒါကို ပြည်သူကသိပါတယ်။ ဒီနားရောက်လာလိမ့်မယ်ဆိုတာကို။ အခု ကျနော်တို့က လုပ်ပုံလုပ်နည်းကိုသာ သပ်သပ်ရပ်ရပ်နဲ့ ဘယ်လိုလုပ်လို့ရမလဲ။ ပိုပြီးတော့ လျင်လျင်မြန်မြန်ဘယ်လိုလုပ်လို့ရမလဲဆိုတာ ပြောတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကိုတော့ ကျနော်တို့က အသစ်အဆန်းကြီးမဟုတ်ဘူး။ ကျနော်တို့မှာ အချိန်နည်းတာမှန်ပေမယ့် လုပ်ငန်းကပိုပြီးတော့ တိတိကျကျ သပ်သပ်ရပ်ရပ်လုပ်နိုင်ရင် ပိုပြီးတော့ Efficiency ပေါ့နော်။ စွမ်းရည်ကို မြှင့်လိုက်တယ်ဆိုရင်တော့ အချိန်မှီနိုင်ပါတယ်လို့ ကျနော်တို့ပြောချင်တယ်။

*မေး ။ ။ နောက်တခုက ခုဆိုရင် သူတို့က လုံထိန်းတွေနဲ့ ကြံ့ဖွံ့တွေနဲ့က အဓိကရုဏ်းနှိမ်နင်းတဲ့ပုံစံမျိုး လမ်းတွေမှာ လေ့ကျင့်ပြင်ဆင်ရင်း၊ ပြည်သူကိုလည်း ခြိမ်းခြောက်ရင်းဆိုသလိုမျိုးလုပ်နေတဲ့အပေါ်မှာ သူတို့က ရှုံးပြီဆိုတာသေချာရင် သွေးထွက်သံယိုတွေ ထပ်ဖြစ်လာနိုင်သေးသလား။*

ဖြေ ။ ။ ကျနော်တို့က သူတို့သွေးထွက်သံယိုလုပ်ဖို့ကို အခြေအနေသွားပေးရင် ဖြစ်နိုင်တာပေါ့။ ကျနော်တို့က သူတို့မဲရှုံးသွားပြီဆိုရင် လမ်းမပေါ်မှာ ဘာလို့ထွက်ပြီးတော့ အော်နေဦးမှာလဲ။ သူတို့မဲရှုံးတယ်ဆိုရင် မဲရှုံးတဲ့အတိုင်း ကျနော်တို့က သူရဲ့ Referendum၊ သူရဲ့ ဆန္ဒခံယူပွဲမအောင်မြင်တဲ့ကိစ္စကို လမ်းမပေါ်ထွက်ပြီးတော့ အော်စရာတော့ မလိုဘူးပေါ့။

သို့သော် ကျနော် ဒါရေဒီယိုတွေရှိတယ်။ မီဒီယာတွေရှိတယ်။ ကျနော်တို့ တယ်လီဖေးရှင်းတွေရှိတယ်။ မီဒီယာတွေကတဆင့် ကျနော်တို့သိအောင်အော်မယ်။ နောက် အပြည်ပြည်ဆိုင်ရာကတဆင့် နဝတကို ကဲ .... မင်းတို့မဲရှုံးပြီ။ ရှုံးတဲ့အတိုင်း မင်းပြောတဲ့မဲ မင်းရှုံးတာပဲ။ ဒီအတိုင်း မင်းကြေညာ၊ ဒါကို ထပ်ပြီးပြောဖို့အတွက်တော့ ကျနော်တို့က ကြိုးစားရမှာပဲ။ ပြည်သူကလမ်းပေါ်ထွက်ပြီး ကျနော်ထင်တယ် အဓိကရုဏ်းဖြစ်ဖို့ဆိုတာ ကျနော်တို့အတွက်တော့ မလိုပါဘူး။ ကျနော်တို့က မဲမှာသာ မဲဆန္ဒကို သူတို့ကိုကန့်ကွက်မဲများအောင်သာထည့်နိုင်မယ်ဆိုရင် ကျနော်တို့ သူတို့လုံထိန်းလည်း ဒီနောက်ကိုပဲ ပါလာမယ်ဆိုတာ ကျနော်တို့ယုံကြည်ပါတယ်။

*မေး။ ။ အခု ဗိုလ်ချုပ်သိန်းစိန်က သူပြောသွားတာရှိတယ်လေ။ ဆန္ဒမဲလုပ်တာက တပါတီတည်း၊ တဦးတယောက်တည်း၊ စစ်တပ်တခုတည်းအတွက် လုပ်တာမဟုတ်ဘူး။ ဒါကြောင့် ပြည်သူတရပ်လုံးက အတည်ပြုပေးရမယ်ဆိုတာမျိုး၊ သူက အပေါ်ကဟာတွေဟုတ်နေပြီ။ အောက်ကျတော့ လုံးချသွားတယ်။ အတည်ပြုဖို့ကိုပဲပြောသွားတယ်။ ပြည်သူ့ဆန္ဒက ကန့်ကွက်တာလည်းဖြစ်နိုင်တယ်ဆိုတဲ့ဘက်ကို သူတို့ထည့်တွက်မသွားဘူး။ အဲဒီတော့ ကန့်ကွက်ဖို့အတွက် စည်းရုံးနေတဲ့အခါမှာ သူတို့က လိုက်ပြီးတော့အကြမ်းဖက်တာမျိုးရှိမလာနိုင်ဘူးလားလို့ သိချင်တာပါ။*

ဖြေ။ ။ သူတို့ကတော့ အကြမ်းဖက်ဖို့ကြိုးစားမှာပဲ။ ဒါပေမယ့် ကျနော်ပြောသလိုမျိုး ကန့်ကွက်မဲထည့်တယ်ဆိုတာက အုံနဲ့ကျင်းနဲ့ သွားထည့်မှာမှမဟုတ်တာ။ တဦးချင်းရဲ့အဝင်နဲ့ တဦးချင်းထည့်မှာ။ ဒီမဲကို ကျနော်တို့ကန့်ကွက်မှသာလျှင် ကျနော်တို့လိုချင်တဲ့စနစ်ကို ရောက်မယ်ဆိုတာကို လူတွေသိဖို့လို့ ကျနော်ကပြောတာကို၊ .... ဆိုတော့ ကျနော်တို့က အခု (၁) လအတွင်းမှာလုပ်လို့ရပါတယ်။ အခုတောင်မှ တချို့က လုပ်နေကြပါပြီ။ အဲန်အယ်လ်ဒီရုံးရှေ့မှာလုပ်နေတဲ့ ကလေးတွေရှိတယ်။ နောက်တခြား အထက်ဗမာပြည်မှာ တချို့မြို့တွေမှာ စတစ်ကာလေးတွေကပ်တဲ့ကိစ္စရှိတယ်။ အခုလည်း လုပ်ငန်းတွေအများကြီးသွားနေကြတယ်။ တိုင်းနဲ့ ပြည်နယ်တော်တော်များများမှာ ဖြန့်ပြီးလုပ်နေကြတော့ ကျနော်ထင်တယ် .... လူ အုံနဲ့ကျင်းနဲ့သွားပြီး ဆန္ဒပြပြီး ကန့်ကွက်မဲထည့်ဖို့ တဦးချင်းက တာဝန်ထမ်းဆောင်ဖို့ကိစ္စကို ဆွေးနွေးကြတာပေါ့။ ဒီလိုပဲလို့ ကျနော်နားလည်တယ်လေ။ ပြည်သူကလည်း ဒီလိုပဲနားလည်ထားတာ။

*မေး ။ ။ နောက်တခုကပေါ့နော်။ ဗမာပြည်ထဲမှာ အထွေထွေသပိတ်ကော်မတီဆိုပြီးတော့ လတ်တလောဖွဲ့လိုက်တာရှိတယ်။ စတေးခံမြေသြဇာအဖွဲ့ဆိုတာလည်းရှိတယ်။ ဒီသပိတ်ကော်မတီက ဘာပြောသလဲဆိုရင် ဒီဆန္ဒမဲက ဖြစ်လာစရာကို အကြောင်းမရှိဘူးပေါ့နော်။ (၉၀) ရွေးကောက်ပွဲရလဒ်မဟုတ်တဲ့အတွက်၊ သူတို့သပိတ်လုပ်မယ်ဆိုတော့ အဲဒီဟာကနေတဆင့် အကြမ်းဖက်မှုဖြစ်လာမှာတို့ ဘာတို့ပေါ့နော်။ အဲဒီတော့ ဒီဆန္ဒခံယူပွဲမတိုင်ခင်မှာ အဲဒီလိုမျိုး သပိတ်ထလုပ်တာတွေက ဖြစ်သင့်လား၊ မဖြစ်သင့်လားဆိုတာလေးသိပါရစေ။*

ဖြေ။ ။ဒါကတော့ individual rights လေ။ တချို့ဆိုရင် (၁၉၉၀) ရွေးကောက်

စာမျက်နှာ (၁၁) ကော်လံ (၁) သို့ ...

စာမျက်နှာ (၁၀) ဦးမောင်မောင်နှင့်အင်တာဗျူးမှ

ပွဲရလဒ်ကိုကြည့်မယ်ဆိုလို့ရှိရင် ဆန္ဒခံယူပွဲ ဆိုတာ မဖြစ်သင့်ဘူးဆိုတာမျိုး အမြင်ရှိကြတာလည်းရှိပါတယ်။ ဒါကလည်း သူတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်မှုပဲ။ .... ဒါကိုတော့ ကျနော်တို့က မင်းတို့ဒီလိုသွားမလုပ်နဲ့လို့ သွားပြီးတော့ပြောလို့မရနိုင်ဘူး။ သူတို့ယုံကြည်တာကိုသူတို့ပြောတာ။ သူတို့ယုံကြည်တာလည်း မမှားပါဘူး။ (၁၉၉၀) ရွေးကောက်ပွဲရလဒ်ဖြစ်နေတာကိုး။ ဒါပေမယ့် ခုဟာက အများကဝိုင်းပြီးတော့ အများပြည်သူ ပါနိုင်ခွင့်ရှိတဲ့အနေအထားသည် ဆန္ဒခံယူပွဲဖြစ်တယ်။ ဆန္ဒခံယူပွဲရအောင် နဝတကို ကန့်ကွက်မဲပေးကြမယ်ဆိုတဲ့ အနေအထားသွားတာဆိုတော့.... ဒါကလည်း သူတို့ own individual rights ဆိုတော့ ကိုယ်ပိုင်အခွင့်အရေးတွေ၊ ကိုယ်ပိုင်သုံးသပ်ချက်တွေကို လုပ်တဲ့နေရာကိုတော့ ကျနော်တို့သွားပြောနေစရာအကြောင်းမရှိဘူး။ စွက်ဖက်လို့မရဘူး။ သို့သော် အကယ်၍ ဒီလိုဆန္ဒပြတဲ့လူတွေကများလို့ရှိရင်တော့ ဒါဖြစ်လာမယ့်ကိစ္စတွေတော့ရှိတာပေါ့။ ဒါကိုတော့ ကျနော်တို့ကြိုပြီးတော့လည်းပြောလို့မရဘူး။ တားလို့လည်းမရဘူးဆိုတဲ့ အနေအထားမှာ ရှိပါတယ်။

*မေး ။ ။ နောက် ဒီကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ပြင်သစ်တို့၊ အမေရိကန်၊ နောက် ဗြိတိန်ရယ် သုံးနိုင်ငံက တင်ကြတယ်ဆိုတာကရော ဒီ referendum ပေါ်မှာ ထိရောက်မှုရှိနိုင်ပါသလား။ ဘာဖြစ်လို့လည်းဆိုတော့ မစ္စတာဂမ်ဘာရီတောင်မှ တင်သမျှ တောင်းဆိုချက်တွေကို ပယ်ချခံရတယ်ဆိုတော့လေ။*

ဖြေ ။ ။ သက်ရောက်မှုရှိပါလိမ့်မယ်။ ပြည်သူအနေနဲ့လည်းမြင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အပြည်ပြည်ဆိုင်ရာက ဗမာပြည်ကိုမေ့မသွားဘူး။ တိဗက်အရေးအခင်း ဒီလောက်ဖြစ်သွားတာကိုတောင် မေ့မသွားဘူး။ ဒီကိစ္စကို ဆက်ပြီးတော့လုပ်နေတယ်ဆိုတာကိုတွေ့နေရတဲ့အတွက် ဒါဟာ သက်သေပဲ။ အောင်မြင်တာ၊ မအောင်မြင်တာက တကဏ္ဍ၊ ဆက်လက်ကြိုးပမ်းနေတယ်ဆိုတာက အဓိကကျပါတယ်။

မစ္စတာဂမ်ဘာရီကိစ္စမှာလည်း ကျနော်တို့ကထောက်ခံတယ်။ ကျနော်ကတော့ ကုလသမဂ္ဂပါဝင်ပတ်သက်ခြင်းသည် အဓိကဖြစ်တယ်လို့မြင်တယ်။ မစ္စတာဂမ်ဘာရီလို့ မမြင်စေချင်ဘူး။ ကျနော်တို့မြင်နေတာက ကုလသမဂ္ဂကို သူတို့ကြောက်လို့ငြင်းပယ်တယ်လို့ ကျနော်မြင်တယ်လေ။

ဥပမာ ကျနော်တို့ပြောမယ်ဆိုရင် ကုလသမဂ္ဂရုံးမလိုဘူး။ ကုလသမဂ္ဂရုံးတွေရှိပြီးသားပဲ။ ကျနော်ပြောချင်တာက နိုင်ငံရေးအရ reconciliation ကို ယုံလို့ပြောတာဖြစ်တယ်။ ဒါကို သူတို့ငြင်းပယ်တယ်ဆိုတာက ဒီရုံးရောက်လာမယ်ဆိုရင် သူတို့အတွက် ဒုက္ခရောက်မှာဖြစ်တယ်။ ဒါမျိုးတွေကို သူတို့ကြောက်လို့ငြင်းတာလို့ထင်တယ်။ လတ်တလောမအောင်မြင်သေးပေမယ့် ဆက်ပြီးတော့တွန်းသွားရင်တော့ ဒီအဖြေပေါ်လာမယ်လို့ ကျနော်မြင်တယ်။ UN security council မှာတော့ တချိန်ချိန်မှာတော့ ဒီ Referendum ပေါ်မှာမူတည်ပြီးတော့ ဒီဥစ္စာဟာ နဝတရဲ့အခြေခံမူဖြစ်နေတယ်ဆိုတာကို မူတည်ပြီးတော့ Security council ကလည်း လိုအပ်သလိုပြောင်းလဲလာလိမ့်မယ်လို့ ကျနော်ထင်တယ်။

*မေး။ ။ စောင့်ကြည့်ရေးအဖွဲ့တို့ ဘာတို့ လက်မခံတဲ့အပေါ်မှာ သူတို့လုပ်ချင်တာကို လုပ်ခွင့်ရသွားမလား။*

ဖြေ။ ။ စောင့်ကြည့်ရေးမှုကို လက်မခံခြင်းသည်သာလျှင် သူ့အတွက် ပိုပြီးတော့ ဒုက္ခရောက်တာပါ။ ဘာဖြစ်လို့လည်းဆိုတော့ International အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေရှိတယ်။ စံထုံးတွေရှိတယ်။ Norms တွေရှိတယ်။ International Norms တွေရှိတယ်။ ဒါဟာ နဝတကို ပြည်တွင်းမှာ သူဘာသာသူ ဘယ်လောက်ပဲပြောပြော၊ အပြည်ပြည်ဆိုင်ရာက ဇယားနဲ့တိုက်ကြည့်တဲ့အခါမှာ အပြည်ပြည်ဆိုင်ရာက ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းနဲ့ ညီသလားဆိုတဲ့ဟာကို ကြည့်မှာ။ အဲဒါက အဓိကကျတယ်။ ဒါကြောင့်မို့လို့ သူ့ဟာသူ ဘယ်လောက်ပဲ မဲလိမ်လိမ် .... မဲထည့်တဲ့လူတွေကသာ တကယ်ပြည်တွင်းကလူတွေကသာ သတင်းပေးနိုင်လို့ရှိရင် ဒါက သူ့ကိုလက်ခံမှာမဟုတ်ဘူး။ သူ့ဟာနဲ့သူ (၁၀၀) ရာခိုင်နှုန်းကျော်ရတယ်လို့ပြောလည်း လူတွေကလက်ခံမှာ မဟုတ်ဘူး။ Standard Procedure ဆိုတာရှိတယ်။ အပြည်ပြည်ဆိုင်ရာက မော်နီတာကို သူတို့က လက်မခံဘူးဆိုတာကိုက (၁) အချက်၊ အဲဒီမှာ သူတို့အောက်သွားပြီ။ အဲဒီလိုပေါ့ ကုလသမဂ္ဂလာမယ်ဆိုလည်း လက်ခံမှာမဟုတ်ဘူး၊ အပြည်ပြည်ဆိုင်ရာက လာမယ်ဆိုရင်လည်း လက်မခံဘူး။ ငါပဲလုပ်မယ်ဆိုတာက 'မင်းလုပ်ခဲ့တာလည်း အဆင်မှမပြေတာကွာ'လို့ လူတိုင်းက ပြောနေတာပဲဥစ္စာ။ ကျနော်မြင်တာကတော့ သူတို့ဒီလို ငြင်းပယ်လေ၊ သူ့တို့ကိုယုံကြည်မှုက ဝေးသွားလေပဲလို့ ကျနော်မြင်တယ်။

*မေး။ ။ ဒီဆန္ဒခံယူပွဲကျင်းပတဲ့အချိန်မှာ ပြည်ပကအဖွဲ့အစည်းတွေအနေနဲ့ အကြမ်းဖက်ပြီးတော့ နှောက်ယှက်လိမ့်မယ်။ ဖျက်ဆီးလိမ့်မယ်ဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ဦးမောင်မောင်ရဲ့သဘောထားလေး။*

ဖြေ။ ။ ကျနော်ကတော့ပြောချင်တယ်။ နဝတကတော့ ဒါ သူ့ရဲ့ Standard Procedure ပါပဲ။ သူ့ရဲ့ လုပ်ထုံးလုပ်နည်းပါပဲ။ တခုခုဆိုရင် အပြည်ပြည်ဆိုင်ရာကိုပြောတယ်။ အပြည်ပြည်ဆိုင်ရာမှာရှိတဲ့ အဖွဲ့အစည်းတွေကို အထူးသဖြင့် ဒါကိုသူပုံချမှာပေါ့။ အကယ်၍ သူ့ဆန္ဒခံယူပွဲ အထမမြောက်ခဲ့ဘူးဆိုရင် သူတရားခံရှာဖို့ ခုကတည်းကကြိုပြီးတော့ ပြောထားတဲ့အနေအထားပဲဖြစ်တယ်လို့ ကျနော်မြင်တယ်။ ကျနော်တို့က ခုနကပြောသလို အကြမ်းမဖက်တဲ့နည်းနဲ့ ကျနော်တို့အားလုံးကစုပြီးတော့ Vote No ထည့်ဖို့၊ ကန့်ကွက်ဆန္ဒမဲထည့်ဖို့ကို ပြင်ဆင်နေတယ်။ ဒါကလည်း အစည်းအဝေးမှတ်တမ်းတွေရှိတယ်။ ကျနော်တို့ ဘာမှလည်းရှင်းစရာမလိုဘူး။ သို့သော် သိချင်တယ်ဆိုရင် အပြည်ပြည်ဆိုင်ရာကကြည့်ချင်တယ်ဆိုရင်လည်း လာကြည့်လို့ရတယ်။ ကျနော်တို့အနေနဲ့ အကြမ်းဖက်ဖို့ကိစ္စလုံးဝမရှိဘူး။ vote no campaign ကို နည်းပေါင်းစုံနဲ့ဘယ်လိုလုပ်မလဲ။ အလှာပေါင်းစုံကနေဘယ်လိုလုပ်မလဲ ဆိုတာကိုသာ ကျနော်တို့က တောက်လျှောက်ပြင်ဆင်နေတာဖြစ်တယ်ဆိုတဲ့အတွက်ကြောင့် အဲဒီစွပ်စွဲချက်က နအဖက သူတို့ဟာ သူတို့စွပ်စွဲနေတာ ပဲဖြစ်တယ်။ ကျနော်တို့နဲ့ လုံးဝမပတ်သက်ဘူး။ လုပ်လည်းမလုပ်ဘူး။ ❖

# အဲန်အယ်လ်ဒီ၏ ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုကို ထောက်ခံ နိုင်ငံတကာဌာနခွဲများနှင့် ပူးပေါင်းအကောင်အထည်ဖော်မည်



အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) ဥက္ကဋ္ဌ ဦးတင်အောင်

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်ရေး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်–လွတ်မြောက်နယ်မြေ (အဲန်အယ်လ်ဒီ–အယ်လ်အေ) ဌာနချုပ်တာဝန်ရှိသူများနှင့် နိုင်ငံတကာရှိ (အယ်လ်လေ) ဌာနခွဲများကြား ဆွေးနွေးညှိနှိုင်းမှုကိုကျင်းပရာ ဂျပန်၊ နော်ဝေး၊ အမေရိကားနှင့် ကနေဒါဌာနခွဲများမှ ကိုယ်စား လှယ်များအပါအဝင် စုစုပေါင်းခေါင်းဆောင် နှစ်ဆယ့်တစ်ဦး ပါဝင်ဆွေးနွေးကြောင်း သိရှိရသည်။

ဗီဒီယိုတယ်လီကွန်ဖရင့်ဖြင့်ကျင်းပသော ယင်းဆွေးနွေးပွဲ၌ ဥက္ကဋ္ဌဦးတင်အောင်က သဘာပတိအဖြစ်လည်းကောင်း၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူးဦးမြင့်စိုးက တာဝန်ယူခဲ့ကြကြောင်း သိရှိရသည်။ အဆိုပါအစည်းအဝေးတွင် သက်ဆိုင်ရာနိုင်ငံအလိုက် နအဖဖွဲ့စည်းပုံအခြေခံဥပဒေအား အသိအမှတ်မပြုရေး၊ မဲထည့်သည့် မေလ (၁၀) ရက်နေ့၌ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၌ ဆန္ဒပြရေး၊ ပြည်တွင်း၌ ပြည်သူလူထုက ကန့်ကွက်မဲထည့်ရေးအတွက် လိုအပ်သောလှုံ့ဆော်မှုများ၊ ပညာပေးမှုများကို အရှိန်အဟုန်မြှင့်တင်ရေးတို့အတွက် အသေးစိတ်လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြကြောင်းလည်း သိရှိရသည်။ ❖

# နအဖစစ်အုပ်စုက မဲလိမ်လည်မှုများအတွက် ကြိုတင်ဆောင်ရွက်မှုနှင့် တန်ပြန်ပြင်ဆင်မှုများဆောင်ရွက်ရေး၊ ဝါရင့်နိုင်ငံရေးသမားကြီးများက ဆန္ဒခံယူပွဲကို ကမကထပြုပါရန် လူ့ဘောင်သစ်ပါတီမှ ပန်ကြားချက်ထုတ်ပြန်

ထိုင်း–မြန်မာနယ်စပ်အခြေစိုက်လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်) မှ မြန်မာနိုင်ငံအတွင်းရှိ ဝါရင့်နိုင်ငံရေးသမားကြီးများထံသို့ အကြံပြုချက်တစောင်ကို ၂၀၀၈ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။



လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌဦးအောင်မိုးဇော်

ထိုအကြံပြုစာတွင် မေလတွင် စစ်အစိုးရက ကြီးမှူးကျင်းပမည့် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲကြီးတွင် ပြည်သူအများက လာရောက်၍ တခဲနက်ကန့်ကွက်မဲပေးစဉ်တွင် မဲခိုးမှု၊ မဲလိမ်မှု စသည့် မသမာမှုပေါင်းစုံဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကြောင့် တိုင်းပြည်နှင့်လူထုက လေးစားကြည်ညိုသော ပုဂ္ဂိုလ်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများက ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည် ဦးဆောင်မှုပေးပါရန် တိုက်တွန်းတောင်းဆိုထားသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနှင့် ထိုသို့ဝါရင့်နိုင်ငံရေးသမားကြီးများ၏ ရပ်တည်မှုကိုမျှော်လင့်သကဲ့သို့ ဤသို့ဆောင်ရွက်ခြင်းသည်သာလျှင် အကောင်းမွန်ဆုံးဖြစ်လိမ့်မည်ဟုလည်း ယုံကြည်ယူဆကြောင်းနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းပေးပါရန် အလေးအနက်အကြံပြုတင်ပြထားသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်ရှိ ပြည်သူလူထုအားလည်းကောင်း၊ လှုပ်ရှားတက်ကြွသူများအားလည်းကောင်း၊ မိမိတို့ကြုံတွေ့ရင်ဆိုင်နေရသည့် မတရားမှု၊ မမျှတမှု၊ ဖိနှိပ်အကြမ်းဖက်မှု စသည့်အခြေအနေနှင့် အချက်အလက်များကိုလည်း ပြည်လုံးကျွတ်ညီလာခံလေ့လာစောင့်ကြည့်ရေးအဖွဲ့သို့ အချိန်မီသတင်းပေးပို့သွားကြပါရန်လည်း မေတ္တာရပ်ခံတိုက်တွန်းထားသည်ကို တွေ့ရသည်။

အဆိုပါ ကြေညာချက်စာတန်းအရ ကြံ့ဖွံ့ဟုလူသိများသော ပြည်ခိုင်ဖြိုးအဖွဲ့ (ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့) ဌာနချုပ်တွင် တာဝန်ရှိသူ စစ်ဗိုလ်ချုပ်များ၊ ဝန်ကြီးများ၊ အမျိုးသမီးရေးရာအဖွဲ့အစည်းများမှနေ၍ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကြံ့ဖွံ့ဥက္ကဋ္ဌများမှတဆင့် ပြည်သူတို့အား ငွေထုတ်ချေးခြင်းများရှိနေကြောင်းသိရသည်။ ထိုသို့ချေးရာတွင် တအိမ်ထောင်လျှင် ကျပ်သုံးသောင်း (၃၀,၀၀၀) ကျပ်ဖြစ်ပြီး မိသားစုသုံးဦးရှိလျှင် ပြန်လည်ပေးဆပ်ရမည့်ငွေမှာ ကျပ်တသောင်းခွဲ (၁၅,၀၀၀) ကျပ်ဖြစ်ပြီး၊ လေးဦးရှိလျှင် ကျပ် (၁၀,၀၀၀) သာပြန်ဆပ်ရန်၊ မိသားစုငါးဦးရှိသည့် အိမ်ထောင်စုက ကျပ်ငါးထောင်သာ ပြန်ဆပ်ရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ချေးငွေဟုဆိုသော ထိုငွေများအတွက် ပြန်လည်ပေးဆပ်ရမည့်အချိန် သတ်မှတ်ချက်လည်းကောင်း၊ အတိုးနှုန်းဟူ၍လည်းကောင်း ဖော်ပြထားခြင်းလည်းမရှိကြောင်းနှင့် ထိုမျှသောငွေပမာဏကိုသုံးစွဲနိုင်ရန်အတွက် ကြံ့ဖွံ့အထွေထွေအတွင်းရေးမှူးဗိုလ်ချုပ် ဌေးဦးနှင့် ဝန်ကြီးဦးအောင်သောင်းတို့က မတ်လဆန်းကပင် ကျပ်ငွေပေါင်း (၄၉) ဘီလီလျံ ထုတ်ယူသွားသည်ဟုလည်း အဆိုပါကြေညာချက်တွင်ပါရှိသည်။

နအဖ စစ်အုပ်စုအနေနှင့် နေရာအနှံ့တွင် မတူညီသောပုံသဏ္ဍာန်အမျိုးမျိုးနှင့် ပြည်သူ့မဲဆန္ဒများကို ထောက်ခံမဲဖြစ်စေရန် စီမံဆောင်ရွက်မှုများအနက် စစ်တပ်အတွင်း ဆန္ဒခံယူပွဲကျင်းပချိန်တွင် အရာရှိများအတွက် သီးသန့်မဲတပုံး၊ အရာရှိကတော်များအတွက်တပုံး၊ အခြားအဆင့် အကြပ်တပ်သားများအတွက်တပုံး၊ ဇနီးမယားများအတွက်တပုံး အသီးသီးထားရှိပြီး မဲထည့်ကြရမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားသဖြင့် လူတထောင်ရှိသည့်နေရာတွင် မဲတပုံးထားမည်ဟူသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲစည်းမျဉ်းဥပဒေနှင့် ကိုက်ညီခြင်းမရှိသည်ကိုလည်း တွေ့ရသည်။

နအဖစစ်အုပ်စုသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည်ဟု ကြေညာချက်တရားဝင်ထုတ်ပြန်ပြီးချိန်မှစ၍ ထောက်ခံမဲရရေးကို နည်းမျိုးစုံသုံး၍ စည်းရုံးနေခဲ့ခြင်းများလည်း ရှိခဲ့သည်။ ထင်ရှားသောစည်းရုံးနည်းများမှာ အပစ်ရပ်အဖွဲ့များနှင့် ပြည်နယ်အချို့တို့တွင် ယာယီမှတ်ပုံတင်များထုတ်ပေးခြင်း၊ သန်းကောင်စာရင်းကောက်ခြင်း၊ အိမ်ထောင်စုစာရင်းသစ်များထုတ်ပေးခြင်းတို့အပြင် ကြံ့ဖွံ့အဖွဲ့များကလည်း စစ်အစိုးရကို မလိုလားလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုထောက်ခံကြဟူ၍ လိမ်ညာမှိုင်းတိုက်စည်းရုံးခြင်းများဖြစ်သည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီနှင့် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနောက်ပိုင်း ကိစ္စများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာနောက်ပိုင်းကိစ္စများအလုပ်ရုံဆွေးနွေးပွဲတရပ်ကျင်းပနေစဉ်

မေလ (၁၀) ရက်တွင် ကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနောက်ပိုင်း ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဧပြီလ (၁၅) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) ဌာနချုပ်ဝန်းအတွင်းရှိ မန်းရှာခန်းမတွင် အဖွဲ့ဝင်အဖွဲ့အစည်းများ စုံညီစွာဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတက်ရောက်သူ ခေါင်းဆောင် (၁၉) ဦးတို့မှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ရှုံးလျှင်သော်လည်းကောင်း၊ နိုင်လျှင်သော်လည်းကောင်း ဖြစ်ပေါ်လာမည့်နောက်ဆက်တွဲပြဿနာများကို ကြိုတင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ ပြည်သူ့ကာကွယ်ရေးတပ် (ပီဒီအက်ဖ်) မှ ကိုကျော်ထက်က '' အခု အားလုံးက Vote No ဖြစ်သွားပြီ။ လူထုနည်းနဲ့ အဆင့် (၄) ကိုဖြတ်ကြရမှာပဲ။ Constitution ကိုပြင်ပေးပါလောက်တော့ ကျနော်တို့မပြောနိုင်ဘူး။ နိုင်မယ်လို့လည်း ယုံတယ်။ နိုင်ရင်လည်း ကျနော်တို့က (၉၀) ရလဒ်ကို ပြန်ကိုင်ပြီး ဆက်သွားရမယ်'' ဟုပြောသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ ခွန်မြင့်ထွန်းကလည်း နအဖရေးဆွဲထားသော နည်းဥပဒေများတွင် တရားမဲ့ပြုကျင့်မှုများရှိလာခဲ့ပါက တိုင်စရာအခန်း မပါရှိခြင်းကိုတွေ့ရကြောင်းနှင့် (၉၀) ရွေးကောက်ပွဲတွင် ထိုကိစ္စများကို ထည့်သွင်းရေးဆွဲထားကြောင်းကို ထောက်ပြဆွေးနွေးခဲ့သည်။

ထိုဆွေးနွေးပွဲအပြီးချမှတ်ခဲ့သော ဆုံးဖြတ်ချက်များအနေနှင့် မိမိတို့ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ နအဖဆန္ဒခံယူပွဲ၏ မသမာမှုများကို ဖော်ထုတ်ဖွင့်ချ တရားစွဲဆိုမှုပြုနိုင်ရေးကို ကြိုးပမ်းသွားရန်နှင့် စစ်မှန်သော ပြည်သူ့လွှတ်တော်တရပ် ပေါ်ပေါက်ရေးနှင့် ပြည်သူ့ဆန္ဒနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်လာရေး ဆက်လက်ကြိုးပမ်းသွားရန်တို့ပါဝင်ကြောင်း သိရသည်။ ❖

# စစ်အာဏာရှင်စနစ်ပျက်သုဉ်းရေးအတွက် ပြည်သူများအားလုံး စိတ်ဓာတ်ကိုမောင်းတင်ထားကြရန် လူ့ဘောင်သစ်ပါတီတိုက်တွန်း

မေလတွင်ကျင်းပမည့် စစ်အုပ်စု၏ တဖက်သတ်ရေးဆွဲထားသောဆန္ဒခံယူပွဲကို ပြည်သူများမှ ဆန့်ကျင်ကန့်ကွက်မဲများပေးခြင်းဖြင့် ပြတ်ပြတ်သားသားအနိုင်ယူကြရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ၏ ဝေဖန်သုံးသပ်ချက်အမှတ် (၄/၂၀၀၈) တွင် တိုက်တွန်းရေးသားထားသည်။

စစ်အုပ်စုသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၎င်းတို့ဘက်မှ ကျိန်းသေနိုင်လိမ့်မည်ဟု မျှော်လင့်ချက်ဖြင့်မဟုတ်ဘဲ မိုက်ရူးရဲစိတ်ဖြင့် အရဲစွန့်၍ကျင်းပပြုလုပ်ခြင်းသာဖြစ်ပြီး ဘက်ပေါင်းစုံမှ ဉာဏ်နီဉာဏ်နက်မျိုးစုံသုံး၍လည်း အနိုင်ရရန် ပြင်ဆင်ဆောင်ရွက်နေသည်ဟု အဆိုပါသုံးသပ်ချက်တွင် ဖော်ပြပါရှိသည်။ ထို့ကြောင့် ပြည်သူလူထုကလည်း လူထုဆန္ဒခံယူပွဲတွင် နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ စစ်အာဏာရှင်စနစ်ဆိုးကြီးကို မဖယ်ရှားနိုင်သမျှကာလပတ်လုံး ခက်ခဲပြင်းထန်သော်လည်း ဆက်လက်တိုက်ပွဲဝင်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းထားသည်။

စစ်အုပ်စုက ၎င်းတို့အားထားရာ လက်ကိုင်တုတ်များဖြစ်သော ကြံ့ဖွံ့၊ စွမ်းအားရှင်၊ မီးသတ်၊ အမျိုးသမီးရေးရာနှင့် တပ်မတော်သားများသည် မျှော်လင့်ထားသလိုမဖြစ်ဘဲ၊ မဲရုံသို့ရောက်သောအခါ ကန့်ကွက်မဲများပေးလိုက်မည်ကို စိုးရိမ်ထိတ်လန့်နေကြကြောင်းလည်း အဆိုပါကြေညာချက်တွင် သုံးသပ်တင်ပြထားသည်။

၁၉၉၀ ခုနှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင်လည်း စစ်အုပ်စုသည် ''တစည''(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) ဘက်မှပံ့အောပြီး အနိုင်ရရှိရေးအတွက် ဘက်ပေါင်းစုံမှ ကလိမ်ကကျစ်ဉာဏ်ဖြင့် လုပ်ဆောင်ခဲ့သော်လည်း ၎င်းတို့မျှော်လင့်ထားသော ''တစည''အရှုံးကြီးရှုံးပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရရှိခဲ့သော်လည်း ယခုချိန်ထိ အာဏာကို လွှဲပြောင်းပေးခြင်းမရှိဘဲ မသိဟန်ဆောင်နေခဲ့သည်။

စစ်အုပ်စုသည် ၁၉၈၈ အာဏာသိမ်းချိန်မှစ၍ နှစ်ပေါင်း (၂၀) နီးပါးကြာအုပ်စိုးနေခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ မိမိတို့စိတ်တိုင်းကျ ပြည်သူလူထုကို ဖိနှိပ်ရန်အတွက် အမျိုးမျိုးသောဥပဒေများကိုသာ ထုတ်ပြန်ကျင့်သုံးခဲ့သည်။ ယခုထုတ်ပြန်သော စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည်လည်း စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်စေရန်အတွက် ၎င်းတို့စိတ်ကြိုက် တဖက်သတ်ရေးဆွဲထားခြင်းဖြစ်သည်။ သို့အတွက်ကြောင့် စစ်အာဏာရှင်စနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အုပ်စိုးသည်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို စိတ်ကြိုက်တဖက်သတ်ရေးဆွဲအတည်ပြုပြီး အုပ်စိုးသည်ဖြစ်စေ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် မည်သို့မျှမကောင်းနိုင်ကြောင်းကို ၎င်းတို့၏လုပ်ရပ်များက ထောက်ပြနေသည်။

ဤကဲ့သို့သောအခြေအနေများကြောင့် မေလတွင် စစ်အုပ်စုက ကျင်းပပြုလုပ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေးလူထုဆန္ဒခံယူပွဲကို ပြည်သူအားလုံးက ကန့်ကွက်မဲပေးပြီး ဆန့်ကျင်ပယ်ချရန် လိုအပ်ကြောင်းနှင့် သို့ဖြစ်၍ မဲရုံများသို့ရဲရဲဝံ့ဝံ့သွားရောက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းထားသည်။ မြန်မာ့ရွေးကောက်ပွဲသမိုင်းတွင် ပြည်သူများမှ (၂) ကြိမ်တိုင်တိုင် ပြည်သူ့ဆန္ဒမဲဖြင့်အနိုင်ယူခဲ့သောသာဓကများကြောင့် မေလ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ စစ်အုပ်စုမှာ စိုးရိမ်ပူပန်မှုများဖြစ်နေကြောင်းကိုလည်း ကြေညာချက်တွင် သုံးသပ်တင်ပြထားသည်။

စစ်အုပ်စုကလည်း ဘက်ပေါင်းစုံမှ ကောက်ကျစ်စဉ်းလဲသော အကြံအစည်များကို အသုံးပြုလာမည့်အရေးကို ပြည်သူများကသိရှိထားပြီး ရွေးချယ်ရမည့် ဆန့်ကျင်ရေးတိုက်ပွဲနည်းလမ်းမှန်သမျှကို ယခုအချိန်ကတည်းက စဉ်းစားပြင်ဆင်ထားရန် လိုအပ်ကြောင်းနှင့် စစ်အုပ်စုသည် ၎င်းတို့မျှော်လင့်ထားသော ထောက်ခံမဲများရလာလျှင် မဆိုင်းမတွ အသိအမှတ်ပြုမှာဖြစ်သော်လည်း ပြည်သူက တညီတညွတ်တည်း ကန့်ကွက်မဲပေး၍ ပယ်ချနိုင်မည်ဆိုပါက စစ်အုပ်စုအနေဖြင့် ရှေ့တိုးရန် အလွန်ပင်ခက်ခဲမည်ဖြစ်ကြောင်း၊ စစ်အာဏာရှင်စနစ်ကို ရှင်းရှင်းလင်းလင်း မဖယ်ရှားနိုင်သမျှ ပြည်သူများအနေဖြင့် ခက်ခက်ခဲခဲ ကြိုးစားလုံးပမ်းရဦးမည်ဖြစ်ပြီး၊ ပြင်းပြင်းထန်ထန် ဆက်လက်တိုက်ပွဲဝင်သွားရမည်ဖြစ်သောကြောင့် ယခုအချိန်မှစ၍ စိတ်ဓာတ်ကို မောင်းတင်ထားကြရန်လိုအပ်ပါကြောင်း သုံးသပ်တင်ပြထားသည်။

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းကြောင်းကို ပြန်လည်လေ့လာပါက ၁၉၆၀ ခုနှစ်ရွေးကောက်ပွဲတွင် ''တည်မြဲ''ဘက်မှ ပံ့အောပြီး နိုင်လျှင်လည်းနိုင်၊ ရှုံးလျှင်လည်း နိုင်ရမည်ဟုကြုံးဝါး၍ အကြမ်းဖက်မှုများကို အသုံးပြုလုပ်ခဲ့သော်လည်း ၎င်းတို့မျှော်လင့်ထားသည်နှင့် ပြောင်းပြန်ရလဒ်ဖြစ်ခဲ့သည်။ ထို့ကြောင့် ''တည်မြဲ''ရှုံးပြီး၊ ''သန့်ရှင်း (ပထစ)''မှ အနိုင်ရရှိခဲ့သည့်အတွက် အခဲမကျေသော စစ်အုပ်စုသည် ၁၉၆၂ ခုနှစ်မှာ ''ဖက်ဒရယ်မူ''ကို အကြောင်းပြ၍ အာဏာသိမ်းကာ၊ ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို စစ်အုပ်စုက ဖျက်ဆီးပစ်ခဲ့သည်။ ထိုအချိန်မှစတင်ကာ မြန်မာနိုင်ငံရေးဇာတ်ခုံပေါ်သို့ စစ်အုပ်စုတက်ရောက်နေရာယူလာခဲ့သည်။

❖

စာမျက်နှာ (၃၀)

အေးအတူပူအမျှပေးကြတော့မည့် ကန့်ကွက်မဲတွေ သတင်းဆောင်းပါးမှ ...

ကဒ်များကြောင့် တိုင်းရင်းသားမဟုတ်သော မြန်မာပြည်တွင် တရားမဝင်လာရောက်နေထိုင်နေကြသည့် လူမျိုးခြားများကမူ မဲပေးပိုင်ခွင့်ရရှိသွားကာ လာမည့်မြန်မာပြည်အနာဂတ်ရေးတွင် လူမျိုးရေးဆိုင်ရာပြဿနာများရှုပ်ထွေးလာနိုင်သည်ဟုလည်း ဦးမျိုးကရှင်းပြသည်။

''လာသမျှလူတွေအားလုံး ယာယီလက်မှတ်ကိုင်ဆောင်ထားသူတွေအားလုံးဟာ မဲပေးခွင့်ရတယ်ဆိုရင် တကယ့်နိုင်ငံသားတွေရဲ့အခွင့်အရေးဟာ ဆုံးရှုံးတယ်။ ကျနော်တို့က နိုင်ငံသားဖြစ်မှု၊ နိုင်ငံသားတွေရဲ့အခွင့်အရေးဖြစ်မှုရှုဒေါင့်ကနေ တင်ပြနေတာဖြစ်တယ်။ နိုင်ငံသားမဟုတ်တဲ့သူပေးလို့ရတဲ့မဲတပြားနဲ့ ကျနော်တို့ပေးလို့ရတဲ့မဲတပြားနဲ့တန်ဖိုးပေါ့။ မဲတပြားဆိုတဲ့နေရာမှာ ဆန့်ကျင်ဘက်မဲလည်းဖြစ်ချင်ဖြစ်မယ်။ ထောက်ခံမဲလည်း ဖြစ်ချင်ဖြစ်မယ်။ ဆန့်ကျင်မဲလည်း တရားဝင်မဲဖြစ်တယ်။ ကန့်ကွက်မဲသည်လည်း တရားဝင်မဲဖြစ်တယ်။ အဲဒီ တရားဝင်မဲပေးပိုင်ခွင့်ကို ထိခိုက်တယ်။ ဥပဒေကို ဥပဒေကြောင်းအရ တိတိကျကျထောက်ပြရဖို့တာဝန် ကျနော်တို့မှာရှိတဲ့အတွက် ဒီ statement ကို ကျနော်တို့ထုတ်ပြန်ရခြင်းဖြစ်တယ်'' ဟု ဦးမျိုးကပင်ပြောပြခဲ့သည်။

ယာယီကဒ်များ ဖောဖောသီသီထုတ်ပေးခြင်းဖြင့် မြန်မာပြည်တွင်းသို့ တရားမဝင်ရောက်နေကြသော နိုင်ငံခြားသားများ၏မဲတို့ကို စစ်အစိုးရက အပိုင်မျှော်လင့်ထားပုံရသည်။ တဖက်ကလည်း စစ်တပ်အား ထောက်ခံမဲပေးရန်ဖိအားပေးနေသည့်သတင်းများလည်းထွက်လာနေသည်။ သို့သော် ပြည်သူလူထုသည် တပ်မတော်သားများ၏ မဲပေးခွင့်ဆိုင်ရာရပ်တည်မှုကိုတော့ သံသယမဖြစ်ကြပါ။

စစ်တပ်ထဲမှာ လက်အောက်ငယ်သားများကို အထက်မှအရာရှိတွေက ခေါ်တွေ့ပြီး ထောက်ခံမဲထည့်ရန် ချော့တခါ၊ ခြောက်တလှည့်တွေ လုပ်နေသံတွေကြားနေရသည်။ နောက်ဆုံးတော့ သူများလုပ်သလိုပဲ လုပ်မှာပဲဆိုသည့် တပ်သားတို့၏ဆန္ဒအမှန်ရဲ့ပွဲတင်သံတွေလည်း ပါလာသည်။ ''သံဃာ့အား၊ ဘုရားမလွန်သာ''ဆိုသည့် စကားပုံအတိုင်း တပ်မတော်သားများသည်လည်း ''နိုး'' ''နိုး'' ''နိုး'' ဟု တသံတည်းထွက်နေသည့် တိုင်းရင်းသားညီအကိုမောင်နှမများ၏ဆန္ဒသည် ပြည်သူ့တပ်မတော်သားများ၏ရင်ကို မရိုက်ခတ်ဘူးဟု၍ မည်သူငြင်းနိုင်မည်နည်း။

''တကယ့်အမှန်တရားကို စာအုပ်တွေမှာ သွားမရှာပါနဲ့တဲ့။ အမှန်တရားရှာဖို့ တရားဥပဒေစာအုပ်ကို လှန်မနေနဲ့တဲ့။ လူတွေရဲ့ခေါင်းလှည့်ရာကို လိုက်မကြည့်နဲ့။ ကုန်ထုတ်လုပ်မှုကို သွားကြည့်ပါတဲ့။ အဲဒီတိုင်းပြည် ဘာထုတ်သလဲ။ ဘယ်ဥပဒေစာအုပ်လှန်ကြည့်ကြည့် အမှန်တရားကိုမတွေ့နိုင်ဘူး။ ဘယ်သူ ဘာညာထားတာကိုတော့ တွေ့နိုင်လိမ့်မယ်။ သွားရှာ စက်ရုံထဲမှာ။ သွားရှာ လယ်ကွင်းထဲမှာ အမှန်တရားကို တွေ့လိမ့်မယ်။ လယ်လုပ်နေတဲ့သူ ဘာအဝတ်ဝတ်ထားသလဲ။ ဘာစားနေရသလဲ။ အဲဒါအမှန်တရားဖြစ်တယ်တဲ့။ အခုဖွဲ့စည်းပုံမှာ (၂) ခုပဲပါတယ်။ နိုင်ငံတော်သည် စီးပွားရေးလုပ်လို့ရတယ်။ အာဏာပိုင်အဖွဲ့အစည်းတွေ စီးပွားရေးလုပ်လို့ရတယ်။ ကျန်တဲ့သူတွေ စီးပွားရေးလုပ်လို့မရဘူး။ ကျန်တဲ့နိုင်ငံသားတွေလုပ်လို့မရဘူး။ ထွက်လာကတည်းက စီးပွားရေးကို ဦးပိုင်နဲ့ထွက်တယ်။ ဦးပိုင် ဘယ်သူ့စီးပွားလဲ။ ဗိုလ်ချုပ်တို့စီးပွား။ ဗိုလ်မှူးစီးပွား၊ တပ်သားတွေစီးပွားမဟုတ်ဘူး''ဟု ဦးမျိုးက ပြောသည်။

(၈၈) တုန်းက အလွန်ခေတ်စားခဲ့သော ''ခေတ်သစ်ကမ္ဘာမကြေ'' သီချင်းမှ စာသားတို့ကို ကြားဖူးသူများမှတ်မိနေဆဲဖြစ်လိမ့်မည်။

တို့အားလုံးသွေးချင်းသားရင်းတွေ စစ်အစိုးရက တို့ကို အိမ်ကြက်ချင်းပြန်တိုက်လို့နေ အိုးမည်းသုတ်ပြီးခွပ်ခိုင်းလိုက်ရင် တပြောင်းပြောင်းနဲ့ထခွပ်ကြတဲ့ စစ်တပ်ထဲက ညီတော်အကိုတော်တို့ရေ့ ပြည်သူတွေဘက်လည်း ငဲ့ကြည့်ပါဦး။

(၈) လေးလုံးအရေးအခင်းမှာ ပြည်သူ့တပ်မတော်သားတွေ၏လက်ချက်ဖြင့် သောက်သောက်လဲအောင်သေခဲ့ကြရသော ပြည်သူ့အလောင်းတွေကိုကြည့်ရင်း တေးရေးဆရာက ရင်ကွဲပက်လက်ရေးစပ်ခဲ့သော အမျိုးသားရေးသီချင်းဖြစ်ပါသည်။

အမိန့်မှန်သမျှနာခံရမည်ဟု ပုံစံခွက်ထဲလောင်းထည့်ခံထားရသည့် အသိတရားများကြောင့်သာ သည်လိုအဖြစ်ဆိုးမျိုးကို လွန်ကျူးခဲ့ကြသည့်တိုင် တကယ်တမ်း ရွေးကောက်ပွဲကျင်းပသောအခါ စစ်တပ်နယ်မြေများသည်ပင် အဲန်အယ်လ်ဒီကိုသာ မဲပေးခဲ့ကြသည်။ တပ်မတော်သားများ၏ မဲတွေ ပြည်သူ့အတွက် အားဖြည့်ပါဝင်လာကြောင်းသိလိုက်ရသော ပြည်သူများသည် ပေတရာပေါ်စီးသည့်သွေးတွေ ခြောက်မသွားသေးသည့်အချိန်မှာပင် တပ်မတော်သားများကို ကျေးဇူးတင်နေခဲ့ကြဖူးပါသည်။

အခုလည်းပဲ စစ်အုပ်စုက နည်းမျိုးစုံနှင့် မဲလိမ်ရန်၊ ခြိမ်းခြောက်မှုမျိုးစုံနှင့် ထောက်ခံမဲတွေလုံလောက်စေရန် တဖက်သတ်အားထုတ်နေချိန်တွင် လက်နက်ကိုင်အဖွဲ့၏ တသွေးတသံအမိန့်နှင့် အမိန့်နာခံရမှုတွင်သာ ခေါက်ရိုးကျိုးနေသော တပ်မတော်သားများ၏ဘဝများကို စစ်အာဏာရှင်များက အပိုင်တွက်ထားကြသည်။ တပ်မတော်သား မိသားစုမှန်သမျှ၏မဲ သူတို့မဲဟု မျှော်လင့်နေကြသည်။

ပြည်သူလူထုကလည်း (၆၀) ခုနှစ်ရွေးကောက်ပွဲအတွေ့အကြုံအရလည်းကောင်း၊ (၉၀) ရွေးကောက်ပွဲအတွေ့အကြုံအရလည်းကောင်း တပ်မတော်သားများသည် ပြည်သူနှင့်အတူ ပြည်သူမည်းလျှင်လိုက်၍ ''မည်း'' ကြလိမ့်မည်ကိုယုံကြည်ထားပြီးဖြစ်ပါသည်။

ခွာညို

ဧပြီလ (၁၅)၊ ၂၀၀၈ ခုနှစ်။

❖

# ဂဂမျိုးဆက်ကျောင်းသားများနှင့်ဒီချုပ်လူငယ်များပူးပေါင်း၍ စစ်အုပ်စု၏အခြေခံဥပဒေမူကြမ်းဆန့်ကျင်ရေးလှုပ်ရှားမှုများစတင်

မြန်မာ့ဒီမိုကရေစီရေး ဦးဆောင်လှုပ်ရှားနေသူများအား အစိုးရက အတင်းအကျပ်ဖမ်းဆီးထောင်ချထားချိန်တွင် ၎င်းတို့၏မိန့်ခွန်းများ၊ လက်ကမ်းစာစောင်များကိုလည်း တရားမဝင်ကြောင်း သတ်မှတ်ခြင်းခံကြရသည့်အပြင် ပုံနှိပ်ထုတ်ဝေခြင်းကိုလည်း ပိတ်ပင်ထားသည်။

သို့သော် မြန်မာ့အရေးလှုပ်ရှားနေသူများက ထိုသို့တရားမျှတမှုကင်းမဲ့သော တားမြစ်ပိတ်ပင်ခြင်းကိုဖီဆန်လျက် စစ်အုပ်စုက မေလတွင်ကျင်းပ၍ အတည်ပြုတော့မည်ဖြစ်သော ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသည့် အခြေခံဥပဒေမူကြမ်းအားဆန့်ကျင်ကန့်ကွက်ရန် ပြည်သူအား စည်းရုံးလှုပ်ရှားမှုများကို အစိုးရ၏တင်းကျပ်သောစောင့်ကြည့်မှုများကြားမှပင် လျှပ်တပြက်အစီအစဉ်များဖြင့် စတင်လျက်ရှိနေသည်။

လွန်ခဲ့သောနှစ်က စစ်အုပ်စုအား အလွန်အမင်းတုန်လှုပ်စေခဲ့သော လမ်းလျှောက်ချီတက်ဆန္ဒပြပွဲတရပ်ကို ဦးဆောင်ကျင်းပနိုင်ခဲ့သော (ဂဂ) မျိုးဆက်ကျောင်းသားများအဖွဲ့က လက်ကမ်းစာစောင်များနှင့်တီရှပ်များကို တိတ်တဆိတ်ဖြန့်ဝေခြင်း၊ အင်တာနက်ဆိုင်များမှတဆင့် အီးမေးလ်များကို လျှို့ဝှက်ဖြန့်ဝေပေးပို့ခြင်းလုပ်ငန်းများကိုဆောင်ရွက်နေကြောင်း ပြောသည်။

မိန့်ခွန်းများ၊ နိုင်ငံရေးဟောပြောချက်များအား ပိတ်ပင်တားမြစ်ထားခံရသည့်အတွက် (ဂဂ) မျိုးဆက်ကျောင်းသားများအဖွဲ့က စီဒီခွေများဖြင့် ကူးယူကာ အမည်ဖော်ပြထားခြင်းမရှိဘဲ ဖြန့်ဝေမှုများကိုမြန်မာနိုင်ငံ၏ အချက်အခြာမြို့ကြီးဖြစ်သော မြို့တော်ရန်ကုန်တွင် ဖြန့်ဝေလျက်ရှိသည်။

“ဒီလိုနည်းနဲ့ပဲ ကျနော်တို့လုပ်သင့်လုပ်ထိုက်တာကိုတော့ အန္တရာယ်ကို တတ်နိုင်သမျှရှောင်တိမ်းရင်း လုပ်ရတာပဲ”ဟု ကိုထွန်းမြင့်အောင်ကပြောသည်။ (ဂဂ) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ကိုမင်းကိုနိုင်အပါအဝင် ခေါင်းဆောင်ပေါင်း (၂၀) ကျော်ဖမ်းဆီးခံနေရပြီး အချို့လည်း စစ်အုပ်စုကလိုက်လံဖမ်းဆီးနေသောကြောင့် ပုန်းအောင်းနေရစဉ် ကိုထွန်းမြင့်အောင်က အဖွဲ့၏တာဝန်များကို လက်လွှဲထမ်းဆောင်နေခြင်းဖြစ်သည်။

“ကျနော်တို့က ကျနော်တို့ပြည်သူတွေကို မဲရုံတွေဆီ သွားဖြစ်အောင်သွားပြီး ကန့်ကွက်မဲပေးကြဖို့ကို တိုက်တွန်းအားပေးနေပါတယ်။ စစ်အာဏာပိုင်တွေမှာ ကန့်ကွက်မဲထည့်သူကို ဖမ်းဆီးဖို့ အခွင့်အရေးမရှိပါဘူး။ နှိုင်းဆမရတဲ့ ပြည်သူ့ခွန်အားကို ထုတ်ပြချိန်ရောက်ပါပြီဆိုတာကို ကျနော်တို့ တိုက်တွန်းအားပေးနေပါတယ်”ဟု သူလျှို့ဝှက်ပုန်းအောင်းနေရာမှနေ၍ ဘန်ကောက်အေအက်ဖ်ပီသတင်းစာနှင့် ဖုန်းအင်တာဗျူးတခုတွင် ဖြေကြားသွားခဲ့သည်။

“ဒီလိုနည်းနဲ့ပဲ ကျနော်တို့ဟာ စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပယ်ဖျက်ပါမယ်။ ကျနော်တို့ စစ်အုပ်စုကချထားတဲ့ မတရားတဲ့စည်းမျဉ်းဥပဒေမှန်သမျှကို တိုက်ဖျက်သွားမှာဖြစ်တယ်” ဟုပြောသည်။

(ဂ) လေးလုံးအရေးအခင်းကာလကို စစ်အုပ်စုက ကျောင်းသားထုနှင့် ဆန္ဒပြသူပြည်သူများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ပြလိုက်ခြင်းဖြင့် လက်တုန့်ပြန်ချေမှုန်းပစ်ခဲ့သည်။ (၅) ရက်အတွင်း အနည်းဆုံးလူပေါင်း (၃,၀၀၀) ကျော်သေဆုံးခဲ့ရပြီး (၁၀,၀၀၀) ထက်မနည်းသော ကျောင်းသားများ မှာနယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ကိုထွန်းမြင့်အောင်သည် ၁၉ဂဂ ခုနှစ်၊ ဩဂုတ်လအရေးအခင်းတွင် အခြားသော ကျောင်းသားခေါင်းဆောင်များကဲ့သို့ပင် ဒီမိုကရေစီရေးလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့ပြီးနောက် ဖမ်းဆီးခံခဲ့ရကာ ဆယ်နှစ်ကျော်ထောင်သွင်း အကျဉ်းကျခံခဲ့ရပြီး လွန်ခဲ့သော (၃) နှစ်ကမှ ပြန်လည်လွတ်မြောက်လာခဲ့သူဖြစ်သည်။ ပြန်လည်လွတ်မြောက်လာသည်နှင့် သူသည် ဒီမိုကရေစီရေးလှုပ်ရှားမှုများတွင် ပြန်လည်ပါဝင်လှုပ်ရှားခဲ့သည်။

ပြန်လည်လွတ်မြောက်လာသော ကျောင်းသားခေါင်းဆောင်များသည် ယခုအခါ အသက် (၄၀) နှစ်ဝန်းကျင်များဖြစ်နေကြပြီဖြစ်ပြီး ၎င်းတို့အချင်းချင်း ပြန်လည်အင်အားစုစည်းခဲ့သည်။ လွန်ခဲ့သောနှစ် ဩဂုတ်လအတွင်းက လောင်စာဆီဈေးနှုန်းရုတ်တရက်မြင့်တက်လာမှုကြောင့် အုံကြွဖြစ်ပေါ်လာခဲ့သော လူထု၏မကျေနပ်မှုတို့အားစုစည်းကာ စစ်အုပ်စုအား ဆန့်ကျင်မှုအသစ်တရပ်ကို (ဂဂ) မျိုးဆက်ကျောင်းသားများက ပြန်လည်စတင်ဖော်ဆောင်လိုက်ကြသည်။

စစ်အုပ်စုက မင်းကိုနိုင်၊ ကိုကိုကြီးတို့ကဲ့သို့သော ထင်ရှားသည့်ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးထောင်ချလိုက်ခြင်းဖြင့် စစ်အုပ်စုအားဆန့်ကျင်ရေးလှုပ်ရှားမှုကို ရပ်တန့်သွားစေရန်ကြိုးစားခဲ့ကြသည်။

သို့သော် သံဃာတော်များက စက်တင်ဘာလတွင် ရန်ကုန်မြို့ဆန္ဒပြပွဲများတွင် လူထုအင်အားတသိန်း (၁၀၀,၀၀၀) ကျော်ကိုဦးဆောင်၍ ကျောင်းသားခေါင်းဆောင်များ၏ ဦးဆောင်မှုနေရာသို့ အစားတာဝန်ယူခဲ့ကြသည်။

ထိုပွဲတွင်လည်း အနည်းဆုံး လူ (၃၁) ဦးထက်မနည်း သေဆုံးခဲ့ရပြီးနောက် ရာပေါင်းများစွာသောလူများကိုလည်း ဖမ်းဆီးခဲ့ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထားသည်၊

ကိုထွန်းမြင့်အောင်သည် ဩဂုတ်လကတည်းက စစ်အုပ်စုကဖမ်းဆီးရန် လိုက်လံရှာဖွေခြင်းခံနေရသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေရသည်။ “ကျနော် အဖမ်းခံရမှာမကြောက်ပါဘူး။ အဖမ်းခံရတဲ့အတွက် အလုပ်ပျက်မှာကိုပဲကြောက်တာပါ။ ကျနော်အမြဲတမ်းပြေးလွှားပုန်းအောင်းနေရတယ်။ စစ်အုပ်စုလက်ကလွတ်ဖို့ အမြဲနေရာပြောင်းနေရတယ်။ ကျနော်ထောင်ထဲဝင်လိုက်ရရင် အခု ဒီလိုမျိုး တိုင်းပြည်အကျိုးလုပ်မပေးနိုင်တော့ဘူး” ဟု ပြောသည်။ ဆက်လက်၍ လွန်ခဲ့သောနှစ်က ဆန္ဒပြပွဲသည် ပြည်သူက စစ်အုပ်စု၏အုပ်ချုပ်မှုကို အဆုံးသတ်စေလိုသောဆန္ဒအမှန်ကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ကြောင်းပြောသည်။

“တကယ်တော့ ကျနော်တို့မေလမှာ ပြည်သူ့ဆန္ဒခံယူပွဲလုပ်ဖို့ကိုမလိုလောက်အောင် ပြီးခဲ့တဲ့ စက်တင်ဘာအရေးအခင်းမှာ ပြည်သူ့ဆန္ဒအစစ်အမှန်တွေကိုထုတ်ပြခဲ့ပြီးပြီပဲ။ လူထုက စစ်အုပ်ချုပ်ရေးကို မလိုချင်ဘူး။ အဲဒါကို ထင်ထင်ရှားရှားပြခဲ့ပြီးပြီ”ဟု ကိုထွန်းမြင့်အောင်ကပြောသည်။

မြန်မာပြည်သူများသည် ၁၉၉၀ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်) အား တခဲနက်မဲပေးလိုက်ကြပြီးချိန်မှစ၍ မဲပုံးများကို ပြန်မြင်ခွင့်ပျောက်ဆုံးနေခဲ့ရကြရသည်။ ထိုရွေးကောက်ပွဲကာလအတွင်းက လူထုခေါင်းဆောင် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်သည် နေအိမ်အကျယ်ချုပ်ကျခံနေခဲ့ရသည့်နည်းတူ ယခုလည်း ဒေါ်အောင်ဆန်းစုကြည်မှာ ထိမ်းသိမ်းခံနေရပြန်သည်။

ကိုထွန်းမြင့်အောင်က သူတို့၏ (ဂဂ) မျိုးဆက်ကျောင်းသားများအဖွဲ့နှင့်အတူ (ဒီချုပ်) မှ လူ ငယ်များလည်း မေလဆန္ဒခံယူပွဲကန့်ကွက်မဲထည့်ရေးလှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်းပြောသည်။ “တကယ်လို့သူတို့က မလိမ်မတဲ့နည်းနဲ့အနိုင်ယူမယ်ဆိုရင် ကျနော်တို့ကလည်း ကျနော်တို့ပြည်သူတွေ လွတ်မြောက်ရေးအတွက် ဖြစ်တဲ့နည်းနဲ့ ဆက်ပြီးတိုက်ပွဲဝင်နေအုံးမှာပဲ။ စစ်အုပ်စုက အာဏာကို ပြည်သူနဲ့အတူခွဲဝေသုံးစွဲဖို့ ဘယ်တုန်းကမှ စိတ်မကူးထားပါဘူး။ သူတို့ထိုင်ခုံကို ဘယ်တော့မှ သူများပေးထိုင်မှာမဟုတ်ဘူး”ဟု ပြောသည်။

❖

# စစ်အုပ်စုဆန့်ကျင်ရေးလက်ကမ်းစာစောင်များဖြန့်ဝေ



စစ်အုပ်စု၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား မေလတွင်ကျင်းပမည်ဟု ကြေညာချက်ထွက်ပြီးနောက် ပြည်လုံးကျွတ်ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုများ ရန်ကုန်မြို့တွင် နေရာအနှံ့၌ ပျောက်ကျားစနစ်ဖြင့် လှုပ်ရှားလျက်ရှိရာ ယခုအခါ အရှိန်မြှင့်၍လုပ်ဆောင်နေကြပြီဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့ခံလူငယ်တဦး၏ ပြောပြချက်အရ ဧပြီလ (၁) ရက်နေ့က အင်းစိန်လမ်းမတလျှောက်ရှိ ပြည်သူ့လွှတ်တော်အဆောက်အဦးနှင့် ပြည်သူ့ရင်ပြင်အကြားတွင်လည်းကောင်း၊ လှည်းတန်းလမ်းဆုံတွင်လည်းကောင်း စစ်အုပ်စုဆန့်ကျင်ရေးစာစောင်များအား ကျဲဖြန့်ထားကြောင်းသိရသည်။ စာစောင်များကို ဖြန့်ဝေရန်စီစဉ်သူများက ‘လူထုအတွက် အကောင်းဆုံးမြေဩဇာ’ ဟု အမည်ခံလျက် ‘ကန့်ကွက်မဲပေး၊ တို့သွေးကြွေး’ ဟု ထိပ်စည်းခေါင်းစဉ်ရေးသားထားပြီးနောက် စစ်တပ်သည် ကျောင်းသားများနှင့် သံဃာတော်များအားသတ်ခဲ့ကြောင်း၊ ပြည်သူတို့၏သွေးဖြင့် ခြေဆေးခဲ့ကြောင်း၊ ထို့ကြောင့် ပြည်သူများက ကန့်ကွက်မဲပေးကြပါရန် မြေဩဇာအဖွဲ့ကနှိုးဆော်ထားသည်။ ထိုစာစောင်ကိုလက်ခံရရှိသည့် ပြည်သူများကလည်း လက်ဆင့်ကမ်းဖြန့်ဝေမှုများရှိသည်ဟု အာရ်အက်ဖ်အေတွင် ရေးသားထားသည်။

‘နအဖပြုလုပ်မယ့် လူထုဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲဝိုင်းပေးကြ’ ခေါင်းစည်းပါ စာတွင်လည်း တိုင်းပြည်အတွက် အရေးကြီးနေချိန် တွင် ကြောက်စိတ်များ ဖျောက်ထားပြီး ကန့်ကွက်မဲပေးကြရန်ကိုလည်းကောင်း၊ အကောင်းဆုံးကိုမျှော်လင့်ထားသလိုအဆိုးဆုံးကိုလည်းပြင်ဆင်ထားကြရန် တိုက်တွန်းထားသော ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားနှင့်အတူ ကိုယ့်ကိုယ်ကို ဒိုင်းနှင့်ကာပြီး သံဃာနှင့်လူထုကို သေနတ်နှင့်ပစ်၊ တုတ်နှင့်ရိုက်ခြင်းသည် သူရဲကောင်းမဟုတ်ကြောင်း၊ အသေခံ၊ အဖမ်းခံပြီး ဘဝများကိုစွန့်ပြီး စစ်အုပ်စုကို ဆန့်ကျင်တွန်းလှန်နေသူများသာလျှင် သူရဲကောင်းများဖြစ်ကြောင်းလည်း တိုက်တွန်းရေးသားထားသည်။

မြေဩဇာအဖွဲ့သည် သံဃာတော်များဦးဆောင်သော စက်တင်ဘာအရေးအခင်းအတွင်း၌လည်း သံဃာတော်များ၏ နံဘေးမှလုံခြုံရေးတာဝန်ယူကာ ပူးပေါင်းလှုပ်ရှားခဲ့သည်ဟု အာရ်အက်ဖ်အေသတင်းတွင် ဖော်ပြပါရှိသည်။ စက်တင်ဘာနောက်ပိုင်းတွင် စစ်အုပ်စုဆန့်ကျင်ရေးလုပ်ငန်းများကို ဆက်လက်လှုပ်ရှားခဲ့ပြီး ယခုလာမည့်မေလ လူထုဆန္ဒခံယူပွဲကိုလည်း ဆန့်ကျင်ရန် လက်ကမ်းစာစောင်လှုပ်ရှားမှုများနှင့်ပတ်သက်၍ မြေဩဇာအဖွဲ့ဝင်လူငယ်တဦးက ဘာဖြစ်လို့ကန့်ကွက်မဲပေးရသလဲဆိုတာ လူထုနားလည်အောင်၊ လူထုကြားကိုရောက်အောင်၊ စာရွက်စာတမ်းအမျိုးမျိုးကို အကြံအမျိုးမျိုးနဲ့ဖြန့်ဝေနေကြောင်း၊ ယင်းကာလအတွင်းတွင် လှုပ်ရှားမှုလုပ်မည့်အင်အားစုရှိလာပါကလည်း အမြန်ဆုံးဝန်းရံမှုရနိုင်စေရန် လူထုအင်အားကိုစုစည်းပေးမှာဖြစ်ပြီး လူထုပါဝင်လာစေရန်လည်း စည်းရုံးလှုံ့ဆော်ထားကြောင်း ပြောသည်။

ဤသို့ စာစောင်ဖြန့်ဝေခြင်းလှုပ်ရှားမှုကြောင့် အဖမ်းခံရနိုင်ခြင်း၊ အနှိပ်စက်ခံရနိုင်ခြင်းနှင့် အသက်ဆုံးရှုံးမှုပင် ဖြစ်နိုင်ကြောင်းကို ကြိုတင်သိထားပြီးမှ ပါဝင်လှုပ်ရှားခြင်းဖြစ်ကြောင်း အဆိုပါလူငယ်ကပြောသည်။ လူငယ်များသည် စာစောင်များကို ပျောက်ကျားစနစ်သုံး၍ ဖြန့်ဝေနေကြခြင်းဖြစ်သည်။

❖

# စတစ်ကာ၊ ပိုစတာနှင့် စီဒီလှုပ်ရှားမှုများ မြန်မာပြည်အတွင်း ပျံ့နှံ့

စစ်အုပ်စုအားဆန့်ကျင်ရေးနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးရေးလှုပ်ရှားမှုများတွင် စတစ်ကာ၊ ပိုစတာနှင့် စီဒီခွေတ်ပြားဖြန့်ဝေမှုများကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ကျောင်းသားလူငယ်များနှင့် သံဃာတော်များက စတင်လှုပ်ရှားခဲ့ရာ ယခုအခါ မြန်မာနိုင်ငံအနှံ့သို့ ပျံ့နှံ့လျက်ရှိသည်။

ထိုလှုပ်ရှားမှုတွင် ထင်ရှားသောဖြန့်ဝေမှုမှာ သီးလေးသီးနှင့်ဆေးရောင်စုံ အငြိမ့်အဖွဲ့၏ ပြည်ပတွင်ကပြသောဗွီစီဒီခွေနှင့် အိန္ဒိယရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ “ဘုန်းဘုန်းချမှ လုံးလုံးရမယ်” အမည်ရှိ သံချပ်စီဒီတို့ဖြစ်သည်၊ ရန်ကုန်တိုင်း၊ စစ်တပ်နယ်မြေဖြစ်သော မင်္ဂလာဒုံမြို့နယ်ဈေးတွင် မတ်လ (၂၅) ရက်နေ့က အခွေတရာ (၁၀၀) ခန့် ဖြန့်နိုင်ခဲ့ကြောင်း သိရသည်။

စီဒီဖြန့်ဝေသူများနှင့် နီးစပ်သူတဦးက “သံချပ်က အရပ်မပါဘူး။ အသံသက်သက်ပဲပေါ့။ သူတောင်းစားပြဇာတ်ကတော့ ပြည်သူတွေ “ကန့်ကွက်မဲပေးကြပါ”ဆိုတဲ့ စာတန်းပါတယ်။ မင်္ဂလာဒုံစစ်တပ်ဈေးမှာ သွားဖြန့်တာ။ တခြားနယ်တော်တော်များများမှာလည်းပျံ့တယ်။ ရန်ကုန်မှာတော့ စီဒီအချပ်သုံးသောင်းကျော်သွားပြီ။ ရေဝတီတိုင်းဘက်ကဆို ကြည့်ပြီးတဲ့သူတွေက “ခင်ဗျားတို့ ဒီအခွေကြည့်ပြီးပြီလား”ဟု ပြောကြောင်း သိရသည်။

သီးလေးသီး၏ သူတောင်းစားပြဇာတ်သည် ဂျပန်နိုင်ငံတွင် ပထမဆုံးတင်ဆက်ကပြခဲ့သောဇာတ်လမ်းဖြစ်ပြီး မကြာမီကျင်းပမည့် ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲကို သရော်ထားခြင်းဖြစ်သည်။ သူတောင်းစားပြဇာတ်နှင့်သံချပ်စီဒီများသည် မန္တလေး၊ တောင်ကြီး၊ စစ်တွေ၊ တောင်ကုတ်၊ မော်လမြိုင်၊ ပုသိမ်မြို့များနှင့် ချောင်းသာကမ်းခြေဒေသများအထိပျံ့နှံ့နေပြီဖြစ်ပြီး သက်ဆိုင်ရာဒေသများရှိ ဒီမိုကရေစီရေးလှုပ်ရှားသူများက ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။ ❖



**လူထုအားနဲ့စစ်အာဏာရှင်စနစ်ချေမှုန်းပစ်**




**ကျနော်ယုံတာတခုတော့ရှိတယ်။ ဗမာပြည်အနှံ့က အမေ့ကိုချစ်သောပြည်သူတွေ အနာဂါတ်ကို ရဲရဲရင့်ရင့် လျှောက်လှမ်းနေကြရဦးမည်။ သွေးသံရဲရဲနှင့်ထားခဲ့သော ဘ၀တွေထဲမှာ နာကျင်မှုတွေကိုသာ ကျနော်တို့ သစ္စာရှိရှိ ဆက်ချစ်နေကြရဦးမည်။ "ငါ့သားတို့ ကျန်းမာအောင်နေကြနော်" တဲ့ ...။**

**... နွေဦးဝင်လာပုံက ဒီနှစ်မှာဖရိုဖရဲဆန်လွန်းလှသည် ။**

*(ပင့်ကူမျှင်တွေ တွယ်ညိနေတဲ့ဟောင်းလောင်းအိမ် ....*

*လိပ်ပြာသေနဲ့ခင်းထားတဲ့ကြမ်းပြင်*

*ပြတင်းမှန်လည်း မိုးရေစီးကြောင်းအတိုင်း အက်ကွဲလို့*

*မျက်တောင်ကိုတိုက်စားဖို့အဝေးက သဲမှုန့်တွေ လွင့်ပြန့်လာလိုက်တာ ....)*

*ဝေးခေါင်ရဲ့ကဗျာမှ*

ဒီခါနွေဦးက ဖရိုဖရဲဆန်လွန်းလှသည်။ ကျနော်တို့ကြားမှာရောက်လာသော ညနေခင်းလေပြည်ကိုခံစားရတာ အေးစက်မှုန်ရီမှုတွေထဲ တဖြည်းဖြည်းကျွံဝင်နေတဲ့ ငှက်တစ်ကောင် အိမ်ကိုတိတ်တဆိတ်ခိုးပြန်နေသည့် အဖြစ်မျိုး လောင်မီးကျနေသည့်ကျနော့်မြို့လေးတဲ့လေ ....။

ပြည်မကြီးကတရုတ်တွေ ငွေတွေကို ဆာလာအိပ်နဲ့ထည့်ပြီး မီးညွန့်ကျိုးနေတဲ့ နောက်တနေ့မှာ ပွဲစားနဲ့ဈေးလာညှိကြပြီး မြေကွက်တွေကို စရံသတ်ဖို့ကြိုးစားကြသည်။ မြရည်နန္ဒာကွက်သစ်၊ ထွန်းဒိုး၊ သိုးခြံဘူတာစသောမြို့သစ်လေးဆီက အလုပ်လာလုပ်ကြသည့်ကောင်မလေးတွေမှာ တချို့ကစက်ဘီးမရှိ ကားဟွန်းတီးသံတွေ၊ "ဟေး ....လိုက်ခဲ့လေ ဘ၀တွေခဏမောပြေသွားမယ်" ဆိုသောအသံတွေ အစိမ်းရောင်နယ်မြေမှ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တွေက မြို့သစ်မှာတာဝန်ကျတဲ့ ထောက်လှမ်းရေးတွေ (အခုတော့ စအဖ) နှင့် တခါတခါ သောက်စားမူးယစ်၊ ပြီးတော့ဒင်နာ (Diner) အတွက် လူသားရှာပေးစမ်းပါဆိုပြီး ဗမာစကားကို မပီမသနှင့် "မိန်းမ" ရှာခိုင်းနေသံကိုကြားရမည်။ အာဏာပိုင်တွေ သူတို့ရဲ့ပါဝါကိုသုံးပြီး ကောင်မလေးတွေကို "သွား ....သူတို့နဲ့လိုက်သွား"ဆိုပြီး အတင်းထည့်ပေးမည်။

ဝရုန်းသုန်းကားဖြစ်နေသည့် ကားတွေပေါ်မှာ ကောင်မလေးတွေ ကြောက်ကြောက်လန့်လန့်နှင့် မျက်ရည်စို့ပါသွားတက်ကြသည်။

ကျနော်တို့လူငယ်တွေ မြို့သစ်ကို တိတ်တခိုးပြန်ခဲ့တဲ့နေ့ရက်တွေ ရင်ကွဲခဲ့ရဘူးသည်။

မျက်ရည်နဲ့ခင်းထားခဲ့ရတဲ့ လမ်းမတွေတဲ့လေ။

နာကျင်မှုတွေနဲ့ ဟင်းလင်းပွင့်နေတဲ့ မန္တလေးမှာ ရင်ဖွင့်စရာတနေရာတော့ရှိတယ်။

(၈၄) လမ်းနဲ့ (၃၃) လမ်းဒေါင့်က လူထုစာပေတိုက် ....

"အဲဒီအိမ်ရှေ့ရောက်သွားရင် ကရင်မလင်နန်းတော်ရှေ့ရောက်သွားရသလိုပဲ၊ လုံခြုံသွားသလိုခံစားရတယ်"တဲ့ ကျနော့်မိတ်တွေတချို့က မူးယစ်ရီဝေနေကြပြီဆိုရင် ဖတ်ဘူးခဲ့သည့် လက်ဝဲစကားလုံးတွေ အတောင့်လိုက် အန်ချတက်သည်။ ကျနော်က "တော်သေးတာပေါ့ ကေဂျီဘီ (ဆိုဗီယက်ထောက်လှမ်းရေး) ကိုသတိရပြီး ကျောစိမ့်တဲ့အဖြစ်မျိုးမခံစားမိတာ ကျေးဇူးတင်တယ်"လို့ ပြန်နောက်ခဲ့ဘူးတယ်။

တကယ်တော့ ကျနော်က ဆိုဗီယက်နယ်ချဲ့တွေ၊ ကရင်မလင်တွေ တရုတ်ပြည်ပေါ်ကကြယ်နီတွေနဲ့ နှိုင်းပြောနေတာကို မကြိုက်။

မန္တလေးရဲ့ အမျိုးသားရေးတပ်ဦးခံ "လူထုစာပေ"တိုက်နှင့် ကျနော်တို့လှုပ်ရှားမှုကို ဘယ်သူ့လက်အောက်မှ မသွတ်သွင်းချင် ကျနော်တို့အမျိုးသားရေး၊ ယဉ်ကျေးမှုစရိုက်ဟန်ပန်နှင့် ဆက်လက်ရှင်သန်နေရတာကို ကြိုက်သည်။ လူထုတိုက်က အဖိနှိပ်ခံပြည်သူတွေရှေ့က ရပ်တည်ပြီးအရာအားလုံးကို တည်တည်ငြိမ်ငြိမ်နှင့်ရင်ဆိုင်ခဲ့ရသည်။ တရုတ်တွေကို ငွေအဆမတန်ပေးဝယ်ခိုင်းပြီး အိမ်ကိုမြို့လယ်ခေါင်က ရှင်းပစ်ချင်သည့် ဖြစ်ရပ်မျိုးတွေလည်း ကြုံခဲ့ရသည်။

သို့သော် ငွေထက်အရေးကြီးသည့် ဂုဏ်သိက္ခာတွေ၊ လူမျိုးရေးတွေ အနာဂါတ်တွေကို "အမေမာ"က ကြံ့ကြံ့ခံထိန်းထားခဲ့သည်။ တချို့က ကျနော်တို့မန္တလေးရဲ့ဖြစ်ပျက်မှုကို နားမလည်တော့ ကောက်ချက်ချတက်သည်။ "မန္တလေးသားတွေက အစွဲကြီးတယ်" တဲ့၊ ကျနော်ကပြန်မငြင်းနေချင်၊ "ကျနော်တို့ရင်ဆိုင်နေရတဲ့ လူမျိုးရေးပြဿနာတွေ၊ ပထဝီအနေအထားတွေ"က ကျနော်တို့မြို့ကို ချစ်တက်အောင် မသိစိတ်ကသင်ပေးနေသည်ဆိုတာကို ပြန်မရှင်းပြခဲ့။ (*နာဇီလက်သစ်တွေဆိုတာက အကြောင်းမဲ့ပေါ်ပေါက်လာတာမဟုတ်*) ခုတော့ ကျနော်တို့မြို့လည်း ပီကင်းရဲ့နယ်မြေတခုလိုဖြစ်သွားပြီ။ ယန်အန်းစာပေဆွေးနွေးပွဲတွေဆီ စီးပွားရေးနဲ့ကျူးကျော်မှုနယ်ချဲ့လက်သစ်အတွေးအခေါ်တွေ ဝင်ရောက်လာခဲ့ပြီ။

တကမ္ဘာလုံးရှိအလုပ်သမားတွေ ညီညွတ်ကြလော့ဟူသော စိတ်ကူးယဉ်ချက်တွေကိုလည်း မေ့လျော့သွားကြသလို "သူများပြည်တွင်းရေး ဝင်မစွက်ဖက်ရေး"ဆိုသောကြွေးကြော်သံတွေအောက်မှာ လက်နက်တွေပြောင်ပြောင်တင်းတင်းကြီး ရောင်းချနေခဲ့ကြပြီ။ (*ကျနော်နှင့်ဦးအောင်ကျော်ဇောကခံ စားချက်ချင်းတူသည်*)

ကျနော့်ကို ဒီည ဂျိုဟန်နက်စဘတ်က ကောင်လေးတယောက်ရဲ့ တောင်အာဖရိက ကပုံပြင်ကိုပြောပြစမ်းပါ။ ငွေနဲ့လက်နက်တွေအကြောင်းပြောပြစမ်းပါ။ ကျနော် ရိုဒေးရှားကိုသွားမယ်။ မလင်းပြာလို ကျနော့်ကို တားမယ့်လူမရှိပေမယ့် မတရားလုပ်သူတွေကို စစ်တိုက်ဖို့ကျနော်ထွက်ခဲ့တယ်။ အဖိနှိပ်ခံတွေဘက်ကရေးတဲ့စာပေတွေကို ဖတ်ချင်တယ်။ နော်မန်ဘက်သွန်းလို ဆရာဝန်တယောက်ဖြစ်ချင်ခဲ့တယ်။ တိုက်သုံးလုံးကနှလုံးသားတွေဆီ ကျနော်ရင်ချင်းအပ်ခဲ့တယ်။

ကျနော် အဲဒီလို လူလားမြောက်ခဲ့ဖူးတာပေါ့။ အော် ....ပြောရဦးမယ် အမေရယ်။ ခုကျနော် ငွေနဲ့လက်နက်ကို ထင်သလိုကြဲခဲ့တဲ့ စစ်အေးကာလ ယန်ကီးတွေလိုပဲ တရုတ်ကွန်မြူနစ်တွေက ဗမာပြည်ကိုအဲသလိုလုပ်နေတော့တယ်။ တကယ်တမ်းကျတောင်လေးလုံး၊ မယ်ဆယ်တန်းအကျဉ်းစခန်းနဲ့ ဝပ်ကျင်းတွေဆီမှာ၊ ပုန်းခိုနေရသူတွေ ကျနော်တို့ရဲဘော်တွေကလွဲလို့ ဘယ်သူ့ကိုမှ ယုံစရာမရှိတော့ပါဘူး။

ခေတ်က အသည်းနှလုံးအစစ်နဲ့လူဖြစ်ဖို့ ကျနော်တို့ကိုသတိပေးခဲ့တယ်။

စကားမစပ်ပေါ့အမေ ....

လူထုချစ်တဲ့အနုပညာသည်တွေထဲမှာ ရွှေမန်းတင်မောင်နဲ့ ဆရာတင်မိုးက ကံအကောင်းဆုံးပဲ၊ ရွှေမန်းတင်မောင်က သူ့ကိုချစ်တဲ့ပရိသတ်တွေကို ကပြဖြော်ဖြေရင်း ဇာတ်စင်ပေါ်မှာဆုံးသွားခဲ့တယ်။ ဆရာတင်မိုးကတော့ သူကြိုက်တဲ့လက်ဘက်ရည်ဆိုင်မှာထိုင်ရင်း၊ သူချစ်တဲ့ကဗျာတွေကိုရေးရင်း၊ သူချစ်တဲ့သူတွေနဲ့ နေ့ရက်တွေကို ဖြတ်သန်းရင်း နှုတ်ဆက်သွားကြတယ်။

ကျနော်တို့မှာတော့ သွေးသံရဲရဲကျန်နေရစ်ခဲ့၊ ခုတော့ သွေးသံရဲရဲကျန်ခဲ့တဲ့နေ့ရက်တွေ နောက်ထပ်မလိုချင်တော့ပါဘူးလို့ ပြောနေတုန်းမှာပဲ၊ အံ့ဩသင့်စိတ်နဲ့ကျနော် ခံစားခဲ့ဖူးတာပေါ့။ ဦးပိန်တံတားနားက တတိယမြောက် မယ်ဆယ်တန်းအောက်မှာ

"ဒါ စိုးဝင်းငယ်ငယ်က ခုန်ကစားသွားခဲ့တဲ့နေရာလေးလေတဲ့။ ငါ့လို သားတယောက်ဆုံးရှုံးခဲ့ရတဲ့မိခင်တယောက်ကတောင်မှ ဘာမှမပြောခဲ့တာ၊ သူများပါတီအတွင်းရေးကိစ္စတွေကို ဘာမှဝေဖန်မနေကြပါနဲ့"တဲ့။ အဲဒီတုန်းက"ညီပုလေး"က ထောင်ထဲမှာ ရဲဘော်ဖိုးသံချောင်းက တောထဲကပါတီမှာ။ ဒါပေမယ့် အမေမာက တိုင်းပြည်မျက်နှာနဲ့အနာဂါတ်ကိုပဲ တွေးခဲ့ပါတယ်။ ပုဂ္ဂိုလ်တဦးချင်းခံစားချက်ကို တတ်နိုင်သမျှဖျောက်ဖျက်ပစ်ခဲ့တယ်။ ရန်သူကို မုန်းတီးစိတ်နဲ့မကြည့်ခဲ့လို့ပဲ၊ ဗိုလ်နေဝင်းက ပုဂံလျှောင်လှုပ်လို့ ပျက်ဆီးနေတဲ့ဘုရားတွေကို ပြုပြင်ဖို့အတွက် တက္ကသိုလ်ကျောင်းသားတွေကို ဟောပြောပေးဖို့အကူအညီတောင်းတဲ့အခါမှာ မဆိုင်းမတွကူညီခဲ့သလို ဗိုလ်ချုပ်စောမောင်၊ ဗိုလ်ခင်ညွန့်တို့ကလာတဲ့အခါလည်း ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံခဲ့ပါတယ်။ (*နိုင်ငံရေးအရ သူတို့ဟာ စာပေကိုဘယ်လိုမြတ်နိုးကြောင်း အသုံးချခဲ့တာဖြစ်နိုင်ပေမယ့် အမုန်းနဲ့မတုန့်ပြန်ဘဲ သဘောထားကြီးစွာ ဆက်ဆံခဲ့ပုံရပါတယ်။*)

ခုတော့ နှလုံးသားအစစ်နဲ့ ယဉ်ယဉ်ကျေးကျေးနဲ့ဆက်ဆံခဲ့တာတောင် ဒီဗိုလ်ချုပ်ဆိုတဲ့အရိုင်းအစိုင်းတွေကလည်း ဘယ်လိုမှယဉ်ကျေးမလာခဲ့ပါလားအမေရယ် ....။

"အမေတို့က ပြည်သူလူထုကြီးအောင်ပွဲခံတာကိုမြင်ချင်လို့ ကျန်းမာအောင်နေနေရတယ်သားရေ။ ငါ့သားတို့လည်း ကျန်းမာအောင်နေကြနော်တဲ့"

ခုတော့ လူအဖွဲ့အစည်းကို မျှော်လင့်ချက်ကြီးကြီးထားခဲ့တဲ့သူတွေကိုမှ သေခြင်းတရားကမိတ်ဖွဲ့တာစောလွန်းတယ်။ ကျနော့်ကိုမန္တလေးက စာပေမိတ်ဆွေတချို့က သတင်းဖလှယ်ပြီး မေးကြတယ်။

"အေးဗျာ .... လူထုကိုချစ်တဲ့သူတွေ၊ ပြည်သူအတွက် အမြဲစဉ်းစားနေတဲ့သူတွေကို ကျ သေမင်းကခေါ်တာစောလွန်းတယ်။ ဟိုသူတောင်းစား တင်မောင်သန်းတို့၊ မြန်မာ့အရေးလေ့လာသူများတို့ကျ သေမင်းကမေ့နေပြီလားမသိဘူး"တဲ့ သူတို့ခံစားမှုကို ကျနော်က နားလည်သည်။ သူတို့တွေမှာ အသံလှိုင်းတွေကတဆင့် အားရတာတွေ၊ စိတ်ပျက်ရတာတွေ၊ ဒေါသထွက်နေရတာတွေကိုခံစားနေသည်။ ကျနော်က သေမင်းကမေ့နေသည် ဟုမထင် ဘုရားသခင်က ပြည်သူတွေရဲ့ဆဲရေးကျိန်စာကို သူတို့အတွက်လုံလောက်စွာရပြီဆိုမှ အပါယ်ငရဲမှာခံစားဖို့လုံလောက်တဲ့အချိန်ကို စီမံပေးထားတာနေမှာပါလို့ ပြောနေမိသည်။

သို့သော် သူတို့အကြောင်းစဉ်းစားရင် အာရုံနောက်နေသည်ကအမှန်။

ကျနော့်စိတ်ကူးထဲ (၈၄) လမ်းမတလျှောက် ဒေါင်းအလံတွေလိုက်စိုက်နေမိသည်။ ကျနော်ချစ်ခဲ့သောမန္တလေးခရိုင် ကျောင်းသားခေါင်းဆောင် မိုးကျော်လေး၊ မင်းထက်ညို နှင့်ကျော်ထိုက်တို့က သူတို့ဝှက်ယူလာကြသည့် အနက်ရောင်ခွပ်ဒေါင်းအလံလေးကို တိုင်တဝက်ထိ လွှင့်ထူလိုက်ကြသည်။ "ကျောင်းသားရှိရင် ဗကသရှိရမယ်၊ မတရားမှုရှိရင် တိုက်ပွဲတွေရှိမယ်"တဲ့။

ကျနော်ယုံတာတခုတော့ရှိတယ်။ ဗမာပြည်အနှံ့က အမေ့ကိုချစ်သောပြည်သူတွေ အနာဂါတ်ကို ရဲရဲရင့်ရင့် လျှောက်လှမ်းနေကြရဦးမည်။ သွေးသံရဲရဲနှင့်ထားခဲ့သောဘ၀တွေထဲမှာ နာကျင်မှုတွေကိုသာ ကျနော်တို့ သစ္စာရှိရှိ ဆက်ချစ်နေကြရဦးမည်။ "ငါ့သားတို့ ကျန်းမာအောင်နေကြနော်" တဲ့ ....။

နွေဦးဝင်လာပုံက ဒီနှစ်မှာဖရိုဖရဲဆန်လွန်းလှသည်။

အောင်မိုးဝင်း ❖

# ပြည်သူထံအာဏာလွှဲပြောင်းပေးမည်ဟုပြောလာသော နအဖစစ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ



ပြည်သူထံအာဏာလွှဲပေးမည်ဟုပြောဆိုခဲ့သည့်နအဖစစ်ဗိုလ်ချုပ်ကြီး သန်းရွှေ

မေလတွင် လူထုဆန္ဒခံယူပွဲကျင်းပ၍ ၂၀၁၀ တွင် ရွေးကောက်ပွဲအသစ်ပြီးပါက ပြည်သူ့ထံအာဏာအပ်နှင်းမည်ဖြစ်ကြောင်း (၆၃) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားမိန့်ခွန်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ထည့်သွင်းပြောကြားခဲ့သည်။

စစ်သား၊ ရဲနှင့်မီးသတ် စုစုပေါင်း (၁၃,၀၀၀) ကျော်တက်ရောက်သည့် တပ်မတော်နေ့အခမ်းအနားကို နေပြည်တော်တွင်ကျင်းပခဲ့ပြီး အသက် (၇၅) နှစ်ရှိပြီဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဤသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

တပ်မတော်နေ့အခမ်းအနားသို့ ယခင်က ပြည်တွင်းနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များသာမက ပြည်ပမှ နိုင်ငံခြားသားသတင်းထောက်များကိုပါ ဖိတ်ကြားလေ့ရှိသော်လည်း ယခုနှစ်တွင်မူ စက်တင်ဘာအရေးခင်းကြောင့် လုံခြုံရေးအကြောင်းပြချက်ဖြင့် နိုင်ငံခြားသားသတင်းထောက်များကို ဖိတ်ကြားခြင်းမရှိကြောင်းလည်း သိရသည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာအီဗရာဟင်ဂမ်ဘာရီက မြန်မာစစ်အစိုးရအနေဖြင့် အင်ဒိုနီးရှားအစိုးရကို စံနမူနာယူ၍ စစ်အစိုးရအုပ်ချုပ်ရေးမှ အရပ်သားအစိုးရအုပ်ချုပ်သည့်ပုံစံ ပြောင်းလဲအုပ်ချုပ်သွားရန် ကြိုးစားနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု စင်ကာပူစထရိတ်တိုင်းမ်းစ်သတင်းစာတွင် ဖော်ပြထားသည်။

စစ်အာဏာရှင်ဆူဟာတိုသည် ၁၉၆၆ ခုနှစ်မှစ၍ အင်ဒိုနီးရှားနိုင်ငံကိုချုပ်ကိုင်ထားခဲ့ပြီး အရပ်သားအစိုးရပုံစံပြောင်းလဲပြီးသည့်နောက်၌လည်း တိုင်းပြည်၏အဓိကကျသည့် အုပ်ချုပ်ရေးတာဝန်ကို အာဏာရှင်ဆူဟာတိုကသာ အရပ်သားတဦးအနေနှင့် ဆက်လက်ချုပ်ကိုင်ထားခဲ့သည်။

ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့အရေးလေ့လာသူ ဦးဌေးအောင်မှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မိန့်ခွန်းသည် စစ်အစိုးရမှ ဖေဖော်ဝါရီလက ထုတ်ပြန်ထားသောကြေညာချက်အတိုင်း ဆန္ဒခံယူပွဲနှင့်ရွေးကောက်ပွဲ အမှန်တကယ်ကျင်းပမည်ဟု သက်သေထူလိုက်ခြင်းဖြစ်ကြောင်း ပြောသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၎င်းဆုပ်ကိုင်ထားသည့်အာဏာကို အရပ်သားဦးသန်းရွှေထံသို့ လွှဲပြောင်းပေးခြင်းမျိုးသာဖြစ်လိမ့်မည်ဟု ပြည်တွင်းပြည်ပရှိ ဝေဖန်သူများက သုံးသပ်ကြသည်။ ❖

# အခြေခံဥပဒေသစ်သည် စစ်တပ်အကျိုးမပါကြောင်း ဝန်ကြီးချုပ်ကပြောသော်လည်း လက်တွေ့နှိုင်းယှဉ်ချက်များအရ စစ်အာဏာမှတပါး အခြားမပါသောဖွဲ့စည်းပုံဖြစ်ကြောင်း သက်သေထင်ရှားရှိနေ

မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လာမည့်မေလတွင်ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အားအတည်ပြုပေးရမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် စစ်တပ်ထံမှအာဏာကို ပြန်လည်ရုတ်သိမ်းသွားရန်ဖြစ်ပြီး စစ်တပ်အကျိုးတစုံတရာမရှိပါကြောင်း အစိုးရပိုင်သတင်းဌာနမှ စည်းရုံးပြောကြားလိုက်သည်။

"ပြည်သူ့ဆန္ဒခံယူပွဲဆိုတာလူတဦးတယောက်အတွက်၊ တပ်မတော်အတွက်၊ တပါတီအတွက်၊ အဖွဲ့အစည်းတခုခုအတွက် သီးသန့်လုပ်တာမဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို တညီတညွတ်တည်းထောက်ခံအတည်ပြုပေးဖို့သာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်ကပြောသည်။ ဆက်လက်၍လည်း "ထိုအခြေခံဥပဒေဆိုသည်မှာလည်း ပြည်သူတရပ်လုံးလိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် အခြေခံအုတ်မြစ်ချခြင်းသာဖြစ်သည်"ဟူ၍လည်း မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းဖော်ပြထားသည်။

"အခုရေးဆွဲပြီးစီးသွားတဲ့ နိုင်ငံတော်ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာဖို့ဆိုတာ ပြည်သူပြည်သားတိုင်းရဲ့တာဝန်ဖြစ်ပါတယ်" ဟုလည်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားလိုက်သည်။

မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်မှစ၍ စစ်အာဏာရှင်လက်အောက်သို့ကျရောက်နေခဲ့ပြီး စစ်တပ်လက်ထဲမှအာဏာကို စစ်တပ်ကပြန်သိမ်းလိုက်သော ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံနောက်ပိုင်းမှစ၍ ဥပဒေမဲ့အုပ်ချုပ်လာခဲ့ခြင်းဖြစ်သည်။

စစ်တပ်ကဦးစီးကျင်းပခဲ့ပြီး မဲအပြတ်အသတ်နှင့်အနိုင်ရခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ပါတီကိုလည်း အာဏာလွှဲပြောင်းမပေးခဲ့သည့်အပြင် ယခုအခြေခံဥပဒေသစ်က ဒေါ်အောင်ဆန်းစုကြည်အားရွေးကောက်ပွဲဝင်ခွင့်ကိုသာမက နိုင်ငံရေးတွင် ဦးဆောင်မှုအခန်းမှပါဝင်ခွင့်ကိုပင် ဥပဒေတရပ်အဖြစ်တားမြစ်ထားချက်များပါဝင်နေသည်။

ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ထိုစကားတို့ မှန်မမှန်ကို စမ်းသပ်စစ်ဆေးရန်လိုအပ်ကြောင်း ဦးစိန်ကျော်လှိုင်က ချေပရေးသားသော (၄) မျက်နှာပါဆောင်းပါးတပုဒ်ကိုလည်း အင်တာနက်စာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိသည်။ ထိုဆောင်းပါးအား ဗိုလ်ချုပ်သိန်းစိန်၏စကား မှန်မမှန်ကို တချက်ခြင်းရှင်းလင်းတင်ပြထားသည်။

လွန်ခဲ့သော (၁၄) နှစ်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် ဦးတည်ချက် (၆) ရပ်သတ်မှတ်ခဲ့စဉ်ကပင် အနာဂတ်နိုင်ငံတော် အမျိုးသားဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ထမ်းဆောင်ရေးဟု အတိအလင်းရေးထားကြောင်းကို စတင်ဖော်ပြထားသည်။ ထို့အပြင် ညီလာခံတွင် အခြေခံမူ (၁၀၄) ချက်၌ အရေးပေါ်ကာလအခန်းတွင် စစ်တပ်အား အာဏာသိမ်းခွင့်ပေးထားရာ ညီလာခံအတွင်း ဝေဖန်ဆန့်ကျင်မှုများ ပြင်းထန်ခဲ့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းထွက်သောအခါတွင် "တိုင်းပြည်တွင် အရေးကြုံလာပါက စစ်တပ်က တိုက်ရိုက်အာဏာသိမ်းခွင့်ရှိသည်" ဆိုသည့်အသုံးအနှုန်းနေရာတွင် "သမတက ကာကွယ်ရေးဦးစီးချုပ်ကို တိုင်းပြည်ငြိမ်းချမ်းသာယာသည်အထိ အများဆုံး တနှစ်တိတိအာဏာလွှဲပေးနိုင်သည်"ဟူ၍ အဓိပ္ပာယ်တူ စကားလုံးလွှဲလျက် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

အရေးပေါ်အခြေအနေကြေညာရန် သမတက အမျိုးသာကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတို့အားတိုင်ပင်၍ လိုသလိုအမိန့်ထုတ်နိုင်သည်ဟုဆိုထားပြီး ၎င်းနှစ်ဖွဲ့ကို ဖွဲ့စည်းထားသူများမှာလည်း ၎င်းတို့တဖက်သတ်ရေးဆွဲထားသော ဖွဲ့စည်းပုံနှင့် လူဦးရေအချိုးနှုန်းအတိုင်းသွားပါက စစ်တပ်မှ တိုက်ရိုက်ခန့်အပ်ထားသူ အများစုပါဝင်နေသည်ကိုတွေ့ရမည်ဖြစ်ကြောင်းလည်း ဦးစိန်ကျော်လှိုင်က ရေးသားတင်ပြထားသည်။

ဦးစိန်ကျော်လှိုင်၏တင်ပြချက်တွင် နိုင်ငံရေးအပိုင်းမှကြည့်ပါက နိုင်ငံ့ဝန်ထမ်းချင်းအတူတူဖြစ်သော်ငြား အရပ်သားဝန်ထမ်းများကို လွှတ်တော်ကိုယ်စားလှယ် ဖြစ်ခွင့်မရှိသော်လည်း စစ်ဗိုလ်စစ်သားများကမူ လွှတ်တော်ကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းအထိရပိုင်ခွင့်ပေးထားကြောင်း ထောက်ပြသုံးသပ်ထားသည်။ ၎င်းတို့ကိုယ်တိုင်ပြဋ္ဌာန်း ထားခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၆–က) တွင် နိုင်ငံ့ဝန်ထမ်းသည် ပါတီနိုင်ငံရေးနှင့်ကင်းရမည်ဆိုသောပညတ်ချက်နှင့် စစ်ဗိုလ်စစ်သားများအားကင်းလွတ်ကာ လွှတ်တော်တွင် ရွေးချယ်ခံခွင့်ကို အထူးပိုင်ဆိုင်နေကြခြင်းအား ဥပဒေနှင့်မညီစွာ တွေ့မြင်နေရခြင်းကိုလည်း သုံးသပ်တင်ပြထားသည်။

စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏အဆုံးအဖြတ်က အပြီးအပြတ်ဖြစ်စေရမည့်ဆိုသည့်အတွက် အကယ်၍ စစ်သားတဦးတယောက်က ရာဇဝတ်မှုကျူးလွန်ခဲ့ပါက အရပ်ဘက်တရားစီရင်ရေးအနေနှင့်မည်သို့မှ အရေးယူဆောင်ရွက်ခွင့်ရမည်မဟုတ်သည့်အတွက် မြန်မာပြည်၏ အနာဂတ်တရားစီရင်ရေးသည် အလွန်ပင် ရင်လေးဖွယ်ဖြစ်နေကြောင်း ရန်ကုန်ရှေ့နေအသိုင်းအဝိုင်းက ထောက်ပြထားကြောင်းလည်း ဖော်ပြထားသည်။

ထူးခြားချက်သည် ကာကွယ်ရေးဦးစီးချုပ်သည် အရာရာကိုလုပ်ပိုင်ခွင့်ရှိနေခြင်းဖြစ်ပြီး ဥပဒေအရလည်း ကွင်းလုံးကျွတ်ဖြစ်အောင် အခြေခံဥပဒေနှင့်ကာကွယ်ပေးထားသည်ကို တွေ့မြင်နေရကြောင်းနှင့် ကာကွယ်ရေးဦးစီးချုပ်၏အဆင့်အတန်းသည် ဒုတိယသမတအဆင့်နှင့် တပြေးညီဖြစ်ရမည်ဟုလည်း အသေးစိတ်အခြေခံရမည့်မူများတွင် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရကြောင်း တင်ပြထားသည်။

ပုဒ်မ (၃၂– က၊ ခ ) တို့အရ စစ်တပ်မိသားစု၏ စားဝတ်နေရေးတို့အားလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကာကွယ်ပေးထားပြီး ကျဆုံးစစ်သည်များ၏ကလေးများအား နိုင်ငံတော်ကစောင့်ရှောက်ခြင်းနှင့် မသန်မစွမ်းစစ်သားများအတွက် အခမဲ့အသက်မွေးဝမ်းကျောင်းပညာသင်ယူခွင့်စသည်တို့သည်လည်း နိုင်ငံ့ဝန်ထမ်းချင်းအတူတူ အရပ်ဘက်ထက် စစ်ဘက်ဝန်ထမ်းအား ပို၍ အရေးပါသယောင် ခွဲခြားထားလျက် အခွင့်ထူးခံဖြစ်နေစေခြင်းတို့ကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ပြီးနောက် ဤသည်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စကားအတိုင်းပြောရပါလျှင် "ပြဟ္မာ့ဘုံ၊ နွားခုန်တက်"ဆိုသကဲ့သို့ဖြစ်နေကြောင်း သုံးသပ်တင်ပြထားသည်ကို တွေ့ရသည်။

❖

# ဒုတိယအကြိမ်မြောက် စီးပွားရေးစာချုပ်ဆိုရန် အိန္ဒိယသို့ ဗိုလ်ချုပ်ကြီးမောင်အေးသွားရောက်

အိန္ဒိယက မြန်မာနိုင်ငံတွင်တုန့်နှေးကြန့်ကြာနေသော အမျိုးသားပြန်လည်သင့်မြတ်ရေးခရီးစဉ်ကို ရှေ့ဆက်သွားစေလိုကြောင်း နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတွေ့ဆုံခဲ့သော ကုန်သွယ်စီးပွားဆွေးနွေးသည့်အစည်းဝေးတွင်ပြောကြားလိုက်သည်။ ယခုကဲ့သို့ ရွေးကောက်ပွဲကာလအတွက် ပြင်ဆင်မှုများကိုဆောင်ရွက်နေချိန်တွင် မြန်မာ့စစ်အုပ်စုခေါင်းဆောင်များအနေနှင့် အထိန်းသိမ်းခံနေရသော ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်သင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသော်လည်း တိုင်းပြည်၏အပြုသဘောဆောင်သော တိုးတက်မှုအဆင့်ဆင့်အတွက်ကို ချီးကျူးဝမ်းမြောက်ပါကြောင်းဟုလည်း ရေးသားထားသည်။

ဧပြီလ (၂) ရက်၊ ဗုဒ္ဓဟူးနေ့က အိန္ဒိယသို့ရောက်ခဲ့သော ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယနိုင်ငံတွင် ဝန်ကြီးချုပ်မန်မိုဟန်ဆင်း၊ ဒုတိယသမတဟာမစ်အဆာရီတို့နှင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးအပြင် စစ်တပ်အကြီးအကဲတို့နှင့်လည်း တွေ့ဆုံခဲ့သည်။

"အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြန်မာစစ်အစိုးရဆီက အပြုသဘောဆောင်တဲ့တက်လှမ်းမှုတွေ ဘာမှမရှိခဲ့ဘူး။ မြန်မာနိုင်ငံအတွက် အခြေခံကျသောလိုအပ်ချက်သည် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လူမှုရေးနှင့်နိုင်ငံရေးပါတီအဖွဲ့အစည်းအားလုံးပါဝင်သော၊ တိုင်းရင်းသားလူမျိုးစုအသီးသီးပါဝင်သောတွေ့ဆုံဆွေးနွေးရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးပင်ဖြစ်သည်"ဟု အဆိုပါ နိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်တွင်ဖော်ပြထားသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယနှင့်မြန်မာနိုင်ငံတို့၏ ကုန်သွယ်စီးပွားဆက်ဆံရေးအချိန်အခါသည် နိုင်ငံတကာမှ မြန်မာစစ်အုပ်စုအား ဒီမိုကရေစီနှင့်ထိတွေ့မိတ်ဆက်ပေးနိုင်ရေး နည်းမျိုးစုံဖြင့်ဖိအားပေးဆောင်ရွက်နေချိန်နှင့်တိုက်ဆိုင်နေသည်။ အိန္ဒိယနိုင်ငံသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသွားရောက်သည့် ထိုနေ့မှာပင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် မဲဆန္ဒရှင်ပြည်သူများအားစစ်တပ်မှ စိတ်ကြိုက်ပြင်ဆင်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ကန့်ကွက်မဲပေးကြပါရန် တိုက်တွန်းလိုက်သည်။ စစ်အုပ်စုက တရားဝင်ဖြန့်ဝေမပေးသော ထိုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် လာမည့် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲ အသစ်ကျင်းပပြီးချိန်မှစ၍ စစ်အာဏာကို မည်သည့်နည်းနှင့်မှ ပယ်ရှား၍မရနိုင်တော့သည့်ဥပဒေဖြင့် တိုင်းပြည်ကိုချုပ်ကိုင်သွားနိုင်မည့် ဥပဒေ၊ ပုဒ်မများဖြင့်ရေးသားထားသည်။

အမေရိကန်နှင့်အနောက်နိုင်ငံများက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရဒဏ်ခတ်ပိတ်ဆို့မှုများနှင့်ပတ်သက်၍ "အိန္ဒိယနိုင်ငံရဲ့ ဒုတိယသမတက အဲဒီပိတ်ဆို့အရေးယူမှုတွေဟာ အထောက်အကူဖြစ်စေလိမ့်မယ်လို့မယုံကြည်တဲ့အပြင် ဆန့်ကျင်ဘက်အကျိုးဆက်တွေကိုသာဖြစ်စေလာလိမ့်မယ်"ဟုလည်း ကြေညာချက်တွင် ထည့်သွင်းရေးသားထားသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံအား စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်ခြင်းဖြင့် မြန်မာ့ပြည်တွင်းရေးနှင့် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများ တိုးတက်ပြောင်းလဲလာစေမည်မဟုတ်ကြောင်း အမြဲတစေဆန့်ကျင်ကန့်ကွက်နေခဲ့သော်လည်း ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးအတွက်ကိုမူ အမြဲတစေတိုက်တွန်းမှုရှိခဲ့သည်ဟု နယူးဒေလီထုတ် အေအက်ဖ်ပီသတင်းတွင်ဖော်ပြထားသည်။ ဆွေးနွေးပွဲများတွင် မြန်မာပြည်၊ ရန်ကုန်သို့ အိန္ဒိယမှ စစ်လက်နက်ပစ္စည်းများပေးပို့မည့်အစီအစဉ်လည်းပါဝင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အမည်မဖော်လိုသူအရာရှိတဦးက အေအက်ဖ်ပီသတင်းဌာနသို့ပြောသည်။

မြန်မာ့အရေးကျွမ်းကျင်သူများကပြောရာတွင် နယူးဒေလီမှပေးပို့သောပစ္စည်းများတွင် စစ်မြေပြင်သုံးယာဉ်များ၊ အသေးစားလက်နက်မျိုးစုံ၊ တိုက်ပွဲသုံးရဟတ်ယာဉ်များနှင့် Sidearm တို့ပါဝင်ပြီး အိန္ဒိယနှင့်မြန်မာနယ်စပ်တလျှောက်မှ အကြမ်းဖက်သမားများအား စတင်နှိမ်နင်းရန်အတွက်ဖြစ်ကြောင်းပြောသည်။



ဒုဗိုလ်ချုပ်ကြီးမောင်အေးနှင့်အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့တွေ့ဆုံစဉ်

နှစ်နိုင်ငံရေးထိုးခဲ့သောသဘောတူချက်များအနက် အိန္ဒိယမှ ဒေါ်လာသန်းပေါင်း (၁၃၀) ကျော် ရင်းနှီးမြှုပ်နှံမည့် ဘင်္ဂလားပင်လယ်အော်ကွေ့အစွန်းရှိ စစ်တွေဆိပ်ကမ်းတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းလည်း ပါဝင်မည်ဖြစ်သည်။

"အဲဒါက အရှေ့တောင်အာရှမှာ ကုန်သွယ်ဘက်အသစ်တခုကို အရှေ့မြောက်ဘက်ကုန်းတွင်းပိုင်းမှာ တိုးချဲ့တည်ဆောက်နိုင်မှာဖြစ်ပါတယ်" ဟု ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတဦးက အေအက်ဖ်ပီသို့ပြောသည်။

နယူးဒေလီအစိုးရသည် မြန်မာနယ်စပ်တမူးမြို့နှင့်ထိစပ်နေသော မိုးရေးမြို့တွင်လည်း နယ်စပ်ကုန်သွယ်ရေးအား တိုးချဲ့နိုင်ရေးနည်းလမ်းများကို ရှာဖွေနေကြောင်းလည်းသိရသည်။ အိန္ဒိယနိုင်ငံသို့ (၈) နှစ်အတွင်း ဒုတိယအကြိမ်မြောက်၊ စီးပွားရေးစာချုပ်များချုပ်ဆိုရန်ရောက်ရှိလာသော ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးအား အိန္ဒိယရောက်မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများကနယူးဒေလီမြို့၊ ဂျန်တာမန်တာပန်းခြံအနီးတွင်ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ အိန္ဒိယအစိုးရသည် မြန်မာပြည်တွင် စစ်မှန်သောဒီမိုကရေစီမပေါ်ထွန်းသေးသမျှ မြန်မာစစ်အုပ်စုနှင့် စီးပွားရေးဆက်ဆံမှုများမလုပ်သင့်ကြောင်း ဘားမားကမ်ပိန်းအင်ဒီးယားမှ ထုတ်ပြန်သောကြေညာချက်တစောင်ကိုလည်းထုတ်ပြန်ခဲ့သည်။ ❖



## မန္တလေးကိုလိုက်ခဲ့မယ်...

အလင်းဆုံးကြယ်တွေ မကြွေစေချင်ဘူး
အမှောင်တွေ ပိုအားကောင်းလာမှာစိုးလို့ ...။

အမေနဲ့မြစ်ကူးချောင်းချား မဝေးချင်ဘူး
နိုဝင်ဘာ ၂၉ မန္တလေးကို လွမ်းဆွတ်လို့ ...။

အမာသည် အပျော့မဟုတ်ဆိုတဲ့ကဗျာ မဖတ်ချင်ဘူး
ကန်တော့ခံ စာပေကျေးဇူးရှင်နှစ်ဦးကို ကိုယ်စားပြုလို့ ...။

ပြီးဆုံးခဲ့ပြီကို မလိုချင်ဘူး
ဒို့တွေရဲ့ဘဝ လေဟာနယ်ထဲတွန်းပို့လိုက်လို့ ...။

ဆုံးရှုံးခဲ့ပြီကို မလိုချင်ဘူး
တိုက်ပွဲခေါ်သံအသစ်အသစ်တွေရှိသေးလို့ ...။

ကမ္ဘာမကြေဘူးကို မလိုချင်ဘူး
နိုင်ငံနဲ့အမျှ ပိုနေတဲ့သမိုင်းကောင်းတွေကို ကားလိပ်ချချင်လို့ ...။

မြေဝသုန်ရေ ဂုဏ်ပြုအပ်သောသူကို ဆီးကြိုလှည့်တွေမလိုချင်ဘူး
ဒို့နှလုံးသွေးတွေရပ်ဆိုင်း
ဒို့ရင်တွေ ထပ်တလဲလဲ ရှိုက်ကြီးတငင်ငိုနေလို့
ပြီးတော့
စေတန်နတ်ဆိုးရေ မင်းရဲ့ဇာတ်ဝင်ခန်းတွေအကုန်သာ ဇာတ်ညွှန်းပြောင်းလိုက်တော့
မင်းလည်းပွဲကြည့်သူသက်သက် ဝင်မပါနဲ့တော့
မိုးလင်းလို့ဇာတ်ပေါင်းရင် သေတဲ့လူပြန်ရှင်လို့
HAPPY ENDING နဲ့သိမ်းမယ်
အဲဒီအခါ
မန္တလာအမြန်ယာဉ်ကို လေချွန်လို့
မန္တလေးကို သားလိုက်ခဲ့မယ်အမေရယ် ...။

မဲဆောက်မှသည် မန္တလေးလွမ်းသူ အမေမာသို့
မောင်နီမော်
(၇၊ ၄၊ ၂၀၀၈)

## မြန်မာနိုင်ငံ၏စာပေပညာရှင် သတင်းစာဆရာမကြီး လူထုဒေါ်အမာသို့

### မြန်မာနိုင်ငံလွတ်လပ်သောသတင်းအေဂျင်စီမှ ဝမ်းနည်းခြင်းမှတ်တမ်း

ပြည်သူလူထုတရပ်လုံးကချစ်ခင်မြတ်နိုးသော စာရေးဆရာမကြီးလူထုဒေါ်အမာသည် ၂၀၀၈ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့၊ နံနက် (၈ နာရီနှင့် ၃၇ မိနစ်) က ဘဝတပါးသို့ ကူးပြောင်းခဲ့ပြီဖြစ်ပါသည်။

အမေလူထုဒေါ်အမာသည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်တွယ်တာတတ်သော၊ တိုင်းသူပြည်သားများအပေါ် ရင်နှစ်သည်းခြာသွေးသားပမာ မေတ္တာတရားကြီးမားစွာချင်ခင်တတ်သော ခေါင်းဆောင်ကောင်း (သို့မဟုတ်) နာယကဂုဏ်မြောက်သော လူကြီးသူမတဦးလည်းဖြစ်ပါသည်။ မိမိပိုင်ဆိုင်သော စည်းစိမ်ဥစ္စာနှင့်အတူ စိတ်အေးချမ်းသာနေနိုင်ပါလျှက် တိုင်းသူပြည်သားတို့၏ ပူပင်သောကများ၊ မဝရေစာစားသောက်ရမှုများအား ကိုယ်ချင်းစာနာစိတ်နှင့် စစ်အုပ်စုအား တွေ့ဆုံဆွေးနွေးရေးအစဉ်တိုက်တွန်းနေခဲ့သည့် မျိုးချစ်တော်လှန်ရေးရဲမေကြီးတဦးလည်း ဖြစ်ပါသည်။ ဆရာမကြီး၏ ဖြူစင်သောစိတ်၊ မြင့်မြတ်မှန်ကန်သောစိတ်၊ ကိုယ်ချင်းစာတရားလက်ကိုင်ထား၍ ပြောလေ့ရှိသော ဆုံးမလမ်းညွှန်စကားများ စသည်ဖြင့်ဖော်ပြ၍မဆုံးနိုင်သော အရာရာကိုပေါ်လွင်အောင် ကျစ်လျစ်စွာရင့်ကျူးနိုင်မည့်စကားဟူ၍လည်း မရှိတော့ပါ။

သို့ပါ၍ အမေမြင်ချင်စမ်းလှသော တိုင်းပြည်ငြိမ်းချမ်းရေးရသည့်တိုင်အောင် တောင်ပေါ်မြေပြန့်မခွဲခြားစတမ်း၊ ဆင်းရဲချမ်းသာတန်းမညှိစတမ်း အားလုံးတစိတ်တဝမ်းတည်း လက်တွဲ၍ ဒိမိုကရေစီရေးတိုက်ပွဲခရီးစဉ်အား အောင်မြင်စွာအဆုံးသတ်နိုင်သည်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းနှင့် ရောက်ရာသုဂတိဘုံမှ သာဓုခေါ်နိုင်ပါစေဟု အမေ့သားသမီးများနှင့်အတူ ဆန္ဒပြုလိုက်ရပါသည်။

မိုးကြိုးသတင်းစဉ် (မြန်မာနိုင်ငံလွတ်လပ်သောသတင်းအေဂျင်စီ)

"သားတို့၊ သမီးတို့ကို
အမေပြောချင်တာက ကိုယ့်စိတ်ထဲမှာ
မတော်မှန်းသိတဲ့အပြစ်တခုကို
မကျူးလွန်းမိပစေနဲ့။ မကျူးလွန်မိအောင်
ချုပ်တည်းလို့ဖြစ်စေ၊ ရှောင်ရှားလို့ဖြစ်စေ
နေလိုက်ကြပါ။ မဟုတ်ရင်
ကိုယ့်လိပ်ပြာက
ကိုယ့်ပြန်နှောင့်ယှက်တာဟာ
မူလကျူးလွန်မိရတာမျှမက
အလွန်ဝန်လေးနေတတ်တယ်"

*"ကိုဗဟိန်းသို့စကားကြွေး" မြားနတ်မောင်မဂ္ဂဇင်း*
*အမှတ် (၇၄)၊ ၁၉၉၈ ဇူလိုင်မှ*



# ပြည်သူချစ်သော လူထုဒေါ်အမာ

## (၁၉၁၅ - ၂၀၀၈)

လာမည့် နိုဝင်ဘာလ (၂၉)၊ ၂၀၀၈ ခုနှစ်တွင် အသက် (၉၃) နှစ်ပြည့်မြောက်မည်ဖြစ်သည့် သတင်းနှင့်စာရေးဆရာမကြီး အမေလူထုဒေါ်အမာသည် ၂၀၀၈ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့၊ နံနက် (၈နာရီ ၃၇ မိနစ်) တွင် မန္တလေးဆေးရုံကြီး နှလုံးရောဂါ အထူးကုဆောင်တွင် ကွယ်လွန်သွားခဲ့သည်။

ဆရာမကြီးလူထုဒေါ်အမာကွယ်လွန်သွားခြင်းသည် မြန်မာ့စာပေဝန်းကျင်နှင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင်ကြီးမားသော ဆုံးရှုံးမှုကြီးအဖြစ် အနာဂါတ်ခရီးလမ်းတလျှောက်တွင် မော်ကွန်းတင်ရေးသား၊ ဖော်ပြနေကြဦးမည်ဖြစ်သည်။

### စာပေပညာရှင် လူထုဒေါ်အမာ၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ် ...

– ၂၉၊ ၁၁၊ ၁၉၁၅ ခုနှစ်တွင် မန္တလေးမြို့၊ ဂွစာန်ရပ်တွင် အဖဦးထင်၊ အမိ ဒေါ်စုတို့မှ ဖွားမြင်ခဲ့။
– ၁၉၂၀–၃၃ တွင် မန္တလေး၊ တရုတ်တန်း အမျိုးသမီးနေရှင်နယ်ကျောင်းနှင့် ABM ကျောင်းတို့တွင် ပညာသင်ခဲ့။
– ၁၉၃၁ ခုနှစ်တွင် မန္တလေးဗဟိုအမျိုးသမီးအထက်တန်းကျောင်းမှ၊ (၁၀) တန်းအောင်မြင်။
– ၁၉၃၅ ခုနှစ်၌ မန္တလေးဥပစာကောလိပ်။
– ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ အင်းယားဆောင်၌ ဘီအေအောက်တန်းတွင်ပညာသင်နေစဉ် ဒုတိယကျောင်းသားသပိတ်ဖြစ်သောအခါ ပါဝင်ခဲ့။
– ၁၉၃၆ ခုနှစ် မှစတင်၍ တက္ကသိုလ်အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမား ဂျာနယ်များတွင် ခင်လဝန်း၊ မြမန္တလာကလောင်အမည်များဖြင့် စာပေစတင်ရေးသား ရန်ကုန်တက္ကသိုလ်၊ သဟာယစာဖတ်အသင်း၌ အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့။
– ၁၉၃၉ ခုနှစ်တွင် ကြီးပွားရေးမဂ္ဂဇင်းတိုက်ပိုင်ရှင်ဦးလှနှင့် လက်ထပ်ခဲ့။
– ၁၉၄၅ ခုနှစ်တွင်လူထုဂျာနယ်တွင် ဦးလှနှင့်အတူ လက်ထောက်အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့။
– ၁၉၄၆ ခုနှစ်တွင်လူထုသတင်းစာ စတင်ထုတ်ဝေ။
– အမာ၊ အင်းယားကျောင်းဆောင်သူ၊ အမာ (တက္ကသိုလ်သပိတ်မှောက်ကျောင်းသူ) စသည့်ကလောင်အမည်များဖြင့် ကိုယ်တိုင် ရေးစာပေများနှင့် ဘာသာပြန်စာပေများကိုရေးသားခဲ့။
– ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက် ဦးလှ၏ကြီးပွားရေးပုံနှိပ်တိုက်ကို ဖောက်ခွဲဖျက်ဆီးခံခဲ့ရသည်။
– ၁၉၅၃ ခုနှစ် တွင်ကမ္ဘာ့ဒီမိုကရက်တစ်အမျိုးသမီးညီလာခံ (World Democratic Women's Conference) ကို ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်တွင်လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ (World Peace Conference) ကို၊ ဟန်ဂေရီ နိုင်ငံ၊ ဘူဒါပက်မြို့နှင့် ကမ္ဘာ့လူငယ်နှင့်ကျောင်းသားပွဲတော် (4th World Festival of Youth and Student)ကို ရိုမေး နီးယားနိုင်ငံ၊ ဘူချာရပ်မြို့တွင်လည်းကောင်း တက်ရောက်ခဲ့သည်။
– ၁၉၅၃ ခုနှစ်အောက်တိုဘာလတွင် ဖဆပလအစိုးရက ဦးလှကိုအရေးပေါ်စီမံချက်အက်ဥပဒေ ပုဒ်မ၊ ၅ (ည)ဖြင့် ထောင်ချခဲ့။
– ၁၉၅၇ ခုနှစ် ဇန်နဝါရီလတွင်ပြန်လည်လွတ်။
– ၁၉၅၉ ခုနှစ်တွင် (ဦးနေဝင်း၏–အိမ်စောင့်အစိုးရ) က လူထုသတင်းစာကိုပိတ်ခဲ့။
– ၁၉၆၂ ခုနှစ်တွင် ရုရှားနိုင်ငံ (Aerofloat Russian Airlines) အရိုးဖလုပ်လေကြောင်း၏ဖိတ်ကြားချက်အရ မော်စကိုသို့ခရီးထွက်ခဲ့ပြီး အရှေ့ဂျာမဏီ၊ ချက်ကိုစလိုဗက်ကီးယားနှင့် တရုတ်ပြည်သူ့သမတနိုင်ငံတို့ကိုလည်း လှည့်လည်ခရီးထွက်ခဲ့။
– ၁၉၆၇ ခုနှစ်တွင် လူထုသတင်းစာတိုက်ကို ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးအစိုးရကပိတ်ခြင်းကိုခံရပြန်သည်။
– ၁၉၇၈ ခုနှစ်တွင် လူထုဦးလှ၊ ဒေါ်အမာနှင့်သား ကိုငြိမ်းချမ်းတို့အဖမ်းခံရ (ဒုတိယသားဖြစ်သူ ရဲဘော်ဖိုးသံချောင်း (ဗမာပြည်ကွန်မြူနစ်ပါတီ) နှင့်ဆက်စပ်၍) လူထုဦးလှကို အရင်ဆုံးပြန်လွှတ်ခဲ့။
– ၁၉၇၉ ခုနှစ်နှောင်းပိုင်းမှ လူထုဒေါ်အမာနှင့် ကိုငြိမ်းချမ်းတို့ကို ပြန်လွှတ်။
– ၁၉၈၂ ခုနှစ်တွင် လူထုဦးလှကွယ်လွန်။

တဖက်စာမျက်နှာ (၁၇) သို့...

– ၁၉၈၄ ခုနှစ်တွင် မန္တလေးမီးလောင်ကျွမ်းမှုကြောင့် လူထုစာပုံနှိပ်စက်နှင့် ကုန်လှောင်ရုံတို့ ဆုံးရှုံးခဲ့။
– ၁၉၈၅ ခုနှစ် အသက် (၇၀) ပြည့်မွေးနေ့မှစတင်ပြီး တောင်သမန်အင်းစောင်းရှိ ဆရာတော်ဦးပညာ၏ တောင်လေးလုံး ကျောင်းတိုက်တွင် အသက် (၉၀) ပြည့်မွေးနေ့အထိ နှစ်ပေါင်း (၂၀) ကျင်းပခဲ့။
– ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလတွင် သား ကိုငြိမ်းချမ်းထပ်မံထောင်ချခံရပြီး ထောင်ထဲတွင် (၁၀) နှစ်နီးပါးနေခဲ့ရပြန်သည်။

❑ ဒေါ်အမာရေးသားပြုစုခဲ့သောစာအုပ်များ ...

– ရွှေမန်းတင်မောင်၊ သာသနာ့တန်ဆောင် ဆရာတော်ကြီးများ၊ အငြိမ့်၊ စသည်တို့နှင့် ဝတ္ထုတိုပေါင်းချုပ်၊ သုတေသနစာတမ်းများ အပါအဝင် (၄၁) အုပ်ကို ရေးသားပြုစုခဲ့သည်။ မဟာဂီတ၊ ရွှေဒေါင်းတောင်ဆောင်းပါး၊ ကမ္ဘာ့အကြီးဆုံးစာအုပ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ပြည်သူချစ်သောအနုပညာသည်များ၊ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး၊ ကျမတို့ငယ်ငယ်က၊ အမေ့ရှေးစကားစသည့် စာအုပ်များမှာ နာမည်ကြီးထင်ရှားခဲ့သလို ရွှေရိုး၊ ဘကလေးစာအုပ်သည် ကာတွန်းလောက တွင် သမိုင်းဝင်ဖြစ်ခဲ့သည်။ စာပေဗိမာန်ဆုရ စာအုပ်များလည်းပါဝင်သည်။

❑ ပထမဆုံးဘာသာပြန်စာအုပ် ...

Maurice Collis . Trials in Burma ၎င်းအပြင် – ဂျုံနဲ့စစ်သား၊ စန္ဒမာလာ၊ သက်တန့်ရောင်၊ အိုယန်းကီးတို့၊ ငွေနှင့်လက်နက်၊ အာဖရိကဝတ္ထုတိုများ၊ ထိုင်းဝတ္ထုတိုများ နှစ်တွဲ၊ The Challenge of Red China By Gunther Stein in 2 volumes- In The Name of Peace By Archie John Stone - The Other Side of the River By Edgar Snow - Memories of China in Revolution By Chester Ronning စသည့်မူရင်းစာအုပ်များ။

❑ နိုင်ငံရေး၊ အမျိုးသားရေးဆောင်ရွက်ချက်များ ...

(၁၉၃၆) ခုနှစ်ကိုလိုနီခေတ် ဒုတိယကျောင်းသားသပိတ်တွင်တိုင်းပြည်နှင့် လူမျိုးလွတ်မြောက်ရေးအတွက် ရဲဝံ့တက်ကြွစွာပါဝင်ခဲ့သည်။ ယခုလက်ရှိ မြန်မာနိုင်ငံတွင်ကြုံတွေ့နေရသောအခက်အခဲအကြပ်အတည်းများနှင့် ပြည်သူလူထု၏ ဆင်းရဲနွံချာလှသောဘဝများမှ လွတ်မြောက်စေရန်အတွက် စစ်အာဏာပိုင်များကို အကြိမ်ကြိမ် မေတ္တာရပ်ခံ၍ တွေ့ဆုံဆွေးနွေးရေးကို အမြန်လုပ်ဆောင်ရန်တောင်းဆိုခဲ့သည်။ ကိုစိုးဝင်း၊ ဒေါက်တာသန်းရင်မာ၊ (စာရေးဆရာမ–ဒေါက်တာမြမဥ္ဇူ)၊ ရဲဆော်ဖိုးသံချောင်း၊ မတင်ဝင်း၊ ကိုငြိမ်းချမ်း (ညီပုလေး) စသည့် သားသမီး (၅) ဦးထွန်းကားခဲ့သည်။ ❖

# အမှတ်တရသူတို့စကားများ....

"ဆုံးရှုံးမှုတရပ်လို့ပြောရမှာပေါ့..။ ဒေါ်အမာက နှစ်ပေါင်းများစွာကြာပြီပဲ။ တိုင်းပြည်အတွက်ဆောင်ရွက်နေတာ။ ငြိမ်းချမ်းရေးအတွက် ဆောက်ရွက်နေတာ။ ဒေါ်အမာဟာ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်မှာ စတွေ့ဖူးတယ်။ ကျနော်က (၁၀) တန်းပေါ့။ သူရဲ့ခင်ပွန်းဦးလှဆိုရင်ကျောင်းသားဘဝကတည်းက ခင်တယ်။ သူလည်းငြိမ်းချမ်းရေးကိစ္စတွေ ပါဝင်ဆောင်ရွက်ခဲ့တာပဲ။ သူနဲ့ ကိုအောင်ဆန်းနဲ့က မွေးနှစ်အတူတူပဲ။ ဒေါ်အမာနဲ့ပတ်သက်လို့ပြောရရင် ပြောစရာတွေက အများကြီးပေါ့။ ချက်ချင်းစီကာပတ်ကုံးပြောဖို့က တချို့အကြောင်းအရာတွေက အချက်အလက်နဲ့ပြောမှ ပြည့်စုံမယ်။ ငြိမ်းချမ်းရေးဆောင်ရွက်တဲ့ အခါမှာ တွေ့ရပါတယ်။ မကြာခဏ မန္တလေးရောက်ရင်တော့ ဝင်တယ်ပေါ့ဗျာ။ သူ့အိမ်မှာပဲ တည်းရတာပေါ့ဗျာ။ အထူးသဖြင့် အမျိုးသမီးရေးရာတွေ မဟုတ်တော့ဘူး ပေါ့ဗျာ။ တိုင်းပြည်တပြည်လုံးနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာလည်း အတူတူ ဆောင်ရွက်ခဲ့တာ။ ကျနော် သိပ်ပြီးတော့ စိတ်မကောင်းဖြစ်သွားတယ် ..."

စာရေးဆရာကြီးဒဂုံတာရာ

" ကျနော်တို့ကတော့ အထူးပဲဝမ်းနည်းပါတယ်။ ဘာလို့လည်းဆိုတော့ အမေလူထု ဒေါ်အမာ က အမြဲတမ်းပြည်သူဘက်ကရပ်တည်တယ်။ နိုင်ငံရေးအရလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပေါ်မှာ အမြဲတမ်း Sympathy ထားတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးတယောက် ဆုံးပါး သွားတာကတော့ ကျနော်တို့ အထူးပဲ ကြေကွဲဝမ်းနည်းပါတယ်။"

ဦးဉာဏ်ဝင်း (အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ်)

" အမေဆုံးသွားတဲ့အခါ ကျမတို့အတွက်ရော မြန်မာနိုင်ငံမှာရှိတဲ့လူထုအတွက်ရော တကယ်ကို စိတ်မကောင်းစရာဖြစ်တယ်။ အမေဟာ အမှန်တရားဘက်က၊ ငြိမ်းချမ်းရေးဘက်က၊ လူထုရှေ့ကနေ မားမားမတ်မတ်ရပ်တည်ပေးခဲ့တဲ့ မိခင်ကောင်းတယောက်ဖြစ်ပါတယ်။ ကျမတို့ ထောင်ထဲမှာရှိနေစဉ်မှာ အမေ့ရဲ့စကားတွေဟာ ကျမတို့ထောင်ထဲက လူတွေအတွက် ခွန်အားတွေဖြစ်ခဲ့ရတယ်။ အပြင်မှာအလုပ်လုပ်နေတဲ့ ဒီမိုကရေစီလှုပ်ရှားသူတွေအတွက်လည်း အမေ့ရဲ့စကား၊ အမေရဲ့အမှန်တရား၊ အမေ့ရဲ့ငြိမ်းချမ်းမှုတွေဟာ ကျမတို့ခြေလှမ်းတိုင်းအတွက် တကယ်ကိုခွန်အားတွေဖြစ်စေခဲ့ပါတယ်။ အခု အမေဆုံးပါးသွားတဲ့အခါ ကျမတို့အတွက် တကယ်ကို နမြောမိပါတယ်။ အခုဆိုရင် ကျမတို့ရဲ့မဆုံးတဲ့ခရီးတခုပေါ့နော်။ ပန်းတိုင်မရောက်ခင်၊ မအောင်မြင်ခင်မှာ အမေဆုံး ပါးသွားပေမယ့် အမေ့ရဲ့ရင်ထဲက ဆန္ဒတွေကို ကျမတို့အားလုံးက အောင်မြင်တဲ့အထိ ဆက်လက်လုပ်ဆောင်သွားမှာပါ"

မနီလာသိန်း (ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားများအဖွဲ့)




ဈာပနအခမ်းအနားဓာတ်ပုံမှတ်တမ်း

(ဓာတ်ပုံများအား www.mghla.blogspot.com မှရယူပါသည်။)










## စစ်အစိုးရဥပဒေ ကန့်ကွက်မဲပေးရန်

### မြန်မာ့အရေးစိတ်ဝင်စားသူများအဖွဲ့မှ တိုက်တွန်း

လန်ဒန်အခြေစိုက် မြန်မာ့အရေးစိတ်ဝင်စားသူများအဖွဲ့ BDC (Burma Democratic Concern) က နအဖ၏ လူထုဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်များဖြစ်သည့် မြန်မာပြည်သူတရပ်လုံးမှ ကန့်ကွက်မဲပေးရန် တိုက်တွန်းလိုက်သည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များကလပ်တွင် ကျင်းပခဲ့သော သတင်းစားရှင်းလင်းပွဲတွင် BDC (Burma Democratic Concern) ၏ ထိုင်းနိုင်ငံဆိုင်ရာ ဒါရိုက်တာ ဦးကျော်လင်းဦးက ''တကယ်လို့များ လူထုက တာဝန်ကျေကျေနဲ့ ကန့်ကွက်မဲပေးပေမယ်လို့ စစ်အစိုးရညစ်ပတ်မှုကြောင့် ကန့်ကွက်မဲဖြစ်မလာဘဲ ထောက်ခံမဲများဖြစ်လာခဲ့သည်ရှိသော် နိုင်ငံတကာအင်အားစုတွေက ဒီကိစ္စကို တိတိကျကျကိုင်တွယ်ဖို့ ကျနော်တို့ စဉ်းစားထားတာမျိုးတွေရှိတယ်''ဟု ပြောဆိုခဲ့သည်။

BDC (Burma Democratic Concern) သည် ထိုင်းနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ရုံးများဖွင့်လှစ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

BDC (Burma Democratic Concern) အနေဖြင့် ဥရောပသမဂ္ဂဝင်နိုင်ငံများမှ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ပေါ်လစီသဘောထားများနှင့်ပတ်သက်၍ လန်ဒန်ရုံးမှ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အမေရိကန်အခြေစိုက်ရုံးအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများကို အဓိကချဉ်းကပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ထိုင်းနိုင်ငံအခြေစိုက်ရုံး၏တာဝန်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံအစိုးရများနှင့် မြန်မာပြည်ဆိုင်ရာပေါ်လစီရေးရာများနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်သွားရေးဖြစ်ကြောင်း ထိုင်းနိုင်ငံအခြေစိုက်ဒါရိုက်တာ ဦးကျော်လင်းဦးက ပြောခဲ့သည်။

ထို့ပြင် BDC (Burma Democratic Concern) မှဦးဆောင်၍ လန်ဒန်နှင့် ဝါရှင်တန်မြို့တို့ရှိ နအဖသံရုံးများရှေ့တွင် ဆန္ဒပြပွဲများလည်း ဆင်နွှဲခဲ့ကြသည်။ ထိုင်းနိုင်ငံတွင်လည်း ဤသို့သောဆန္ဒပြပွဲများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိပြီး ကျန်အဖွဲ့အစည်းများဖြင့်လည်း လက်တွဲဆောင်ရွက်သွားမည်ဟု ဦးကျော်လင်းဦးက ပြောဆိုခဲ့သည်။

❖

## အားသစ်လောင်းပေးမည့် ၂၀၀၇ မျိုးဆက်ကျောင်းသားများလည်း စစ်အာဏာရှင်ဆန့်ကျင်ရေးကြေညာချက်တစောင်ထုတ်ပြန်

နိုင်ငံတော်သမတသည် စစ်ရေးအမြင်ရှိရမည်ဟူသောပြဌာန်းချက်နှင့် လွှတ်တော်ကိုယ်စားလှယ်၏ သုံးပုံတပုံကို ကာကွယ်ရေးဦးစီးချုပ်မှ စစ်တပ်ကိုယ်စားလှယ်များကို တိုက်ရိုက်ခန့်ထားအုပ်ချုပ်မည့် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးဥပဒေအား ပြည်သူတရပ်လုံးက ကန့်ကွက်ဆန့်ကျင်ကြပါရန် ၂၀၀၇ မျိုးဆက်ကျောင်းသားများက ဧပြီလ (၆) ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။



အဲန်အယ်လ်ဒီရုံးချုပ်ရှေ့တွင်တွေ့မြင်ရသည့်မျိုးဆက်သစ်လူငယ်လူရွယ်များ

မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် နည်းပညာကောလိပ် (သံလျှင်–ဂျီတီစီ) နှင့် သ/မ ကောလိပ် (သံလျှင်) ကျောင်းသားများဟု လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သော ထိုကြေညာချက်တွင် စစ်အုပ်စုရေးဆွဲထားသော ထိုအခြေခံဥပဒေသည် မြန်မာပြည်သူတရပ်လုံးအား မည်သို့မျှကိုယ်စားမပြုသည့်အပြင် နိုင်ငံရေးပါတီများအားလည်း ပြယုဂ်အဖြစ်မျှသာသဘောထားလျှက် ရုပ်သေးရုပ်ကဲ့သို့ ကြိုးကိုင်ချယ်လှယ်နိုင်မည့်ဥပဒေဖြစ်သည်ဟု ရှင်းလင်းဖွင့်ဆိုထားသည်။

လက်တဆုပ်စာ အာဏာရူးတို့၏လက်တွင်းသို့ ကျရောက်တော့မည့်အချိန်ရောက်နေပြီဖြစ်ပြီး စစ်တပ်ဦးဆောင်သော အလိုတော်ရိများနှင့် ဖောက်ပြန်ရေးသမားများသည် သန်း (၅၀) ကျော်သော ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့်အနာဂတ်အား မိမိတို့၏ ရာထူးဂုဏ်သိမ်နှင့် အလဲအလှယ်လုပ်ဝံ့သောကြောင့် ဥပဒေဘောင်ဝင်ရေးအတွက် ပြည်သူတို့ထံမှ ထောက်ခံမဲကို နည်းမျိုးစုံသုံး၍ရယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း၊ အကယ်၍ ပြည်သူလူထုကသာ ထိုအခြေခံဥပဒေကို ထောက်ခံအတည်ပြုပေးလိုက်ပါက မြန်မာပြည်သားတို့၏ သားစဉ်မြေးဆက်တိုင် စစ်ကျွန်ဘဝသို့ရောက်ရှိဦးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ထို့ကြောင့် မြန်မာပြည်သူတရပ်လုံးသည် နိုင်ငံသားတိုင်း၏ရပိုင်ခွင့်ဖြစ်သော ဆန္ဒမဲပေးပိုင်ခွင့်ဘောင်အတွင်းမှနေ၍ ကန့်ကွက်မဲများပေးခြင်းဖြင့် အမိမြန်မာနိုင်ငံတော်ကြီးအား ကယ်တင်ပါရန်ကိုလည်းကောင်း၊ လူထုဆန္ဒခံယူပွဲအား လူထုဆန္ဒပြပွဲအဖြစ်ပြောင်း လဲပစ်လိုက်ကြပါရန်ကိုလည်းကောင်း၊ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဆီသို့ ပြည်သူလူထု၏ရင်တွင်းမှ ဆန္ဒအမှန်ဖြင့်သာ လျှောက်လှမ်းကြပါရန်ကိုလည်းကောင်း တိုက်တွန်းရေးသားထားသည်။

## ပယ်မဲမဖြစ်ရေးအထူးသတိပေးချက်

ပြည်သူများအနေနှင့် မိမိပေးလိုက်သောဆန္ဒမဲသည် ပယ်မဲဖြစ်မသွားရေး အထူးဂရုစိုက်ရန် အသက်တမျှအရေးကြီးပါသည်။

နအဖသည် စစ်အာဏာတည်မြဲရေးအတွက် ကောင်းနိုးရာရာဥပဒေများကို မြေစမ်းခရမ်းပျိုးဆိုသကဲ့သို့ ချမှတ်လျှက်၊ စကားလုံးများအား နားလည်မှုရှုတ်ထွေးစေခြင်းဖြင့် ပုဒ်မအမျိုးမျိုးနှင့် မဲလိမ်ရန်ကြိုးစားနေပါ သည်။

နအဖစစ်အုပ်စုရေးဆွဲခဲ့သော ညောင်နှစ်ပင်အခြေခံမူ (၁၀၄) ချက်မှ အခန်း (၁၄) အသွင်ကူးပြောင်းရေးကာလ ပြဌာန်းချက်များမှ ပုဒ်မ (၁) နှင့် အခြေခံဥပဒေမူကြမ်း အခန်း (၁၄) ကူးပြောင်းရေးကာလပြဌာန်းချက်များ ပုဒ်မ (၁) တို့ ခေါင်းစည်းတခုတည်းသည်ပင်လျှင် လုံးဝမတူ ကွဲပြားလျှက်ရှိသည်ကိုတွေ့ရသည်။

ညောင်နှစ်ပင်ညီလာခံပြဌာန်းချက်အရဆိုလျှင် မဲပေးခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ထောက်ခံမဲဖြင့် အတည်ပြုပြဌာန်း အာဏာတည်သည်ဟုပါရှိသည်။

အဓိပ္ပာယ်သည် မဲပေးခွင့်ရှိသူ (၁၀၀) လျှင် (၅၁) ယောက်က ထောက်ခံပါက ဖွဲ့စည်းပုံအတည်ဖြစ်လိမ့်မည်။

၂၀၀၈ ဥပဒေမူကြမ်းတွင်မူ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်မဲပေးသည့် ဆန္ဒမဲ၏ မဲအများဖြင့် အတည်ပြုပြဌာန်း အာဏာတည်သည်ဟု ပြင်ဆင်ရေးသားထားသည်။

အဓိပ္ပာယ်သည် လူ (၁၀၀) မဲပေးခွင့်ရှိသည့်အနက် (၅၁) ယောက်မဲလာပေးပါက ထိုမဲများအနက်မှ ကန့်ကွက်မဲ (၃၃) မဲ၊ ထောက်ခံမဲ (၁၈) မဲရှိသည်ဆိုလျှင် ကန့်ကွက်မဲထဲမှ ပယ်မဲအဖြစ် (၁၆) မဲ ဖဲ့ထုတ်လိုက်ခြင်းအားဖြင့် ကန့်ကွက်မဲ (၁၇) မဲ၊ ထောက်ခံမဲ (၁၈) မဲဖြင့် နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မိမိတို့၏ဆန္ဒမဲများ ပယ်မဲအဖြစ်ရောက်မသွားစေရေးအတွက် ပြည်သူများအနေနှင့် ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို အထူးဂရုစိုက်ရန်နှင့် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားကြရန် အနူးအညွှတ်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ပြည်သူ့ဆန္ဒခံယူပွဲအားအကြမ်းဖက်ဖြိုခွဲရန်ကြိုးပမ်းနေသည်ဟု

### အတိုက်အခံအဖွဲ့များအား နအဖစစ်အုပ်စုပိုင် သတင်းမီဒီယာများမှစွပ်စွဲရေးသား



နအဖသတင်းစာအားဖတ်ရှုနေစဉ်

ပြည်ပရောက်မြန်မာ့အရေးလှုပ်ရှားသူအဖွဲ့အစည်းများက အကြမ်းဖက်ဖောက်ခွဲမှုများဖြင့် မေလဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးဆန္ဒခံယူပွဲပျက်ရန် ဖျက်ဆီးလိမ့်မည်ဖြစ်ပြီး ဤအကြမ်းဖက်လုပ်ငန်းစဉ်သည် အကြမ်းမဖက်ဆန့်ကျင်ရေးဝါဒကိုင်စွဲသူ နေအိမ်အကျယ်ချုပ်လည်းကျခံနေရသူ ဒေါ်အောင်ဆန်းကြည်နှင့် များစွာဆက်စပ်မှုရှိသည်ဟု စွပ်စွဲရေးသားထားသည့်ဆောင်းပါးတစောင်ကို စစ်အစိုးရပိုင် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

လေ့လာသူတဦးအမည်ဖြင့် ရေးသားထားသောဆောင်းပါးတွင် ပြီးခဲ့သည့်လက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်) အဖွဲ့ဝင်လူငယ်တဦးကို ဖောက်ခွဲရေးပစ္စည်းများနှင့် ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဤအကြမ်းဖက်သမားများသည် လူစည်ကားသောနေရာများတွင် ပြည်သူအားအထိတ်တလန့်ဖြစ်အောင် ရည်ရွယ်ဖောက်ခွဲရန်ကြံစည်ခြင်းဖြစ်လိမ့်မည်ဟုလည်း စွပ်စွဲရေးသားထားသည်။

ထိုဖောက်ခွဲရေးပစ္စည်းများနှင့် လာမည့်သင်္ကြန်ပွဲတော်ကို နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ မေလတွင်ကျင်းပမည့် ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲအား ဖျက်ဆီးရန်ဖြစ်သည်ဟူ၍လည်းကောင်း၊ အကြမ်းဖက်သမားများသည် ဒီမိုကရေစီလှုပ်ရှားမှုများကိုခုတုံးလုပ်ကာ ထကြွသောင်းကျန်းနေကြသည်ဟူ၍လည်းကောင်း ထိုဆောင်းပါးတွင် စွပ်စွဲရေးသားထားသည်။

အဖွဲ့ချုပ်၏ပြောခွင့်ရ ဦးဉာဏ်ဝင်းကမူ ထိုဆောင်းပါးနှင့်ပတ်သက်၍ သူ့အနေနှင့် မည်သည့်မှတ်ချက်မှမပေးလိုကြောင်း၊ သို့သော်လည်း သူ၏ပါတီမှ မည်သည့်အဖွဲ့ဝင်မှလည်း လက်နက်မှုဖြင့် အဖမ်းခံခဲ့ရခြင်းမရှိကြောင်း ပြောကြားသွားသည်။ ဆက်လက်၍ ဦးဉာဏ်ဝင်းက တရားရုံးတခုခုက သက်သေအထောက်အထား အခိုင်အလုံတင်ပြနိုင်ခြင်းမရှိဘဲ ဤသို့ အစိုးရပိုင်သတင်းစာမှနေ၍ ပုတ်ခတ်ရေးသားခြင်းသည် တရားမဝင်၊ ဥပဒေနှင့်လည်းမညီညွတ်ကြောင်း ဝေဖန်ပြောကြားသွားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အကြမ်းမဖက်သောနည်းဖြင့် နိုင်ငံရေးကို ပြောင်းလဲမြှင့်တင်ရေးကြိုးပမ်းနေသောပါတီဖြစ်သည်။ မြန်မာပြည်အတွင်းတွင် လွန်ခဲ့သောနှစ်များအတွင်းကလည်း အသေးစား ဗုံးပေါက်ကွဲမှုများဖြစ်ခဲ့ပြီး စစ်အုပ်စုက ထိုင်းနိုင်ငံအခြေစိုက်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းဆိုတိုက်ပွဲဝင်နေသော တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များကို အပြစ်ဖို့လေ့ရှိခဲ့သည်။

ပြည်ပနှင့်နယ်စပ်ဒေသရှိ နအဖစစ်အုပ်စုအားဆန့်ကျင်သောအဖွဲ့အစည်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နှင့် သံဃာတပ်ပေါင်းစုအပါအဝင် အတိုက်အခံများက ဆန့်ကျင်မဲပေးရန် ပြည်သူများအားတိုက်တွန်းနေချိန်တွင် ဤသို့စွပ်စွဲရေးသားလိုက်ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (အေဘီအက်စ်ဒီအက်ဖ်) ဥက္ကဋ္ဌ ကိုသံခဲက ''နအဖလမ်းပြမြေပုံရဲ့အဆင့်အားလုံးမှာ တိုက်ပွဲဝင်ဖို့ ကျနော်တို့တိုက်တွန်းခဲ့တာအမှန်ပါ။ လမ်းပြမြေပုံတို့ ဆန္ဒခံယူပွဲတို့ တဖက်သတ်လုပ်ဆောင်နေမှုကသာ တတိုင်းပြည်လုံး မတည်ငြိမ်မှုနဲ့ အုံကြွပေါက်ကွဲမှုဆီကို ဦးတည်နေတာဖြစ်တယ်။ စစ်အာဏာရှင်စနစ်ကို ပြည်သူ့ဆန္ဒမပါဘဲ အဓမ္မအသက်သွင်းနေတဲ့နအဖကသာ အဓိကတာဝန်အရှိဆုံးဖြစ်တယ်။ ဒါကြောင့် အခုလိုမျိုးစွပ်စွဲချက်တွေဟာ ကျနော်တို့ နိုင်ငံရေး၊ တော်လှန်ရေးအဖွဲ့အစည်းတွေကို ပုံဖျက်ဖို့ကြိုးစားနေတာသာဖြစ်တယ်''ဟု ပြောသည်။

ထိုဆောင်းပါးတွင် ၁၉၇၉ ခုနှစ်၊ သံလျှင် ရေနံချက်စက်ရုံဖောက်ခွဲမှု၊ ၂၀၀၅ ခုနှစ်၊ မေလ (၇) ရက်နေ့ နေရာသုံးနေရာ ပေါက်ကွဲမှုအပါအဝင် ဗုံးပေါက်ကွဲမှုအားလုံးသည် ပြည်ပရောက်အတိုက်အခံအဖွဲ့အစည်းများ လက်ချက်ဖြစ်ကြောင်း စွပ်စွဲရေးသားထားသည်။ ❖

# ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အစိုးရပုံစံ




*မှတ်ချက်။ ။ အထက်လွှတ်တော်အား (အမျိုးသားလွှတ်တော်)ဟု ခေါ်ဆိုပြီး၊ အောက်လွှတ်တော်အား (ပြည်သူ့လွှတ်တော်) ဟုခေါ်ဆိုသည်။ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ခုပေါင်းအား ပြည်ထောင်စုလွှတ်တော်ဟုလည်း ခေါ်ဆိုသည်။*

(၁) သမတသည် နိုင်ငံတော်အကြီးအကဲဖြစ်သည်။

(၂) သမတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး (N.D.S.C) ၏ အကြံပြုချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ကိုခန့်ရမည်။

(၃) သမတသည် ပြည်နယ်၊ တိုင်းဝန်ကြီးချုပ်များကို အမည်တင်သွင်းပြီး သက်ဆိုင်ရာလွှတ်တော်များ၏ သဘောတူညီမှုကိုယူရမည်။

(၄) သမတသည် နိုင်ငံတော်ငွေသုံးစွဲရေး ဥက္ကဋ္ဌဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည့် ပြည်ထောင်စုဘဏ္ဍာငွေ ခွဲဝေရေးကော်မတီ တရပ်ရှိမည်။

*သမတ၊ ဒုသမတ၏ အရည်အချင်းများ ...*

(က) လွှတ်တော်အမတ်ဖြစ်စရာမလို

(ခ) နိုင်ငံရေးအုပ်ချုပ်ရေး ၊ စီးပွားရေး၊ စစ်ရေး ကျွမ်းကျင်သူဖြစ်သူဖြစ်ရမည်။

(ဂ) အသက် (၄၅) နှစ်ထက်မငယ်ရ။ နိုင်ငံတွင်အနှစ် (၂၀) ဆက်တိုက်နေထိုင်သူဖြစ်ရမည် ။

❑ အခြေခံဥပဒေပြင်ဆင်ရေး

(၁) ပြည်သူ့လွှတ်တော် (လွှတ်တော်နှစ်ရပ်ပေါင်း) ၏ (၇၅) ရာခိုင်နှုန်း၏ ထောက်ခံမဲအဖြစ်ပြင်ဆင်နိုင်သည် ။

(၂) ပြင်ဆင်ရေးမူကြမ်းကို ၂၀% (၁၃၃) ဦး လက်မှတ်ထိုးမှ လက်ခံစဉ်းစားမည်။

❑ လွှတ်တော်အစည်းအဝေး

(၁) ကိုယ်စားလှယ်သုံးပုံတပုံတက်ရောက်လျှင် လွှတ်တော်အထမြောက်သည်။

❑ အကဲဖြတ်ချက်များ

(၁) သမတ

(၂) ဒုသမတ (၁)

(၃) ဒုသမတ (၂)

*သတိပြုရန် ။ ။ အထက်ပါ (၃) ဦးအနက် တဦးသည် စစ်ဘက်မှ သေချာဖြစ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ အခြား(၂) ဦးကိုလည်း စစ်ဘက်မှ (သို့ ) စစ်မှုထမ်းဟောင်းဖြစ်ရန် အရည်အချင်းသတ်မှတ်ချက်အရ ကန့်သတ်ထားပါသည်။ (အထက်ပါပုံနှင့် သမတ၊ ဒုသမတအရည်အချင်းကို ကြည့်ပါ)*

(၄) ကာကွယ်ရေးဦးစီးချုပ်

(၅) ဒုကာကွယ်ရေးဦးစီးချုပ်

*သတိပြုရန်။ ။ ကာကွယ်ရေးဌာနသည် နိုင်ငံ့ဥသျှောင်ဖြစ်သော သမတ၏လက်အောက်ခံဖြစ်ရမည်ဖြစ်သော်လည်း ယခုဖွဲ့စည်းပုံအရ ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကာကွယ်ရေးဌာနတခုလုံးသည် သီးခြားလွတ်လပ်နေသည်။*

(၆) ကာကွယ်ရေးဝန်ကြီး

(၇) ပြည်ထဲရေးဝန်ကြီး

(၈) နယ်စပ်ရေးရာဝန်းကြီး

*သတိပြုရန် ။ ။ အမှတ်စဉ် (၆) (၇) (၈) ဝန်ကြီးများကို ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်အပ်ပြီး အခြားဝန်ကြီးဌာနများကဲ့သို့ သမတ၏အုပ်ချုပ်မှုအောက်တွင် မရှိပါ၊ (ပုံကိုကြည့်ပါ)*

(၉) အထက်လွှတ်တော်

(၁၀) အောက်လွှတ်တော်

(၁၁) ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သောကိုယ်စားလှယ်များ

(၁၂) ဝန်ကြီးဌာနများ

(၁၃) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

*သတိပြုရန် ။ ။ အဆိုပါကောင်စီတွင် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ကတိုက်ရိုက်ခန့်အပ်သော စစ်ဘက်ကိုယ်စားလှယ် (၅) ဦး၊ သမတ၊ ဒုသမတ၊ လွှတ်တော် (၂) ရပ်မှ ဥက္ကဋ္ဌ (၂) ဦး၊ နိုင်ငံခြားရေးဝန်ကြီး၊ စုစုပေါင်း (၁၀) ဦးဖြင့် ဖွဲ့စည်းထားသည်။ (၁၁) ဦးအနက် အနည်းဆုံး (၆) ဦးသည် စစ်ဘက်မှဖြစ်ပြီး၊ ကျန် (၅) သည်လည်း အခြေအနေတရပ်တွင် စစ်ဘက်မှသာဖြစ်ရန် အခြေအနေများ ဖန်တီးထားပါသည်။*

(၁၄) နိုင်ငံခြားရေးဝန်ကြီး

(၁၅) နိုင်ငံတော်တရားသူကြီးချုပ်

သတိပြုရန် ။ ။ အာဏာသုံးရပ်အနက် တရားစီရင်ရေးအာဏာသည် သီးခြားလွတ်လပ်နေရမည်ဖြစ်သော်လည်း ယခုဖွဲ့စည်းပုံအရ နိုင်ငံတော်တရားသူကြီးချုပ်ကို သမတကဖြုတ်နိုင်၊ ခန့်နိုင်သည်။ ဆိုလိုသည်မှာ တရားစီးရင်ရေးဌာနကို သမတ၏လက်အောက်ခံသဘောထားရှိခြင်းဖြစ်သည်။ ပုံအရသမတ၏အာဏာကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ကန့်သတ်ထားပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ကိုလည်း ကာကွယ်ရေးဦးစီးချုပ်က ထိန်းချုပ်ထားသဖြင့်နိုင်ငံတော်တရားစီရင်ရေးစနစ်သည် ကာကွယ်ရေးဦးစီးချုပ်၏ လက်အောက်ခံအဖြစ် သဘောသက်ရောက်သည်။ (အမှတ်စဉ်–၁၃) ကိုကြည့်ပါ။

❑ ဖွဲ့စည်းပုံအခန်း (၁) အပိုဒ် (၂၀)

(ခ) တွင်လည်း တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) တွင် တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင်ပြည်သူတရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။

(င) တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

(စ) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်အဓိကတာဝန်ရှိသည်ဟု ဖော်ပြထားသည်။

သတိပြုရန်။ ။ အထက်ပါ အချက်များအရတပ်မတော်သည် တပ်တွင်းတရားစီရင်ရေးကို အပါအဝင်စစ်အသုံးစရိတ်၊ တပ်အင်အားစုဆောင်းမှု ၊တပ်နေရာချထားမှုစသောကိစ္စအားလုံးတွင် စိတ်တိုင်းကျလုပ်ဆောင်ခွင့်ပေးထားသည့်သဘောဖြစ်သည် ၊ မည်သည့်အခြေအနေတွင်မဆိုအပိုဒ်ခွဲ (င) နှင့် (စ) လုံးကို အကြောင်းပြကာ စစ်တပ်က အာဏာသိမ်းခွင့်အပ်နှင်းထားသည်။

❑ အခန်း(၁၁)

အရေးပေါ်ကာလပြဌာန်းချက်များတွင်လည်း သမတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတခုလုံး၏ အကြံပြုချက် (သို့) ကာကွယ်ရေးဦးစီးချုပ်၊ ဒုကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာနတို့၏ သဘောတူညီချက်ဖြင့် အရေးပေါ်အမိန့်ထုတ်ပြန်နိုင်သည်။

သတိပြုရန် ။ ။ အထက်ပါ အခြေအနေအရ သမတက အဓိကအကြံပြုချက်တောင်းခံရမည့်သူမှာ ကာကွယ်ရေးဦးစီးချုပ်ပင်ဖြစ်သည်။ သမတကိုယ်တိုင်နှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီတခုလုံးက သဘောမတူသည့် အခြေအနေတွင်လည်း ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် အခန်း (၁) အပုဒ် (၂၀) (င) နှင့် (စ) ကိုသုံးကာ အာဏာသိမ်းနိုင်ပါသည်။ ❖

## စစ်အာဏာရှင်ပြုတ်ကျရေးသည် ပြည်သူတရပ်လုံး၏ အဓိကနှင့် နောက်ဆုံးပန်းတိုင်ဖြစ်ကြောင်း စတေးခံမြေဩဇာအဖွဲ့က ပြည်သူသို့တပ်လှန့်ကြေညာ

ဧပြီလ (၈) ရက်နေ့စွဲဖြင့် ရေးသားထုတ်ပြန်လိုက်သော မြေဩဇာအဖွဲ့၏ ထုတ်ပြန်ချက်တွင် ပြည်သူသာ အမိ၊ ပြည်သူသာ အဖဖြစ်သည့်အလျောက် တပ်မတော်သားများအနေနှင့် မိဘနှင့်တူသော ပြည်သူ့ရင်ခွင်တွင်ခိုလှုံ၍ ပြည်သူ့ဘက်မှ မားမားရပ်တည်ပေးပါရန် နှိုးဆော်တိုက်တွန်းလိုက်သည်။

ထို့အတူ စစ်အာဏာရှင်တစု၏ လက်ကိုင်တုတ်သဖွယ်ဖြစ်နေသည့် တိုင်းသူပြည်သားများဖြစ်ကြသော ကြံ့ဖွံ့နှင့် စွမ်းအားရှင်တို့သည်လည်း စစ်အုပ်စု၏ အိမ်ကြက်ချင်းအိုးမည်းသုတ်၍ ခွပ်ခိုင်းသည့်လုပ်ရပ်ကို သဘောပေါက်နားလည်ကြရန်နှင့် ပြည်သူသည် ကြက်ငှက်တိရစ္ဆာန်များ မဟုတ်ကြကြောင်း ထို့ကြောင့် ပြည်သူလူထုနှင့် ပူးပေါင်းလက်တွဲပါရန် ဖိတ်ခေါ်ကြောင်းကိုလည်း ရေးသားဖော်ပြထားသည်။

လူထုတရပ်လုံးအတွက် စတေးခံမြေဩဇာဟု အမည်ခံထားသည့် ထိုလူငယ်များအဖွဲ့တွင် တော်လှန်ရေးအင်အားစုများ၊ ၂၀၀၇ မျိုးဆက်ကျောင်းသားများ၊ မြန်မာနိုင်ငံကျောင်းသားသမဂ္ဂ၊ မျိုးဆက်သစ်လူငယ်များအစည်းအရုံးနှင့် တက်ကြွသောလူငယ်အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ထားကြောင်းလည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

မြေဩဇာအဖွဲ့၏ ရည်ရွယ်ချက်သည် နအဖကကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအား ပြည်လုံးကျွတ်လူထုဆန္ဒပြပွဲအသွင်ကူးပြောင်း၍ ဆန့်ကျင်ကန့်ကွက်တိုက်ပွဲဝင်သွားရန်ဖြစ်ပြီး ပြည်သူတရပ်လုံးနှင့် အဖွဲ့အစည်းအသီးသီးအားလည်း ၎င်းတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းထားသည်။

❖

## စစ်အုပ်စု၏ မတရားဖိနှိပ်မှုများကို ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် (ဗကသ) ကြေညာ

ဧပြီလ (၄) ရက်၊ နေ့စွဲဖြင့်ထုတ်ပြန်သောကြေညာချက်တွင် လက်နက်အားကိုးဖြင့် ရေးဆွဲထားသောစစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပါက ပြည်သူလူထုက တခဲနက်ဝိုင်းဝန်း၍ ကန့်ကွက်မဲပေးကြပါရန် တိုက်တွန်းထားသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ လူတစုတဖွဲ့က လက်နက်အားကိုးဖြင့်ရေးဆွဲပြဋ္ဌာန်း၍ ရနိုင်သောအရာမဟုတ်၊ ပြည်ထောင်စုတမျိုးသားလုံး၏ သဘောဆန္ဒဖြင့် ညှိနှိုင်းရေးဆွဲမှသာလျှင် နိုင်ငံသူ၊ နိုင်ငံသားတို့၏အကျိုးစီးပွားနှင့် လွတ်လပ်လုံခြုံမှုကို အာမခံချက်ပေးနိုင်မည်ဖြစ်ပြီး ပြည်သူလူထုတရပ်လုံးက လေးစားလိုက်နာနိုင်မည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင်ဖော်ပြထားသည်။

နအဖစစ်အုပ်စုသည် အာဏာသိမ်းအစိုးရဖြစ်သည်။ တရားဝင်အစိုးရမဟုတ်၊ ထို့ကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန် အခွင့် အာဏာမရှိကြောင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်သူကရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသာ ပြည်သူ့ကိုယ်စား တရားဝင်ရေးဆွဲပိုင်ခွင့်ရှိကြောင်းတို့အား စစ်အစိုးရက ၎င်းတို့ကိုယ်တိုင်ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ် (၁/၉၀) အရလည်းအသိအမှတ်ပြု ဝန်ခံထားပြီးဖြစ်သည်ဟူ၍လည်း ပါရှိသည်။

ယခုအခါ စစ်အုပ်စုမှ တဖက်သတ်ရေးဆွဲပြီး အဓမ္မအတည်ပြုရန်ကြိုးစားနေသော ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာကြည့်ပါက ပြည်သူတို့အား သားစဉ်မြေးဆက် စစ်ကျွန်ပြုနိုင်ရေးနှင့်စစ်အာဏာရှင်စနစ် တရားဝင်သက်ဆိုးရှည်ရေးအတွက် အကွက်ချဖန်တီးထားသည်မှာ အထင်အရှားတွေ့မြင်နိုင်ကြောင်းကိုလည်း ဆက်လက်ဖော်ပြထားသည်။

ထို့ကြောင့် ကျောင်းသားထုအနေဖြင့် စစ်အစိုးရ၏ တဖက်သတ်ဖွဲ့စည်းပုံနှင့် အဓမ္မလူထုဆန္ဒခံယူပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်သည်ဟုလည်း ကြေညာချက်တွင်ပါရှိသည်။

မဟာမိတ်လူငယ်များ၊ ကျောင်းသားညီအကိုတော်များအားလုံးနှင့် ပူးပေါင်းလက်တွဲပြီး မိဘပြည်သူများ၏ အင်အားကိုရယူ၍ အခြေအနေ၊ အချိန်အခါ အဆင့်တိုင်းတွင် ကျောင်းသားလှုပ်ရှားမှုများ၊ လူထုလှုပ်ရှားမှုများကိုဖော်ဆောင်ပြီး ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။ ဗကသများအဖွဲ့ချုပ်က မိဘပြည်သူများအနေဖြင့်လည်း စစ်ဖွဲ့စည်းပုံနှင့် စစ်အုပ်စု၏ မတရားဖိနှိပ်ချုပ်ချယ်မှုများကို ဆန့်ကျင်ရှုံ့ချသောအားဖြင့် မဲရုံများသို့သွား



ရောက်ကန့်ကွက်မဲပေးကြပါရန်ကိုလည်း တိုက်တွန်းနှိုးဆော်ထားသည်။

"စစ်ကျွန်မခံ တို့တွန်းလှန်၊ ခွပ်ဒေါင်းအောင်လံ လွှင့်ကြစို့"ဟူသော တပ်လှန့်ကြွေးကြော်သံစာတန်းပါ ထိုကြေညာချက်တွင် ဗကသအဖွဲ့ချုပ်က နအဖစစ်အုပ်စု၏ ကလိန်ကျမှုများကို အထောက်အထားများရယူ၍ မိမိတို့အဖွဲ့နှင့်ဝိုင်းဝန်းလက်တွဲကူညီကြရန် တိုက်တွန်းထားပြီး ပြည်သူလူထုမှ ဆက်သွယ်ဆောင်ရွက်နိုင်မည့် အီးမေးလ်လိပ်စာကို ပေးထားသည်။

ကျောင်းသားအခွင့်အရေး ကာကွယ်ရေးနှင့်မြှင့်တင်ရေးကော်မတီ၏ ဆက်သွယ်ရန်လိပ်စာမှာ cppsr@gmail.com ဖြစ်သည်။

❖

## ဆန္ဒခံယူပွဲထောက်ခံရေးဇာတ်လမ်းများ မကြည့်ရန် မေတ္တာရပ်ခံသည့်နှိုးဆော်စာများ ရန်ကုန်မြို့တွင်းပျံ့နှံ့



မြန်မာနိုင်ငံအတွင်းထုတ်လွှင့်ပြသနေသည့် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားအစီအစဉ်များမှ ထုတ်လွှင့်သည့် ဆန္ဒခံယူပွဲထောက်ခံရေးပေါ်လစီကားများအား မကြည့်ရှုရန်နှိုးဆော်စာများ ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများအနီးတွင် ပျံ့နှံ့လျက်ရှိကြောင်းသိရသည်။

အဆိုပါနှိုးဆော်စာများတွင် နိုင်ငံကျော်ဒါရိုက်တာများဖြစ်ကြသည့် မောင်တင်ဦး၊ မီးပွား၊ မောင်မောင်ဦး (စန္ဒီးဗိုက်)၊ ခင်မောင်ဦး–စိုးသိန်းထွဋ်နှင့် နောင်ထွန်းလွင်–ညီထွန်းလွင်တို့မှ ဆန္ဒခံယူပွဲထောက်ခံရေးပေါ်လစီကားများရိုက်ကူးကာ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသချိန်တွင် အများပြည်သူလူထုမှ မကြည့်ကြပါရန် မေတ္တာရပ်ခံထားခြင်းဖြစ်သည်။

ထို့ပြင် ပြည်သူလူထု၏အားပေးထောက်ခံမှုဖြင့်ရပ်တည်နေကြရသည့် သရုပ်ဆောင်အနုပညာရှင်များအနေဖြင့်လည်း ပြည်သူလူထုနစ်နာစေမည့်လုပ်ရပ်မျိုးကို မလုပ်မိကြစေရန်နှင့် ပေါ်လစီကားများတွင် ပါဝင်သရုပ်မဆောင်ကြရေးကို အဆိုပါနှိုးဆော်စာတွင် မေတ္တာရပ်ခံထားသည်။

ရန်ကုန်မြို့ခံတဦးမှ ပြည်သူချစ်သောမင်းသား၊ မင်းသမီးများအနေဖြင့်လည်း ယခုကဲ့သို့ နအဖအလိုကျ ပေါ်လစီကားများတွင် သရုပ်ဆောင်ခိုင်းခြင်းများကို ငြင်းဆန်ပြီး ပြည်သူလူထုဘက်မှ ရပ်တည်သင့်သည်ဟု ပြောခဲ့သည်။

ယခုရိုက်မည့် ဝါဒဖြန့်ဇာတ်ကားများတွင် ဒါရိုက်တာမောင်တင်ဦးနှင့် ဒါရိုက်တာခင်မောင်ဦး– စိုးသိန်းထွဋ်တို့၏ ဇာတ်ကားများ ရိုက်ကူးပြီးစီးသွားပြီဖြစ်ပြီး ကျန်ဒါရိုက်တာများ၏ဇာတ်ကားကိုလည်း ၂၀၀၈ သင်္ကြန်မတိုင်မီအပြီးရိုက်ကူးရန် စီစဉ်ထားကြောင်း ရုပ်ရှင်လောကမှသတင်းများအရ သိရသည်။

ရုပ်ရှင်လောကသားများအတွင်း "နိုင်ငံတော်ကား"ဟုအမည်တွင်နေသည့် တပ်မတော်နေ့အထိမ်းအမှတ်၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းအထိမ်းအမှတ် အစရှိသည့် ဇာတ်ကားများအတွက်ရိုက်ကူးသည့်ဗွီဒီယို၊ ရုပ်ရှင်များတွင် သရုပ်ဆောင်များအနေဖြင့် စိတ်ဆန္ဒမပါသော်လည်း သရုပ်ဆောင်များထံ နာမည်တပ်လာလေ့ရှိပြီး သရုပ်ဆောင်မပေးပါက သရုပ်ဆောင်ခွင့် (၃) လ၊ (၆) လပိတ်မည်ဟု ဖိအားပေးခံရကြောင်း အမည်မဖော်လိုသူ ရုပ်ရှင်သရုပ်ဆောင်တဦးက ပြောခဲ့သည်။

လွန်ခဲ့သည့်နှစ်ကလည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းအပါအဝင် အမှုဆောင် (၁၀) ဦးကျော်တို့သည် ပြန်ကြားရေးဝန်ကြီး၏လက်အောက်တွင် တာဝန်မထမ်းဆောင်လိုတော့သည့်အတွက် တာဝန်မှနုတ်ထွက်ခဲ့ကြသည်။

❖

## အဖွဲ့ချုပ်အဖွဲ့ဝင်များမှ အခြေခံဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထုမှ ရှင်းလင်းသေချာစွာသိမြင်နိုင်ရန် ရှင်းလင်းရေးခရီးစဉ်များစတင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်) မှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြတ်ပြတ်သားသား ကန့်ကွက်မဲပေးကြရန် တိုက်တွန်းသောကြေညာချက်တစောင်ကို ထုတ်ပြန် လိုက်ပြီးနောက် ယခုအခါတွင် ပြည်သူကြားသို့ကွင်းဆင်း၍ ဥပဒေပါအကြောင်းအရာများအား ပြည်သူတို့ ရှင်းလင်းသေချာစွာ ရှုမြင်သုံးသပ်နိုင်ရေး ရှင်းလင်းပွဲများ စတင်နေပြီဖြစ်ကြောင်း ပြောခွင့်ရဦးဉာဏ်ဝင်းက ထုတ်ဖော်ပြောကြားလိုက်သည်။

"ကျနော်တို့အဖွဲ့ဝင်တွေက ပြည်သူတွေကြားသွားပြီး ရှင်းလင်းပြောဆိုတာတွေ လုပ်နေပါတယ်။ နောက်ထွက်လာမယ့် ဥပဒေတို့၊ မဲရုံစနစ်တို့ အားလုံးကိုသိရင် စဉ်ဆက်မပြတ်လေ့လာပြီးတော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပြီး အဖွဲ့ဝင်တွေဆီကိုပို့မယ်။ သူတို့က ပြည်သူတွေကြားမှာ သွားရောက်ရှင်းပြမယ်"ဟု ပြောဆိုခဲ့သည်။

အဖွဲ့ချုပ်သည် ဧပြီလ (၂) ရက်နေ့က နအဖ၏ဥပဒေမူကြမ်းသည် ပြည်သူကရွေးကောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲထားခြင်းမဟုတ်သဖြင့် ပြည်သူက ကန့်ကွက်မဲပေးကြပါရန် ကြေညာချက်တစောင်ထုတ်၍ ပြည်သူလူထုအား ပန်ကြားခဲ့ပြီးဖြစ်သည်။ ထို့နောက် ထုတ်ပြန်ချက်များကို လက်တွေ့အကောင်အထည်ဖော်သွားရန်အတွက် အစည်းအဝေးခေါ်ယူကာ လူငယ်အဖွဲ့ဝင်များက ၎င်းတို့၏ အစည်းဝေးဆုံးဖြတ်ချက်များကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ထားခဲ့ကြောင်းလည်းသိရသည်။

ထိုဆုံးဖြတ်ချက်များတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ဖော်ထုတ်နိုင်ရေး ဒီချုပ်လူငယ်များအနေနှင့် တရားဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် မည်သည့်အဖွဲ့နှင့်မဆို ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်သူတို့၏ဆန္ဒအစစ်အမှန်ကိုဖော်ထုတ်ရာတွင် မသမာမှု မတရားမှုများမပေါ်ပေါက်ရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့များဖွဲ့၍ ပြည်သူလူထုအား ကူညီသွားရေးတို့ပါဝင်ကြောင်းလည်းသိရသည်။

အဖွဲ့ချုပ်အဖွဲ့ဝင်လူငယ်တဦးက ဗဟိုမှထုတ်ပြန်သော ဆန္ဒခံယူပွဲနှင့်ပတ်သက်သည့် ကြေညာချက်များကို ပြည်သူလူထုထံသို့ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေသွားရန်လည်း လူငယ်များ၏ ဆုံးဖြတ်ချက်များတွင် ပါဝင်ကြောင်းပြောသည်။ ထိုသို့ဖြန့်ဝေခြင်းတွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့တွင် ပြဿနာအနည်းငယ်ရှိခဲ့ကြောင်း ဦးဉာဏ်ဝင်းက ပြောသည်။

"ကျနော်တို့ (၂) ရက်နေ့ကထုတ်တဲ့ စာရွက်စာတန်းတွေယူသွားတဲ့ကလေးကို သူတို့ဖမ်းခေါ်သွားတယ်။ လူကိုလွှတ်လိုက်တယ်။ စာရွက်စာတန်းတွေကို ယူသွားတယ်။ ကျနော်တို့စာရွက်စာတန်းတွေက တရားဝင်ထုတ်ပြန်ထားတာဖြစ်တဲ့အတွက် ပြန်ထုတ်ပေးဖို့ သူတို့ဆီကို စာတင်ထားတယ်" ဟု ဆက်လက်ပြောကြားသွားသည်။

မတ်လ (၃၁) ရက်နေ့ကလည်း အဖွဲ့ချုပ်အဖွဲ့ဝင်လူငယ် (၃) ဦးအပါအဝင် အခြားလူငယ်(၃) ဦး၊ စုစုပေါင်း (၆) ဦးကို အကြောင်းပြချက်တစုံတရာမပြောဘဲ နေအိမ်များမှ ဖမ်းဆီးသွားခဲ့သည်။ အဲန်အယ်လ်ဒီရုံးချုပ်ရှေ့တွင် တော်လှန်ရေးနေ့ကပြုလုပ်ခဲ့သော လူထုဆန္ဒခံယူပွဲအား ဆန့်ကျင်သည့်ဆန္ဒပြပွဲကြောင့်ဖြစ်နိုင်ကြောင်း ဦးဉာဏ်ဝင်းကပြောသည်။ ဆက်လက်၍ နအဖသည် အဲန်အယ်လ်ဒီပါတီဝင်များအပေါ် ဖိနှိပ်မှုများနှင့် ဥပဒေမဲ့တိုက်ခိုက်မှုများ ပိုမိုများပြားလာနေသည်ဟုလည်းပြောသည်။

"ဖမ်းဆီးနေတဲ့ အခြေအနေကလည်း မရပ်တန့်ဘူး။ နောက် အဲန်အယ်လ်ဒီအပေါ် တရားမဝင်တဲ့နည်းလမ်းနဲ့ လုပ်နေတာတွေလည်းပိုများလာနေတယ်။ ကျနော်တို့ပြောချင်တာက အာဏာပိုင်ဘက်မှာကို ဥပဒေမဲ့လုပ်ရပ်တွေရှိနေတယ်"ဟု ဆက်လက်ပြောကြားသွားခဲ့သည်။ နအဖစစ်အုပ်စုက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပျက်ပြားအောင်လုပ်သူအားထောင် ဒဏ် (၃) နှစ်ဖြစ်စေ၊ ငွေဒဏ် ကျပ် (၁) သိန်းဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်မည်ဟု ကြေညာထားပြီးဖြစ်သည်။ ❖

# ကျည်ကိုကာ၍ရနိုင်သော်လည်း

## သမိုင်းကိုကာ၍မရ

### ဦးအောင်စောဦးနှင့်တွေ့ဆုံမေးမြန်းခန်း



**ကျည်ကိုကာလို့ ရချင်ရပါလိမ့်မယ်။ သမိုင်းကိုတော့ ကာလို့မရပါဘူး။ ကြာကြာ လိမ်လို့မရပါဘူး။ သမိုင်းဆိုတဲ့ သမိုင်းထဲက ထွက်ပြေးလွတ်မြောက်လို့ မလွယ်ပါဘူး။ သမိုင်းဆိုတာ နောက်ကျသူကို အခွင့်အရေး ပေးရိုးထုံးစံမရှိပါဘူး။ လူဟာ ကိုယ့်သမိုင်း ကိုယ်ရေးကြရသူချည်းပါ၊ ဒါကြောင့်လည်း...**

*မေး ။ ။ ဦးအောင်စောဦးခင်ဗျား။ လာမယ့် ၂၀၀၈ ခုနှစ်၊ မေလမှာပြုလုပ်မယ့် ဖွဲ့စည်းပုံဥပဒေကို ပြည်သူလူထုက ဘယ်လို ရပ်တည်ပြီး ဘယ်လိုဆန္ဒပြုကြလိမ့်မယ်လို့ ထင်မြင်ယူဆပါသလဲ။*

ဖြေ ။ ။ စစ်အုပ်စုရဲ့ ဆန့်ကျင်ဘက်မှာ ရပ်တည်ပြီး ကန့်ကွက်မဲပေးကြလိမ့်မယ်လို့ ယူဆပါတယ်။ သမိုင်းကို ဖန်တီးတာ ပြည်သူလူထုဖြစ်ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲ ကာလတုန်းက ပြည်သူလူထုကြားမှာ သွားလာလှုပ်ရှားပြီး လူထုရဲ့ရင်ခုန်သံတွေ၊ လူထုရဲ့ နိုင်ငံရေးအကင်းပါးမှုတွေ၊ လူထုရဲ့ နိုင်ငံရေးရေချိန်မြင့်မားမှုတွေကို အနီးကပ်တွေ့ထိလေ့လာသိရှိခဲ့ရလို့ လူထုကိုယုံကြည်ပါတယ်။

ဒီကနေ့စစ်အုပ်စုဟာ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးရဲ့အခြေခံအခွင့်အရေးတွေ၊ အမျိုးသားတန်းတူရေးပြဿနာတွေ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြဿနာတွေကို အခြေခံအားဖြင့်ဖြေရှင်းပေးလိုစိတ်မရှိဘူးဆိုတာ လူမျိုးစုံ ပြည်သူလူထုကြီးတရပ်လုံးက သိထားကြတယ်။ လက်တွေ့မှာ ဖြေရှင်းပေးနိုင်တဲ့အနေအထားလည်းမရှိဘူး။ ဒါကြောင့် လူမျိုးစုံ ပြည်သူလူထုကြီးအနေနဲ့ သူတို့ရဲ့ ရသင့်ရထိုက်တဲ့ အခြေခံအခွင့်အရေးများ၊ စစ်မှန်တဲ့ အမျိုးသားအကျိုးစီးပွားတွေအတွက် အဆုံးအဖြတ်ကျမယ့် လုပ်ကိုင်ဆောင်ရွက်ချက်တွေကို တနေ့တချိန်မှာ မုချပြုလုပ်လာကြမှာ ဖြစ်ပါတယ်။

ဘယ်လောက်ပဲ အတားအဆီးတွေများပါစေ၊ မြန်မာပြည်ဟာပြောင်းလဲမှာ ဧကံမလွဲပါဘူး။ ပိုမိုကြီးကျယ် မြင့်မြတ်တဲ့ညီညွတ်မှု၊ တိုးတက်မှုနဲ့လွတ်မြောက်မှုဆီကို ဆက်လက်ချီတက်မှာ မလွဲပါဘူး။ အမှန်တရားရဲ့ တန်ခိုးအာနိသင်နဲ့ ပြည်သူလူထုကြီးရဲ့ မကုန်ခန်းနိုင်တဲ့ဘဝစွမ်းအားတို့ဟာ ဘယ်လိုရက်စက်ကြမ်းကြုတ်တဲ့ အကြမ်းဖက်အုပ်ချုပ်မှုထက်မဆို အစဉ်အမြဲ ပိုမိုအားကောင်းပြီး ပိုမိုစစ်မှန်ခြင်းလည်း ရှိပါတယ်။

ဒီကနေ့ ပြည်သူလူထုဟာ ၁၃၀၀ ပြည့်ခေတ်၊ မဆလခေတ်ကလူထုမဟုတ်ပါဘူး။ အရေးကြီးတာက လူထုကိုယုံကြည်ဖို့ပါပဲ။ လူထုကို မယုံကြည်ရင်၊ စော်ကားရင် ဘယ်လောက်ပဲ အစဉ်အလာရှိတယ်ဆိုတဲ့ လူ (ဝါ) အဖွဲ့အစည်းမဆို လူထုရဲ့စွန့်ပယ်ခြင်း၊ သမိုင်းရဲ့ဒဏ်ခတ်ခြင်းကို ခံသွားရတာပါပဲ။ တချိန်က လျှမ်းလျှမ်းတောက် အစဉ်အလာနိုင်ငံရေးသမားကြီးတဦးဟာ "လူထုဟာ ရေမအချောင်သမားကြီးဖြစ်တယ်၊ လူထု မဟုတ်ဘူး၊ လဒူဖြစ်တယ်"လို့ ပြောခဲ့ပြီးနောက် သူ့ရဲ့နိုင်ငံရေးဘဝဇာတ်သိမ်း ဘယ်လိုဖြစ်သွားခဲ့သလဲ။ ဒါကို သင်ခန်းစာယူဖို့ကောင်းပါတယ်။

*မေး။ ။ လက်ရှိအနေအထားမှာ လူထုအင်အားအရေအတွက်ကို ဘယ်လိုခန့်မှန်းတွက်ချက်ထားပါသလဲ။*

ဖြေ။ ။ မြန်မာနိုင်ငံဟာ စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံမဟုတ်ပါဘူး။ ခေတ်နောက်ကျတဲ့ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်ပါတယ်။ အဲဒီ နိုင်ငံဟာ သဘာဝသယံဇာတပစ္စည်း ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်တယ်လို့ ပြောစမှတ်ပြုခဲ့ကြတယ်။ မျက်မှောက်ထုတ်ပြန်ထားတဲ့ ကိန်းဂဏန်းများအရဆိုရင် မြန်မာနိုင်ငံမှာ လူဦးရေ (၅၄) သန်းရှိတယ်လို့ဆိုတယ်။ လူဦးရေရဲ့ (၈၀) ရာနှုန်းက လယ်သမားများဖြစ်တယ်ဆိုတော့ လယ်သမားဟာ (၄၃ ဒသမ ၂) သန်းရှိပါတယ်။ မြို့ပြမှာလူ (၁၁) သန်းခန့်ရှိပါတယ်။ မြို့ပြလူဦးရေရဲ့ (၇၀) ရာနှုန်းက အလုပ်သမားအမျိုးမျိုးနဲ့ မြို့နေဆင်းရဲသားများဆိုတော့ (၇ ဒသမ ၇) သန်းရှိပါတယ်။ မြို့ပြလူဦးရေရဲ့ (၂၀) ရာနှုန်းက မြို့နေအလတ်တန်းစားများဖြစ်တယ်လို့ဆိုပါတယ်။ စုစုပေါင်း (၂ ဒသမ ၂) သန်းခန့်ရှိပါတယ်။ ကျန်တဲ့လူဦးရေ (၁ ဒသမ ၁) သန်းက လုပ်ငန်းရှင်ကြီးများ (သို့) မြန်မာ့လူ့အဖွဲ့အစည်းကို စီးပွားရေး၊ နိုင်ငံရေးအရ ကိုယ်စားပြုထားကြတဲ့ အရင်းရှင်များပဲဖြစ်ပါတယ်။

ဒီစာရင်းအရ အကြမ်းပြောရရင် လူဦးရေရဲ့ သန်း(၅၀) ကျော်ဟာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ လူမျိုးရေးအရ ဒုက္ခပေါင်းစုံခံစားနေရတဲ့သူတွေဖြစ်တယ်ဆိုတာ တွေ့ရမယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ လူထုဆိုတာ သူတို့ပါပဲ။ လူထုအကျိုးဆိုတာ သူတို့အကျိုးလို့ရည်ရွယ်ပြီး ပြောတာပါပဲ။ နောက်သတိပြု သင့်တဲ့အချက်က လူဦးရေ (၅၄) သန်းအနက် လူမျိုးအရပြောရရင် အနည်းဆုံး (၅၀) ရာနှုန်းဖြစ်တဲ့ လူဦးရေ (၂၆) သန်းဟာ မျိုးနွယ်စုံတိုင်းရင်းသားပြည်သူများဖြစ်တယ်ဆိုတာပါပဲ။ သူတို့ဟာ မြန်မာနိုင်ငံရဲ့ ဝေးလံခေါင်ဖျားတဲ့၊ အလွန်ခေတ်နောက်ကျတဲ့ပထဝီဒေသများမှာချည်း နေထိုင်နေကြရပြီး ဘက်စုံခေတ်နောက်ကျမှုနဲ့ ဘက်စုံဖိနှိပ်မှုမျိုးစုံကို ခံစားနေကြရသူများဖြစ်တယ်။ သူတို့ဟာ အခြေခံအားဖြင့် လယ်သမားအတန်းအစားများပဲ ဖြစ်ကြတယ်။

*မေး ။ ။ ဟုတ်ကဲ့။ ဒါဆိုရင် အဲဒီလူထုကြီးထဲက ကြားအင်အားစုများက ဆန္ဒခံယူပွဲမှာ ထောက်ခံမဲပဲပေးကြလိမ့်မယ်။ ဒီတတိယ အင်အားစုတွေက ဖွဲ့စည်းပုံမရှိတာထက်စာရင် ရှိတာကပိုကောင်းတယ်။ (၇၅) ရာခိုင်နှုန်းပေးတာကို မယူလိုက်ရင် ကိုယ့်အခွင့်အရေးဆုံးရှုံးရာရောက်တယ်လို့ တချို့သောသုံးသပ်သူများက ခုတလောပြောဆိုနေကြပါတယ်။ ဒါကို ဘယ်လိုသဘောထားပါသလဲ။*

ဖြေ ။ ။ ဟုတ်ကဲ့။ ခွေးလှေးခုန်လို့ ဖုန်မထပါဘူး။ ခွေးဟောင်တိုင်းထကြည့်ရင် အိပ်ရေးပျက်ပါတယ်။ တရာနဲ့တယောက်ဟာ စာမဖွဲ့လောက်ပါဘူး။ အဲဒီ တတိယအင်အားစုဆိုတဲ့ကိစ္စကို နည်းနည်းပြောချင်ပါတယ်။ လက်ရှိ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးနဲ့ ဒီမိုကရေစီရေးတိုက်ပွဲဟာ ရှည်ကြာကွေ့ကောက်လွန်းတယ်။ ရှုပ်ထွေးလွန်းတယ်။ ဖိနှိပ်မှုကြီးတယ်။ ဒီလိုအခြေအနေမျိုးမှာ Third Force လို့ခေါ်တဲ့ တတိယနိုင်ငံရေးအင်အားစုတမျိုး ပေါ်ထွက်လာတတ်ပါတယ်။ အထူးသဖြင့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ လမ်းစဉ် မရေရာ မသေချာမှုများကနေ တတိယနိုင်ငံရေးအင်အားစု ဖြစ်ပေါ်လာတတ်တယ်။ တကယ်က တတိယနိုင်ငံရေးအင်အားစုဆိုတာဟာ ခဏတဖြုတ်ရှိတတ်တဲ့ နိုင်ငံရေးပုံစံတမျိုးပဲဖြစ်တယ်။

အဆုံးအဖြတ်အခန်းကိုရောက်လာတဲ့ အခါ တဖက်ဖက်မှာ နေရတာချည်းပဲ။ (၁)၊ တိုက်ပွဲထဲကထွက်။ (၂)၊ လူထုဘက်မှာနေ။ (၃)၊ ဒါမှမဟုတ် လူထုဆန့်ကျင်တဲ့ဘက်ကပေါင်း။ ဒါကလွဲပြီး တခြားရွေးစရာလမ်းမရှိပါဘူး။ တခါတရံမှာ ပုဂ္ဂိုလ်အစဉ်အလာရှိတဲ့ လူတချို့ဟာ သူတို့ရဲ့ထင်ပေါ်မှုများအကြောင်းကြောင်းကြောင့် ကျဆင်းသွားရတဲ့အတွက် နိုင်ငံရေးလုပ်ရေးဆန့်ကျင်ရေးနဲ့ တတိယအင်အားစုလိုင်းလို စည်းရုံးလှုံ့ဆော်မှုမျိုး စည်းရုံးတတ်ကြတယ်။ ကျနော်တဦးတည်းအနေနဲ့ကတော့ အဲဒီ တတိယအင်အားစုကို လုံးဝ (လုံးဝ) ဆန့်ကျင်ပါတယ်။

*မေး ။ ။ ဒီလိုဆိုရင် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးအင်အားစုများအတွင်း ညီညွတ်ရေးကို ဘယ်လိုတည်ဆောက်ကြမလဲ။*

ဖြေ။ ။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးအင်အားစုများအတွင်း ညီညွတ်ရေးနဲ့ ပတ်သက်လို့ ဆုပ်ကိုင်ထားသင့်တဲ့မူ (၃-၄) ချက်လောက်ရှိသင့်တယ်လို့ စဉ်းစားကြည့်သင့်ပါတယ်။

၁။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး နိုင်ငံရေးလမ်းကြောင်းကို မဆန့်ကျင်ဖို့။

၂။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး ဒီမိုကရေစီအင်အားစုများရဲ့ ညီညွတ်ရေးကို မဖြိုခွဲဖို့။

၃။ နိုင်ငံရေးဖြစ်စဉ်များအတွင်း လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာမှာ တူတာမှန်သမျှ တွဲလုပ်ဖို့၊ မတူတာမှန်သမျှ ခွဲလုပ်ဖို့၊ ဒီမိုကရေစီအင်အားစုများအချင်းချင်း ဖြောင်ဝေဖန်တိုက်ခိုက်တာမလုပ်ဖို့၊ ညီညွတ်ရေးဖြစ်စေတဲ့စေတနာပေါ်မှာ အတွင်းမှာ ဆွေးနွေးဝေဖန်ကြဖို့။

၄။ တဦးတယောက်၊ တစုတဖွဲ့ အကျိုးအတွက် စစ်အာဏာရှင်စနစ်နဲ့ ဘယ်လိုအပေးအယူမျိုးမှမလုပ်ဖို့ စတဲ့အချက်တွေဟာ ညီညွတ်ရေးအတွက် အခြေခံမူများဖြစ်တယ်လို့ မြင်ပါတယ်။ ဒီအချက်များနဲ့ ဆန့်ကျင်တဲ့ နိုင်ငံရေး၊ စည်းရုံးရေးပြုမူဆောင်ရွက်ချက်များဟာ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးကိုထိခိုက်နစ်နာစေမှာဖြစ်တယ်။ အနည်းဆုံး နိုင်ငံရေး၊ စည်းရုံးရေး ရှုပ်ထွေးမှုများကို ငြင်းခုံကြရမှာဖြစ်တယ်။

သတိပြုသင့်တဲ့ကိစ္စတခု ရှိပါတယ်။ ကျယ်ဝန်းတဲ့နိုင်ငံရေးနယ်ပယ်ကြီးတခုလုံးကို ကြည့်ရင်နိုင်ငံရေးဟာ ကွဲတတ်တဲ့သဘာဝရှိကြောင်း သတိပြုသင့်တယ်။ ကွဲရတာ၊ ခွဲရတာမှန်သမျှ လူထုအကျိုးပေါ်မှာကြည့်ရမယ်။ ကွဲရတာဖြစ်ဖြစ်၊ ခွဲရတာဖြစ်ဖြစ် လူထုအကျိုးအတွက်ဖြစ်တယ်ဆိုရင် သတ္တိရှိရှိ ဆောင်ရွက်ဖို့ပဲ။ လူထုအကျိုးနဲ့ ဆန့်ကျင်နေတယ်ဆိုရင် ကွဲအောင်လုပ်တဲ့လူ၊ ခွဲတဲ့သူဟာ သမိုင်းတရားခံဖြစ်တတ်တယ်။ ညီညွတ်ရေးရဲ့စံဟာ လူထုအကျိုးပဲဆိုတာတွေ့ရမယ်။ တဦးတယောက်၊ တစုတဖွဲ့အကျိုးအတွက် ကွဲတာ၊ ခွဲတာလုပ်ရင် လုပ်တဲ့သူ၊ လုပ်တဲ့အဖွဲ့အစည်း လုပ်တဲ့ပေါ်လစီက တာဝန်ယူရမှာပဲဖြစ်တယ်။

*မေး။ ။ လက်ရှိစစ်အာဏာရှင် ဗိုလ်ချုပ်ကြီးများအပေါ် ဘယ်လိုသဘောထားပါသလဲ။*

ဖြေ။ ။ ဒါကတော့ရှင်းပါတယ်။ ရှေးရှေးက ကမ္ဘာ့အာဏာရှင်ကြီးများရဲ့လမ်းကြောင်းအတိုင်း သူ့တရားသူစီရင်ပါလိမ့်မယ်။

ဟစ်တလာဟာ သူ့အလောင်းကောင်ကြီးကို မထားဝံ့ခဲ့ပါဘူး။ သူ့ဇနီးသည်၊ ယုတ်စွအဆုံး သူ့ခွေးကြီးကိုတောင် မထားခဲ့ပါဘူး။ ဒါဟစ်တလာ့အလောင်းကောင်ကြီး၊ ဒါဟစ်တလာမိန်းမ၊ ဒါဟစ်တလာ့ခွေး၊ ကမ္ဘာ့ပြည်သူတွေရဲ့အမုန်းဒဏ်ဘေးက ကင်းဝေးစေတဲ့ တခြားနည်းလမ်းတခုခု ရှာမတွေ့နိုင်အောင် သူအသေခက်ခဲ့တယ်။ သူသိပ်ချစ်တဲ့ မိန်းမနဲ့ခွေးကို သူသတ်ပစ်၊ သူ့ကိုယ်ကို ပစ်သတ်၊ သူတို့ကို ဓာတ်ဆီလောင်းမီးရှို့ပြီး အရိုးပြာတွေကိုပါ ဖျောက်ဖျက်ပစ်ဖို့ သူမှာခဲ့တယ်။ သူစီစဉ်ခဲ့တဲ့အတိုင်း ဟစ်တလာ သေမသေ ပဟေဠိဖြစ်ကျန်လို့ကော စစ်ရာဇဝတ်ကောင်ဟစ်တလာနဲ့ သူ့အပေါင်းအပါတွေ သမိုင်းစာမျက်နှာထဲက ထွက်ပြေးလွတ်မြောက်နိုင်ခဲ့လို့လား။

ရူမေးနီးယား ချောင်ချက်စကူ၊ ဖိလစ်ပိုင် မားကို့စ်၊ အင်ဒိုနီးရှား ဆူဟာတို၊ တောင်ကိုရီးယား နိုတေဟူးချွန်ဒူးဝှမ်တို့ ဘယ်လိုဘဝဇာတ်သိမ်းခဲ့ကြပါသလဲ။

ကျည်ကိုကာလို့ ရချင်ရပါလိမ့်မယ်။ သမိုင်းကိုတော့ ကာလို့မရပါဘူး။ ကြာကြာ လိမ်လို့မရပါဘူး။ သမိုင်းဆိုတဲ့ သမိုင်းထဲက ထွက်ပြေးလွတ်မြောက်လို့ မလွယ်ပါဘူး။ သမိုင်းဆိုတာ နောက်ကျသူကို အခွင့်အရေး ပေးရိုးထုံးစံမရှိပါဘူး။ လူဟာ ကိုယ့်သမိုင်း ကိုယ်ရေးကြရသူချည်းပါ။ ဒါကြောင့်လည်း 'ဘယ်သူမပြု မိမိမှု'လို့ ပြောဆိုကြတာပါ။ ကိုယ့်သမိုင်းကို အကောင်းရေးသလား၊ အဆိုးရေးသလား၊ ကိုယ်ကိုယ်တိုင်ရေးတဲ့သမိုင်းကို ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်ဆွေစဉ်မျိုးဆက် ဖတ်ရကြဖို့အရေးကြီးပါတယ်။ ဆွေစဉ်မျိုးဆက် မျက်နှာမငယ်ကြဖို့ အရေးကြီးပါတယ်။ မမှားသော ရှေ့နေ၊ မသေသော ဆေးသမားစကားလို လူဆိုတာ မှားတတ်ကြပါတယ်။ အမှားကို မြင်ဖို့၊ ပြင်ဖို့လည်း လိုပါတယ်။ ပျက်အစဉ် ပြင်ခဏပါ။ ဒီကနေ့ နအဖ စစ်ဗိုလ်ချုပ်ကြီးများအနေနဲ့ ပြုပြင်ပြောင်းလဲမယ်ဆိုရင် အခုအချိန်ဟာ အကောင်းဆုံးပါ။ မျိုးဆက်သစ်များကို စစ်အာဏာရှင်စနစ်ဆိုးအမွေကို မပေးခဲ့မိကြဖို့ အလွန်အရေးကြီးပါတယ်လို့ပဲ ပြောချင်ပါတယ်။

စာမျက်နှာ (၂၆) ကော်လံ (၄) သို့ ...

ယာတောကသာပြော

# အဝေးကပေးစာတစောင်

> ကျနော်က အဲဒီတုန်းကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တဖွဲ့နဲ့အတူနေ၊ အတူစား၊ အတူလှုပ်ရှားနေတာဆိုတော့ ရွာတကာလှည့်ပြီး မြို့နယ်အလုပ်တွေလုပ်ကြတာပေါ့ဗျာ။ အဲဒီကျနော်တို့ရဲ့အဖွဲ့မှာ သေနတ်လိုပဲ မပါမဖြစ် ပါလေ့ရှိတာက ကက်ဆက်နဲ့ ကက်ဆက်ခွေတွေပဲဗျ။ သူတို့က ဒေသခံလူထု၊ အထူးသဖြင့် လူငယ်ပိုင်းတွေနဲ့စကားပြောပြီးရင် ကက်ဆက်လေးဖွင့်၊ ထွေရာလေးပါး ပြောကြတာပေါ့ဗျာ။



ကိုဟိုဒင်းရေ ….

စိုင်းထီးဆိုင်တယောက် ဆုံးရှာပြန်ပါရော့လားဗျာ။ တနေ့ကပဲ ကျနော်နဲ့မိတ်ဆွေတယောက်နဲ့ အီးမေးလ်အပြန်အလှန်ရေးကြရင်း တကယ့်ဂီတအနုပညာသည်စစ်စစ်ဖြစ်တဲ့သူက ဂီတလုလင်မောင်ကိုကို ဆုံးသွားတာ ဘယ်သူမှဂုဏ်ပြုစာမရေးကြဘူး။ ပြည်တွင်းမှာလည်း မရေးကြဘူးလို့ ဝမ်းနည်းဒေါသနဲ့ပြောပါတယ်။ ကျနော်ကလည်း သူ့ခံစားမှုကိုကိုယ်ချင်းစာမိတာနဲ့ ငိုင်ကျသွားမိတယ်။ ဟုတ်တယ်ဗျာ။ သူနဲ့မတိမ်းမယိမ်း ကွယ်လွန်ကြတဲ့ အေဝမ်းစိုးမြင့်၊ ကိုလေးညွန့် စသဖြင့် အစားထိုးမရတဲ့ပညာရှင်တွေထဲမှာဖြတ်သန်းရတဲ့ ကာလကပိုများတဲ့ဥစ္စာ။ ဒီလိုနဲ့ တခါတော့ခင်ဗျားတို့သိကြတဲ့အတိုင်း ပစ္စန္တရစ်အရပ်မှာ ကျနော် ကာလတခုသွားနေလိုက်ရတယ်။ အဲဒီကပြန်ရောက်လာတော့ အင်းစိန်ထောင်ထဲရောက်တယ်။ အဲဒီအချိန်ကျမှ ခေတ်ပေါ်စတီရီယိုတေးတွေကိုကြားရတာကိုးဗျ။ ထောင်ပြင်ကနေ လွင့်ပျံ့လာတဲ့ လေဝ်သံတွေကပေါ့။ ကျနော်ဖြင့် ဟာ …. ငါ့နားများ မှားတာလား။ ဘာသာခြားသီချင်းတွေလွှင့်နေတာလား။ ဂီတကလည်း ဆန်းချင်တိုင်းဆန်း၊ စာသားတွေကလည်း မပီပဲကိုးဗျ။ ယဉ်ကျေးမှုချင်းဆောင့်မိတာလို့ ဆိုရမလားမသိပါဘူး။ ခေါင်းကိုချာလပတ်ဆိုင်နဲ့ စိုင်းမော်ဝ်တို့ရဲ့သီချင်းတွေ ဖွင့်ခိုင်းကြတာပဲ။ လားရှိုးသိန်းအောင်တို့ ဘာတို့လည်း ကြိုက်ကြပါရဲ့။ ဒါပေမယ့် ဒီနှစ်ယောက်၊ အထူးသဖြင့် စိုင်းထီးဆိုင်လောက် ပေါ်ပြူလာဖြစ်တာ ဘယ်သူ့မှမတွေ့ရပေါင်ဗျာ။

ပအို့အမျိုးသားတွေမှာ အပျိုလည်တယ်ဆိုတဲ့ ဓလေ့ရှိတာကိုးဗျ။ အပျိုလည်တယ်ဆိုတာ ထူးထူးခြားခြားတော့မဟုတ်ပါဘူး။ တနေ့လုံး သနပ်ဖက်ခြံ၊ ကြက်သွန်ခင်းထဲမှာ အလုပ်လုပ်ကြပြီးတဲ့နောက် ညမှာ အပျိုလေးတွေရှိတဲ့အိမ်တွေကိုသွားပြီး မီးဖိုရှေ့မှာ ထိုင်၊ လေကန်ကြတာကိုးဗျ။ မီးဖိုဆိုတာက အိမ်ရဲ့အဓိကအခန်း၊ ဧည့်ခန်းကြီးထဲမှာ ရှိလိုညတွေမှာ ဖွင့်တဲ့သီချင်းတွေကတော့ စိုင်းထီးစိုင်၊ စိုင်းမောဝ်တို့ရဲ့ဟာတွေပေါ့ဗျ။

ကျနော်က၊ အဲဒီတုန်းကတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တဖွဲ့နဲ့အတူနေ၊ အတူစား၊ အတူလှုပ်ရှားနေတာဆိုတော့ ရွာတကာလှည့်ပြီး မြို့နယ်အလုပ်တွေ လုပ်ကြတာပေါ့ဗျာ။ အဲဒီကျနော်တို့ရဲ့အဖွဲ့မှာ သေနတ်လိုပဲ မပါမဖြစ် ပါလေ့ရှိတာက ကက်ဆက်နဲ့ကက်ဆက်ခွေတွေပဲဗျ။ သူတို့က ဒေသခံလူထု၊ အထူးသဖြင့် လူငယ်ပိုင်းတွေနဲ့စကားပြောပြီးရင် ကက်ဆက်လေးဖွင့်၊ ထွေရာလေးပါး ပြောကြတာပေါ့ဗျာ။ ဒီအခါမှာ ကာလသားတွေက ဘာသီချင်းရှိသလား၊ ဘယ်သီချင်းကွယ်လွန်တာဟာလည်း တကယ့်ကို ဝမ်းနည်းစရာပဲ။ ကျနော့်ခေါင်းထဲမှာ (ရင်ထဲမှာလို့လည်းဆိုနိုင်ပါတယ်) သူတို့ကို ဂုဏ်ပြုတဲ့ ဆောင်းပါးလေးတစောင်လောက် ရေးချင်လိုက်တာလို့ပေါ်ပါတယ်။ ဒါပေမယ့် ကိုယ်က သူတို့အကြောင်းကို သူများတကာထက် ပိုသိတာလည်းမဟုတ်၊ သူတို့ပညာကိုလည်း လိုက်မီတာမဟုတ်ပဲနဲ့၊ ရေးလိုက်ပါမှ ယောအတွင်းဝန်ဦးဘိုးလှိုင်ရဲ့စာကို တောကချီးကျူးတာမျိုးဖြစ်နေမှာစိုးလို့ မရေးခဲ့ဘူးလို့ အဲဒီမိတ်ဆွေကို ပြန်ပြောလိုက်မိပါတယ်။ အခုတော့ သူတို့နောက်ကို ထက်မြက်တဲ့ ဂီတာပညာရှင်နောက်တယောက် လိုက်သွားပါပြန်ကောလားဗျာ။

သူကွယ်လွန်တဲ့သတင်းကို ကြေညာပြီးနောက် ရေဒီယိုတွေကနေသူ့ရဲ့ ‘နေရစ်တော့ကွယ်၊ သွားတော့မယ်’ဆိုတဲ့ သီချင်းလေးဖွင့်ပေးတော့ ကျနော့်ဖြင့်မျက်ရည်ကျလုတဲတဲငေးနေမိ၊ ပြန်သတိရနေမိတယ်။ သတိရဆိုကျနော့်ဘဝရဲ့ အကြီးမားဆုံးအပြောင်းအလဲကြီးတခုဖြစ်ပေါ်နေတုန်းမှာ ကျနော့်ရဲ့ဘဝအတွင်းဝင်ရောက်လာတဲ့ သီချင်းများနဲ့တေးသံရှင်ပေကိုး။ ဘယ်လိုမှ မေ့မရတဲ့နေ့ရက်များနဲ့ မေ့မရတဲ့သီချင်းများလေ။ လွန်ခဲ့တဲ့အနှစ် (၃၀) ကျော်က ….။

ခင်ဗျားလည်းသိတဲ့အတိုင်းပဲ ကျနော့်လူငယ်ဘဝဟာ သာမန်လူ့လောကမှာ တယ်ပြီးနေရတာမှမဟုတ်တာ။ ထောင်ထဲနဲ့ တောလည် ရမ်းသွားတာပဲ။ အဲဒီနောက် အိမ်ပြန်ရောက်မှ နှမနဲ့ညီကိုမေးကြည့်ပြီး သူတို့ပြောပြလို့သိရတယ်။ အော် …. ဒါစတီရီယိုတေးဆိုတာတဲ့လားပေါ့။ နို့ပေမဲ့ကိုယ့်နားနဲ့စိမ်းလွန်းလို့ ကျနော်က အလှမ်းဝေးဝေးမှာပဲနေလိုက်မိတယ်။ တပုဒ်မှစိတ်မဝင်စားခဲ့ဘူး။ ဒါပေမယ့် အဲဒီအထဲမှာ ထူးထူးခြားခြားချွန်ထွက်နေတဲ့ သီချင်းတပုဒ်ကိုတော့ သတိထားလိုက်မိတယ်။ အဲဒါက မနက်ကနေ နေဝင်အထိဆိုရမလောက်နီးပါး ကြားနေရတဲ့သီချင်းက “မန္တလေးရောက်ရှမ်းကလေးတယောက်”ဆိုတဲ့သီချင်း။

အဲဒီနောက်တော့ ကျနော် အိမ်ကိုစွန့်ခွာရရော။ မိဘမောင်နှမနဲ့ ဆွေမျိုးမိတ်ဆွေတွေကို ခွဲခွာရရော။ ရှမ်းပြည်နယ်က တောင်တန်းတွေပေါ်ရောက်သွားတယ်။ ရှမ်း၊ ပအို့၊ တောင်သူ၊ လီရှော၊ အင်းသား၊ ဓနု စတာတွေ နေထိုင်တဲ့တောင်တန်းတွေ၊ လွင်ပြင်တွေမှာပေါ့ဗျာ။ အိုးစည်သံ၊ လင်းကွင်းသံတွေမြိုင်လှတဲ့၊ အဲ ….မဟုတ်ဘူးဗျ။ အိုးစည်သံ၊ လင်းကွင်းသံဆိုတာက ပွဲလမ်းကျမှ ကြားရတာ။ ဝါတွင်းဆွမ်းကပ်ဖို့ အဖိတ်နေ့မှာလည်းကြားရတယ်။ ကျန်တဲ့အချိန်တွေမှာတော့ အများဆုံးကြားရတာဟာ စိုင်းထီးဆိုင်နဲ့ စိုင်းမော်ဝ်တို့ရဲ့သီချင်းတွေပဲဗျို့။ ဘယ်နေရာရောက်ရောက်၊ ဘယ်လူမျိုးတွေ အကြားရောက်ရောက် ကာလသား၊ ကာလသမီးတွေဟာ ကက်ဆက်ပါလာသူကို စိုင်းထီးတာပါ။ နောက်ပြီး ကာလသားနဲ့ကာလသမီးတယောက်ချင်းစကားပြောတာမျိုး မဟုတ်ပါဘူး။ အိမ်ရှင်အပျိုက လာသမျှကာလသားကို ဧည့်ခံစကားပြောရတာပါ။ ပြောတာကတဖက်ကအလုပ်လုပ်ရင်း ပြောတာပါ။ ဥပမာကြက်သွန်ချိန်ဆိုရင် ကြက်သွန်မျိုးတွေကိုစိုက်ဖို့အတွက် ဥတွေကနေ အမြှောင်းတွေအဖြစ်ချွေကြရတယ်။ အိမ်ရှင်မိန်းကလေးက သူ့အိမ်က မျိုးတွေကိုချွေ၊ လာတဲ့ကာလသားတွေကလည်း ကိုယ်ယူလာတဲ့ ကိုယ့်အိမ်ကကြက်သွန်မျိုးတွေကိုချွေ၊ အဲဒီလိုလေကန်ကြတာပဲဗျ။ အဲ …. ထူးခြားတဲ့ထုံးစံတခုက ကာလသားတွေက ကောင်မလေးတွေကို နင်ငါ့ကိုကြိုက်သလားလို့မေးရင် ကြိုက်တယ်လို့ပြန်ဖြေရတယ်ဗျ။ မကြိုက်ဘူးလို့ မဖြေရဘူး။ ဒါပေမယ့် ဒီလိုစကားဝိုင်းမှာပြောတာကို ဘယ်သူမှအတည်မယူရဘူးလေ။ သူတို့ထုံးစံပဲ။ ခုနကပြောနေတာနဲ့ပြန်ဆက်ရရင် အဲဒီလိုအပျိုလည်ကြရာမှာ တတ်နိုင် တဲ့ကာလသားများက ကက်ဆက်လေးတွေ သယ်သွားကြတာကိုးဗျ။ ပြီးမှ အပျို့ရှေ့မှာဖွင့်ပြနားထောင်ကြ၊ ထင်မြင်ချက်ပေးကြပေါ့လေ။ ဒါကြောင့် သူတို့ရဲ့ကြက်သွန်ထည့် တဲ့ပလိုင်းတွေထဲမှာ ကက်ဆက်ခွေတွေနဲ့ ဓာတ်ခဲအသစ်အဟောင်း၊ တပတ်ရစ်၊ ဓာတ်ခဲမျိုးစုံပါလာတတ်သဗျ။ လက်တဖက်မှာတော့ လက်နှိပ်ဓာတ်မီးပေါ့ဗျာ။ မိုးရွာရွာ၊ နှင်းကျကျအဲဒီစတိုင်က မပျောက်ဘူးဗျ။ အဲဒီလေးဖွင့်ပါဦး စသဖြင့်ပြောကြ၊ တောင်းဆိုကြတာ၊ စိုင်းထီးဆိုင်နဲ့စိုင်းမော်ဝ်တို့ရဲ့ သီချင်းတွေချည်းပဲ။ နောက်ပြီးကျနော်တို့တတွေ တတောင်ကနေ တတောင်၊ တရွာကနေတရွာ သွားကြတော့လည်း လက်ထဲပါလာတဲ့ကက်ဆက်က သူတို့သီချင်းတွေပဲ ထွက်နေတာကိုးဗျ။ ဒါကြောင့် ကျနော့်အဖို့ ရှမ်းပြည်နယ်က ဒီတော၊ ဒီတောင်၊ ဒီမြောင်၊ ဒီစမ်းတွေနဲ့ ဒီသီချင်းတွေဟာ ခွဲလို့မရဘူးဖြစ်သွားတယ်။ လှေစီးရင်း၊ မြင်းစီးရင်း ဒီသီချင်းတွေနဲ့လွင့်မျောခဲ့ရတဲ့ နေ့ရက်တွေကို ဘယ်တော့မှမမေ့ပါဘူး။ တခါတလေကိုယ်က သူတို့စကားနားမလည်လို့ ကိုယ့်ကိုရွာထဲက အိမ်တအိမ်မှာ သေနတ်တလက်၊ ကက်ဆက်တလုံးနဲ့ထားခဲ့တာမျိုးတွေလည်းရှိတယ်။ ကက်ဆက်နဲ့ထားခဲ့တယ်ဆိုတာထက် ထီးဆိုင်တို့စိုင်းမောဝ်တို့နဲ့ထားခဲ့တယ်ဆိုရင် ပိုမှန်မယ်ထင်ပါတယ်ဗျာ။

ကျနော် အဲဒီနေရာတွေကိုခွာရတဲ့အခါမှာ သူတို့သီချင်းတွေခေါင်းထဲရင်ထဲမှာ စွဲကပ်ပြီးပါလာတာပေါ့။ အဲဒါလည်း ကြာသွားပြီ။

အခုတော့ကျနော့်လက်ထဲမှာ သေနတ်မရှိတော့ဘူး။ ရင်ထဲမှာ စိုင်းထီးဆိုင်ရဲ့သီချင်းတွေတော့ရှိနေတယ် ….။

ယာတောကသာပြော
❖

## ၈၈ မျိုးဆက်ကျောင်းသားများ၏ ရင်ဖွင့်လွှာလှုပ်ရှားမှုဆက်လက်ရှင်သန်နေဆဲ

ရန်ကုန်မြို့အခြေစိုက် (၈၈) မျိုးဆက်ကျောင်းသားများက ပြည်သူတို့ခံစားနေရသောပြဿနာများ၊ ထိခိုက်နစ်နာမှုများအား စုစည်းမှတ်တမ်းပြုခဲ့ပြီး ဧပြီလ (၃) ရက်နေ့စွဲဖြင့် လူ့အခွင့်အရေးအစီရင်ခံစာတစောင်ထုတ်ပြန်လိုက်သည်။

ရင်ဖွင့်လွှာလှုပ်ရှားမှုကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း နိုင်ငံအနှံ့တွင်ပြုလုပ်ခဲ့ကြပြီးနောက် ရရှိခဲ့သောစာများ၊ အဖြစ်အပျက်များကို စုစည်းမှတ်တမ်းတင်ကာ ရင်ဖွင့်လွှာအစီရင်ခံစာကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ စာမျက်နှာ (၆၀) ကျော်ပါသော ဤအစီရင်ခံစာကို စစ်အုပ်စုလက်မှ ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်သော (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုထွန်းမြင့်အောင်၊ ကိုစိုးထွန်းနှင့်မနီလာသိန်းတို့က လက်မှတ်များရေးထိုး ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ဤအစီရင်ခံစာ၏ရည်ရွယ်ချက်များမှာ အာဏာပိုင်များ၏ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို မှတ်တမ်းပြုစုထားခြင်းအားဖြင့် အနာဂတ်တွင် တရားသဖြင့်စီရင်ဆုံးဖြတ်ပြီး ကုစားပေးနိုင်ရန်၊ ပြည်သူများအပေါ် ကျူးလွန်ဖောက်ဖျက်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် ဥပဒေကြောင်းအရ ငြိစွန်းမှုမရှိဟု စစ်အာဏာရှင်အစဉ်အဆက်က ထင်မြင်ယူဆချက်များသည်လည်း မှားယွင်းမှုများဖြစ်ကြောင်းထောက်ပြနိုင်စေရန်၊ မြန်မာနိုင်ငံမှ လူ့အခွင့်အရေးပြဿနာများကို ကမ္ဘာကသိပြီး အမြန်ဆုံးကူညီဖြေရှင်းပေးနိုင်ရန်နှင့် ထိခိုက်နစ်နာနေကြသောပြည်သူများ၏ နိုင်ငံရေး၊ လူမှုရေးဒုက္ခများ ခံစားနေရခြင်းကို (၈၈) မျိုးဆက်ကျောင်းသားများမှ အလေးအနက်ထားလေးစားကြောင်းကိုလည်း ပြသခြင်းဖြစ်သည်ဟုသိရသည်။

မြန်မာပြည်သူများ၏ နေ့စဉ်နစ်နာဆုံးရှုံးမှုနှင့် အခက်အခဲအကျပ်အတည်းများပါဝင်သောစာပေါင်း (၂,၆၀၀) ကျော်ကို လက်ခံရရှိခဲ့ပြီး ကုန်ဈေးနှုန်းကြီးမားမှုမှာ (၅၄) ရာခိုင်နှုန်း၊ အာဏာပိုင်များ၏ အဂတိလိုက်စားမှုက (၈) ရာခိုင်နှုန်း၊ လူအခွင့်အရေးပြင်းပြင်းထန်ထန်ချိုးဖောက်မှုက (၁၃) ရာခိုင်နှုန်းနှင့် နိုင်ငံရေးဖိနှိပ်မှုက (၂၀) ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။

ပြည်သူများ၏နစ်နာမှုများကို အမျိုးအစားအလိုက်ဖော်ပြရာတွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု (၉၀) ကျော်၊ အတင်းအကျပ်နေရာဒေသများရွှေ့ပြောင်းခံရမှု (၉) မှု၊ ကလေးစစ်သားအသုံးပြုမှု (၂) မှု၊ အတင်းအကျပ်အလုပ်မှထုတ်ပယ်ခံရမှု (၂) မှု၊ ဧည့်စာရင်းမှု (၂) မှု၊ ကိုယ်ထိလက်ရောက်ညှဉ်းပန်းနှိပ်စက်မှု (၂) မှု၊ နိုင်ငံသားအခွင့်အရေးချိုးဖောက်မှု (၈) မှု၊ မတရား တရားစီရင်ခံရမှု (၁၁) မှု၊ လူမျိုးရေး၊ ဘာသာရေးဖိနှိပ်မှု (၅၀) ကျော်၊ အတင်းအဓမ္မမြေသိမ်းခံရမှု (၆၀) ကျော်တို့ပါဝင်ပြီး၊ မြေသိမ်းခံရမှုများထဲတွင် အာဏာပိုင်များသာမကဘဲ၊ ၎င်းတို့၏ မိသားစုများနှင့်ပတ်သက်သော ရောရှေဝါကုမ္ပဏီ၊ ယုဇနကုမ္ပဏီတို့မှ သိမ်းယူထားသောအမှုများအကြောင်းကိုလည်း ထိုအစီရင်ခံစာတွင်ဖော်ပြထားသည်။

ဤရင်ဖွင့်လွှာလှုပ်ရှားမှုတွင်ပါဝင်ခဲ့ကြပြီး ယခုအခါတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရသော (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုပြုံးချို၊ ကိုမြအေး၊ ကိုဂျင်မီနှင့် ကိုအုံ့ဘွယ်ကျော်တို့ကလည်း ပြည်ပအသံလွှင့်ဌာနများမှတဆင့် စာပါအချက်အလက်များကို ထုတ်ဖော်ဆွေးနွေးခဲ့ကြပြီးဖြစ်ကြောင်းလည်း သိရသည်။

(၈၈) မျိုးဆက်ကျောင်းသားများမှ မြန်မာပြည်သူများ၏ လူ့အခွင့်အရေးနစ်နာ မှုများအား အချိန်အခါမရွေးရင်ဖွင့်နိုင်ရန်အတွက် (hrhittaing@gmail.com) ဖြင့် အီးမေးလ်လိပ်စာဖွင့်ပေးထားပြီး ပြည်သူများမှ ယခုကဲ့သို့ရင်ဖွင့်တိုင်ကြားခြင်းအားဖြင့် အနာဂတ်မှာ ဖိနှိပ်မှုများနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများမှ ကင်းဝေးကြမည်ဖြစ်ကြောင်းလည်းဖော်ပြထားသည်။ ❖

စာမျက်နှာ (၇) ဇွန်မိုင်းဆောင်းပါးမှ...

ပြည်သူလူထုကြီးက တခဲနက်ဆန့်ကျင်ကန့်ကွက်ကြောင်း၊ နအဖကိုရော၊ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကိုရော ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ကြောင်း ထုတ်ဖော်ပြသနိုင်ဖို့အတွက် ရရှိလိုက်တဲ့အခွင့်အလမ်း ဖြစ်တယ်။

နအဖက မပေးချင်ဘဲ ပေးလိုက်ရတဲ့ အခွင့်အလမ်းလည်းဖြစ်တယ်။

နိုင်ငံသားတယောက်စီ တယောက်စီတိုင်းရဲ့ မွေးရာပါပိုင်ခွင့်အရ ရရှိလိုက်တဲ့ အခွင့်အလမ်းလည်းဖြစ်ပါတယ်။

ဒါကို အမိအရယူနိုင်မယ်ဆိုရင် ကျနော်တို့ ပြည်သူတွေအတွက် အောင်ပွဲမုချရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒါပေမယ့် နအဖရဲ့ ညစ်လုံးညာလုံးတွေအောက်မှာ ....

အောက်လမ်းနည်းတွေ၊ လူမဆန်မှုတွေရဲ့အောက်မှာ ....

အနှောင့်အယှက်တွေ၊ အတားအဆီးတွေ၊ အကြပ်အတည်းတွေဟာ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ရောက်လာနိုင်သေးတယ်ဆိုတာကလည်း ဘယ်ဗေဒင်မှ မေးစရာမလိုအောင်ကို သေချာပါတယ်။

ဒါကြောင့် ကျနော်တို့က ပြင်ဆင်မှုအားနည်းရင် အားနည်းသလောက်၊ ပြင်ဆင်မှုမပြည့်စုံရင် မပြည့်စုံသလောက် စစ်အုပ်စုရဲ့ ထိုးနှက်ချက်တွေဟာ ကျနော်တို့အတွက် အကြပ်အတည်းတွေ မုချဖြစ်နေပါလိမ့်မယ်။

ဒီတော့ ကျနော်တို့ကကန့်ကွက်မဲပေးကြရုံတင်မဟုတ်ဘဲ အဲဒီမဲတွေ အလိမ်မခံရအောင် ဝိုင်းပြီးစောင့်ရှောက်ကြဖို့လည်း အမှန်လိုအပ်ပါတယ်။

(၉၀) ခုနှစ်ဆီက မဲဆန္ဒနယ်အသီးသီးမှာ အောင်နိုင်ရေးကော်မတီတွေဖွဲ့ပြီး လူထုကိုယ်တိုင်ထည့်လိုက်တဲ့မဲတွေကို လူထုတွေကိုယ်တိုင်က ဝိုင်းဝန်းစောင့်ရှောက်ခဲ့ကြတယ်။

မဲထည့်ခဲ့ကြရုံတင်မကဘဲ ထည့်လိုက်တဲ့မဲတွေကိုလည်း ဝိုင်းဝန်းစောင့်ရှောက်ပေးခဲ့ကြတယ်။ ဒီနေ့လည်း ဒီလိုပဲဖြစ်လိမ့်မယ်။ ဒီလိုပဲ လုပ်ကြရလိမ့်မယ်။

ဆန္ဒခံယူပွဲကို စောင့်ကြည့်တဲ့အဖွဲ့တွေ၊ စောင့်ရှောက်တဲ့အဖွဲ့တွေ ကျနော်တို့ကိုယ်တိုင်ဖွဲ့ကြရလိမ့်မယ်။

မစ္စတာဂမ်ဘာရီရဲ့ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ ထားရှိသင့်ကြောင်း ကမ်းလှမ်းချက်ကိုတော့ နအဖကပယ်ချခဲ့တယ်။

ဒါကို သိရှိပြီးဖြစ်ပေမယ့် တရားဝင်ပါတီတရပ်အနေနှင့်၊ လူထုရဲ့ Mandate ရ ပါတီတရပ်အနေနှင့် အဲန်အယ်လ်ဒီဟာ ဧပြီလ (၁၀) ရက်နေ့မှာ အထူးကြေညာချက် ၅/၀၄/၀၈ ကို ထုတ်ပြန်ပြီး နအဖစစ်အုပ်စုရဲ့ တဖက်စောင်းနင်းဆောင်ရွက်မှုတွေကို တဖက်ကဖွင့်ချရင်း တဖက်ကလည်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ လေ့လာစောင့်ကြည့်အဖွဲ့များကိုခွင့်ပြုရန် အထူးလိုအပ်ကြောင်း ကြေညာခဲ့ပါတယ်။

ဒါဟာ နအဖကို လုပ်ပေးဖို့ပန်ကြားနေတာ မဟုတ်ဘူး။ မေတ္တာရပ်ခံနေတာ မဟုတ်ဘူး။

လိုအပ်တာကို လိုအပ်ကြောင်း တာဝန်ရှိရှိ အသိပေးတာပဲဖြစ်ပါတယ်။

နအဖရဲ့ တဖက်စောင်းနင်းလုပ်လာမှုတွေကို လူထုနှင့်နိုင်ငံတကာကို အသိပေးတာ၊ ဖွင့်ချရှင်းလင်းထားတာဖြစ်ပါတယ်။

ဒါဟာ တနည်းအားဖြင့် ရင်ဆိုင်နေရတဲ့ အကြပ်အတည်းတွေကို အခွင့်အလမ်းတွေအဖြစ် ပြောင်းလဲပစ်ဖို့ပြင်ဆင်လိုက်တာ ဖြစ်ပါတယ်။

စစ်အုပ်စုရဲ့ ညစ်ပတ်မှုတိုင်းကိုဖွင့်ချ၊ မဲပေးနိုင်သူတိုင်း ကန့်ကွက်မဲထည့်နိုင်ရေးကို အစွမ်းကုန်စည်းရုံးကူညီ၊ ထည့်လိုက်တဲ့ကန့်ကွက်မဲတွေကို လူထုနည်းနှင့်ကာကွယ်စောင့်ရှောက်နိုင်ကြမယ်ဆိုရင် ရှိုးတွေပိုထုတ်၊ ဟိတ်ဟန်တွေပိုလုပ်ပြနေတဲ့ စစ်အုပ်စုကို အမှိုက်ပုံထဲထိ အရောက်ပို့ပစ်နိုင်မယ်ဆိုတာ သေချာပါတယ် ....။ ။

ဇွန်မိုင်း
၁၂၊ ၄၊ ၂၀၀၈

❖

# ပြင်းထန်သည့်နိပ်ကွပ်မှုများရှိနေသော်လည်း ဖွဲလျှော့မည်မဟုတ်ကြောင်း
# မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့မှ မိန့်ကြား



မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးနှင့် (၈၈) မျိုးဆက်ကျောင်းသားများပူးပေါင်း၍ မြန်မာလူမျိုးများအနေနှင့် ကုလသမဂ္ဂ၏ အကူအညီကိုရသည်ဖြစ်စေ မရသည်ဖြစ်စေ ကိုယ့်ကြမ္မာကိုယ် ဖန်တီးယူရန် အဆင်သင့်ရှိနေကြောင်း ကြေညာချက်တစောင်ကို ပူးတွဲထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်မှာကြားခဲ့သည့်အတိုင်း အဆိုးဆုံးအခြေအနေကိုလည်း ရင်ဆိုင်ရန်အသင့်ရှိနေကြောင်း ထည့်သွင်းရေးသားထားပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီ၏ ပြောဆိုဆောင်ရွက်ချက်များသည် ၎င်း၏တာဝန်မှသွေဖည်လျှက် ဒီမိုကရေစီအင်အားစုများကို လက်နက်ချခိုင်းနေသည့်သဘောမျိုး သက်ရောက်နေကြောင်း ဝေဖန်ထားသည်။

ထိုပူးတွဲကြေညာချက်တွင် မစ္စတာဂမ်ဘာရီ၏ မှားယွင်းသောပြောဆိုတင်ပြမှုများကြောင့်လည်းကောင်း၊ တရုတ်၊ ရုရှားနှင့် တောင်အာဖရိကအစိုးရတို့၏ လွဲမှားသောရပ်တည်ချက်များကြောင့် မြန်မာနိုင်ငံသားတို့အား အကာအကွယ်ပေးရမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဓိကတာဝန်တွင် ချို့ယွင်းချက်များဖြစ်ခဲ့ရကြောင်းလည်း ဝေဖန်ရေးသားထားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာတပ်ပေါင်းစုအဖွဲ့၏ ပြောခွင့်ရဆရာတော် အရှင်ပညာဝံသက "အားလုံးကတော့ အသင့်အနေအထားမှာရှိတယ်။ နှိပ်ကွပ်မှုတွေက နည်းနည်းပြင်းထန်တော့ ကြောက်အားပိုတဲ့အပိုင်းလေးတွေရှိတယ်။ ဒါပေမယ့် လူထုလှုပ်ရှားမှုကြီး တခု ဖြစ်ပေါ်လာလိမ့်မယ်လို့ ဦးဇင်းတထစ်ချယုံကြည်တယ်။ ပြီးခဲ့တဲ့ စက်တင်ဘာအရေးအခင်းမှာအစိုးရရဲ့ သံဃာတော်တွေအပေါ် ဖိနှိပ်မှု၊ ဖမ်းဆီးထောင်ချမှု၊ သတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှုတွေကို မခံနိုင်ကြဘူးလေ။ ဦးဇင်းတို့ကလည်း အခွင့်အခါသင့်ရင် သင့်သလို စီဒီခွေတွေ၊ ကြေညာချက်တွေကို ဆွမ်းခံရင်း၊ သွားရင်းလာရင်း လက်သိပ်ထိုးဖြန့်ဝေတယ်။ ဒါတွေဟာ တဖြေးဖြေး အရှိန်အဟုန်ကြီးလာရင် လူထုလှုပ်ရှားမှုကြီးအသွင် တခုကိုပြောင်းသွားမယ်။ ဦးဇင်းတို့လည်း မရမချင်း သူတို့ကိုတော်လှန်မှာပဲ" ဟု မိန့်ကြားခဲ့သည်။

လက်ရှိကုလသမဂ္ဂ၏ရပ်တည်ချက်သည် စစ်အုပ်စုဘက် အလေးသာနေသည့်အတွက်လည်း မြန်မာနိုင်ငံသားများအနေနှင့် အဆိုးဆုံးကိုရင်ဆိုင်သွားရန် အသင့်ပြင်ထားပြီးဖြစ်သည်ဟုလည်း အဆိုပါကြေညာချက်တွင် ပါရှိသည်။

၎င်းနှင့်ပတ်သက်၍ (၈၈) မျိုးဆက်ကျောင်းသူတဦးဖြစ်သူ မနီလာသိန်းကလည်း "အခြေခံဥပဒေရေးဆွဲရေးမှာ ပါဝင်ခွင့်ရရမယ့် ဒေါ်အောင်ဆန်းစုကြည်နဲ့တိုင်းရင်းသားတွေပါဝင်ပြီးတော့ ရေးဆွဲထားတဲ့ဥပဒေဖြစ်အောင် တိုက်တွန်းအားပေးမှုတွေ ဆွေးနွေးညှိနှိုင်းထားတာတွေ ကျမတို့ မတွေ့ရပါဘူး။ နအဖရဲ့ တဖက်သတ်လုပ်ငန်းစဉ်တွေကို ထောက်ခံနေပြီးတော့ ကျမတို့ရဲ့ ဒီမိုကရေစီအင်အားစုတွေကို လက်နက်ချရေး တိုက်တွန်းနေသလိုဖြစ်နေတယ်" ဟု ပြောဆိုခဲ့သည်။

အဆိုပါကြေညာချက်တွင် ကုလသမဂ္ဂအား အစွမ်းကုန်ဝေဖန်ထားသော်လည်း အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အနောက်နိုင်ငံများနှင့် မွန်ဂိုလီးယား၊ ဂါနာစသည့် မြန်မာ့အရေး ရပ်တည်ဆောင်ရွက်ပေးနေကြသောနိုင်ငံများကြောင့်လည်း အားတက်ရပါကြောင်း ထုတ်ဖော်ရေးသားထားသည်။ ၎င်းအပြင် နိုင်ငံတကာမိသားစုအနေနှင့် စစ်ဗိုလ်ချုပ်များ၊ ၎င်းတို့၏မိသားစုဝင်များနှင့် အသိုင်းအဝိုင်းများအား ငွေကြေးပိတ်ဆို့မှုအပါအဝင် ဖိအားမျိုးစုံ ဆက်လက်ပေးသွားပေးပါရန်နှင့် မြန်မာပြည်သူပြည်သားတိုင်းအားလည်း ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲ မဖြစ်မနေထည့်ကြပါရန်တို့ကို တိုက်တွန်းတောင်းဆိုထားသည်။ ❖



## စစ်အုပ်စုမှတဖက်သတ်ရေးဆွဲသည့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ
# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကန့်ကွက်မဲပေးရေးတွင်
## ပြည်သူများရှေ့မှ မားမားမတ်မတ်ရပ်တည်မည်ဟု သံဃာ့တပ်ပေါင်းစုမိန့်ကြား

စစ်အုပ်စုတဖက်သတ်ရေးဆွဲသော အခြေခံဥပဒေသာအတည်ဖြစ်သွားပါက သာသနာတော်ကို စော်ကားနှောင့်ယှက်ဖျက်ဆီးမှုများ ပိုမိုဆိုးဝါးစွာကျူးလွန်လာမည်ဖြစ်၍ ပြည်သူများကကန့်ကွက်မဲပေးကြရန် ဧပြီလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက ကြေညာချက်ထုတ်ပြန်ပန်ကြားလိုက်သည်။

စက်တင်ဘာရွှေဝါရောင်တော်လှန်ရေး ကာလအတွင်းတွင် စစ်အုပ်စုသည် ငွေကြာယံကျောင်းတိုက်သို့ အဓမ္မဝင်ရောက်ဖျက်ဆီးခြင်း၊ မဂ္ဂင်ကျောင်းတိုက်ကို ချိပ်ပိတ်ခြင်း၊ သံဃာတော်များကို ပစ်ခတ်ရိုက်နှက်ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ အဓမ္မသင်္ကန်းချွတ်၍လူဝတ်လဲခြင်း စသည့် သာသနာကိုစော်ကားနှောင့်ယှက်သောပြစ်မှုများကိုကျူးလွန်ခဲ့သည်။ သံဃာ့သမဂ္ဂီအဖွဲ့ချုပ်ပြောခွင့်ရ ဆရာတော်ဦးပညာဝံသက တတိုင်းတပြည်လုံး မဲရုံကိုသွားရောက်ပြီး တယောက်မကျန် ကန့်ကွက်မဲပေးကြရန်၊ အကယ်၍ ပြည်သူများ တယောက်မှဆန္ဒမဲလာရောက်မပေးလျှင် ၎င်းတို့အတွက် ပိုကောင်းမည်ဖြစ်ကြောင်း၊ ၎င်းတို့လက်သပ်မွေးထားသော လက်ကိုင်တုတ်များဖြစ်သော ကြံ့ဖွံ့များ၊ စွမ်းအားရှင်များ၊ ဝန်ထမ်းများနှင့်ပင် ဆန္ဒခံယူပွဲကို အနိုင်ယူအတည်ပြုလိုက်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့သည်။စစ်အုပ်စုသည် မူလက ညောင်နှစ်ပင်ညီလာခံတွင်ကျင်းပသော အခြေခံဥပဒေရေးဆွဲရေးမူကြမ်းကိုရေးဆွဲခဲ့စဉ်က အနိုင်အရှုံးကို မဲဆန္ဒပေးပိုင်ခွင့်ရှိသူ၏ ထက်ဝက်ကျော်ဖြင့်သတ်မှတ်ထားပြီး၊ ယခုအခါ ထိုကဲ့သို့မဟုတ်ဘဲ ဆန္ဒမဲလာရောက်ပေးသူ၏ထက်ဝက်ကျော်ဟုပြောင်းလဲသတ်မှတ်လိုက်သည့်အတွက် ပြည်သူလူထုအားလုံးက မဲရုံသို့သွားရောက်ပြီး ကန့်ကွက်မဲပေးကြပါရန်တိုက်တွန်းရခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

ဆက်လက်၍ စစ်အုပ်စုသည် မဲအရေအတွက်လိမ်လည်မှုများကို နည်းအမျိုးမျိုးအသုံးပြုလာလျှင် ကန့်ကွက်မဲ၊ တမဲနှစ်မဲဆိုပါက ဖုံးလို့ဖိလို့ ဖွက်လို့ရမှာဖြစ်ပြီး၊ ပြည်သူလူထုအားလုံးကစုပေါင်း၍ ကန့်ကွက်မဲသွားရောက်ပေးမည်ဆိုလျှင် အဆမတန်များပြားသောမဲအရေအတွက်ကို ၎င်းတို့အနေဖြင့် ဖုံးဖိလိမ်ညာရန်အတွက်လည်းကောင်း၊ အမည်းမှအဖြူသို့ပြောင်းလဲရန်အတွက်လည်းကောင်း ခက်ခဲသွားလိမ့်မည်ဟုလည်းမိန့်ကြားခဲ့သည်။

သံဃာ့သမဂ္ဂီအဖွဲ့ချုပ်မှထုတ်ပြန်ထားသော တွေ့ဆုံဆွေးနွေးရေးလုပ်ပြီး ဒီမိုကရေစီရေးနှင့်အမျိုးသားအကျပ်အတည်းများကို ဖြေရှင်းရန်တိုက်တွန်းသည့် ကြေညာချက် ၁/၂၀၀၈ ကိုလည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေးရေး တောင်းဆိုချက်ကိုလည်းကောင်း၊ စစ်အုပ်စုမှလျစ်လျူရှုခဲ့ကြောင်းကြေညာချက်တွင် ဖော်ပြထားသည်။ ထို့ကြောင့်စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများမှ ပြတ်ပြတ်သားသား ကန့်ကွက်မဲပေးကြရန်နှင့် စစ်အုပ်စုက မသမာသောနည်းလမ်းများအသုံးချပြီး မဲလိမ်ခြင်း၊ မဲခိုးခြင်းများလုပ်ဆောင်ပါက ပြည်သူများရှေ့က မားမားမတ်မတ်ရပ်တည်ပြီး သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးမှ ဆက်လက်တိုက်ပွဲဝင်မှာဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားပါသည်။ ❖

# ယာယီသက်သေခံကဒ်ပြားသည် ဥပဒေအရ မဲပေးပိုင်ခွင့်မရှိကြောင်း

## မြန်မာနိုင်ငံရှေ့နေများကောင်စီမှကန့်ကွက်

နိုင်ငံသားဖြစ်သူသာ မဲပေးပိုင်ခွင့်ရှိရမည်ဟု အစဉ်အဆက်ကမြန်မာနိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးခဲ့သောဥပဒေအရ ဆန္ဒမဲပေးရန်ဟူသောအကြောင်းဖြင့် ယာယီသက်သေခံကဒ်ပြားများထုတ်ပေးနေခြင်းသည် တရားဥပဒေနှင့်မညီညွတ်သောကြောင့် အမြန်ဆုံးရပ်ဆိုင်းရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ (ဘီအယ်လ်စီ) က ကြေညာချက်တစောင်ထုတ်ပြန်၍ ကန့်ကွက်လိုက်သည်။

"လေ့လာကြည့်တဲ့အခါမှာ ၁၉၇၃ ခုနှစ်တုန်းက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေရှိခဲ့ဖူးတယ်။ အဲဒီဥပဒေထဲမှာ နိုင်ငံသားတွေကိုသာ မဲပေးခွင့်ပေးထားတာဖြစ်တယ်။ ထို့နည်းတူ (၄၇) ခုဖွဲ့စည်းပုံအခြေခံဥပဒေမှာရော (၇၄) ဥပဒေမှာရော မဲပေးခွင့်ကနိုင်ငံသားတွေမှာပဲရှိတယ်။ ၁၉၈၂ ခုနှစ်မှာ မြန်မာနိုင်ငံသားဥပဒေရှိတယ်။ အဲဒီဥပဒေထဲမှာ ယာယီသက်သေခံကဒ်ပြားလက်မှတ် ထုတ်ပေးတဲ့ကိစ္စ လုံးဝမပါဘူး" ဟု ဘီအယ်လ်စီ၏ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ပြောသည်။

ယာယီသက်သေခံကဒ်ပြားထုတ်ပေးသည့်နည်းစနစ်တွင်လည်း ချွတ်ယွင်းချက်များစွာကိုလေ့လာတွေ့ရှိနေရကြောင်းနှင့် ပြင်ပမှလာသူများကိုလည်း ယာယီကဒ်ထုတ်ပေးခြင်းများရှိနေသည့်အပြင် လူတဦးတည်းကို သုံးနေရာခွဲ၍ ယာယီကဒ်များထုတ်ပေးနေခြင်းမျိုးကိုလည်း တွေ့နေရကြောင်း၊ ဤသည်မှာ စစ်အုပ်စုက မိမိတို့ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ထောက်ခံမဲများရရှိရေးအတွက် မသမာမှုပြုနေခြင်းဖြစ်ကြောင်း ဆက်လက်ရှင်းပြခဲ့သည်။

၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ၊ အခန်း (၂)၊ နိုင်ငံသားဖြစ်ခြင်းဆိုင်ရာပုဒ်မများတွင် ပြဋ္ဌာန်းထားသည်မှာ "နိုင်ငံတော်တွင်ပါဝင်သောနယ်မြေတခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်နှစ် ၁၈၂၃ ခုနှစ်မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများသည် မြန်မာနိုင်ငံသားဖြစ်သည်" ဟူ၍ အတိအလင်းရေးဆွဲထားသည်။ ထို့ကြောင့် နိုင်ငံသားမှတ်ပုံတင်ကဒ်မရှိသေးသောတိုင်းရင်းသားများသည် ယာယီသက်သေခံကဒ်အစား နိုင်ငံသားမှတ်ပုံတင်ကဒ်ကို ရခွင့်ရှိသူများဖြစ်နေရမည်ဖြစ်သည်။

ဤယာယီကဒ်များအား လိုသလိုထုတ်ပေးနေမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့ဝင် ဦးမျိုးက "ပြည်သူ့ဆန္ဒခံယူပွဲ ရွေးကောက်ပွဲသမိုင်းမှာ ကိုယ့်ပါတီ ကိုယ့်အတွက် မဲရလိုမှုနဲ့ တိုင်းရင်းသားမဟုတ်၊ နိုင်ငံသားမဟုတ်တဲ့သူတွေကို မဲပေးခွင့်ထုတ်ပေးလိုက်တယ်။ အဲဒီနောက်မှာ မဲပေးခွင့်ရှိခဲ့တာကို အကြောင်းပြုပြီး နိုင်ငံသားတယောက်ရဲ့ ရပိုင်ခွင့်တွေကို တောင်းဆိုလာတဲ့အခါမှာ ကျနော်တို့ တိုင်းရင်းသားအစစ်တွေအတွက် အများကြီးဆုံးရှုံးနစ်နာမှုတွေဖြစ်ရတယ်။ အဲဒီအတွက်ကိုရည်ရွယ်ပြီး ကျနော်တို့ရဲ့အတွင်းရေးမှူးက ကန့်ကွက်ကြောင်း စာထုတ်ခဲ့ရခြင်းဖြစ်တယ်" ဟု မိုးကြိုးသတင်းစဉ်သို့ ဖြေသည်။

မြန်မာနိုင်ငံတွင် ၁၉၇၄ ခုနှစ်ကလည်း မဲလိမ်မှု၊ မဲခိုးမှုများဖြင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေအား တဖက်သတ်အတည်ပြုခြင်းခံခဲ့ရသည့်ဖြစ်ရပ်ကိုကြုံတွေ့ခဲ့ဖူးသော ပြည်သူအများစုက မေလတွင်စစ်အစိုးရ ဦးစီးကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မသမာမှုများဖြစ်ပေါ်မည်ကို အထူးစိုးရိမ်လျှက်ရှိနေကြသည်။

စစ်အုပ်စု၏ လက်ငင်းလုပ်ရပ်ကြောင့် မြန်မာပြည်သူများသည် ဥပဒေကို ရှုံ့ရှာမုန်းတီးသူများဖြစ်လာစေနိုင်ကြောင်း၊ လူထု၏စိတ်တွင် ဥပဒေဆိုသည်မှာ ပြည်သူတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဟုမမြင်ဘဲ ပြည်သူအားဖိနှိပ်ရန် အသုံးပြုသည့် လက်နက်သဖွယ် နားလည်မှုလွဲလာနိုင်ခြင်းနှင့် ဥပဒေကို စိတ်မဝင်စားသူက အများစုဖြစ်နေသည့်အတွက် နအဖစစ်အုပ်စုက ဥပဒေအရ လုပ်ချင်တာလုပ်ခွင့်ရရန် အခွင့်အရေးပေးလိုက်သလိုလည်း ဖြစ်နေကြောင်း ဦးအောင်ထူးက သုံးသပ်တင်ပြထားသည်။

"အခု ယာယီသက်သေခံလက်မှတ်ထုတ်ပေးတဲ့ကိစ္စက ဥပဒေကို လက်တလုံးခြားလုပ်ပြီးတော့ အတိအကျ လူထုရော၊ နိုင်ငံတကာကို ရောလိမ်ဖို့ကြိုးစားထားတာပဲ။ ကျနော်တို့က လုံးဝစိန်ခေါ်တယ်။ ကြိုက်တဲ့ဥပဒေပညာရှင်ထွက်လာပါ။ နအဖရဲ့ တရားသူကြီးချုပ်ထွက်လာပါ။ ရှေ့နေချုပ်ထွက်လာပါ။ ယာယီသက်သေခံလက်မှတ်ကိုင်တဲ့သူဟာ မြန်မာနိုင်ငံမှာရှိတဲ့ တည်ဆဲဥပဒေအရ မဲပေးခွင့်ရှိတယ်ဆိုတဲ့ ဥပဒေမရှိဘူးဆိုတာကိုပြပါ။ လုံးဝလိမ်ထားတာမို့ ဒီဥပဒေကို လုံးဝဖျက်ပေးဖို့လိုအပ်တယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။

စစ်အုပ်စုထုတ်ပြန်ထားသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေသည် ဥပဒေကြောင်းအရလွဲမှားနေသဖြင့် ဥပဒေထုတ်ထားသူများက ပြန်လည်ပြင်ဆင်ရန်လိုအပ်နေပြီး နိုင်ငံတကာဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံအတွင်း တည်ဆဲဥပဒေအရပါ ယာယီလက်မှတ်ကိုင်ဆောင်ထားသူအနေဖြင့် မဲပေးပိုင်ခွင့်မရှိကြောင်း အဆိုပါလက်မှတ်ကိုင်ဆောင်ထားသူများသည် နိုင်ငံသားတဦးရသည့်အခွင့်အရေးကိုလည်း ပေး၍မရသည့်အပြင် နောက်ထပ်ဥပဒေတရပ်လည်း ထပ်မံပြဋ္ဌာန်းခွင့်မရှိသည့်အတွက် ဥပဒေအရဆန့်ကျင်နေသည်ကို ဘီအယ်လ်စီအနေနှင့် တင်ပြရခြင်းဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားသွားခဲ့သည်။ ❖

# အနာဂတ်တွင်ပြန်လည်ပြင်ဆင်၍မရနိုင်တော့သည့်ဥပဒေများပါနေသောစာအုပ်သည် နအဖ၏မူကြမ်းဟုတ်မဟုတ်ကိုအတိအလင်းထုတ်ပြန်ကြေညာပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ (ဘီအယ်လ်စီ) မှတောင်းဆို


မြန်မာနိုင်ငံရှေ့နေများကောင်စီ
အထွေထွေအတွင်းရေးမှူးဦးအောင်ထူး

စစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဆိုကာ အပြင်တွင်ပျံ့နေသည့် မူကြမ်းစာတမ်းများနှင့်ပတ်သက်၍ အစိုးရဘက်ကတရားဝင်ဖြန့်ဝေသည့်စာတမ်း ဟုတ်မဟုတ်ကို အစိုးရကိုယ်တိုင်မှဖြစ်စေ၊ မူကြမ်းရေးဆွဲရေးကော်မရှင်မှဖြစ်စေအတည်ပြုပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) မှ ဧပြီလ (၁) ရက်နေ့က ကြေညာချက်ထုတ်ပြန်၍ တောင်းဆိုလိုက်သည်။

ဥပဒေမူကြမ်းပါ အချို့အချက်အလက်များသည် အနာဂတ်တွင် ပြန်လည်ပြင်ဆင်၍မရနိုင်သောဥပဒေများပါရှိနေကြောင်း မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) မှ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ဘီဘီစီသို့ပြောသည်။

"နအဖရဲ့အခြေခံဥပဒေမူကြမ်းထဲမှာပါတဲ့ အဓိကကျတဲ့ဥပဒေတွေကို ပြင်မယ်ဆိုရင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၂၅)ရာခိုင်နှုန်းကျော်က အတည်ပြုရမယ့်အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နောက်တကြိမ်ထပ်မံပြုလုပ်ရမှာဖြစ်ပြီး မဲပေးနိုင်သူဦးရေရဲ့ ထက်ဝက်ကျော်ကမဲပေးမှသာလျှင် အတည်ဖြစ်မယ်" ဟု ဦးအောင်ထူးက ဥပဒေရေးရာရှုဒေါင့်မှ သုံးသပ်ပြသည်။

ဆက်လက်၍ မကြာသေးခင်က ပျံ့နှံ့လာသည့် မူကြမ်းအရဆိုပါက (၇၅) ရာခိုင်နှုန်းအထက်ကျော်မှ အတည်ပြုရမည်ဆိုသည့် အချက်တွင် တူညီနေသည့်တိုင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူအားလုံးက အတည်ပြုရမည်ဆိုသည့်ကွဲလွဲချက်ကို တွေ့နေရသည်ဟုပြောသည်။

ဦးအောင်ထူးက "အဲဒီခြားနားချက်ဟာ အင်မတန်ကြီးတဲ့ခြားနားချက်ဖြစ်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ ပြင်လို့ကိုမရတော့ဘူးလို့ ရာနှုန်းပြည့်ပြောရမှာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မဲဆန္ဒပေးပိုင်ခွင့်ရှိ သူဦးရေအားလုံးကအတည်ပြုလို့ ဖွဲ့စည်းပုံအခြေခံမူကြမ်းကိုပြင်ဖို့စတယ်ဆိုတာ ဘယ်နိုင်ငံမှာမှမရှိဘူး" ဟု ပြောသည်။

ထို့ကြောင့် နအဖဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းအား တဖြည်းဖြည်းပြန်လည်ပြင်ဆင်ယူရန် မျှော်လင့်ထားကြသောပုဂ္ဂိုလ်များအတွက် မျှော်လင့်ချက်ဟူ၍ အနည်းငယ်မှပင်မကျန်ရစ်တော့ဘဲ လုံးဝနိဂုံးချုပ်သွားပြီဟုပြောနိုင်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေမူကြမ်းကို ရာသက်ပန်အတည်ပြုသွားတော့မည့်သဘောကို အတိအလင်းပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရကျတဲ့အပိုင်း၊ ကျောရိုးသဖွယ်အဓိကကျတဲ့အပိုင်းတွေကို လုံးဝပြင်ခွင့်မပေးတော့ဘူး။ အနှစ်သာရမကျတဲ့ အကိုင်းအလက်လောက်ဖြစ်တဲ့အပိုင်းလောက်ကိုဘဲ ပြင်ဆင်ခွင့်ပေးထားတဲ့သဘောလို့ပြောလိုပါတယ်" ဟုလည်း ဆက်လက်ပြောကြားသွားသည်။

လွှတ်တော်ထဲတွင် လွှတ်တော်ကိုယ်စားလှယ်လေးပုံတပုံသည် ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်စေလွှတ်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဆိုသည့်ဥပဒေမျိုးသည် ပြင်ဆင်ခွင့်မရှိဘဲ ရာသက်ပန်အတည်ဖြစ်စေမည့် ဥပဒေပုဒ်မအမျိုးအစားထဲတွင် ပါဝင်နေကြောင်း၊ အုပ်ချုပ်ရေးအာဏာပိုင်းတွင်လည်း သမတစနစ်နှင့်သွားမည် ဆိုသည့်ပုဒ်မမျိုးသည် ပြင်ဆင်ခွင့်မရှိသောအမျိုးအစားတွင်ပါဝင်နေသည်။ ၎င်းမှာ တကမ္ဘာလုံးတွင် မည်သည့်တိုင်းပြည်၊ မည်သည့်သမတနိုင်ငံတွင်မှမရှိသော သမတရွေးချယ်တင်မြှောက်ရေးစနစ်မျိုးများကို စစ်နည်းစစ်ဟန်ဖြင့် တီထွင်ထားခြင်းဖြစ်ပြီး သမတလောင်းနေရာများသို့ အစုအဖွဲ့သုံးဖွဲ့မှနေ၍ တယောက်စီတက်လာမည်ဖြစ်ကြောင်း၊ အစုအဖွဲ့သုံးဖွဲ့တွင်လည်း ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည့် တပ်မတော်သားကိုယ်စားလှယ်များနှင့်ဖွဲ့စည်းရမည်ဆိုသော သမတရွေးချယ်တင်မြှောက်ရေးစနစ်မျိုးသည်လည်း ပြင်ဆင်ခွင့်မရှိသောစနစ်မျိုးတွင် ထည့်သွင်းဖော်ပြထားကြောင်း ရှင်းလင်းတင်ပြသွားခဲ့သည်။

"တရားစီရင်ရေးအရပြောရမယ်ဆိုရင်လည်း တရားသူကြီးချုပ်ကို သမတကနေပြီးတော့ ခန့်နိုင်ဖြုတ်နိုင်ရမယ်ဆိုတဲ့ပုံစံကို ဖန်တီးထားတာမျိုးကို ဘယ်တော့မှပြင်လို့မရတော့ဘူး။ ဒီလိုဟာမျိုးတွေဟာ ကျောရိုးနဲ့ဆိုင်တဲ့၊ အဓိကကျတဲ့ပုံစံလို့ပြောရမှာဖြစ်ပါတယ်" ဟုလည်း ဆက်လက်ပြောပြသွားသည်။

ယခုအပြင်တွင်ပျံ့နှံ့နေသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်းဆိုသည်မှာ နအဖ၏မူကြမ်းဟုတ်မဟုတ်ကို နအဖစစ်အုပ်စုအနေနှင့် အတိအလင်းထုတ်ပြန်ကြေညာပေးရမည်ဖြစ်ပြီး နအဖ၏မူကြမ်းအစစ်အမှန်ဖြစ်ခဲ့ပါက တဆင့်ပြီးတဆင့် သုံးသပ်ချက်များတင်သွားမည်ဟု မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) မှ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးမှ ပြောကြားသည်။ ❖

# ကနေဒါလွှတ်တော်တွင်မြန်မာ့အရေးမည်သို့ကူညီနိုင်ရေး ဆွေးနွေးခဲ့ကြ

ကနေဒါနိုင်ငံ၏ နိုင်ငံခြားရေးရာကော်မတီနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုကော်မတီကဦးစီး၍ ကနေဒါနိုင်ငံ အော့တဝါးမြို့၊ ပါလီမန်အဆောက်အဦးတွင် ဧပြီ (၈) ရက်နေ့က အစည်းအဝေးတရပ်ကိုကျင်းပခဲ့သည်။ ထိုအစည်းအဝေး၏ရည်ရွယ်ချက်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားလာစေရေး ကနေဒါနိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်နေမှုများ ပိုမိုထိရောက်လာစေရေးနည်းလမ်းသစ်များရှာဖွေရန်ဖြစ်ကြောင်း သိရသည်။

ထိုအစည်းအဝေးသို့တက်ရောက်ခဲ့သူ ကနေဒါ–မြန်မာမိတ်ဆွေများအဖွဲ့က အမှုဆောင်ညွှန်ကြားရေးမှူးဦးတင်မောင်ထူးက ကနေဒါအစိုးရက ယမန်နှစ် နိုဝင်ဘာလကမြန်မာပြည်ကို အရေးယူမှုများချမှတ်ခဲ့သောအချက်အလက်များစွာရှိခဲ့ကြောင်းနှင့် ထိုအချက်အလက်များအား စောင့်ကြည့်ရန် ကော်မတီပုံစံမျိုးဖွဲ့ရေးအတွက် ၎င်းကအကြံဉာဏ်ပေးခဲ့ကြောင်းလည်းသိရသည်။

ဆက်လက်၍ "ဒုတိယအချက်အနေနဲ့ကတော့ ထိုင်း–မြန်မာနယ်စပ်မှာနေထိုင်နေကြရတဲ့ တသိန်းငါးသောင်းရှိနေတဲ့ တိုင်းရင်းသားဒုက္ခသည်တွေကို ကနေဒါအစိုးရကနေပြီးတော့ အကူအညီတွေတိုးမြှင့်ပြီးတော့ ပေးဖို့တင်ပြခဲ့ပါတယ်။ ကနေဒါအစိုးရအနေနဲ့ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် နိုင်ငံတကာမှာရှိတဲ့ နိုင်ငံခြားအဖွဲ့အစည်းတွေ နောက်အစိုးရတွေနဲ့လက်တွဲပြီးတော့ လုပ်ဆောင်နိုင်ဖို့အတွက် အထူးကိုယ်စားလှယ်တယောက်ခန့်ထားဖို့ကိုလည်း ဆွေးနွေးခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

အနောက်နိုင်ငံများမှ ဖိအားပေးမှုများကိုတိုးမြှင့်နေသည့်ကြားက မြန်မာစစ်အုပ်စုသည် ၎င်းတို့၏ လမ်းပြမြေပုံ (၇) ချက်အတိုင်း ဆက်လက်ဆောင်ရွက်ရန်ကြိုးစားနေဆဲဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ထိရောက်သောဖိအားပေးမှုဖြစ်လာစေရန် မည်သို့ဆောင်ရွက်နိုင်မည်ဆိုသည့်အချက်ကို ကနေဒါနိုင်ငံအခြေစိုက် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီအဖွဲ့၏ အာရှဒေသရေးရာကျွမ်းကျင်သူ Micheline Levesque က "စစ်အစိုးရရဲ့ အားနည်းချက်များကို ရှာဖွေဖို့လိုအပ်ပါတယ်။ အခုဆိုရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အာဂျင်နာမှာ မြန်မာ့အရေးကိစ္စရှိနေပြီဆိုတော့ တွေ့ဆုံဆွေးနွေးပွဲတွေပေါ်ပေါက်ဖို့ လုံခြုံရေးကောင်စီကနေ မဖြစ်မနေလိုက်နာဆောင်ရွက်ရမယ့် ဆုံးဖြတ်ချက်တွေချပြီး စစ်အစိုးရကိုဖိအားပေးဖို့လိုပါတယ်။ နိုင်ငံတကာအနေနဲ့ ဆုံးဖြတ်ချက်တွေကို ဒီအတိုင်းချမှတ်နေမယ့်အစား စစ်အစိုးရလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်အောင် စောင့်ကြည့်ဖိအားပေးမှုမျိုးတွေလိုပါတယ်" ဟု ပြောခဲ့သည်။

ထိုကြားနာပွဲသို့ ကနေဒါနိုင်ငံ၏ပါတီပေါင်းစုံမှ အမတ်များ၊ နိုင်ငံခြားရေးဌာနမှအရာရှိများနှင့် မြန်မာ့အရေးစိတ်ဝင်စားသူများ အများအပြားတက်ရောက်ခဲ့ကြသည်။ ❖

# ကာတွန်း ကူမိုးကြိုးငေါ် သဘောမှန်တဲ့ပေါက်...



## လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ဆောင်ရွက်နေသူမှ ခေါင်းကွဲအောင်အရိုက်ခံရသော်လည်း လက်လျှော့မည်မဟုတ်ကြောင်းပြော

မတ်လ (၂၇) ရက်နေ့က အရိုက်ခံခဲ့ရပြီးနောက် နားထဲမှသွေးထွက်လာ၍ ဆေးရုံတက်ခဲ့ရသော ဦးမြင့်အေးသည် လူ့အခွင့်အရေးအတွက် အလုပ်လုပ်ခြင်းကြောင့် မကြိုက်သူက နှောင့်ယှက်ရိုက်နှက်ခြင်းဆိုလျှင် သူ့အနေနှင့် အလျှော့ပေးမည်မဟုတ်ဘဲ လုပ်စရာရှိသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗွီအိုအေအင်တာဗျူးတွင်ဖြေကြားသွားခဲ့သည်။

အသက် (၅၇) နှစ်ရှိပြီဖြစ်သော ဦးမြင့်အေးက ၎င်း၏ အသက်အရွယ်သည် လမ်းပေါ်တွင်ရန်ဖြစ်ရမည့်အရွယ်မဟုတ်ကြောင်း၊ ပုဂ္ဂိုလ်ရေးခိုက်ရန်ဖြစ်ပွားစရာအကြောင်းလည်းမရှိကြောင်းနှင့် ထိုကိစ္စနှစ်ရပ်ကိုဖယ်လိုက်ပါက လူ့အခွင့်အရေးချိုးဖောက်ခံရသည့်ကိစ္စများအား လိုက်လံဆောင်ရွက်နေခြင်းတခုသာကျန်တော့ကြောင်းကို ဆက်လက်ရှင်းလင်းသွားသည်။ ''လူ့အခွင့်အရေးလုပ်တာကို မကြိုက်တဲ့လူက ရိုက်တာဖြစ်မှာပေါ့။ အဲလိုဖြစ်တယ်ဆိုလို့ရှိရင်တော့ ကျနော်တို့ဘက်က မလျှော့ပါဘူး။ ဆက်လုပ်မှာပါပဲ''ဟု ပြောသည်။

ဦးမြင့်အေးသည် ရန်ကုန်ဆေးရုံကြီးတွင် သွားရောက်ဆေးကုသမှုကို တရက်မျှခံယူပြီးနောက် ပြန်ဆင်းလာခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဦးမြင့်အေးက ''နားထဲက သွေးယိုတဲ့ကိစ္စတော့ ရိုက်လိုက်တဲ့အရှိန်ကြောင့် ဖြစ်တာပါ။ နောက်ထပ်မထွက်ရင် ဘာမှမဖြစ်ပါဘူးဆိုတော့ နားကလည်း သွေးထပ်မထွက်ပါဘူး။ အဲဒီနောက် ဦးနှောက်ဦးခွံကိုမထိပါဘူးဆိုပြီးတော့ နောက်တနေ့ညနေကျတော့ ပြန်ဆင်းလာရပါတယ်''ဟုပြောသည်၊

မတ်လ (၂၈) ရက်နေ့တွင် စမ်းချောင်းရဲစခန်းမှူးမှ ဆေးရုံအထိလိုက်လာကာ တိုင်ချက်ဖွင့်နိုင်ကြောင်း ပြောခဲ့သော်လည်း နောက်ထပ်စုံစမ်းစစ်ဆေးမှုများမရှိကြောင်း ကာယကံရှင် ဦးမြင့်အေးကပြောသည်။

စက်တင်ဘာ (၂၇) ရက်နေ့ကလည်း အသက် (၂၁) နှစ်အရွယ် ကိုကိုဝင်းသည် ရွှေတိဂုံစေတီတော်ခြေရင်းတွင် လုံထိန်းနှင့်စစ်တပ်၏ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် ဦးခေါင်း၊ ကျောကုန်းတို့တွင် ဒဏ်ရာများရရှိခဲ့ပြီးနောက် (၂) လခန့်အကြာ၌ ထိုဒဏ်ရာတို့ကြောင့်ပင် ကွယ်လွန်ခဲ့ရသည်။ ❖




# နအဖစစ်အစိုးရအုပ်ချုပ်နေသည့်မြန်မာနိုင်ငံတွင် စီးပွားရေးတည်ငြိမ်မှုမရှိဟု အာရှဖွံ့ဖြိုးရေးဘဏ်အစီအရင်ခံစာတွင်ဖော်ပြ

လွန်ခဲ့သည့်နှစ်နှစ်အတွင်းတွင် စီးပွားရေးတိုးတက်မှု (၁၀) ရာခိုင်နှုန်းရှိမည်ဟု မြန်မာစစ်အုပ်စုကခန့်မှန်းခဲ့သော်လည်း လက်တွေ့တွင် (၅) ရာခိုင်နှုန်းတိုးတက်ရန်ပင် မလွယ်ကူကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) အစီရင်ခံစာတွင်ဖော်ပြထားသည်။

၂၀၀၈ ခုနှစ်၊ ဧပြီလဆန်းတွင်ထုတ်ပြန်ခဲ့သော အေဒီဘီအစီရင်ခံစာတွင် ဤသို့ဝေဖန်ထောက်ပြလိုက်ခြင်းဖြစ်ပြီး မတ်ခရိုစီးပွားရေးတည်ငြိမ်မှုမရှိသည့်အတွက် ငွေကြေးဖောင်းပွမှုနှုန်းလည်း ခုန်တက်သွားခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လမတိုင်မီတွင် ဆန်ဈေး (၄၀) ရာခိုင်နှုန်းတက်သွားခဲ့ပြီး ဓာတ်ဆီဈေးနှုန်းမှာလည်း (၇၀) ရာခိုင်နှုန်းနှင့် ဒီဇယ်ဈေးနှုန်းမှာလည်း (၂) ဆက်တက်သွားခဲ့ကြောင်းနှင့် ၂၀၀၆ ခုနှစ်အထိ အစိုးရအခွန်ကောက်ခံငွေများတိုးလာသော်လည်း အစိုးရအသုံးစရိတ်ကြီးမားမှု၊ ဝန်ထမ်းလစာများတိုးပေးမှုတို့ကြောင့် ဘတ်ဂျက်လိုငွေပြမှုကြီးမားဆဲဖြစ်ကြောင်းတို့လည်း ထိုအစီရင်ခံစာတွင်ပါရှိသည်။

မြန်မာနိုင်ငံ၏ ဘတ်ဂျက်လိုငွေပြမှုသည် ပြည်တွင်းထုတ်ကုန် စုစုပေါင်းတန်ဖိုး (ဂျီဒီပီ) ထက် (၄) ရာခိုင်နှုန်းများနေပြီး လိုငွေကို ဗဟိုဘဏ်မှ ရိုက်ထုတ်ဖြည့်ဆည်းပေးနေရကြောင်း ဆက်လက်ဖော်ပြထားသည်။ ဤသို့ ဆက်တိုက်လိုငွေပြမှုကြောင့် မြန်မာနိုင်ငံ၏ မတ်ခရိုစီးပွားရေး ပိုမိုမတည်မငြိမ်ဖြစ်လာနိုင်သည်ဟုလည်း ဟောကိန်းထုတ်ထားသည်။


ဖောင်းပွလျက်ရှိသည့်မြန်မာကျပ်ငွေများ

မြန်မာနိုင်ငံက သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်ရောင်းချနေခြင်းမှ စီးပွားရေးတိုးတက်မှု အထိုက်အလျောက်ရနိုင်သော်လည်း ငွေကြေးဖောင်းပွမှုနှုန်း ဆက်လက်ကြီးမြင့်နေမည်ဟု အေဒီဘီကခန့်မှန်းသည်။

ကမ္ဘာ့စီးပွားရေးကျနေခြင်းနှင့် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဘက်များဖြစ်ကြသော တရုတ်၊ ထိုင်း၊ အိန္ဒိယ စသည့်နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှေးကွေးလာနေသည့် အချက်များကြောင့်လည်း မြန်မာ့စီးပွားရေး ကြုံကြိုက်ခံနိုင်ရန်မလွယ်ကူကြောင်း အေဒီဘီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ❖

စာမျက်နှာ (၂၁) ဦးအောင်စောဦးနှင့်တွေ့ဆုံမေးမြန်းခန်းမှ...

*မေး ။ ။ လက်ရှိတပ်မတော်ထဲမှာ တာဝန်ထမ်းနေကြတဲ့ တပ်မတော်သားစစ်သည်များကိုရော ဘယ်လိုမြင်ပါသလဲ။*

ဖြေ။ ။ သူတို့အားလုံးဟာ ပြည်သူထဲက ပြည်သူတွေပါပဲ။ သူတို့ကိုယ်တိုင်သည်ပင် ဒီမိုကရေစီငတ်မွတ်နေကြသူများ၊ လိုလားတောင့်တနေကြသူများ၊ သူတို့ကိုယ်တိုင် စစ်ကျွန်ပြုမှုကို ခံနေရသူများ၊ စစ်ဇာတ်အသွင်းခံထားရသူများဖြစ်ပါတယ်။ အနီးကပ်ဆုံး ဥပမာတခုကိုကြည့်ပါ။

၁၉၉၀ ရွေးကောက်ပွဲတုန်းက ကိုကိုးကျွန်းမှာ အရပ်သားဆိုလို့ ဘုန်းကြီးပဲရှိပါတယ်။ အားလုံးဟာ တပ်မတော်သားများနဲ့ ရဲဝန်ထမ်းများပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီဘက်သားအဖွဲ့ချုပ်ကိုပဲ မဲပေးခဲ့ကြတာပါ။ ဒါပေမယ့် စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးများဟာ ကိုယ့်တပ်ကိုယ်ပြန်နင်းပြီး ဇာတ်တူသားစား ဟသ်္ာကိုးသောင်းဇာတ်ခင်းနေကြတာဖြစ်တယ်။ ဒီကနေ့ စစ်တပ်ထဲမှာ အဆင့်ဆင့်စစ်ကျွန်ပြုခံနေကြရတာပါ။ မောင်အေးဟာ သန်းရွှေရဲ့စစ်ကျွန်။ အလားတူ သူ့စစ်တပ်ထဲမှာရှိကြတဲ့ အဆင့်ဆင့်သော ဗိုလ်ချုပ်ကြီးများ၊ တိုင်းမှူး၊ တပ်မမှူးများလည်း သန်းရွှေ၊ မောင်အေးတို့ရဲ့ စစ်ကျွန်များပါပဲ။ တလောက သတင်းဓာတ်ပုံတခုမှာ သိန်းစိန်ရဲ့ဖိနပ်ကိုတိုက်ပေးနေရတဲ့ တပ်မတော်သားအရာရှိတယောက်ရဲ့ ဘဝခံစားချက်မျိုးကို တွက်ဆကြည့်လို့ရပါတယ်။

စစ်တပ်ဆိုတာ အမိန့်နာခံမှုနဲ့တည်ဆောက်ထားတာ၊ တိုင်းပြည်အာဏာနဲ့ပတ်သက်ရင် နံပါတ် (၁) ဆီကပဲ စီးဆင်းလာတယ်ဆိုတာ တပ်မတော်သားတိုင်းသိကြပါတယ်။ သိသာထင်ရှားတဲ့သာဓကတခုကိုပြရရင် ၁၉၇၆ ခုနှစ် ဗိုလ်ကြီးအုန်းကျော်မြင့်တို့ တပ်တွင်းအာဏာသိမ်းမှုကို ပြန်ကြည့်ပါ။

ဗိုလ်ကြီးအုန်းကျော်မြင့်ဟာ ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကိုယ်ရေးအရာရှိပါ။ ဗိုလ်ချုပ်ကြီးသူရတင်ဦးလက်ထက်နဲ့ ဗိုလ်ချုပ်ကြီးကျော်ထင်ဆိုသူတို့လက်ထက်မှာ ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကိုယ်ရေးအရာရှိလုပ်ခဲ့သူပါ။ တတယ်တမ်း လုပ်ငန်းအကောင်အထည်ဖော်ဖို့ လက်နက်တိုက်မှာ လက်နက်သွားထုတ်တဲ့အခါမှာ လျှို့ဝှက်သင်္ကေတကို သူမပြောနိုင်ခဲ့ပါဘူး။ လျှို့ဝှက်သင်္ကေတကို ကာကွယ်ရေးဦးစီးချုပ်လည်းမသိပါဘူး။ အဲဒီတုန်းက ဦးနေဝင်း (မဆလပါတီဥက္ကဋ္ဌလုပ်နေသူ) ဆိုသူရဲ့အနီးကပ်လုံခြုံရေးကို သူ့လူယုံငယ်ကျွန် အိမ်တော်ပါ ဓားမနောက်ပိတ်ခွေးတသိုက် (တပ်ရင်း – ၄) အဓိပတိအဖွဲ့ကပဲ ချုပ်ကိုင်ထားတာပါ။

အခုလည်း အာဏာမဏ္ဍိုင်ရဲ့အချုပ်ဟာ သန်းရွှေလက်ထဲမှာပဲရှိနေပါတယ်။ ဒါကြောင့် သန်းရွှေနဲ့စစ်တပ်တခုလုံး၊ သန်းရွှေနဲ့ သူ့ရဲ့လက်ချိုးရေတွက်လို့ရတဲ့ စစ်ဗိုလ်ချုပ်အနည်း အကျဉ်းနဲ့တပ်မတော်ရဲ့ အခြားအရာရှိအရာခံ၊ အကြပ်တပ်သားများကို ခွဲခြားမြင်ဖို့လိုပါတယ်။

အထက်အဆင့်ဆင့်ကနေ ‘နိုင်လည်းနိုင် ရမယ်၊ ရှုံးလည်းနိုင်ရမယ်၊ မဲမနိုင်ရင် ရှာနိုင်သွားလိမ့်မယ်’ဆိုတဲ့ ၁၉၆၀ ခုနှစ်က ခြိမ်းခြောက်မှုမျိုးတွေ ဒီကနေ့ကာလမှာ ခေတ်ကုန်သွားပါပြီ။ ၁၉၉၀ ပြည့်နှစ် မေလ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတုန်းကလိုပဲ တပ်မတော်သားအများစုကြီးဟာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကန့်ကွက်ပြီး “ပြည်သူသာအမိ၊ ပြည်သူသာအဖ” ဆိုတဲ့အတိုင်း ပြည်သူလူထုရဲ့အကျိုးစီးပွားကို ခုခံကာကွယ်သွားကြလိမ့်မယ်လို့ အကြွင်းမဲ့ယုံကြည်ပါတယ်။ ❖

# စစ်အာဏာရှင်စနစ်ဖြုတ်ချရေး

# ကန့်ကွက်မဲ ဝိုင်းဝန်းပေး




တိုင်းပြည်တပြည်မှာ နိုင်ငံရေးအကြပ်အတည်း၊ ဒါမှမဟုတ်ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေမျိုးကြုံလာရရင် ဆေးမြီးတိုကအစ တဘောင်ပေး၊ နတ်လမ်းညွှန်ပေးတာတွေ၊ ရှေးငုံးမင်း အမြီးမျှော်သလိုမျှော်ခိုင်းတာစတာတွေ ဟိုက ဒီက ပေါ်လာတတ်ပါတယ်။ ပုံမှန်အခြေအနေမှာ နိုင်ငံရေးစကားပြောနေသူ မဟုတ်သူတွေတောင် ဒီလိုအခါမှာ ခုန်ထွက်လာတတ်ပါတယ်။ ဒါမဆန်းပါဘူး။ တကမ္ဘာလုံးမှာ ဖြစ်တတ်တာပါပဲ။

ဒါပေမယ့် အဲဒီလို သဘောတရားတွေ ထုတ်လာသူတွေဟာ ဘယ်လိုသဘောထားနဲ့ပေးတယ်ဆိုတာကိုတော့ သေချာစိစစ်ဖို့လိုပါတယ်။ တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာရှိသူတွေပါတတ်သလို တချို့ကတော့ ဒီတကွေ့မှာဖြင့် ငါ့အကွက်ပေါ်ပြီလို့ယူဆပြီး ထွက်လာတာပါ။ ငါ့အကွက်ဆိုတာမှာ အတိုက်အခံနိုင်ငံရေးလောကမှာဆိုရင် ခေါင်းဆောင်ဖြစ်ဖို့၊ ထင်ပေါ်ကျော်စောဖို့၊ အလိုတော်ရိလောကမှာဆိုရင် ငါမျက်နှာရအောင်လုပ်ဖို့၊ ရာထူးနေရာရဖို့၊ စတာမျိုးတွေပါတတ်ပါတယ်။ စစ်အစိုးရကို ဆန့်ကျင်ရတဲ့ ဒီမိုကရေစီတိုက်ပွဲ သက်တမ်းရှည်ကြာလာတာနဲ့အမျှ ဒီလိုထူးထူးဆန်းဆန်း အယူအဆတွေ တွေ့လာရပါတယ်။ တချို့ဆိုရင်အနောက်တိုင်းက စာအုပ်တွေထဲမှာပါတာတွေကို ကိုယ့်နိုင်ငံအခြေအနေနဲ့ သင့်တော်သည်၊ မသင့်တော်သည်မစဉ်းစားဘဲ အတင်းဆွဲယူပြီး သဘောတရားဖန်တီးကြတာတွေ့ရပါတယ်။ ဖိနပ်မတော်ရင် ဖနောင့်ဖြတ်မယ့် သဘောပါ။

ဗမာပြည်ရဲ့လက်ရှိအနေအထားမျိုးမှာ အာဏာရလူတန်းစားဟာ “ခွင်လုံးကျွတ်နိုင်ချင်နေသမျှ”၊ ဒါမှမဟုတ် “ခွင်လုံးကျွတ်အနိုင်ယူဖို့ပွဲတွေးခေါ် လုပ်ဆောင်နေသမျှ” ဘယ်တော့မှ နှစ်ဖက်အနိုင်ရရှိတဲ့ “Win - Win ဖြေရှင်းနည်း” ဖြစ်ပေါ်မလာနိုင်ပါဘူး။ “Win - Win ဖြေရှင်းနည်း”ဆိုတာဟာ နှစ်ဖက်စလုံးကသဘောရိုးနဲ့၊ အဖြေကောင်းရလိုတဲ့ဆန္ဒအစပြုချက်နဲ့ ဆွေးနွေးကြမှရတာပါ။ အာဏာရလူတန်းစားက “သူ့ဘက်က အနိုင်ရနေတယ်” လို့ ထင်နေသမျှ “ဂိမ်းသီဝရီ” ဆိုတာ အလုပ်မဖြစ်နိုင်ပါဘူး။ ဒီနေ့ဗမာပြည်ပြည်သူတွေ ရင်ဆိုင်နေရတဲ့ရန်သူဟာ ဘယ်လိုလူလဲဆိုတာကို အကဲဖြတ်တာမှာကိုပဲ ပြဿနာရှိနေပါတယ်။ စစ်ဗိုလ်ချုပ်တွေကို ပန်းပန်၊ သနပ်ခါးလိမ်းပေးနေပြီး၊ ဒီချုပ်ကို အိုးမည်းသုတ်ဖို့ ကြိုးစားနေတာတွေလည်း တွေ့ရပါတယ်။ ကိုယ့်ဖက်ကသူ့ကိုကြည့်ရင်တမျိုး၊ သူ့ဖက်က ကိုယ့်ကိုကြည့်ရင် တမျိုးဆိုတာ မဆန်းပါဘူး။ ဒါပေမယ့် ဘယ်ဖက်မှာရပ်တယ်ဆိုတဲ့ကိစ္စကိုတော့ ပြောရပါမယ်။

ဒီနေ့ဗမာပြည်ကြုံတွေ့နေရတဲ့ အကြပ်အတည်းဟာ လက်နက်ကိုင်ထားတဲ့ အာဏာရလူတန်းစားက အာဏာကို ပြည်သူကရွေးကောက်တင်မြှောက်သူတွေလက်ထဲ လွှဲပြောင်းဖို့မပြောနဲ့ တဖွဲ့တစတောင် ခွဲမပေးချင်လို့ ဖြစ်ပါတယ်။ တချို့သော ကိုယ့်ကိုယ်ကို နိုင်ငံရေးပုရောဟိတ်လို့ သတ်မှတ်ယူဆနေသူတွေပြောသလို အတိုက်အခံတွေဖက်က၊ အထူးသဖြင့် အမျိုးသားဒီမိုကရေစီဖက်က အလျှော့မပေးလို့၊ တင်းခံနေလို့ လုံးဝမဟုတ်ပါဘူး။

ဒီကြားထဲကပဲ “ကိုယ်ကလျှော့ပေးရင် သူကလည်းလျှော့ပေးလာမယ်”ဆိုတဲ့ အံ့သြစရာစဉ်းစားတွေးခေါ်နည်းတွေတောင် ကြားရ ဖတ်ရပါတယ်။ သူတို့ဟာ နအဖကို ဖားချင်လွန်းတာလား၊ နုံအလွန်းတာလား စဉ်းစားစရာဖြစ်နေပါတယ်။ ဒီထက် ဒီလိုသာဆက်ပြီး အလျှော့ပေးရမယ်ဆိုရင်တော့ ခါးပါ,ပါရုံမက “ကျားခံတွင်းရှေ့မှာ ကိုယ့်ကိုကိုယ် စင်းပေး”တာပဲဖြစ်မှာတော့မှာပါ။

ဒီအတွေးအခေါ်တွေနဲ့တဆက်ထဲ တချို့က ဗမာပြည်ရဲ့ “ပြည်တွင်းစစ်သမိုင်းကိုလည်း သူတို့ဖြစ်စေချင်သလိုဆွဲတွေး၊ ဆွဲရေးနေတာတွေ ပေါ်လာနေပါတယ်။ နအဖပေးထားတဲ့ဒီမိုကရေစီဟာ သူတို့ရဲ့အဲဒီလိုရေးသားမှုတွေအတွက်တော့ တကယ့်ကို အံကိုက်ပါ။ ပြန်စဉ်းစားကြည့်ပါ။ စေ့စပ်ဆွေးနွေးပြီး ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးပြန်လည်တည်ထောင်ဖို့ ဗကပက ၁၉၅၅ ခုနှစ်မှာ ကမ်းလှမ်းတုန်းက ‘စစ်အုပ်စု’ဟာ တပ်မတော်ရဲ့တစိတ်တပိုင်းမှာပဲ ဘန်ကာတူး၊ အခြေစိုက်နေရတုန်းပဲဖြစ်ပါတယ်။ “မဆလဆိုရှယ်လစ်အတွေးအခေါ်”ဆိုတာကို စတင်ပြီးတော့ ကြံဆနေရတုန်းဖြစ်မှာပါ။ စစ်အုပ်စုအပိုင်စီးထားတဲ့ ‘စိတ်ဓာတ်စစ်ဆင်ရေးဌာန’ကို အသုံးပြုပြီး‘ခေတ်ရေး’ စာစောင်ကလေးတွေထုတ်နေပြီး တပ်ကို တလက်ကိုင်ဖြစ်အောင် ကြိုးစားစည်းရုံးနေတုန်းဖြစ်ပါတယ်။ (အဲဒီ ‘ခေတ်ရေး’ စာစောင်ကလေးတွေကို ပြန်လည်လေ့လာကြည့်ရင် ရှင်းပါလိမ့်မယ်။ သောင်းနဲ့ချီရိုက်ပြီး အလကားဝေခဲ့တာမို့ အခုရှာရင် ရနိုင်ပါသေးတယ်။) ဒါကြောင့် အဲဒီတုန်းကတည်းက ‘ဖဆပလအစိုးရ’ရဲ့ ‘တရားဝင်ပေါ်လစီ’နဲ့ ‘စိတ်ဓာတ်စစ်ဆင်ရေး’ရဲ့ပေါ်လစီဟာ အတိအလင်းကွဲပြားနေတာကိုလည်း တွေ့ကြရမှာပါ။ စစ်တပ်ဟာ ဦးနုကို မျက်လုံးထဲတောင် မထားပါဘူး။

ဗကပထဲမှာလည်း အဲဒီတုန်းကတည်းက ကိုယ့်ဘက်ကလျှော့ပေးလိုက်ရင် သူ့ဘက်ကလည်း လျှော့ပေးလိမ့်မယ်ဆိုတဲ့ အတွေးအခေါ်ကို စစ်တမ်းတွေ ပလူပျံအောင်ရေးပြီး ဖြန့်နေကြတာပါ။ အလွယ်ဆုံးဥပမာပြရရင် “ချမ်းအေးစစ်တမ်း”ပါ။ ဒါက တခုပဲဖြစ်ပါတယ်။ တခြားစစ်တမ်းတွေလည်း ရှိပါသေးတယ်။ ဒါပေမယ့် အဲဒါတွေအားလုံးမှာ အခြေခံအတွေးအခေါ်ကတော့ တခုတည်းပါ။ အဲဒါက “ကိုယ့်ဘက်ကလျှော့ပေးမှ သူ့ဘက်ကလျှော့လာမယ်”ဆိုတဲ့ အတွေးအခေါ်ဖြစ်ပါတယ်။ အဲဒီအယူအဆရှင်တချို့က “ဆုတ်မယ့်ဆုတ် ကတုတ်ထိအောင်ဆုတ်ရမယ်” လို့ပြောပြီး လက်နက်ချအညံ့ခံဖို့ ပြောကြပါတယ်။ သူတို့ မစဉ်းစားမိတာက “ခွင်လုံးကျွတ်အနိုင်ယူချင်သူဟာ လျှော့ပေးရင်၊ ကမ်းတက်တတ်တယ်”ဆိုတာပါပဲ။

“ဒီမိုကရေစီကို လက်နက်နဲ့လဲ” လို့ မရခဲ့တာကိုတော့ “ပြည်သူ့ရဲဘော်”တွေ ‘အလံနီ’တွေရဲ့ဖြစ်ရပ်က သက်သေပြခဲ့ပါပြီ။

ဒီမိုကရေစီကို ‘မဲပြား’နဲ့ ရအောင်လုပ်ရင်ရမယ်။ ‘အကြမ်းမဖက်ရေး’နဲ့ လုပ်ရင်ရမယ်ထင်တဲ့ ‘ထင်ယောင်မှားမှု’ကိုတော့ ပထစနဲ့ဒီချုပ် အတွေ့အကြုံတွေက ပြသွားခဲ့ပြီ မဟုတ်ပါလား။ အခုတော့ ‘စိတ်ဓာတ်စစ်ဆင်ရေး’မှာ အောက်သက်ကျေခဲ့တဲ့ ဗိုလ်သန်းရွှေက “တရားခံအဖြစ်ခံပြီး” အခြေခံဥပဒေရေးဆွဲလိုက်ပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နောက်ဆုံးလက်သီးချက်သွင်းတဲ့ Coup Degrace အဆင့်ကို ရောက်နေပြီ။ စစ်အုပ်စုဟာ ‘စစ်တပ်နဲ့အာဏာသိမ်း’ Coup Déta နဲ့ စခဲ့ပြီး Coup Degrace နဲ့ စစ်အုပ်စုမင်းဆက်ကို ထူထောင်ချင်ကြောင်း ဖော်ပြနေတာဖြစ်ပါတယ်။ ဒီ့ထက်ထပ်လျှော့ရင်ဘာဖြစ်မလဲ။ ပြားပြားဝပ်တဲ့ဘဝပဲရောက်မှာပါ။ အညွန့်တုံးတဲ့ဘဝပဲရောက်မှာပါ။

၂၀၀၈ ခုနှစ်ကနေ ၂၀၁၀ခုနှစ်၊ ဒီ (၂) နှစ်အတွင်းမှာ အဖြစ်အပျက်တွေဟာ ဗမာပြည်ရဲ့ကံကြမ္မာကို ဆုံးဖြတ်ပါလိမ့်မယ်။ ဘာဖြစ်မလဲ။ အကောင်းလား၊ အဆိုးလားတွေ့ရတော့မှာပါ။ ကြာကြာစောင့်ရမယ် မထင်ပါဘူး။ တွေ့ဝေနေရင် တသက်တာလုံး ခံရပါလိမ့်မယ်။

ဖဆပလ၊ ပထစ၊ မဆလတို့ရဲ့ ဇာတ်သိမ်းမျိုး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မသိမ်းရလေအောင် ကျနော်တို့တတွေအားလုံး ကြိုးစားကြရပါမယ်။ ဒါဟာ နောက်မြီးဆွဲလုပ်တာ မဟုတ်ပါဘူး။ သမိုင်းတခေတ်မှာရင်ဆိုင်ရတဲ့အခြေအနေမှာ ကိုယ့်ကျတဲ့အခန်းကနေ ဝင်ပါတာဖြစ်ပါတယ်။

တကယ်တော့ ဗမာပြည်ရဲ့အဖြစ်ဟာ ဖွတ်မိကျောင်းဖြစ်လာလို့ ဖွတ်ကျောပြာစုဘဝရောက်ရတာပါ။ ၁၉၅၅ ခုနှစ်လောက်တုန်းက စစ်အုပ်စုဟာ အိမ်မြှောင်အဖြစ်ကနေ ပြည်တွင်းစစ်ကြောင့် ကြီးထွားလာတဲ့‘ဖွတ်ဘဝ’ပဲရှိပါသေးတယ်။ ဒီလိုနဲ့ ၁၉၅၈ ခုနှစ်မှာ ဖဆပလကွဲတော့ တဆင့်တက်လာပါတယ်။ စစ်အုပ်စုဟာ ‘နိုင်ငံတော်အာဏာပိုင်’အဖြစ် ယာယီဖြစ်လာပါတယ်။ အာဏာရဲ့အရသာကို လျှာနဲ့လျက်ခွင့်ရလိုက်ပါတယ်။ နေသေးသပ ခြိုထဲက၊ ချိုသွေးသပ တမြမြလုပ်နေပါတယ်။

ဗိုလ်နေဝင်းနဲ့ သူ့တပ်မှူးတွေဟာ ၁၉၅၈ ခုနှစ်မှာ သူတို့ကို “အာဏာလွှဲပေးခဲ့တဲ့” ဦးနုရဲ့ပထစအစိုးရကို ခဏစောင့်ကြည့်ပြီး ၁၉၆၂ ခုနှစ်မှာကျတော့ သူတို့အာဏာသိမ်းရင် ပထစတွေ လွှန်ဆန်နိုင်မှာမဟုတ်ဘူးလို့တွက်မိပြီး တဆင့်တက်လိုက်တာပါပဲ။ အာဏာကို အပြီးအပိုင်သိမ်းလိုက်တာပါ။ ကမ္ဘာတည်သရွေ့အာဏာကို ဆုပ်ကိုင်ထားနိုင်ဖို့အတွက် ‘မဆလအလံ’ကိုလည်း အတိအလင်း ထူပြလိုက်ပါတယ်။

၁၉၈၈ မှာ စစ်အုပ်စုဟာ မျိုးဆက်သစ်ကို အာဏာအမွေလွှဲပေးပါတယ်။ ရှစ်လေးလုံးတိုက်ပွဲကြီးကြောင့် ဗိုလ်နေဝင်း ပန်းပေးသွားတာပါ။ ၁၉၈၈ ခုနှစ်ကနေ အခု ၂၀၀၈ ခုနှစ်အထိမှာတော့ အာဏာကိုလဲ လွှဲမပေး၊ စစ်တန်းလျားကိုလည်း မပြန်တော့ပါဘူး။ နေပြည်တော်အသစ်ထူထောင်ပြီး အာဏာကို ရာသက်ပန် သိမ်းထားမယ်ဖြစ်နေပါပြီ။ အခု ဗမာပြည်သူတွေရင်ဆိုင်နေရတာဟာ အာဏာကို တရားဝင် ရာသက်ပိုင်ဆုပ်ကိုင်ထားဖို့အတွက် ဥပဒေပြုနေတာနဲ့ စစ်အင်အားတည်ဆောက်နေတဲ့ အနေအထားဖြစ်ပါတယ်။

၂၀၀၀ ခုနှစ် ဝင်လာကတည်းက နိုင်ငံတကာ့အခြေအနေကလည်း တစတစပြောင်းလာလိုက်တာ အခုတော့ ဗမာပြည်ဟာ အင်အားကြီးတွေရဲ့ကြားမှာ ကစားစရာဖြစ်နေပါပြီ။ ကုလသမဂ္ဂကိုပြေးတိုင်လိုက်၊ ကုလသမဂ္ဂကိုရန်ထောင်လိုက်နဲ့ လူရယ်စရာတွေဖြစ်လာပါလိမ့်မယ်။ ပြည်ပမှာသူများတွေက အမှိုက်လှည်းကြီးလို့ ထင်စရာဖြစ်လာနေချိန်မှာ ပြည်တွင်းမှာကျတော့ ဖွတ်က မိကျောင်းဖြစ်တာကြာပြီဖြစ်တဲ့အတွက် မြစ်ပြင်တခုလုံး မချမ်းသာရုံမက မြစ်ပြင်တခုလုံး မီးဟုန်းဟုန်းတောက်မယ့်အခြေအနေဆိုက်နေပါပြီ။

နိုင်ငံရေးဘဝမှာ ဇာတ်ဆရာမရှိပါဘူး။ ကိုယ်တိုင်ပါဝင်ကကြရတာပါ။ လူတိုင်း၊ အထူးသဖြင့် နိုင်ငံရေးခေါင်းဆောင်နဲ့ နိုင်ငံရေးသမားတိုင်းဟာ ပွဲကြည့်တွေမဟုတ်ပါဘူး။ ကိုယ်တိုင် ကပြနေကြတာပါ။ ဘာမှမလုပ်ဘဲထိုင်နေရင် အဲဒါလည်း သရုပ်ဆောင်နေတာပဲဖြစ်တယ်ဆိုတာကို မမေ့ဖို့ပါဘဲ။

❖

# နအဖ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းသည် ပြည်သူအတွက် မျှော်လင့်ချက်နည်းကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဝေဖန်



နအဖစစ်အစိုးရထုတ်သတင်းစာတစောင်အားဖတ်ရှုနေသည့်ဘုန်းကြီးတပါး

မြန်မာနိုင်ငံတွင် စစ်အစိုးရဦးစီးပြီး ရေးဆွဲထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းသည် ပြည်သူလူထုအတွက်မျှော်လင့်ချက်နည်းပါးကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒေးဗစ်ဂေါလပ်စ်က ဧပြီလ (၁၀) ရက်နေ့က ပြောကြားလိုက်သည်။

ထိုမူကြမ်းတွင် တိုင်းပြည်၏အဓိကကျသော အခန်းကဏ္ဍများကို စစ်တပ်ကသာရယူထားသည်။ လွှတ်တော်အမတ်နေရာ၏ (၂၅) ရာခိုင်နှုန်းကိုစစ်တပ်က ရယူထားယုံမျှမက ဥပဒေကိုလည်း အချိန်မရွေး ထင်သလိုပြုလုပ်ခွင့်ပါပိုင်ဆိုင်ထားသည်။ ဖွဲ့စည်းပုံတွင် အတိုက်အခံနိုင်ငံရေးပါတီများပါဝင်၍ ဥပဒေရေးဆွဲခွင့်ကိုလည်း ပိတ်ပင်ထားသည်။

အမေရိကန်နိုင်ငံသည် စစ်အုပ်စုမှ (၁၄) နှစ်ခန့်အချိန်ယူရေးဆွဲခဲ့သည့် ထိုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား အပြင်းထန်ဆုံးဝေဖန်နေသော နိုင်ငံတနိုင်ငံဖြစ်သည်။

ဖွဲ့စည်းပုံဥပဒေထဲတွင် နိုင်ငံခြားသားနှင့်လက်ထပ်ထားသူကို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကိုပိတ်ပင်ထားခြင်းသည် ဒေါ်အောင်ဆန်းစုကြည်အား တမင်ရည်ရွယ်၍ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်သည်။

ဧပြီလ (၁၀) ရက်နေ့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် "အမေရိကန်အရာရှိတွေအနေနဲ့ ဖွဲ့စည်းပုံနဲ့ပတ်သက်လို့ ပဏာမလေ့လာတာလောက်ပဲ လုပ်ရပါသေးတယ်။ ဒါပေမယ့်လည်း ပထမပိုင်းအကြမ်းဖျဉ်းဖတ်ကြည့်ရသလောက် တွေ့ရတဲ့အချက်တွေက သိပ်ကိုအလေးအနက် သတိထားရမယ့်အချက်တွေရှိနေတယ်"ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ရှောင်မက်ကော်မက်ခ်က ပြောကြားခဲ့သည်။

"ပထမပိုင်းအကြမ်းဖျဉ်းလေ့လာကြည့်တဲ့အချက်အရ လက်ရှိစစ်အစိုးရအုပ်ချုပ်ရေးကိုပဲ သက်တမ်းကြာအောင်လုပ်မယ့် ဖွဲ့စည်းပုံဆိုတာသိသာပါတယ်။ မြန်မာနိုင်ငံအတွင်း ကဒီမိုကရေစီအင်အားစုတွေနဲ့ ပွင့်လင်းတဲ့၊ လေးနက်တဲ့ ခြေခြေမြစ်မြစ်တွေ့ဆုံဆွေးနွေးတာမျိုးဘာမှမရှိဘူး။ နိုင်ငံတကာ မိသားစုကတောင်းဆိုတာတွေ၊ ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုထားတဲ့အချက်တွေမျိုးကိုလည်း ဆွေးနွေးထည့်သွင်းတာမျိုး မရှိပါဘူး၊ အကြမ်းဖျဉ်းလေ့လာကြည့်ရသလောက်တွေ့ရတာကိုပဲ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီပြောင်းလဲရေးအတွက် သိပ်ပြီးမျှော်လင့်လို့မရတဲ့ အခြေအနေဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အမေရိကန်သမတ ဂျော့ခ်ျဘုရှ်ကလည်း မြန်မာနိုင်ငံအတွင်းနိုင်ငံရေးဖြစ်စဉ်တွေအပေါ်မှာ စိတ်ပျက်မိကြောင်းနှင့် စစ်အစိုးရအနေနှင့် ပြည်သူတွေကိုကြောက်ရွံ့နေတာတွေမဖြစ်သင့်ကြောင်း ဧပြီလ (၈) ရက်နေ့က ပြောကြားခဲ့သည်။

နအဖကအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် နိုင်ငံခြားသံရုံးများ၏ ညွှန်ကြားချက်များကို လိုက်လုပ်နေသည်ဟုလည်းကောင်း၊ ပြည်ပသံရုံးများကလည်း မြန်မာပြည်တွင် နိုင်ငံရေးမတည်မငြိမ်ဖြစ်အောင်လုပ်နေသည်ဟု စွပ်စွဲထားသည်။

၎င်းစွပ်စွဲချက်နှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှောင်မက်ခ်ကော်မက်ခ်က "ဒါဟာ လူတွေကိုလိမ်လည်တဲ့ လုပ်ကြံဝါဒဖြန့်မှုတခုသာဖြစ်ပါတယ်"ဟု တုန့်ပြန်ပြောဆိုလိုက်သည်။

ဆက်လက်၍ ရှောင်မက်ကော်မက်ခ်က "ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ကြိုးပမ်းနေတဲ့သူတွေဟာ မြန်မာနိုင်ငံကို နိုင်ငံတကာ အသိုင်းအဝိုင်းက အာရုံမစူးစိုက်ခင်ကတည်းက တိုင်းပြည်ကောင်းကျိုးအတွက်ဆောင်ရွက်နေသူတွေဖြစ်တယ်"ဟုလည်း ပြောကြားသွားခဲ့သည်။

❖

# အခြေခံဥပဒေရေးဆွဲရာတွင် ယုံကြည်စိတ်ချရသောပုဂ္ဂိုလ်များပါဝင်ရေး ကမ္ဘာ့ကုလသမဂ္ဂမှ နအဖစစ်အုပ်စုသို့ တောင်းဆိုမည်



ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးမြင်ကွင်း

မတ်လ (၂၅) ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီကြေညာချက်မူကြမ်းတွင် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးအား ခြွင်းချက်မရှိလွှတ်ပေးပြီး ၎င်းတို့အား မေလတွင်ကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် စည်းဝေးတိုင်ပင်ခွင့်များပေးရန် နအဖစစ်အုပ်စုသို့ တိုက်တွန်းတောင်းဆိုထားသည်။

ထိုကြေညာချက်သည် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများမှ တင်သွင်းခဲ့ခြင်းဖြစ်ပြီး အမြဲတမ်းအဖွဲ့ဝင် (၁၅) နိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်ကတည်းက စစ်အုပ်ချုပ်မှုအောက်တွင် ကျရောက်နေခဲ့ခြင်းဖြစ်သည်။ လက်ရှိစစ်အာဏာရှင်များသည် ၁၉၈၈ ကစ၍ နိုင်ငံတော်အာဏာကိုသိမ်းယူထားခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရထားသော ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အာဏာလွှဲပေးရန်ကိုလည်း ပျက်ကွက်နေခဲ့သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့သွားရောက်ခဲ့စဉ်က ၂၀၀၈ ခုနှစ်၊ မေလတွင်ကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ လိုအပ်သောထောက်ပံ့ပစ္စည်းများနှင့် ကြီးကြပ်ဆောင်ရွက်မှုအတွက် ကမ်းလှမ်းချက်များအပါအဝင် သူ၏တိုက်တွန်းအကြံပြုချက်အားလုံး စစ်အုပ်စုမှပယ်ချခံရသည့်အပေါ် လိုက်လှဲစွာစိုးရိမ်ပူပန်မိကြောင်း အဆိုပါ အထွေထွေညီလာခံဆုံးဖြတ်ချက်တွင်ပါရှိသည်။

လူ့အခွင့်အရေးကောင်စီ၏ (၇) ကြိမ်မြောက် အထွေထွေညီလာခံမှ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးနှင့်ဆိုင်သော ဆုံးဖြတ်ချက်များမှာ ကုလသမဂ္ဂ၏ပဋိညာဉ်စာတမ်းပါအကြောင်းအချက်များအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအရလည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်စာတမ်းအရလည်းကောင်း၊ ထို့အပြင်၂၀၀၆ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ကကျင်းပ၍ ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ၏အထွေထွေညီလာခံဆုံးဖြတ်ချက် ၆၀/၂၅၁နှင့် ၂၀၀၅ ခုနှစ်၊ ဧပြီလ (၁၄) ရက်နေ့က လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် ၂၀၀၅/၁၀ နှင့် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာအတွင်းက ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက် (S-5/1) နှင့် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ (၁၄) ရက်နေ့ကထုတ်ပြန်ကြေညာခဲ့သော (၆/၃၃) တို့အရလည်းကောင်း အခြေခံ၍ ဤဆုံးဖြတ်ချက်မူကြမ်းကို ရေးသားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ပါရှိသည်။

ကြေညာချက်က တိုက်တွန်းတောင်းဆိုထားမှုများတွင် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလအတွင်းက ငြိမ်းချမ်းစွာဆန္ဒပြနေခဲ့ကြသော ပြည်သူလူထုအား အကြမ်းဖက်နှိမ်နင်းခဲ့မှုများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့် ထိုအရေးအခင်းကာလများအတွင်းက ဖမ်းဆီးခံရသူများအပေါ်တွင် ကျူးလွန်လျက်ရှိနေသော လူ့အခွင့်အရေးချိုးဖောက်မှုများအား တရားမျှတစေရန် စုံစမ်းစစ်ဆေးမှုများအရေးယူဆောင်ဆောင်ရွက်ရေးလည်း ပါဝင်ပြီး နေအိမ်အကျယ်ချုပ်ကျခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ၂၀၀၇ စက်တင်ဘာအရေးအခင်းအတွင်းက ဖမ်းဆီးခံထားရသူများအပါအဝင် နိုင်ငံရေးအကျဉ်းသားများ၏ တိုးပွားနေသောအကျဉ်းသားအရေအတွက်တို့နှင့်ပတ်သက်၍ စိုးရိမ်ပူပန်ရကြောင်းကိုလည်း ဖော်ပြထားသည်၊

လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျကျူးလွန်နေမှုများနှင့်တကွ မြန်မာပြည်သူများ၏ အခြေခံလွတ်လပ်ခွင့်များ ဆုံးရှုံးနေရခြင်းနှင့်ဖမ်းဆီးထိန်းသိမ်းခံနေရသောစာရင်းများ တနေ့တခြားတိုးပွားလာနေခြင်းများအပေါ် ပြင်းထန်စွာရှုတ်ချထားသည်။

ထို့အပြင် မြန်မာစစ်အုပ်စုအနေနှင့် လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက် (၆/၃၃) အရ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ်၏ တင်ပြအကြံပြုချက်များအတိုင်း အနည်းငယ်မှ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ၎င်းနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် ၎င်း၏အကြံဉာဏ်ကိုလည်း လက်ခံလိုက်နာဆောင်ရွက်ရန် မြန်မာစစ်အာဏာပိုင်များအား အလေးအနက်တိုက်တွန်းတောင်းဆိုထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့်ပတ်သက်၍ တောင်းဆိုရာတွင် စစ်အုပ်စုကရေးဆွဲနေသော အခြေခံဥပဒေမူကြမ်းသည် ပြည်သူလူထုလက်ခံနိုင်လောက်သော အမြင်ကြည်လင်မှု၊ လူအများပူးပေါင်းပါဝင်စေမှုနှင့် ပြည်သူကိုကိုယ်စားပြုသော ဥပဒေမူကြမ်းဖြစ်လာသည် အထိဆောင်ရွက်ပေးရန်၊ စည်းမျဉ်းဥပဒေများရေးဆွဲတည်ဆောက်ရေး၊ ဒီမိုကရေစီထွန်းကားရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့အတွက် နိုင်ငံရေးပါတီအားလုံးနှင့် တွေ့ဆုံဆွေးနွေးအဖြေရှာရန်၊ ပြည်သူတို့၏ အခြေခံလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာပြောဆိုရေးသားခွင့်များအတွက် အပြည့်အဝယုံကြည်စိတ်ချရမှုရှိစေရန်နှင့် လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်ကဲ့သို့သော အခြေခံလွတ်လပ်ခွင့်များကို ချုပ်ခြယ်ကန့်သတ်ခြင်းများအား ရပ်တန်းကရပ်ရန်တို့အပြင် နိုင်ငံရေးအကျဉ်းသားအားလုံးအား ခြွင်းချက်မရှိလွှတ်ပေးရန်တို့ဖြစ်သည်။

မြန်မာပြည်အနှံ့အပြားတွင် အကူအညီလိုအပ်နေသောမည်သူမဆိုကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရေးကို လက်ခံခြင်းနှင့်နှောင့်ယှက်ခြင်းမရှိစေရန်၊ မြန်မာနိုင်ငံအနှံ့အပြားရှိအကျဉ်းထောင်များအတွင်းသို့ အကူအညီများပေးရာတွင် လူ့အခွင့်အရေးလှုပ်ရှားသော အဖွဲ့များအား နှောင့်ယှက်ဟန့်တားမှုတစုံတရာမရှိစေဘဲနှင့် လူမှုအထောက်အကူများပေးနိုင်ရေး အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်တို့ကိုလည်း တောင်းဆိုထားသည့်အပြင် တိုင်းရင်းသား လူနည်းစုများနေထိုင်ရာဒေသများတွင် အတင်းအဓမ္မနေရာပြောင်းရွှေ့ခြင်းများအဆုံးသတ်ပေးရန်၊ တိုင်းရင်းသားလူမျိုးစုများအပေါ်ကျူးလွန်နေသော လူသားချင်းဆိုင်ရာလိုက်နာရမည့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများ၊ ချိုးဖောက်နေမှုများကို အဆုံးသတ်ရန်တို့လည်းပါဝင်သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ မြန်မာနိုင်ငံဆိုင်ရာအထူးသံကိုယ်စားလှယ်အား မြန်မာပြည်တွင်းသို့ ဆက်လက်ဝင်ရောက်ခွင့်ပြုရမည့်အပြင် သူ၏လုပ်ပိုင်ခွင့်များနှင့်ဆောင်ရွက်ချက်များအား နှောင့်ယှက်မှုတစုံတရာမရှိစေဘဲ ဆောင်ရွက်နိုင်ရေး မြန်မာပြည်မှဖိတ်ခေါ်ရန်လည်း တိုက်တွန်းတောင်းဆိုထားကြောင်းသိရသည်။

❖

**နှစ် (၄၀) မှ နှစ် (၄၀၀) သို့ဦးတည်နေသည့် အာဏာရှင်စနစ် ဝိုင်းဝန်းတိုက်ဖျက်ပစ်**

# အမေရိကန်ပြည်ထောင်စု၏အာဆီယံဆိုင်ရာအထူးသံတမန်က မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအတွက် အာဆီယံနိုင်ငံများသို့ကူညီမည်ဖြစ်ကြောင်းကတိပေး

အမေရိကန်မှ အာဆီယံဆိုင်ရာ မြန်မာ့အရေးဆောင်ရွက်မည့်သံတမန်က သူ၏အဓိကလုပ်ငန်းစဉ်မှာ စစ်အုပ်စုထိန်းချုပ်ခံနေရသော မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေးပြန်လည်ထွန်းကားရေးအတွက် အရှေ့တောင်အာရှနိုင်ငံများမှ ပူပေါင်းဆောင်ရွက်လာစေရေး တိုက်တွန်းအားပေးသွားရန်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပထမဆုံးခန့်အပ်လိုက်သော အာဆီယံဆိုင်ရာ မြန်မာ့အရေးသံတမန် မစ္စတာမာဆီက လူ့အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ချမှတ်ခဲ့ပြီးဖြစ်သော အာဆီယံပဋိညာဉ်စာတန်းပါ နည်းဥပဒေများအတိုင်း အရေးယူဆောင်ရွက်နိုင်ရန် လိုအပ်သောဩဇာအာဏာများကို ပြဌာန်းသတ်မှတ်ရန်ကိုလည်း တိုက်တွန်းလိုက်သည်။

''ကျနော် ရာထူးကိုတရားဝင်လက်ခံရယူပြီးတဲ့အခါ ကျနော်လုပ်ရမယ့် အမြင့်ဆုံးလုပ်ငန်းကတော့ အာဆီယံနိုင်ငံများနဲ့ အတူလက်တွဲပြီးတော့ မြန်မာစစ်အုပ်စုရဲ့ ရက်စက်ကြမ်းတမ်းတဲ့လုပ်ရပ်တွေကို အဆုံးသတ်စေပြီး တွေ့ဆုံဆွေးနွေးပွဲတွေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းလာစေရေးအတွက် စည်းရုံးသွားဖို့ပဲဖြစ်ပါလိမ့်မယ်''ဟု ဆီးနိတ်လွှတ်တော်တွင် သူ့အားထိုရာထူးအတွက် အတည်ပြုကြောင်းကြားရချိန်တွင် ဤသို့ပြောကြားခဲ့သည်။

''မြန်မာ့အရေးပြဿနာတွေဟာ အာဆီယံအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သလို အခွင့်အရေးကောင်းတခုလည်း ဖြစ်ပါတယ်''ဟု မစ္စတာမာဆီကပြောသည်။ ဆက်လက်၍ အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံနိုင်ငံများကသာ မြန်မာနိုင်ငံ၏ အရှိန်အဟုန်နှင့်ကျဆင်းနေသော ဆုတ်ယုတ်မှုများကို ပြောင်းပြန်လှန်ပေးလိုက်နိုင်ပါက ယင်းသည် မြန်မာပြည်သူများအတွက်ရော ဒေသတွင်းနိုင်ငံများအတွက်ပါ အလွန်ပင်ကြီးမားသော အကျိုးအမြတ်ဖြစ်ပေလိမ့်မည်ဟုလည်း ပြောကြားသွားသည်။

အာဆီယံနိုင်ငံများတွင် သန်း (၆၀၀) နီးပါးသောလူဦးရေနှင့် စီးပွားကုန်သွယ်မှုရှိနေပြီး အမေရိကန်ပြည်ထောင်စုအတွက်လည်း စတုတ္ထအကြီးဆုံးပို့ကုန်ဈေးကွက်ဖြစ်လည်း အာဆီယံနိုင်ငံများတွင် အမေရိကန်၏ ကုန်သွယ်ဘက်များဖြစ်သော ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံနှင့် ကမ္ဘာ့တတိယမြောက်ဒီမိုကရေစီထွန်းကားသော၊ မွတ်စလင်အများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံတို့လည်းပါဝင်သည်။

မစ္စတာမာဆီသည် လူ့အခွင့်အရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ထားခဲ့ပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်ရန်အတွက် လိုအပ်သောဩဇာအာဏာများကို ချမှတ်ပြဌာန်းပေးရန် အာဆီယံနိုင်ငံများသို့ တိုက်တွန်းလိုက်သည်။

''ကျနော်တို့ဟာ ဒေသတွင်းမှာ အခြေခံလူ့အခွင့်အရေးတွေတိုး တက်ဖွံ့ဖြိုးလာအောင် အထောက်အကူပေးဖို့နဲ့ အခြေခံလူ့အခွင့်အရေးတွေကို ကာကွယ်ဖို့အတွက်လည်း အာဆီယံကိုတိုက်တွန်းရပါလိမ့်မယ်'' ဟုမာဆီကပြောသည်။

အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သော မစ္စတာစကော့တ်မာဆီ၏တာဝန်များမှာ မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်မှုအဆုံးသတ်ရေး၊ စစ်အစိုးရ၏ နိုင်ငံရေးဖိနှိပ်မှုများအဆုံးသတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးဆောင်ရွက်နိုင်ရေးတို့ဖြစ်သည်။

အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်က အမေရိကန်မှ ဤသို့ အာဆီယံဆိုင်ရာ သံတမန်ခန့်အပ်လိုက်ခြင်းသည် အာဆီယံအသင်းကြီး၏အရေးပါမှုကို အမေရိကန်ပြည်ထောင်စုက အသိအမှတ်ပြုလိုက်သည့် ထူးခြားသောလက္ခဏာဖြစ်ကြောင်းဖြင့် ကြိုဆိုကြောင်း ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် အာဆီယံအနေနှင့် အမေရိကန်ပြည်ထောင်စုနှင့် အကြောင်းအရာများစွာကို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေကြောင်း၊ ဒေသတွင်းလုံခြုံရေးနှင့်ပြည်သူများ၏ကောင်းကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားသည်။

မစ္စတာမာဆီသည် ယခင်က ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဟောင်ကောင်စသော အာရှနိုင်ငံများတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး အရှေ့တောင်အာရှ ရေကြောင်းဆိုင်ရာရုံးတွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မြန်မာ့အရေးကိစ္စများနှင့်ပတ်သက်၍ ၂၀၀၈ ဇန်နဝါရီလကုန်ပိုင်းက ဂျပန်၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများသို့ ခရီးလှည့်လည်၍ မြန်မာနိုင်ငံရေးပြောင်းလဲရေးအတွက် တိုက်တွန်းမှုများရှိခဲ့သည်။ မြန်မာစစ်အစိုးရသည် မိမိတိုင်းပြည်မှ ပြည်သူလူထု၏သဘောထားကိုလည်းမတုန့်ပြန်၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ သဘောထားကိုလည်း လျစ်လျူရှု၍ အပြုသဘောဆောင်သော ခြေလှမ်းများကိုလည်း ငြင်းဆန်နေသည်ဟု ဝေဖန်ပြောဆိုခဲ့ခြင်းများလည်းရှိခဲ့သည်။

အလှည့်ကျအာဆီယံအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာဌာနခွဲမှ မြန်မာ့ဒီမိုကရေစီရေးကို ထောက်ခံအားပေးသော ဒက်ဘီစတော့ဟတ်က မြန်မာစစ်တပ်သည် သူ၏အာဏာတည်မြဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပေးရန်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပရန်စီစဉ်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဇမ (၁၀) ရက်တွင် ကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် မည်သူမှ ကန့်ကွက်မဲမပေးနိုင်စေရန် ကြီးမားသော နှိပ်ကွပ်မှုတရပ်ကို ပြုလုပ်နေကြောင်းလည်း ဝေဖန်ပြောကြားခဲ့သည်။ ❖

# တရုတ်နိုင်ငံလုပ်စစ်သုံးပစ္စည်းနှင့်စစ်ကားများ မြန်မာနိုင်ငံတွင်းသို့ လေးလအတွင်း သုံးကြိမ်မြောက်တင်သွင်း


တရုတ်ပြည်မှမြန်မာပြည်သို့တင်သွင်းလာသည့် စစ်သုံးခြောက်ဘီးတပ်ယာဉ်များ

တရုတ်နိုင်ငံလုပ် အမြောက်ဆွဲယာဉ်များ မြန်မာပြည်သို့လွှဲပြောင်းနေကြောင်း မျက်မြင်သက်သေတဦးက အာရ်အက်ဖ်အေသို့ပြောသည်။

ယခုရောက်ရှိလာသော တုန်ဖုန်းကားအမျိုးအစားသည် ယခင်တင်ပို့သောကားအမျိုးအစားမျိုးမဟုတ်ဘဲ ခြောက်ဘီးတပ်အမြောက်ဆွဲယာဉ်များဖြစ်ပြီး ခေါင်းတိုဘီးကြီးများဖြစ်ကြောင်းနှင့် ဧပြီလ (၁၁) ရက်နေ့လည်ပိုင်းအထိ ရောက်ရှိလာသော ပုံစံတူကားအရေအတွက်မှာ အစီး (၅၀) ခန့်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ စစ်သုံးပစ္စည်းများနှင့် ကားများတင်ပို့နေခြင်းမှာ ဇန်နဝါရီ၊ မတ်နှင့် ဧပြီလအတွင်း (၃) ကြိမ်မြောက်ပြီဖြစ်သည်။

ဤသို့ လွှဲပြောင်းပေးနေခြင်းနှင့်ပတ်သက်၍ စစ်ရေး၊ နိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇောက ကုန်ပစ္စည်းချင်းဖလှယ်မှုဖြင့် တင်သွင်းခြင်းဖြစ်နိုင်ကြောင်းနှင့် ဝမ်းတွမ်တီတူး မီလီမီတာအမြောက် (၃၆) လက်လည်းဝယ်သေးကြောင်း၊ တပ်ရင်းတရင်းလျှင် (၁၈) လက်ထားရှိသောစနစ်အရ တပ်ရင်း (၂) ရင်းစာဖြစ်ကြောင်း ပြောသည်။ ယခုဖြစ်ပစ္စည်းများမှာ သီးသန့်ဝယ်ယူ ခြင်းဖြစ်နိုင်သကဲ့သို့ အမြောက်ဝယ်သောအခါတွင် တွဲလျက်ပါသောပစ္စည်းလည်းဖြစ်နိုင်ကြောင်း ၎င်း၏အမြင်ကို အာရ်အက်ဖ်အေသို့ပြောသည်။

မြန်မာ့အရေးကို တရုတ်နိုင်ငံမှ ဝိုင်းဝန်းအဖြေရှာဆောင်ရွက်ပေးပါရန် နိုင်ငံတကာနှင့်ကုလသမဂ္ဂတို့က တောင်းဆိုတိုက်တွန်းမှုများရှိနေသည့်ကြားက မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့မှ စစ်သုံးပစ္စည်းများနှင့် နျူကလီးယားလက်နက်များကို နအဖစစ်အုပ်စုမှ ဝယ်ယူတင်သွင်းနေသောသတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။ ❖

# အနီး၊ အဝေး ထိန်းချုပ်ပစ်ခတ်နိုင်သည့် ရော့ကက်ဒုံးကျည်များ မြောက်ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောင်းချ

မြောက်ကိုရီးယားနိုင်ငံမှ အနီးအဝေးပစ်ရော့ကက်လောင်ချာများကို စစ်အစိုးရထိန်းချုပ်ထားသော မြန်မာနိုင်ငံသို့ရောင်းချနေသည်ဟု ဂျပန်နိုင်ငံ NHK အသံလွှင့်ဌာနမှ ဧပြီလ (၂) ရက်နေ့က ထုတ်ပြန်ကြေညာသွားခဲ့သည်။

အဝေးထိန်းစနစ်ပါရှိပြီး (၆၅) ကီလိုမီတာအကွာအဝေးအထိ အတွဲလိုက်ပစ်ခတ်နိုင်သည့် အချင်း (၉ ဒသမ ၅) လက်မနှင့် (၃ ဒသမ ၃) လက်မရှည်သော ရော့ကတ်လောင်ချာများကိုတင်ပို့ရာတွင် စင်ကာပူနိုင်ငံမှကုမ္ပဏီတခုပါဝင်ခဲ့သည်ဟူသော စွဲဆိုချက်ကို စင်ကာပူအစိုးရမှ အမှုမှန်ပေါ်ပေါက်ရေးအတွက် အလေးအနက်ထား၍ အစွန်းကုန်ဖော်ထုတ်သွားမည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

''ကျနော်တို့တွေဟာ တရားမဝင်တဲ့ လက်နက်ခိုးသွင်းမှုတွေ၊ အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်တဲ့လက်နက် ခိုးထုတ်တာမျိုးတွေကိုတားမြစ်ဖို့အတွက် နိုင်ငံတကာရဲ့ တာဝန်သိတတ်မှုတွေကို ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်ထားပါတယ်''ဟု နိုင်ငံခြားရေးဝန်ကြီး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

NHK ၏ သတင်းထုတ်ပြန်မှုနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ လက်ထောက်ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာတွန်ကေစီက ''ဟုတ်ကဲ့၊ ဒီကိစ္စကို ကျနော်တို့သိထားပါတယ်။ ဒါပေမယ့် အထောက်အထားခိုင်ခိုင်လုံလုံပြနိုင်တဲ့သတင်းအချက်အလက်တော့ မရသေးပါဘူး။ ဒါပေမယ့် အရင်နှစ်တွေက မြောက်ကိုရီးယားနိုင်ငံကနျူကလီးယား စမ်းသပ်ဖောက်ခွဲမှုတွေလုပ်ပြီးတဲ့နောက် နိုင်ငံတကာကလက်နက်ရောင်းဝယ်မှုများကို ပိတ်ပင်တားဆီးမှုတွေကို ချိုးဖောက်ခဲ့တာတော့သေချာပါတယ်'' သတင်းထောက်များ၏ တွေ့ဆုံမေးမြန်းချက်များကိုယခုလို ဖြေကြားသွားသည်။

၂၀၀၆ ခုနှစ်က ကွန်မြူနစ်စနစ်အားဆက်လက်ကျင့်သုံးနေသော တိုင်းပြည်များအား မြောက်ကိုရီးယားနိုင်ငံက စစ်လက်နက်ပစ္စည်းများရောင်းဝယ်ဖောက်ကားမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ပိတ်ပင်ထားပြီးဖြစ်သည်။

ယူရိုပီယံယူနီယံခေါ် အီးယူအဖွဲ့ဝင်နိုင်ငံများအပါအဝင် အနောက်နိုင်ငံအများစု၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျနိုင်ငံတို့သည် ၂၀၀၇ ခုနှစ်က သံဃာတော်များဦးဆောင်ခဲ့သော ရွှေဝါရောင်တော်လှန်ရေးအား အကြမ်းဖက်နှိမ်နင်းခဲ့ချိန်မှစ၍ မြန်မာစစ်အုပ်စုအား စီးပွားရေးနှင့်စစ်လက်နက်များအား ပိတ်ဆို့အရေးယူမှုများကို ဝိုင်းဝန်းဆောင်ရွက်နေခဲ့ကြသည်။

မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်ရောင်းဝယ်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အခြေအတင်ငြင်းခုန်မှုများဖြစ်ခဲ့ပြီးနောက် စီးပွားရေးနှင့် သံတမန်ရေးရာအကျိုးစီးပွားအတွက် နျူကလီးယားလက်နက်ရောင်းချထုတ်လုပ်ရေးအစီအစဉ်များကိုစွန့်လွှတ်ရန် သဘောတူညီခဲ့ပြီးဖြစ်သော်လည်း ယင်းအစီအစဉ်အား အပြည့်အဝ ကြေညာချက်ထုတ်ပြန်ချက်မျိုးတော့ မရှိသေးပေ။

NHK ၏သတင်းတွင် အမည်မဖော်လိုသော သံတမန်သတင်းရပ်ကွက်အား ကိုးကား၍ဖော်ပြထားသည်မှာ ထိုလောင်ချာအမျိုးအစားများသည် ကိုရီးယားကျွန်းဆွယ်၏ စစ်မဲ့ဇုံသတ်မှတ်ထားသောဒေသမှ တပ်ဖြန့်ထားသော စစ်မဲ့ဇုံအနီးမှ အမျိုးအစားနှင့်တူညီသည်ဟု ဖော်ပြပါရှိသည်။

၁၉၈၃ ခုနှစ်က တောင်ကိုရီးယားမှ အလည်အပတ်ရောက်ရှိလာသော အရာရှိများသည် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်သို့သွားရောက်ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုစဉ် ဗုံးထောင်ဖောက်ခွဲမှုကြောင့် တောင်ကိုရီးယားအရာရှိ (၁၇) ဦးသေဆုံးခဲ့ရချိန်မှစတင်ကာ မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကြားတွင် သံတမန်ဆက်ဆံရေးပြတ်တောက်နေခဲ့သည်။ ထိုပြတ်တောက်နေသောသံအဆက်အသွယ်ကို ယမန်နှစ်ကမှ ပြန်လည်စတင်ခဲ့ကြခြင်းဖြစ်သည်။ ❖



မေလ (၁၀) ရက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး မြန်မာနိုင်ငံ၌ကျင်းပတော့မည်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မြန်မာနိုင်ငံသားဖြစ်သူတိုင်း မဲပေးခွင့်ရတော့မည်။ ထိုဆန္ဒခံယူပွဲသည် နအဖ၏ ကမ္ဘာကျော်လိမ်လည်မှုကြီးတရပ်ဖြစ်နေပါစေတော့....။ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက်တော့ မဲပြားကို ကိုင်တွယ်ခွင့်သည်ပင် "ငါဗမာပြည်သား"ဟု မြေမဲ့ အနေမဲ့မဟုတ်သူဟူ၍ ယုံကြည်မှုနှင့် စိတ်ခွန်အားကို တိုးစေပါလိမ့်မည်။

ယခုအချိန်တွင် လူဝင်မှုကြီးကြပ်ရေးကြောင့်လား၊ စစ်အစိုးရကြောင့်လား ပြန်လည်သုံးသပ်ရမည့် နိုင်ငံသားဖြစ်မှုပျောက်ကွယ်နေရသူ တိုင်းရင်းသားများအနေနှင့် မဲပေးပိုင်ခွင့်ကို တရားဝင်တောင်းဆိုရမည့် အချိန်ကောင်းဖြစ်သည်။ ဆိုလိုသည်မှာ ယာယီကဒ်ကိုကိုင်ကာ မဲပေးခြင်းမဟုတ်ဘဲ နိုင်ငံသားကဒ်စစ်စစ်ဖြင့် မဲပေးခွင့်ရရေးသည် တိုင်းရင်းသားများအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ့တမျှ အရေးကြီးကြောင်းကို သတိမူမိစေချင်ခြင်းဖြစ်သည်။

ထိုင်း–မြန်မာနယ်စပ်တနေရာရှိ နို့ဖိုးဒုက္ခသည်စခန်းအတွင်းရှိ အသက် (၅၀) ကျော် ကရင်အမျိုးသားကြီးတဦးက ရွေးကောက်ပွဲမဲပေးချိန်နှင့်ပတ်သက်၍ သူ့အတွေ့အကြုံကို ပြောပြခဲ့သည်။ " (ရ၃) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတုန်းက အတီး (ဦးလေး) အသက် (၁၈) နှစ်ပြည့်နေပြီ။ ဒါပေမယ့် ဘယ်လိုကြောင့်လဲမသိဘူး။ မဲမပေးခဲ့ရဘူး" ဟု တွေးတွေးဆဆပြောသည်။ ဆက်လက်၍ သူက "အတီးတို့နယ်ဘက်တွေမှာက တရွာနဲ့တရွာတောင်မှ ချောင်းကူးပြီးမသွားဖူးဘဲနဲ့ သေသွားကြတဲ့သူတွေ အများကြီးရှိတယ်"ဟုလည်း ပြောသည်။

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားဥပဒေ၊ အခန်း(၂) ၏ ပုဒ်မ (၅) တွင် "တိုင်းရင်းသားသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်"ဟု ဖော်ပြပါရှိသည်။ ထို့ကြောင့် (၇၃) ခုနှစ်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင်မဲပေးခွင့်မရခဲ့သော ဖဒိုဇော်နောင်သည် မြန်မာနိုင်ငံတွင်နေထိုင်နေသည့် တိုင်းရင်းသားနွယ်ဖွားစစ်စစ်ဖြစ်နေသည့်တိုင်အောင် နိုင်ငံသားဖြစ်မှုပျောက်ဆုံးနေခဲ့ရသည်ဟုဆိုနိုင်သည်။

အခုတိုင်းရင်းသားတွေကို နအဖက ယာယီကဒ်ပြားထုတ်ပေးနေသည်။ မဲပေးရန်အတွက်ဟုပြောသည်။ တခါမှ နိုင်ငံသားအခွင့်အရေးနှင့်မထိတွေ့ဖူးသော တောစွန်နယ်ဖျားက တိုင်းရင်းသားတွေသည် သူတို့ကို အရေးတယူထုတ်ပေးထားသော ထိုယာယီကဒ်ဖြင့် ခရီးတခုကိုလျှောလျှောရှူရှူသွားနိုင်ခြင်းတခုတည်းနှင့် အကျေနပ်ကြီး ကျေနပ်နေကောင်းနေကြပါလိမ့်မည်။ တကယ်က သူတို့အဲသည်ယာယီကဒ်ကို ရရမှာမဟုတ်။ သူတို့ရရမှာက နိုင်ငံသားကဒ်စစ်စစ်။

မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထားသော ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေ၊ အခန်း (၄) ပါ ပုဒ်မ (၄၄) မှ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားသူ၏ လိုအပ်သောအရည်အချင်းဆိုင်ရာ ပုဒ်မခွဲ (ဂ) အရ "တိုင်းရင်းသားဘာသာစကားတမျိုးမျိုးကို ကောင်းမွန်စွာပြောတတ်ခြင်း"ဟု သတ်မှတ်ဖော်ပြထားချက်ကြောင့် တိုင်းရင်းသားများ၏ နိုင်ငံသားဖြစ်မှုကို အသိအမှတ်ပြုပေးရမည်။ မှတ်ပုံတင်လုပ်ပေးရမည်ဖြစ်သည်။ ဤသည်မှာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့် အစိုးရတရပ်၏ ဝတ္တရားသာဖြစ်သည်။

ထိုနေရာတွင် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့တာဝန်ခံ ဦးမျိုးက "တိုင်းရင်းသားစကားကို ကောင်းကောင်းပြောတတ်တယ်ဆိုတဲ့နေရာမှာ တရုတ်က ကချင်စကားကောင်းကောင်းပြောတတ်လို့ နိုင်ငံသားဖြစ်သွားတာမျိုးကို မဆိုလိုကြောင်း၊ တိုင်းရင်းသားလေသံစစ်စစ်ပြောနိုင်မှသာလျှင်ဖြစ်ကြောင်းကိုလည်း ရှင်းပြသည်။

(၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၁) တွင်– "မြန်မာနိုင်ငံတိုင်းရင်းသားတမျိုးမျိုးတွင်ဖြစ်သော သို့တည်းမဟုတ် ဖြစ်ခဲ့ဖူးသောမိဘနှစ်ပါးမှမွေးဖွားသူတိုင်းသည်လည်းကောင်း၊ (ခ) မှာက တိုင်းရင်းသားတမျိုးမျိုးတွင်ဖြစ်သော သို့တည်းမဟုတ် မိဘဘိုးဘွားများအနက် အနည်းဆုံးတဦးဦးက ပြည်ထောင်စုမြန်မာနိုင်ငံတွင်ပါဝင်လတ္တံ့ဖြစ်သော အာဏာပိုင်နက်အတွင်း၌မွေးဖွားသော တိုင်းရင်းသား"ဟူ၍လည်းကောင်း၊ နိုင်ငံသားဖြစ်မှုအား အတိအကျပြဋ္ဌာန်းထားသည်။ ထို့အတူ (၇၄) ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသစ်ပြဋ္ဌာန်းခဲ့သောဥပဒေ၏ ပုဒ်မ (၁၅၅) တွင်လည်း "(က) နိုင်ငံသားတိုင်း၌ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မနှင့် မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်ပွဲသို့ ဆန္ဒမဲပေးခွင့်နှင့်ရွေးချယ်တင်မြှောက်ပိုင်ခွင့် တူညီစွာရှိကြသည်"ဟု ဖော်ပြထားသည်။

ဦးမျိုးက "အဲဒီမှာ နိုင်ငံသားတိုင်း၌ ဆိုတာပါတယ်။ အဲဒီမှာပါတဲ့ 'နိုင်ငံသားတိုင်း၌' ရယ်၊ ၄၇ မှာပါတဲ့ "'နိုင်ငံသားဖြစ်မှု'ရယ် နှစ်ခုလုံးက နိုင်ငံသားစစ်စစ်တွေကို ရည်ညွှန်းပြီးတော့ ပြောတာဖြစ်တယ်"ဟု ပြောသည်။

"ဒီကဒ်ရှိရင် ခရီးသွားလို့လည်းရတယ်" ဆိုသည့် "ပျားရည်နှင့် ဝမ်းချ" လုပ်နေသည်ကို တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များက မိမိတို့တိုင်းရင်းသားပြည်သူတို့အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်သင့်ပါသည်။ တကယ်တော့ နအဖစစ်အုပ်စုပေးရမည်က နိုင်ငံသားကဒ်။ တိုင်းရင်းသားများရသင့်သည်က နိုင်ငံသားကဒ်။

ယာယီကဒ်များထုတ်ပေးလိုက်ခြင်းဖြင့် တိုင်းရင်းသားများအား ၎င်းတို့၏သဘောထားကြီးမှုကိုပြသယောင်နှင့် မဲဆွယ်ခြင်းအပြင်၊ မြန်မာပြည်အတွင်း တရားမဝင်လာရောက်နေထိုင်နေသောနိုင်ငံခြားသားများအား နိုင်ငံသားများနှင့် တန်းတူအခွင့်အရေးပေးလိုက်ခြင်းအပြစ်တို့ကို တပိုင်တည်းကျူးလွန်ခြင်းဖြင့် မြန်မာပြည်အနာဂတ်အား ပိုမိုရှုပ်ထွေးလာစေနိုင်ကြောင်းကိုလည်း ဦးမျိုးကပြောသည်။

ဦးနုလက်ထက်ကလည်း ထိုသို့ပင် မဲရလိုမှုကြောင့် (အဲန်အာစီ) ကဒ်များထုတ်ပေးခဲ့ခြင်းကြောင့် ရခိုင်ပြည်နယ်တွင် လူမျိုးရေးနှင့်နိုင်ငံသားဖြစ်မှုပြဿနာရှိခဲ့ဖူးသည့်အတွက် မြန်မာပြည်နောင်ရေးမရှုပ်ထွေးစေရန်လည်းကောင်း၊ တိုင်းရင်းသားအခွင့်အရေး မဆုံးရှုံးစေရန် သို့မဟုတ် အပြည့်အဝရစေရန်တို့အတွက် ထိုင်းမြန်မာနယ်စပ်တွင်အခြေစိုက်သော မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကန့်ကွက်စာတစောင်ကို ဧပြီလ (၄) ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

ဤကန့်ကွက်စာတွင် 'ဆန္ဒမဲပေးပိုင်ခွင့်သည် နိုင်ငံသားများအတွက် သီးသန့်သတ်မှတ်သောအခွင့်အရေးဖြစ်သည်' ဟူ၍လည်းကောင်း၊ *'မြန်မာနိုင်ငံအတွင်း လာရောက်နေထိုင်လျှက်ရှိသော်လည်း အမျိုးအမည်မသိသောပုဂ္ဂိုလ်များအပေါ် အစိုးရအာဏာပိုင်များက ဥပဒေပြဋ္ဌာန်းချက်မရှိပါဘဲလျှက် ထင်သလိုလက်မှတ်များထုတ်ပေးကာ မဲပေးခွင့်ပြုနိုင်သည့်အခွင့်အရေးမဟုတ်ပါ'* ဟုလည်းကောင်း ဖော်ပြပါရှိသည်။ ထို့ကြောင့်လည်း ယာယီကဒ်များထုတ်ပေးနေခြင်းအား မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကန့်ကွက်ရှုတ်ချလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ အပစ်ရပ်ထားသော လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများသည် ယာယီကဒ်ရရှိခြင်းအပေါ် ကျေနပ်နေခြင်းမျိုး၊ လက်ခံထားခြင်းမျိုးမဖြစ်သင့်ဘဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမတိုင်မီ ဥပဒေနှင့်အညီ နိုင်ငံသားအဖြစ်အသိအမှတ်အပြုခံရရန် လိုအပ်ချက်နှင့်အညီ ယာယီသက်သေခံကဒ်အစား နိုင်ငံသားစီစစ်ရေးကဒ်ပြားကိုသာ ဦးစွာတောင်းဆိုသင့်လှသည်။

ဤသို့ယာယီသက်သေခံကဒ်ထုတ်ပေးခြင်းဖြင့် မြန်မာပြည်တွင်း၌ တရားမဝင်လာရောက်နေထိုင်သူ နိုင်ငံခြားသားများအား မြန်မာနိုင်ငံသားများနှင့်တန်းတူ (နောင်တွင် မဲပေးခွင့်ရှိသည့်အတွက် နိုင်ငံသားဖြစ်ခွင့်အရေးဆိုလာမည့်အန္တရာယ်များရှိနေသာ) မဲပေးခွင့်ရရှိသွားစေပြီး ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံ ယူပွဲဥပဒေပါ အခန်း (၅)၊ ပုဒ်မ (၁၁–ဃ) ပါ နံပါတ် (၄) အရ ပြည်ပသို့ တရားမဝင်ရောက်ရှိနေသူ မြန်မာနိုင်ငံသားစစ်စစ်များမှာမူ မဲပေးခွင့်ရလိမ့်မည်မဟုတ်ပေ။

ဤကိစ္စနှင့်ပတ်သက်၍ ဦးမျိုးက "ပြည်ပကို တရားမဝင်ရောက်နေရတဲ့ နိုင်ငံသားတွေကို မဲပေးခွင့်မရှိဘူးဆိုတော့ နိုင်ငံသားအခွင့်အရေး အလိုလိုဆုံးရှုံးသွားတာပဲ။ တရားမဝင်ရောက်ရှိနေတာ ဘာကြောင့်တရားမဝင်ရောက်ရှိနေတာလဲ။ သူ့ကြောင့် (စစ်အစိုးရ) ရောက်ရှိနေတာ။ သက်ဆိုင်ရာအစိုးရကြောင့် မို့လို့ တရားမဝင်ရောက်နေကြရတာ။ သက်ဆိုင်ရာအစိုးရကသာ ဒီမိုကရေစီအစိုးရဆိုရင် နိုင်ငံခြားကို တဦးတယောက်မှ တရားမဝင်ရောက်ရှိနေစရာအကြောင်းမရှိဘူး။ သက်ဆိုင်ရာအစိုးရအသုံးမကျလို့သာ အခု ရက်ဖျူဂျီကမ့် (ဒုက္ခသည်စခန်း) တွေမှာ နိုင်ငံသားစစ်စစ်တွေရောက်နေရတယ်။ အဲဒီနိုင်ငံသားတွေကို အဲဒီနိုင်ငံသားစစ်စစ်တွေကို မဲပေးခွင့်ရဖို့ကို မရည်ရွယ်ဘဲနဲ့ လာသမျှလူတွေအားလုံး ယာယီလက်မှတ်ကိုင်ဆောင်ထားသူတွေအားလုံးကို မဲပေးခွင့်ရတယ်ဆိုရင် ကျနော်တို့နိုင်ငံသားတွေအနေနဲ့ တကယ်ရသင့်ရထိုက်တဲ့အခွင့်အရေးတွေဆုံးရှုံးနေတယ်။ ဒါကြောင့် ကျနော်တို့က နိုင်ငံသားဖြစ်မှု နိုင်ငံသားတွေရဲ့အခွင့်အရေးတွေဘက်ကနေ တင်ပြနေတာဖြစ်တယ်"ဟု ပြောသည်။

ဆက်လက်၍ "နိုင်ငံသားတိုင်း မဲပေးခွင့်ရကိုရရမယ်။ ကိုယ့်နိုင်ငံသားအခွင့်အရေး မဆုံးရှုံးရအောင်လို့၊ နိုင်ငံခြားရောက်နေတယ်ဆိုရင်လည်း တရားဝင်ရောက်ရောက်၊ ဘယ်နည်းနဲ့ရောက်ရောက် နိုင်ငံသားဖြစ်ရင် သူဘယ်ပုံစံနဲ့မဲပေးလို့ရမလဲ။ ရနိုင်တဲ့လမ်းကြောင်းနဲ့မဲပေးတာကို အစိုးရကလက်ခံရမယ်။ ဥပမာ မဲဆောက်မှာရှိနေတဲ့ မိုင်ဂရိန့်ဝပ်ကား (ရွှေ့ပြောင်းအလုပ်သမား) တွေ ဘယ်နှစ်သောင်းလောက်ရှိနေလဲ။ သက်ဆိုင်ရာအစိုးရကြောင့်ရောက်နေရတာ။ ကျနော်တို့ Exile ဖြစ်နေတယ်။ သူတို့ကြောင့်မို့လို့ဖြစ်နေတာ။ စစ်အုပ်စုက တိုင်းပြည်ကိုအုပ်ချုပ်နေတဲ့အတွက် ကျနော်တို့နိုင်ငံသားအခွင့်အရေးဆုံးရှုံးတယ်။ ကျနော်မဲထည့်ချင်တယ်။ ကန့်ကွက်မဲထည့်ချင်ထည့်မယ်။ ထောက်ခံမဲထည့်ချင်ထည့်မယ်။ ဒါကျနော့်အခွင့်အရေး၊ မဲမထည့်ရတာဟာ ကျနော်တို့နိုင်ငံသားအခွင့်အရေးဆုံးရှုံးနေတယ်။ ကျနော် အခု မြန်မာနိုင်ငံသားတယောက်အနေနဲ့ မဲပေးချင်တယ်။ ဒါဟာ ကျနော့်အခွင့်အရေးပဲ။ အဲဒီတော့ ဘယ်နည်းနဲ့မဲပေးခွင့်ရမလဲ။ နည်းလမ်းကို ကျနော်တို့လိုက်ရှာနေတယ်" ဟုလည်း ဦးမျိုးက ပြောသည်။

ထိုသို့ဖြင့် စစ်အုပ်စုကထုတ်ပြန်လိုက်သော ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲပေးခွင့်ဥပဒေအောက်၌ နိုင်ငံသားစစ်စစ်များက မဲပေးပိုင်ခွင့်များဆုံးရှုံးနေချိန်တွင် စစ်အုပ်စုထုတ်ပေးလိုက်သော ယာယီသက်သေခံ

စာမျက်နှာ (၁၂) ကော်လံ (၄) သို့...

သတင်း ဆောင်းပါး

## အေးအတူပူအမျှမပေးကြတော့မည့် ကန့်ကွက်မဲတွေ...



ခွာညို

စစ်အုပ်စုက နည်းမျိုးစုံနှင့်မဲလိမ်ရန်၊ ခြိမ်းခြောက်မှုမျိုးစုံနှင့် ထောက်ခံမဲတွေလုံလောက်စေရန် တဖက်သတ်အားထုတ်နေချိန်တွင် လက်နက်ကိုင်အဖွဲ့၏ တသွေးတသံအမိန့်နှင့် အမိန့်နာခံရမှုတွင်သာ ခေါက်ရိုးကျိုးနေသော တပ်မတော်သားများ၏ဘဝများကို စစ်အာဏာရှင်များက အပိုင်တွက်ထားကြသည်။ တပ်မတော်သားမိသားစုမှန်သမျှ၏မဲ သူတို့မဲဟု မျှော်လင့်နေကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ခုနှစ်၊ ဧပြီလ(၂၁) ရက်။ ၁၃၇၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁) ရက်။

## အထူးကြေညာချက် – ၆/၀၄/၀၈

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် ဥပဒေအမှတ် ၁/၂၀၀၈ ဖြစ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

၂။ ယင်းဥပဒေ၏ အခန်း (၅)၊ မဲစာရင်းပြုစုခြင်း ပုဒ်မ–၁၁ (ဃ) ၌ ...

"အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင်ထည့်သွင်းခြင်းမပြုရ ...

(၁) သာသနာ့ဝန်ထမ်းများ၊

(၂) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(၃) ပြစ်မှုတခုခုကြောင့် တရားရုံး၏အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ၊

(၄) ပြည်ပသို့ တရားမဝင်ရောက်ရှိနေသူများ၊

(၅) နိုင်ငံခြားသားများ၊ " ဟုလည်းကောင်း၊

အခန်း (၆)၊ ဆန္ဒမဲပေးခြင်း ပုဒ်မ–၁၄ (က) ၌ ...

"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် ပြုစုသောမဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ သို့ပါ၍ ...

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊

(ခ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်း၊ (ကျောက်တန်းမြို့နယ်၊ အမှတ် (၁) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) နှင့် ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်မေဝင်းမြင့် (မရမ်းကုန်းမြို့နယ်၊ အမှတ် (၂) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

(ဂ) မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင် (မတ္တရာမြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့ အတွင်းရေးမှူး ဦးကံထွန်းနှင့် မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်ဝင်းမြမြ၊

(ဃ) (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော မင်းကိုနိုင်၊ ကိုကိုကြီးအစရှိသည်များ၊

(င) နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေအရတားဆီးခြင်း၊ ထိန်းသိမ်းခြင်းခံထားရသူများနှင့် ပြစ်ဒဏ်ချမှတ်ခံထားရခြင်းမရှိဘဲ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံနေရသူများ၊

တို့သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေအရ မဲစာရင်းတွင် ပါဝင်ရမည့်သူများ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်ကြပါသည်။ ဤပုဂ္ဂိုလ်များသည် မဲစာရင်းတွင် ၎င်းတို့၏အမည်ပါဝင်ရန်လည်းကောင်း၊ ဆန္ဒမဲပေးရန်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရ အာဏာပိုင်တို့၏တာဝန်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(၁၁၊ ၀၄၊ ၀၈) ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
ရန်ကုန်မြို့

## မြန်မာပြည်နိုင်ငံရေးပြဿနာစစ်မှန်စွာဖြေရှင်းနိုင်ရေး တိုက်ခိုက်ဆဲအဖွဲ့များ၊ အပစ်ရပ်များနှင့် နိုင်ငံရေးအဖွဲ့အစည်းများပူးပေါင်းဝန်းရံကြရန် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီတိုက်တွန်း

စစ်အစိုးရ၏ လမ်းပြမြေပုံအကောင်အထည်ဖော်ရေးလမ်းစဉ်တွင် ပါဝင်ပတ်သက်နေကြသော အပစ်ရပ်အဖွဲ့များ၊ နိုင်ငံရေးပါတီများအနေဖြင့် စစ်အစိုးရနောက်တကြိမ်လိမ်လည်မှုကိုမခံကြရရန် ရှမ်းပြည်တပ်မတော်တောင်ပိုင်း (အက်စ်အက်စ်အေ–အက်စ်) ၏ နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်သည့် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (အာရ်စီအက်စ်အက်စ်) က တိုက်တွန်းလိုက်သည်။


ဗိုလ်မှူးကြီး ရွက်ဆစ်

အာစီအက်စ်အက်စ်၏ ထုတ်ပြန်ကြေညာချက်တွင် မြန်မာ့နိုင်ငံရေးပြဿနာအခြေခံမှာ ပင်လုံစာချုပ်အတိုင်း လိုက်နာမှုမရှိခြင်းကြောင့်ဖြစ်နေခြင်းဖြစ်သည့်အတွက် ပင်လုံဆုံးဖြတ်ချက်များအပေါ်မူတည်၍ ဆွေးနွေးသွားမည်ဟု ဖော်ပြပါရှိသည်။

အာရ်စီအက်စ်အက်စ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရွက်ဆစ်က အပစ်ရပ်ငြိမ်းအဖွဲ့များသို့ အကြံပြုတင်ပြချက်တွင် ပင်လုံစာချုပ်ပါ ပဋိညာဉ်များကို ဖောက်ဖျက်ခံရပြီးဖြစ်ကာ နအဖဖွဲ့စည်းသည့် အခြေခံဥပဒေကိုသာ ရွေးကောက်ပွဲဖြင့်အတည်ပြုလိုက်ပါက တခုတည်းသော လက်နက်ကိုင်တပ်မတော်အောက်သို့ ရောက်ရှိသွားမည်ဖြစ်ပြီး ရဲတပ်ဖွဲ့သဏ္ဌာန်အသွင်ပြောင်းလဲခြင်းခံရမည်ဖြစ်၍ လက်နက်ချရမည့်အချိန် နီးကပ်လာခြင်းမျှသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရှမ်းပြည်တောင်ပိုင်းတပ်မတော်၏ စစ်ရေးပြင်ဆင်မှုများနှင့်ပတ်သက်၍ ဗိုလ်မှူးစိုင်းလောဝ်ဆိုင်းက "နှစ်တိုင်းလိုပဲ တိုက်ပွဲဝင်သွားဖို့ ကျနော်တို့ပြင်ဆင်နေပါတယ်။ လူအင်အားတွေစုဆောင်းပါတယ်။ လက်နက်တွေရှာဖွေဖြည့်ဆည်းနေပါတယ်။ ထိပ်တိုင်ရင်ဆိုင်တွေ့ဆုံမှုအတွက် ကျနော်တို့ဘက်က အဆင့်သင့်ဖြစ်အောင် အမြဲကြိုးစားနေပါတယ်ခင်ဗျ" ဟု ပြောဆိုခဲ့သည်။

မြန်မာပြည်နိုင်ငံရေးပြဿနာကို မှန်ကန်စွာဖြေရှင်းနိုင်ရန်အတွက် အပစ်ရပ်အဖွဲ့များနှင့် တိုက်ခိုက်ဆဲလက်နက်ကိုင် (၂၅) ဖွဲ့တို့မှ ပူးပေါင်းရန်နှင့် နိုင်ငံရေးပါတီများအနေဖြင့်လည်း လက်တွဲပါဝင်ကြရန် အာရ်စီအက်စ်အက်စ်မှ တိုက်တွန်းထားသည်။ ❖

မျက်နှာဖုံးအဲန်အယ်လ်ဒီမှပြည်သူသို့ပန်ကြားချက်ကြေညာချက်မှ ...

၃။ ၎င်းပြင် "နိုင်ငံတော်၏အချုပ်အခြာအာဏာသည် ပြည်သူ့လူထုထံမှ ဆင်းသက်ရမည်" ဟူသော ဒီမိုကရေစီအခြေခံမူကြီးနှင့် ညီညွတ်ခြင်းမရှိသဖြင့် တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်သူလူထုတရပ်လုံးက အာသာပြင်းပြစွာ လိုလားတောင့်တနေသော ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများအတွက် အာမခံချက်များလည်း မပေးနိုင်ပါ။

၄။ နိုင်ငံတော်ကို အုပ်ချုပ်နေသော အဖွဲ့အစည်းတခုသည် ပြည်သူလူထုထောက်ခံမှုမရရှိလျှင် တည်တံ့ခိုင်မြဲခြင်းမရှိနိုင်ကြောင်းကို မိမိနိုင်ငံသမိုင်းများနှင့် နိုင်ငံတကာသမိုင်းများက သက်သေထူလျက်ရှိပေသည်။

၅။ သို့ပါသဖြင့် လူထုလူတန်းစားအလွှာအသီးသီးမှ တိုင်းရင်းသားပြည်သူများအားလုံးနှင့် အဖွဲ့အစည်းများက သက်ဆိုင်ရာမဲရုံများသို့ မပျက်မကွက်သွားရောက်ကြ၍ ကန့်ကွက်မဲကို ကြက်ခြေခတ်ခြင်းဖြင့် ပြတ်ပြတ်သားသား ရဲရဲရင့်ရင့်ပေးကြရန် ပန်ကြားအပ်ပါသည်။

(၂၀၊ ၃၊ ၀၈) နှင့် (၃၁၊ ၃၊ ၀၈) ရက်နေ့များတွင်ကျင်းပသော ဗဟိုအလုပ်မှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်မှုဆောင်အဖွဲ့ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)
ရန်ကုန်မြို့

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာချုပ်
ဇော်ဝဇိုး

တာဝန်ခံအယ်ဒီတာ
ခွာညို

သတင်းအယ်ဒီတာ
ရေချမ်း ၊ ကိုဟိတ်း

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက်

မိုးကြိုးသတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှုဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

– ကိုယ့်အခွင့်အရေးအတွက်

ကိုယ်တိုင်တိုက်ပွဲဝင်ကြ...

– ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ

ရဲရဲလုပ်ကြ...

– မတရားတဲ့အမိန့်အာဏာဟူသမျှ

တာဝန်အရဖီဆန်ကြ...

# စစ်အာဏာစနစ်အားထောက်ပံ့မည့် နအဖဖွဲ့စည်းပုံအခြေခံဥပဒေ ကန့်ကွက်ရန်

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှမေတ္တာရပ်ခံ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) မှ နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်မခံရေးနှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ် ပေါ်လာရေးအတွက် နိုင်ငံတကာရှိ လွှတ်တော်အမတ်များက ကူညီကြပါရန် မေတ္တာရပ်ခံစာတစောင်ကို ရေးသားထုတ်ဝေလိုက်သည်။

နိုင်ငံတကာရှိ ပါလီမန်အမတ်အများသို့ လိပ်မူထားသည့် အဆိုပါမေတ္တာရပ်ခံစာတွင် နအဖအနေဖြင့် သုံးပွင့်ဆိုင်ဆွေးနွေးရေး မဖြစ်မနေပြုလုပ်လာရန်အတွက် သံတမန်အရေးနှင့်စီးပွားရေးပိတ်ဆို့မှုများကို အပြင်းအထန်ဖိအားပေးမှုများဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာအစိုးရများသို့တောင်းဆိုပေးစေလိုကြောင်း မေတ္တာရပ်ခံထားသည်။

အတိုက်အခံ နိုင်ငံရေးပါတီများဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များမပါဝင်ဘဲ ရေးဆွဲထားသည့် နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတကာအစိုးရများမှ လက်မခံနိုင်ကြောင်း ထုတ်ဖော်ပြောဆိုလာကြစေရန် လွှတ်တော်အမတ်များက မိမိတို့သက်ဆိုင်ရာအစိုးရများထံအဆိုတင်သွင်းပေးပါရန်လည်း တောင်းဆိုထားသည်။

အဆိုပါမေတ္တာရပ်ခံစာအား စီအာရ်ပီပီအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ် (၁၄) ဦးမှအမည်ခံကာ ပေးပို့ထားခြင်းဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ခြင်းမရှိသည့် နအဖ၏ တဖက်သတ်ပြုမူဆောင်ရွက်ချက်များကို ရပ်တန့်စေနိုင်ခြင်းမရှိ၊ လုံခြုံရေးကောင်စီက မြန်မာ့အရေးကိုယ်တွယ်ဖြေရှင်းလာစေရေးကိုလည်း အောင်မြင်သည်အထိမကြိုးစားနိုင်ခဲ့သည့်အပြင် ကြားဝင်စေ့စပ်သည့် ကုလအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကိုယ်တိုင်လည်း နအဖစစ်အစိုးရဘက်မှ ရှိနေသည့်လေသံမျိုးထွက်လျက်ရှိကြောင်း အဆိုပါစာတွင် ရေးသားဖော်ပြထားသည်။

တရုတ်အစိုးရမှလည်း နအဖစစ်အစိုးရအား ကာကွယ်ပြောဆိုလျက်ရှိနေသည်များကိုရပ်တန့်ကာ ကုလသမဂ္ဂ၏ဦးဆောင်မှုအောက်တွင် သုံးပွင့်ဆိုင်ဆွေးနွေးရေးဖြစ်ပေါ်လာနိုင်ရန် နအဖစစ်အစိုးရကို တိုက်တွန်းပြောဆိုလာရေး နိုင်ငံတကာအစိုးရများကတောင်းဆိုပေးကြပါရန်လည်း မေတ္တာရပ်ခံထားသည်။

စစ်အာဏာရှင်သက်တမ်း ပိုမိုတည်တံ့စေရန်ရည်ရွယ်သည့် မေလလူထုဆန္ဒခံယူပွဲတွင် မြန်မာပြည်သူတရပ်လုံးမှ ကန့်ကွက်မဲပေးရေးအတွက် မိမိတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက လှုံ့ဆော်စည်းရုံးမှုများဆောင်ရွက်နေသည်ဖြစ်ရာ နိုင်ငံတကာမှ လွှတ်တော်အမတ်များအနေဖြင့် မြန်မာ့အရေးတွင် ဝိုင်းဝန်းကူညီရပ်တည်ပေးကြပါရန် မေတ္တာရပ်ခံထားသည်။ ❖






စစ်အာဏာရှင်စနစ်အောက် ဆင်းရဲကြပ်တည်းမှုမျိုးစုံဖြင့် ရင်ဆိုင်ခံစားနေရသည့် မြန်မာပြည်သူလူထု၏ ဒုက္ခအဝဝအား ဖော်ကျူးထားသည့်...

တိုက်စစ်တမ်း
ဗွီ ဒီ ယို

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်း အေဂျင် စီမှ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

# မြန်မာ့နှစ်သစ်ကူးပွဲတော်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်လူငယ်များအား ဖမ်းဆီး ရိုက်နက်ထောင်ချခြင်းများကို နအဖစစ်အစိုးရမှ ကျူးလွန်



ရန်ကုန်မြို့တွင်းကျင်းပခဲ့သည့်၂၀၀၈ခုနှစ် သင်္ကြန်တွင်ပျော်မြူးနေသည့်လူငယ်လူရွယ်များ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်လူငယ်များသည် သင်္ကြန်ရက်များအတွင်း "နိုး" စာလုံးပါ တီရှပ်များဝတ်၍ ရေကစားခြင်းအား အာဏာပိုင်များကို တားဆီးခြိမ်းခြောက်မှုများရှိခဲ့သည့်အပြင် အမည်မသိလူတစုက အဖွဲ့ချုပ်ဝင်လူငယ်တဦးအား နောက်မှ ကားဖြင့်လိုက်၍ ရိုက်နှက်ခဲ့ခြင်းများရှိခဲ့သည်။

ဒဂုံမြို့သစ်တောင်ပိုင်းမှ အဖွဲ့ချုပ်အဖွဲ့ဝင်များသည် သင်္ကြန်အကြိုနေ့မှစ၍ ကုန်ပဒေသာမှတ်တိုင်ရှေ့မဏ္ဍပ်တွင် ဆန်ကော၌ "နိုး"ဟုရေး၍ "နိုး" တံဆိပ်ပါ တီရှပ်များဝတ်ဆင်ရေကစားခဲ့ကြသည်။ တောင်ဒဂုံမြို့နယ်အဖွဲ့ချုပ်ဝင်လူငယ်တဦးက " မြို့နယ်ရဲနဲ့ အက်စ်ဘီတွေ အကုန်ရောက်လာကြတယ်။ ဓာတ်ပုံတွေရိုက်တယ်။ မှတ်တမ်းတွေယူပြီးတော့ နိုးအင်္ကျီဝတ်ပြီး ရေပက်တဲ့လူတွေကို မှတ်သွားတယ်။ နေ့ခင်းပိုင်လောက်လည်း ကျရော မဏ္ဍပ်မှာရှိတဲ့ ကိုတင်ဝင်းနဲ့ လူငယ်လုပ်ငန်းအဖွဲ့က ကိုညီညီမင်းတို့ကို ခေါ်သွားတယ်"ဟု ပြောသည်။

အဆိုပါ လူငယ်နှစ်ဦးအား အကယ်၍ ထိုသို့ "နိုး" တီရှပ်ဖြင့်ရေကစားပါက အထက်က ဖမ်းမိန့်ပေးလျှင် ဖမ်းရမည်ဖြစ်ကြောင်းသတိပေးပြီး ပြန်လွှတ်လိုက်ပြီး နောက်တနေ့တွင် ကိုညီညီမင်းအိမ်သို့ ဝင်ရောက်ရှာဖွေခြင်းခံရပြီး ကိုညီညီမင်းရှောင်တိမ်းနေရကြောင်းလည်း ပြောသည်။

အကြတ်နေ့တွင် "နိုး" တီရှပ်များဝတ်ဆင်ရေကစားခြင်းကို ရပ်တန့်လိုက်သည့်တိုင် အဖွဲ့ချုပ်လူငယ်များကားငှား၍ ရေပက်ခံထွက်သည့်နောက်သို့ ရဲနှင့်ထောက်လှမ်းရေးတို့က မော်တော်ဆိုင်ကယ်နှင့် တောက်လျှောက်လိုက်နေခဲ့ကြောင်းလည်း အဆိုပါ အဖွဲ့ချုပ်ဝင်လူငယ်ကပြောသည်၊

ဧပြီလဆန်းပိုင်းကလည်း အဖွဲ့ချုပ်အဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်ဥက္ကဋ္ဌ ဦးတင်မြ၊ လူငယ်စည်းရုံးရေးမှူး ကိုအောင်ထွန်းတို့အား နေအိမ်အသီးသီးသို့ လာရောက်ဖမ်းဆီးခဲ့ကြသည်။ အစောပိုင်းလများကလည်း သင်္ဃန်းကျွန်းမှပင် အဖွဲ့ချုပ်အဖွဲ့ဝင် လူငယ် (၆) ဦးအား ဖမ်းဆီးခြင်းများသည် အာဏာပိုင်များ၏ ဒီမိုကရေစီရေးဖော်ဆောင်ပါမည်ဟူသောအပြောနှင့် ကွဲလွဲနေကြောင်း ဦးဉာဏ် ဝင်းက ဝေဖန်လိုက်သည်။

နှစ်သစ်ကူးပွဲတော်ကာလများအတွင်း မြန်မာနိုင်ငံအနောက်ဘက်ရှိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင်လည်း ကန့်ကွက်မဲပေးရေးလှုံ့ဆော်သူ (၂၀) ဦးထက်မနည်းဖမ်းဆီးခံခဲ့ကြပြီး ၎င်းတို့၏ အသေးစိတ်အခြေအနေများကိုမူ မသိရှိရသေးပေ။

သင်္ကြန်အတက်နေ့တွင် ဒဂုံမြို့သစ်မြို့နယ်မှ လူငယ်လုပ်ငန်းအဖွဲ့ဝင် တာဝန်ခံ (၁) ကိုသီဟန်သည် အတူရေကစားသော မိန်းကလေးသုံးဦးအား စက်ဘီးဖြင့်လိုက်လံပို့ဆောင်ပေးစဉ် သံဒုတ်ကိုင်ဆောင်ထားသော လူတစုက ဝိုင်းဝန်းရိုက်နှက်ခဲ့ကြသဖြင့် ညာဘက်လက်ပြင်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ကိုသီဟန်က "ဘင်ကားအဖြူရောင်က ပူပြင်ဆဲယာဉ်ဆိုပြီး နံပတ်အုပ်ထားတယ်။ အဲဒီကားက ထပ်လိုက်လာပြီးတော့ လမ်းတဝက်ကျော်ရောက်တော့ ဘေးကိုထိုးရပ်လိုက်တယ်။ လူ (၈) ယောက်လောက်ဆင်းလာပြီးရိုက်တယ်။ မိန်းကလေးတွေလည်း ဘေးကအိမ်ထဲကို ဝင်ပြေးတယ်" ဟု ဖြစ်ပျက်ပုံကို ပြောပြသည်။ ကိုသီဟန်လည်း ဘေးအိမ်ထဲသို့ဝင်ပြေးခဲ့ရာ နောက်မှလိုက်လာသော ထိုလူရမ်းကားများက အိမ်ပေါ်ထိတက်၍ ရိုက်နှက်ရန်ကြိုးစားခဲ့ကြသေးကြောင်း၊ အိမ်ရှင်မှ တခါးပိတ်ဆို့မောင်းထုတ်ခဲ့သည့်တိုင်အောင် (၁၅) မိနစ်ခန့်အော်ဟစ်ကြိမ်းမောင်းနေခဲ့ကြကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

ကိုသီဟန်က ဆက်လက်၍ "အဲဒီနေ့က ကျနော်တို့ ပိုစတာတော့မကိုင်ဘူး။ ရိုးရိုးရေကစားတယ်။ အဲန်အယ်လ်ဒီလူငယ်တွေဆိုတာကိုတော့ အများကသိကြတယ်။ တချို့လူငယ်တွေက နိုးအင်္ကျီဝတ်ထားတယ်။ အဲဒီအင်္ကျီနဲ့ပတ်သက်လို့ ကျနော်တို့မြို့နယ်က အဖွဲ့ဝင်ကိုတင်ဝင်းကို လောလောဆယ် (၅၀၅) (ခ) နဲ့ တရားစွဲခံထားရတယ်"ဟု ကိုသီဟန်က ပြောသည်။

ပုဒ်မ (၅၀၅) (ခ) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကိုဖြစ်စေ ထိခိုက်သောပြစ်မှုကို တစုံတယောက်သောသူက ကျူးလွန်ချင်လာအောင် တစုံတယောက်သောသူက အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူတစုကိုသော်လည်းကောင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တခုခုဖြစ်စေရန်အကြံရှိလျှင် သို့တည်းမဟုတ်ထို သို့ဖြစ်စေတန်ရာသည့်အကြောင်းရှိလျှင် …." ဟု ဖော်ပြထားသည်။

ထိုပြစ်မှုဆိုင်ရာဥပဒေဖြင့် စွဲချက် အတင်ခံရသူသည် ထောင်ဒဏ် (၂) နှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်မျိုးလုံးအား တပေါင်းတည်းဖြစ်စေ ကျခံနိုင်သည်ဟု မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဥပဒေရေးရာ တာဝန်ခံဦးမျိုးက ပြောသည်။ ဆက်လက်၍ " အဲဒီပုဒ်မက ရဲအရေးမပိုင်ဘူး။ တရားသူကြီးခွင့်ပြုချက်မပါဘဲ ရဲကစုံစမ်းစစ်ဆေးခွင့်မရှိဘူး။ ဒါကြောင့် တရားမမျှတမှုသက်သက်ပဲဖြစ်တယ်" ဟု မိုးကြိုးသတင်းစဉ်သို့ ပြောသည်။

သင်္ကြန်တွင်းတွင် ရေကစားနေသောလူငယ်များအား ဤသို့ နှောင့်ယှက်မှုများရှိသကဲ့သို့ အလုံမြို့နယ်အဖွဲ့ချုပ်၏ တွဲဘက်အတွင်းရေးမှူး ကိုမျိုးညွန့်ကိုလည်း အာဏာပိုင်များက မိဘအိမ်တွင် ညော်စာရင်းမတိုင်ဘဲညအိပ်မှုဖြင့် ထောင်ဒဏ် (၁၅) ရက်ချလိုက်သည်။

ကိုမျိုးညွန့်အား ဖမ်းဆီးထောင်ချမှုနှင့်ပတ်သက်၍ အဖွဲ့ချုပ်၏ပြောခွင့်ရ ဦးဉာဏ်ဝင်းက မြန်မာစစ်အုပ်စုက ကျင်းပမည့်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးကြရန် အဖွဲ့ချုပ်မှထုတ်ပြန်ထားသည့်ကြေညာချက်ကို တက်တက်ကြွကြွ လိုက်လံဖြန့်ဝေနေခြင်းကြောင့် ဤသို့အရေးယူအပြစ်ပေးခံရခြင်း ဖြစ်ကြောင်းပြောသည်။

"ဒါကတော့ အကြောင်းရှာတာပေါ့ဗျာ။ အဓိကကတော့ အခုကာလမှာ ကိုမျိုးညွန့်ရဲ့လှုပ်ရှားမှုအပေါ်မှာ အခြေပြုပြီး ဖမ်းဆီးပြစ်ဒဏ်ချတယ်လို့မြင်ပါတယ်။ ကိုမျိုးညွန့်က ပြည်သူသို့ပန်ကြားချက်ဆိုတာကို သူ့ကိုယ်ပိုင်သီးခြား အစောင်တရာလောက်ဝယ်ပြီးတော့ဖြန့်တယ်လို့ ကျနော်တို့ကြားရတယ်။ အဖွဲ့ချုပ်အနေနဲ့ မြို့နယ်စည်းရုံးရေးအဖွဲ့အနေနဲ့ ဆောင်ရွက်တာသပ်သပ်၊ သူ့ကိုယ်ပိုင် အဲလိုဆောင်ရွက်တယ်။ ဒါတွေအတွက် သူ့ကိုစောင့်ကြည့်ခံရတယ်လို့ ကျနော်တို့ကြားရတယ်" ဟုပြောသည်။

ကိုမျိုးညွန့်သည် ယခင်က အဖွဲ့ချုပ်လူငယ်အဖြစ်တာဝန်ယူခဲ့ပြီး ယခုအခါတွင် ဗဟို လူငယ်အထောက်အကူပြုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသူတဦးဖြစ်သည်။

❖

# စစ်အာဏာရှင်စနစ်အမြစ်ကမကျန်တွင်းလှန်ပစ်